The

# Commerce

Journal

စီးပွားရေးသတင်းဂျာနယ်

http://www.commercejournal.com.mm

စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

VOL .15, NO . 27

တနင်္လာနေ့တိုင်းထုတ်ဝေသည်

July 20 , 2015



## လိုငွေနဲ့ပိုငွေ၊ ဝင်ငွေနဲ့အသုံးစရိတ်၊ ကျပ်ငွေနဲ့အမေရိကန်ဒေါ်လာ အားပြိုင်မှုမှာ အနိုင်နဲ့ရှင်ဆိုင်ရမလား အရှုံးနဲ့ကြုံရမလား

၂၀


| မယ်သီတာ |

ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းတွင် အီတာလျံ-ထိုင်းကုမ္ပဏီ ပြန်လည်ပါဝင်မည် ၁၃

စီးပွားကုန်သွယ်မှုဆိုင်ရာလုပ်ငန်းသုံးခုကို စုပေါင်း၍ ပြပွဲကြီးတစ်ခု ကျင်းပမည် ၂၆

မြန်မာ-အင်ဒိုနီးရှား စီးပွားရေးလုပ်ငန်းရှင်များပူးပေါင်း၍ စီးပွားရေးလုပ်ငန်းများအလိုက် တွေ့ဆုံဆွေးနွေးပွဲ ကျင်းပမည် ၂၇

## အလုပ်ဖြစ်မှာလား အဖြစ်လုပ်မှာလား



၁၄

# Greenply
## INDUSTRIES (MYANMAR) PVT LIMITED





**OFFICE** : No. 83, 1st floor, Room No. (201-B), Dhammazedi Road, Sanchaung Tsp., Yangon, Myanmar. Tel : 01538598, 2306237

**FACTORY** : No.6&7, Dagon Seik Kan Industrial Zone-II, Dagon Seik Kan Township, Yangon, Myanmar. Ph : 01-592332

e-mail:gimplygn@gmail.com

# အဖျော်ယမကာများတင်သွင်းခွင့်မူဝါဒဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ



အဖျော်ယမကာ တင်သွင်းခွင့်မူဝါဒဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၅ ခုနှစ် ဇူလိုင်လ ၁၅ ရက်နေ့တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ နေပြည်တော်ရုံးအမှတ် (၃) ၌ကျင်းပ ပြုလုပ်ခဲ့ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း တက်ရောက်ပြီး အဖွင့်အမှာစကားပြောကြားခဲ့သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကုန်သွယ်မှုဆိုင်ရာ ဖြေလျှော့မှု၊ ကုန်သွယ်မှုအဆင်ပြေချောမွေ့စေရေး၊ ကုန်သွယ်မှုမြှင့်တင်ရေး၊ ကုန်သွယ်မှုပညာ ပေးရေးနှင့် ကုန်သွယ်မှုစေ့စပ် ညှိနှိုင်းရေးဟူသည့် မဏ္ဍိုင်ကြီး (၅) ရပ်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှ ချမှတ်ထားသော စည်းမျဉ်းများ၊ အာဆီယံဒေသတွင်း အဖွဲ့အစည်းများမှ ချမှတ်ကျင့်သုံးနေသည့်စည်းမျဉ်းများနှင့် လိုက်လျောညီထွေဖြစ်စေရန်အတွက် ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ မူဝါဒများပြင်ဆင်ချမှတ် ခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ အရက်၊ ဘီယာအစရှိသည့် ယမကာများကို အကန့်အသတ်ဖြင့် တရားဝင်တင်သွင်းခွင့်ပြုမည်ဆိုပါက ဖြစ်ပေါ်လာနိုင်သည့် ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ တရားဥပဒေ စိုးမိုးရေးစသည့် နယ်ပယ်အသီးသီးတွင် သက်ရောက်လာနိုင်သည့် အခြေအနေများပေါ် မူတည်၍ သက်ဆိုင်ရာ နယ်ပယ်အသီးသီးမှ ကဏ္ဍအလိုက် ဝိုင်းဝန်းအဖြေရှာအကြံပြုပါဝင် ဆွေးနွေးနိုင်ရေးအတွက် ယနေ့အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပပြုလုပ်ရခြင်း ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော်၊ စီးပွားရေးနှင့်ကုန်သွယ်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံးနှင့် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်တို့၏ မြို့တော်စည်ပင်သာယာရေးကော်မတီများမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်၊ မြန်မာနိုင်ငံ ယမကာထုတ်လုပ်ဖြန့်ဖြူးသူများအသင်း၊ မြန်မာနိုင်ငံလက်လီရောင်းချသူများအသင်း၊ ပြည်သူ့ကျန်းမာရေး ဖောင်ဒေးရှင်းနှင့် ပုဂ္ဂလိကလုပ်ငန်းများမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်စုစုပေါင်း ၅၁ ဦး တက်ရောက်ခဲ့ပြီး နိုင်ငံတော်သမ္မတ၏ အကြံပေးပုဂ္ဂိုလ် ဒေါက်တာဇော်ဦး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၏ ဥပဒေအကြံပေးပုဂ္ဂိုလ် ဦးမင်းနိုင်ဦးနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အကြံပေးပုဂ္ဂိုလ် ဒေါက်တာမောင်အောင်တို့လည်း တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**TN**

## Global Financial Management နှင့် Applied Research Methodology သင်တန်းဆင်းပွဲနှင့် Global Supply Chain Management နှင့် Bond and Stock Markets and Securities Valuation သင်တန်းဖွင့်ပွဲ ကျင်းပ





စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာ့မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းရှင်များအသင်းတို့ပူးပေါင်းဖွင့်လှစ်သည့် Global Financial Management နှင့် Applied Research Methodology သင်တန်းဆင်းပွဲနှင့် Global Supply Chain Management နှင့် Bond and Stock Markets and Securities Valuation သင်တန်းဖွင့်ပွဲ အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနရုံးတွင် ကျင်းပခဲ့သည်။

အဆိုပါသင်တန်းဆင်းပွဲနှင့် သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ ပြည်ထောင်စုဝန်ကြီး၏ အကြံပေး ဒေါက်တာမောင်အောင်၊ မြန်မာ့မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့်ဖြန့်ဖြူးရောင်းချရေး လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ၊ CRD Institute ၏ ဥက္ကဋ္ဌ ဒေါက်တာစိုးထွန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှု သင်တန်းကျောင်း(Trade Training Institute) မှ တာဝန်ရှိသူများ၊ သင်တန်းပို့ချပေးသည့် ဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ သင်တန်းဆင်းပွဲတွင် ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းက ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေးနှင့် လွတ်လပ်သည့် ကုန်သွယ်မှု၊ Trade Education၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်ကုန်သွယ်မှု စေ့စပ်ဖြေရှင်းညှိနှိုင်းရေးဆိုင်ရာ ကိစ္စရပ်တွေကို ဦးတည်ပြီးဆောင်ရွက်ရာမှာ အဓိကအားဖြင့် အားလုံးညီညွတ်မျှတနေဖို့ လိုအပ်ပါကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် မိမိလုပ်ကိုင်ဆောင်ရွက်နေသည့် လုပ်ငန်းများသည် မည်သည့်အခြေအနေတစ်ရပ်ကို ဦးတည်သည်ကို သိရှိကြဖို့လိုအပ်ပါကြောင်း၊ ကုန်သွယ်မှုဆိုင်ရာ အချို့ကိစ္စရပ်များတွင်လည်း ကြိုတင်သိရှိထားရန် လိုအပ်ပါကြောင်း၊ ထို့ပြင် ကုန်သွယ်မှုကိစ္စများတွင် ပွင့်လင်းမြင်သာမှုရှိရန်လည်းလိုအပ်ပါကြောင်း၊ စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနမှ လုပ်ဆောင်နေသော်လည်း ပုဂ္ဂလိက ကဏ္ဍမှလည်းပါဝင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ Public, Private, Partnership ကဏ္ဍများ တွင်လည်းလစ်ဟင်းမှုမရှိအောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယနေ့ သင်တန်းများ ဖွင့်လှစ်သင်ကြားခြင်းသည် ဌာနမှလုပ်ဆောင်နေသည့် အဓိကရည်ရွယ်ချက်များအနက်မှ Trade Training လုပ်ငန်းများကို အကောင်အထည်ဖော်နေခြင်းပင် ဖြစ်ကြောင်း၊ ယခုကဲ့သို့ လုပ်ဆောင်နေခြင်းသည် ပြည်တွင်းမှ အဖွဲ့အစည်းများသာမက နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပါ ပူးပေါင်း ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ Private Sector Capacity Building ကို ဆောင်ရွက်ရာတွင် နိုင်ငံတကာအဖွဲ့အစည်းများ၏ကူညီပံ့ပိုးမှုများကိုလည်း လိုအပ်ပါကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် အခြေခံသဘောတရားများကို သိရှိစေရန် လိုအပ်သဖြင့် ယခုကဲ့သို့ အချိန်တိုကာလအတွင်းမှာ သိရှိစေရန် လုပ်ဆောင်ပေးခြင်းပင်ဖြစ်၍ တက်ရောက်သင့်သည့် သင်တန်းများပင် ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် မြန်မာ့မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေး လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဒေါက်တာစိုးထွန်းက သင်တန်းဖွင့်လှစ်ရခြင်းအကြောင်းများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် သင်တန်းသားကိုယ်စားလှယ်တစ်ဦးအား သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ချီးမြှင့်ခဲ့သည်။ ထို့ပြင် Sinor Line ကုမ္ပဏီလီမိတက်မှ ကိုယ်စားလှယ်တစ်ဦးက မြန်မာ့မော်တော်ယာဉ် ထုတ်လုပ်ရေးနှင့်ဖြန့်ဖြူးရောင်းချရေး လုပ်ငန်းရှင်များအသင်းသို့ အလှူငွေကျပ် ၁၂ သိန်းကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **မယ်သီတာ**


Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
ဒေါက်တာမောင်အောင်
အောင်စိုး(MPM)၊ သန်းအောင်ကျော်
ကျော်စိုးလင်း
မြတ်ထွန်းကျော်
ဝင်းမြင့်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်မြင့်မြင့်ထွန်း

**စာတည်းအဖွဲ့**
မောင်ရွှေ၊ ကြည်ကြည်ချယ်ရီမောင်၊ နီလာသိန်း၊
ခင်မောင်မောင်အုန်း၊ ချိုသက်မူ၊ သန်းအေး

**လက်ထောက်စာတည်း**
ချောစုမာ၊ နှင်းပန်းဖြူ
ယဉ်ယဉ်အေး၊ ခင်ခင်သော်

**သတင်းထောက်များ**
ခင်မြင့်မြင့်သန်း(မန္တလေး)၊
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)
စိုးဦး(ကျုံပျော်)၊ မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ ဆုမွန်ဆွေ(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(လှိုင်ကော်)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့်

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း - ၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
တင်တင်အေး၊ ခင်မြတ်မွန်၊
အုန်းခင်

**ကွန်ပျူတာ**
မြင့်မြင့်ကြည်၊ အေးအေးနွဲ့၊ တင်နီလာကျော်
သီရိဝင်း၊ မြတ်ဆုလှိုင်၊ သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

**Rice Market News**
Vol: 15, No.27 Monday July 20 2015



# အတွက်အချက်တော်တဲ့ တရုတ်ကုန်သည်များက မူဆယ်မှာ လည်စင်းခံနေတဲ့ မြန်မာ့ဆန်ကို ဈေးချဝယ်ယူနေ

ရန်ကုန်မြို့ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း)ရဲ့ လက်ကားဆန်ဈေးကွက်မှာ ဇူလိုင်၁၇ရက် ဈေးနှုန်းများအရ ဖျာပုံပေါ်ဆန်း လတ်စတစ်အိတ်ကို ၃၆၀၀၀ ကျပ်၊ ထိပ်စ ၃၈၀၀၀ကျပ်၊ မြောင်းမြ/ ပုသိမ် ပေါ်ဆန်းလတ်စ ၃၉၀၀၀ ကျပ်၊ ထိပ်စ ၄၀၀၀၀ ကျပ်၊ နယ်စုံပေါ်ဆန်းလတ်စ ၃၅၅၀၀ ကျပ်၊ ထိပ်စ ၃၆၅၀၀ ကျပ်၊ ရွှေဘိုပေါ်ဆန်း တစ်အိတ်ကို ၄၃၅၀၀ ကျပ်မှ ၄၄၅၀၀ ကျပ်ထိ ဈေးနှုန်းအသီးသီး ဖြစ်ပေါ်ခဲ့ပြီး ဆန်ချောဈေးနှုန်းတွေ ဆက်ငြိမ်နေတာ တွေ့ရပါတယ်။

ကုန်စည်ဒိုင်မှာ ဆန်ချောအဝယ် အေးနေလို့ ဈေးပါဆက် အေးပြီး ငြိမ်နေတာဖြစ်ကြောင်း၊ ဆန်ကြမ်းဖြစ်တဲ့ ဧည့်မထလတ်စ တစ်အိတ်ကို ၁၉၅၀၀ ကျပ်၊ ထိပ်စ ၂၀၇၀၀ ကျပ်၊ မိုးသုခ ၂၁၀၀၀ ကျပ်မှ ၂၁၅၀၀ ကျပ်၊ မီးတောက် ၂၁၀၀၀ ကျပ်မှ ၂၁၅၀၀ကျပ်၊ ဆင်းဆွယ်လတ် ၂၁၅၀၀ ကျပ်မှ ၂၂၀၀၀ ကျပ်တို့ဖြင့် ဈေးဆက်ငြိမ်နေကြပြီး၊ နွေဆန်ရှယ် တစ်အိတ်ကို ၁၈၃၀၀ ကျပ်မှ ၁၈၈၀၀ ကျပ်ဖြစ်ခဲ့လို့ ယခင်တစ်ပတ်ထက် ၂၀၀ ကျပ်ခန့်ဈေးအနည်းငယ် ဆက်ကျခဲ့ကြောင်း ဆန်ကြမ်းတွေလည်း အဝယ်အေးနေပြီး တရုတ်လိုင်းမဆွဲလို့ နွေရှယ်တွေ ဈေးဆက်ကျရတာဖြစ်ကြောင်း၊ ရန်ကုန်မှ တရုတ်လိုင်း-မူဆယ်သို့ မသွားသလောက်ပါးနေကြောင်း၊ ဝါးတန်းဒိုင်သို့ဆန်ပုံမှန်ဝင်နေသော်လည်း အရောင်းအဝယ်မှာ အေးနေတယ်လို့ ဒိုင်ဆန်ဈေးကွက်မှ ကြားသိရပါတယ်။

ရန်ကုန် ဆန်ဈေးကွက်အတွင်း ဧည့်မထမြန်မာ ၂၅ မှတ် (ပြည်ပ) ဆန်တစ်အိတ် (၅၀ ကီလို) တစ်အိတ်ကို ၁၆၁၀၀ ကျပ်မှ ၁၆၆၀၀ ကျပ်ခန့်ဈေးရှိနေပြီး ယခင်တစ်ပတ်ထက် တစ်အိတ်လျှင် ၂၀၀ ကျပ်ခန့်ဈေးကျခဲ့ကြောင်း၊ EMATA MYANMAR 25% FOB (YANGON) ဈေး 310/315 USD/MT နှင့် 330/340 USD/MT ခန့်ဈေးနှုန်းများ ဖြစ်နေသော်လည်း ရန်ကုန် FOB အတင်ငြိမ်နေတယ်လို့ ဆန်ဈေးကွက်မှ သိရှိရပါတယ်။

တရုတ်လိုင်း မူဆယ်ဆန်ဈေးကွက်မှာ ဇူလိုင်လ ၁၇ ရက်နေ့မှသာ ဈေးနှုန်းစာရင်းထွက်ရှိနိုင်ပြီး ဧည့်မထ ၅ မှတ် မော်ဘီတစ်အိတ်ကို ၁၃၀-၁၃၂ ယွမ်၊ နွေရှယ် ၁၂၄-၁၂၇ ယွမ်၊ ဧည့်မထ ၁၅ မှတ် 747 တစ်အိတ်ကို ၁၂၇-၁၃၀ ယွမ်၊ ငစိန် ၅ မှတ် ၁၂၈ ယွမ်ဖြစ်ခဲ့ကြလို့ ယခင် ဇူလိုင်လ ၂ ရက်နေ့ဈေးနှုန်းထက် တစ်အိတ်လျှင် ငါးယွမ်မှ ၁၃ ယွမ်အတွင်း ဈေးကျခဲ့ကြောင်း၊ ဇူလိုင်လ ၁၇ရက်နေ့ B1,2 ဈေး တစ်အိတ်ကို ၉၂-၉၇ ယွမ်၊ B1,EXTRA ၉၈-၁၀၂ ယွမ်ဖြစ်ခဲ့လို့ ယခင်ထက် တစ်ယွမ်မှ သုံးယွမ်အတွင်း ဈေးကျသွားကြောင်း၊ ယခင်နေ့မှစပြီး မူဆယ်ကုန်စည်ဒိုင်သို့ တရုတ် ကုန်သည်အချို့ပြန်လာပြီး အရောင်းအဝယ် ပြန်လုပ်နေကြောင်း၊ ယခုအခါ တရုတ်ကုန်သည်များအား အကြွေးစနစ်ဖြင့် မရောင်းချတော့ဘဲ လက်ငင်း ငွေချေခိုင်းလို့ မူဆယ်မှာ ဆန်အရောင်းအဝယ် မဖြစ်ခဲ့ခြင်းကြောင့် လက်ကျန်ဆန်များနေခြင်း၊ ငွေလဲနှုန်း တက်နေခြင်းများကြောင့် အတွက်အချက်တော်တဲ့ တရုတ်ကုန်သည်များက မူဆယ်မှာ လည်စင်းခံနေတဲ့ မြန်မာ့ဆန်ကို ဈေးချဝယ်ယူနေကြောင်း၊ မူဆယ်ရှိ ဇူလိုင်လ ၁၇ ရက်နေ့ ငွေလဲနှုန်းမှာ တစ်ယွမ်လျှင် ၁၉၀ ကျပ်ဖြစ်ခဲ့လို့ ယခင်တစ်ပတ်ထက် ၃ ဒသမ ၃၂ ကျပ်ဈေးတက်ခဲ့ကြောင်း၊ ယခုတစ်ပတ်အတွင်း မူဆယ်သို့ ပြည်တွင်းနယ်စုံမှ ဆန်တန် ၅၄၀၀ ကျော်ဝင်ရောက်ခဲ့ပြီး ယခင်တစ်ပတ်ထက် တန် ၇၀၀၀ ခန့် လျော့နည်းဝင်ရောက်ခဲ့ကြောင်း၊ ရန်ကုန်မှ မူဆယ်သို့ ဆန်တင်ဆောင်ခ တစ်တန်လျှင် ၆၀၀၀၀ ကျပ်ဖြင့် ယခင်တစ်ပတ် ဈေးနှုန်းအတိုင်း ငြိမ်နေကြောင်း၊ ယခုရက်ပိုင်းမှာ အဖမ်းအဆီးသတင်းများ မကြားရဘဲ မူဆယ်ဆန်ဈေးကွက် ရှေ့အလားအလာအနေဖြင့် လကုန်ရက် နောက်ပိုင်းမှာ အခြေအနေတွေပြန်ကောင်းနိုင်ကြောင်း မူဆယ်ဆန်ဈေးကွက်မှ ကြားသိရပါတယ်။

မြန်မာ့ဆန်နဲ့ဆန်ကွဲ ပြည်ပတင်ပို့မှုမှာ ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်နေ့မှ ဇူလိုင်လ ၁၀ ရက်နေ့ထိ တန်ချိန် ၅၅၇၈၀၀ ကျော်၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၁၉၂ သန်းကျော်ဖိုး တင်ပို့ထားပြီး ယခင်ဘဏ္ဍာနှစ်ကာလတူထက် တန်ချိန် ၂၂၀၂၄၀ ကျော်၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၆၈ သန်းကျော်ဖိုး ပိုမိုတင်ပို့ထားနိုင်တာတွေ့ရပါတယ်။ ဆန်ဈေးကွက်ရှေ့အလားအလာအနေဖြင့် လကုန်ရက်အထိ ဆန်ကြမ်းနဲ့ဆန်ချောပါ ဈေးကွက်/ဈေးနှုန်း ဆက်အေးနိုင်တယ်လို့ ဆန်ဈေးကွက်မှ သုံးသပ်လျက်ရှိကြောင်း တင်ပြလိုက်ပါတယ်။

**သန်းအေး (ဆန်စပါး)**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁၆-၇-၂၀၁၅ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၃၉၉ | ၄၁၃ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၉၀ | ၄၀၄ | △ | ၃၄၅ | ၃၄၅ | □ | ၃၀၀ | ၃၀၅ | △ | ၃၇၅ | ၃၇၀ | ▽ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၃၇၅ | ၃၈၆ | △ | ၃၂၅ | ၃၂၅ | □ | ၃၅၀ | ၃၅၀ | □ | ၃၃၅ | ၃၃၀ | ▽ |
| ပေါင်းဆန် | ၃၉၀ | ၄၀၅ | △ | - | - | - | ၃၇၅ | ၃၇၀ | ▽ | ၄၁၅ | ၄၁၅ | □ |

*Source: oryza.com*

## အမေရိကနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁၆-၇-၂၀၁၅ ဒေါ်လာ/တန်

| | ယူအက်စ် | | | ဥရုဂွေး | | | အာဂျင်တီးနား | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၄%-၇% | ၄၅၀ | ၄၇၀ | △ | ၅၆၅ | ၅၃၅ | ▽ | ၅၅၅ | ၅၃၀ | ▽ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၄၄၀ | ၄၄၅ | △ | - | - | - | - | - | - |

*Source: oryza.com*

## ပြည်တွင်းမြို့ကြီးများ၏ (၁၇-၇-၂၀၁၅) ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၄၈၇၆ | △ | ၁၈၅၀၀ | □ | ၇၅၄၄ | □ | ၄၀၀၀၀ | □ |
| ပုသိမ် | ၄၆၀၀ | □ | ၂၁၀၀၀ | □ | ၇၄၄၇ | □ | ၃၆၅၀၀ | ▽ |
| ပဲခူး | ၄၅၅၀ | □ | ၁၉၅၀၀ | □ | ၆၉၀၀ | △ | ၃၂၀၀၀ | △ |
| ရွှေဘို | ၄၇၀၀ | □ | ၂၀၀၀၀ | □ | ၁၁၅၀၀ | □ | ၃၉၅၀၀ | □ |
| စစ်တွေ | ၄၈၀၀ | □ | ၁၉၀၀၀ | □ | ၇၈၀၀ | □ | ၃၀၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၅၃၀၀ | □ | ၂၄၀၀၀ | □ | - | - | ၄၂၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၄၇၀၀ | ▽ | ၁၉၅၀၀ | □ | - | - | ၃၅၅၀၀ | □ |
| မန္တလေး | ၅၅၀၀ | □ | ၂၂၀၀၀ | □ | - | - | ၃၅၀၀၀ | □ |
| မကွေး | ၇၀၀၀ | □ | ၂၂၅၀၀ | □ | - | - | ၄၁၀၀၀ | △ |
| မော်လမြိုင် | ၅၀၀၀ | □ | ၁၈၅၀၀ | □ | ၇၈၀၀ | □ | ၃၂၀၀၀ | □ |
| လှိုင်ကော် | ၆၀၀၀ | □ | ၂၂၀၀၀ | □ | - | - | ၃၅၀၀၀ | □ |
| မြိတ် | ၅၀၀၀ | □ | ၂၂၀၀၀ | □ | - | - | ၃၉၀၀၀ | □ |
| ဘားအံ | ၄၉၀၀ | □ | ၂၂၀၀၀ | □ | - | - | ၃၃၀၀၀ | □ |
| တောင်ကြီး | - | - | ၂၂၅၀၀ | □ | - | - | ၄၂၅၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စအမျိုးအစားဖြစ်ပါသည်။ စပါးသစ်လတ်စ ဆန်သစ်ဈေးများ ဖြစ်ပါသည်။

## ရွှေဘိုခရိုင်တွင် နွေစပါးများ လှိုင်လှိုင်ထွက်ရှိ

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်တွင် နွေစပါးစိုက်ဧက ၁၀၉၉၃၉ စိုက်ပျိုးနိုင်ခဲ့ပြီး၊ မြို့နယ်အလိုက် စိုက်ပျိုးမှုမှာ ရွှေဘို ၂၈၃၄၀ ဧက၊ ဝက်လက် ၉၉၁၉ ဧက၊ ခင်ဦး ၁၁၈၄၁ ဧက၊ ရေဦး ၁၅၃၃၄ ဧက၊ တန့်ဆည် ၁၅၂၈၅ ဧက၊ ဒီပဲယင်း ၂၇၅၅၅ ဧက၊ ကန့်ဘလူ ၁၂၁၁ ဧက၊ ကွန်းလှ ၃၁၇ ဧကနဲ့ ကျောက်မြောင်း ၁၃၇ ဧက တို့ဖြစ်ကြပါတယ်။ စပါးမျိုးကွဲအလိုက်စိုက်ပျိုးမှုမှာ ရွှေသွယ်ရင် ၇၅၆၄၃ ဧက၊ ဆင်းနွယ်ရင် ၅၅၉၀ ဧက၊ IR (747) ၂၁၂၄၄ ဧက၊ မနောသုခ ၃၀ ဧက၊ ပုလဲသွယ် ၇၄၁၇ ဧကနဲ့ ရက် (၉၀) ၁၅ ဧက စိုက်ပျိုးခဲ့ပြီး ရွှေသွယ်ရင်စပါးမျိုးမှာ အများဆုံးစိုက်ပျိုးထားကြောင်းသိရပါတယ်။

ဇူလိုင်ဒုတိယပတ်တွင် စိုက်ဧကရဲ့ ၃၀ ရာခိုင်နှုန်း ရိတ်သိမ်းပြီးစီးကြောင်းနှင့် ပျမ်းမျှအထွက်နှုန်းမှာ ၉၀ ဒသမ ၈၄ တင်းထွက်ရှိကြောင်းသိရပါတယ်။ ဇူလိုင်ပထမပတ်မှာ နွေစပါး ၇၄၇ တင်း ၁၀၀ ဈေးနှုန်း ၅၈၀၀၀၀ ကျပ်မှ ၆၀၀၀၀၀ ကျပ်၊ နွေစပါး အသွယ်စ တင်း ၁၀၀ ဈေးနှုန်း ၅၀၀၀၀၀ ကျပ်မှ ၅၂၀၀၀၀ ကျပ်၊ နွေဆန် ၇၄၇ နှင့် နွေဆန်အသွယ်စ တစ်အိတ်ဈေးနှုန်း ၂၁၅၀၀ ကျပ်မှ ၂၂၀၀၀ ကျပ်ထိ အရောင်းအဝယ်ဖြစ်ခဲ့ပြီး၊ ဇူလိုင် ဒုတိယပတ်တွင် နွေစပါး ၇၄၇ တင်း ၁၀၀ ဈေးနှုန်း ၅၁၀၀၀၀ ကျပ်မှ ၅၂၀၀၀၀ ကျပ်၊ နွေစပါး အသွယ်စ တင်း ၁၀၀ ဈေးနှုန်း ၄၅၀၀၀၀ ကျပ်မှ ၄၆၀၀၀၀ ကျပ်၊ နွေဆန် ၇၄၇ နဲ့ နွေဆန်အသွယ်စတစ်အိတ်ဈေးနှုန်း ၁၉၀၀၀ ကျပ်မှ ၂၀၀၀၀ ကျပ်အကြား ဈေးအေးနေပြီး၊ ရောင်းလိုအားများကာ ဝယ်လိုအားနည်းနေကြောင်း ဆန်ကုန်သည် ပွဲစားများသတင်းရပ်ကွက်မှသိရပါတယ်။

**ညိုညို-ရွှေဘို**

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၁၇-၇-၂၀၁၅ ကျပ်/ပိဿာ

| | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁၀/၇ | ၁၇/၇ | ပြောင်းလဲမှု | ၁၀/၇ | ၁၇/၇ | ပြောင်းလဲမှု | ၁၀/၇ | ၁၇/၇ | ပြောင်းလဲမှု | ၁၀/၇ | ၁၇/၇ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၂၁၅၄ | ၂၂၃၁ | ▲ | ၂၀၀၀ | ၂၂၅၀ | ▲ | ၁၉၀၀ | ၂၁၅၀ | ▲ | ၂၀၀၀ | ၂၀၀၀ | ■ |
| ၂ | ပဲစင်းငုံ | ၂၁၅၅ | ၂၂၁၃ | ▲ | - | - | - | ၂၁၀၀ | ၂၁၂၅ | ▲ | ၂၀၁၀ | ၂၀၀၀ | ▼ |
| ၃ | ပဲတီစိမ်း | ၁၉၁၅ | ၁၉၁၅ | ■ | ၁၉၅၆ | ၁၉၅၆ | ■ | ၁၉၄၇ | ၁၉၇၄ | ▲ | ၁၈၉၄ | ၁၈၉၅ | ▲ |
| ၄ | ကုလားပဲရိုးရိုး | ၁၄၈၀ | ၁၄၆၀ | ▼ | - | - | - | - | - | - | ၁၃၀၂ | ၁၂၉၀ | ▼ |
| ၅ | ပဲလွန်းဖြူ | ၁၂၁၅ | ၁၂၁၅ | ■ | - | - | - | - | - | - | ၁၀၂၇ | ၁၀၃၀ | ▲ |
| ၆ | ထောပတ်ပဲ | ၇၈၀ | ၇၈၀ | ■ | ၈၅၃ | ၈၈၉ | ▲ | ၇၃၇ | ၃၇၃ | ■ | ၇၁၀ | ၇၁၀ | ■ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၁၇-၇-၂၀၁၅ ဒေါ်လာ/တန်


| | ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ - မွမ်ဘိုင်း | | | အိန္ဒိယ - ဒေလီ | | |
|---|---|---|---|---|---|---|---|---|---|---|
| | | ၉/၇ | ၁၆/၇ | ပြောင်းလဲမှု | ၉/၇ | ၁၆/၇ | ပြောင်းလဲမှု | ၉/၇ | ၁၆/၇ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၀၉၀ | ၁၁၂၀ | ▲ | ၁၁၆၀ | ၁၂၂၁ | ▲ | ၁၁၃၄ | ၁၁၀၃ | ▼ |
| ၂ | ပဲစင်းငုံ | ၁၀၆၀ | ၁၀၉၀ | ▲ | ၁၁၃၃ | ၁၁၅၀ | ▲ | ၁၁၂၆ | ၁၁၅၀ | ▲ |
| ၃ | ပဲတီစိမ်းရွှေဝါ | ၁၀၄၀ | ၁၀၄၀ | ■ | ၁၀၀၈ | ၁၀၃၂ | ▲ | ၁၀၂၄ | ၁၁၀၃ | ▲ |
| ၄ | ကုလားပဲဖြူလုံးကြီး | ၆၅၀ | ၆၅၀ | ■ | ၇၀၈ | ၇၂၅ | ▲ | ၇၀၉ | ၆၉၇ | ▼ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။
ဒေလီဈေးကွက်မှ ဈေးနှုန်းများမှာ အိန္ဒိယပြည်တွင်းပဲတီစိမ်းနှင့် မြန်မာမတ်ပဲ SQ ပေါက်ဈေးများဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှုအခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု ယခင်တစ်ပတ် (၄.၆.၁၅)ထိ | ပြည်ပတင်ပို့မှု ယခုတစ်ပတ် (၁၁.၇.၁၅)ထိ | ပြည်ပတင်ပို့မှု (၁.၄.၁၅) မှ (၁၁.၇.၁၅) ထိ |
|---|---|---|---|
| မတ်ပဲ | ၆၅၇၂ | ၇၅၄၉ | ၂၉၂၇၂၀ |
| ပဲတီစိမ်း | ၆၁၇ | ၁၇၄၅ | ၇၁၂၄၆ |
| ပဲစင်းငုံ | ၁၇၁၃ | ၃၁၁၆ | ၇၉၄၀၃ |
| ကုလားပဲ | ၅၄၁ | ၁၈၄၀ | ၁၃၃၈၆ |
| ပဲလွန်းဖြူ | ၃၄၇ | ၇၆ | ၈၇၀၅ |
| မြေထောက်ပဲ | ၃၂၈ | ၂၅၄ | ၈၈၇၃ |



## လက်လီအရောင်းအဝယ်ဖြစ်တဲ့ပဲများအနက် ပြည်စားတော်ပဲ ဈေးကောင်းရနေ

ပြည်ပဲဈေးကွက်ရဲ့ လက်လီအရောင်းအဝယ်ဖြစ်တဲ့ပဲတွေအနက် စားတော်ပဲ သီးနှံကတော့ တစ်ရက်အိတ် ၄၀ မှ ၅၀ ကျော်ထိ လက်လီသမား အဝယ်သွက်ခဲ့တယ်လို့ သိရပါတယ်။

ပဲအဝင်မရှိတော့ဘဲ လက်ကျန်ပဲများရှိလို့ နေ့စဉ် လက်လီသမားများ အရောင်းအဝယ်သွက်လာသော်လည်း ယခင်တစ်ပတ်ဈေးအတိုင်း တစ်တင်း ၃၁၀၀၀ ကျပ်ဖြင့် ဈေးငြိမ်နေပါတယ်။ ဒါပေမယ့် လက်လီအရောင်းအဝယ်ဖြစ်တဲ့ ပဲအားလုံးနဲ့ ယှဉ်ရင်တော့ စားတော်ပဲဟာ ဈေးကောင်းရနေတာကို တွေ့ရပါတယ်။ မေ၊ ဇွန်လ အတွင်း တစ်တင်း ၂၅၀၀၀ ကျပ်ကျော်သာရှိလို့ ဇူလိုင်လဆန်း မှစ၍ ယခင်လက ဈေးနှုန်းများထက် မြင့်တက်ခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## ပြည်ပဲတီစိမ်း အထွက်မလှိုင်သေးလို့ ဝင်ရောက်မှုနည်းပေမယ့် ဈေးကောင်းဆက်ရ

ပဲတီစိမ်းသစ်များ ပြည်ပဲဈေးကွက်သို့ ဆက်လက်ဝင်ရောက်လျက်ရှိပြီး တစ်ရက် ၂၅ အိတ်ကျော်ခန့် ပေါက်ခေါင်းနဲ့ ကံမမြို့နယ်ဘက်မှ ဝင်ရောက်ခဲ့ကြပါတယ်။ ပဲအထွက် မလှိုင်သေးသလို ဝင်ရောက်မှုလည်း နည်းခဲ့တဲ့ အတွက် လက်ကားသမားများ အဝယ်သိပ်မလိုက်သေးဘဲ လှောင်သမားအချို့သာ ဝယ်ယူလျက်ရှိခဲ့တယ်လို့ သိရပါ တယ်။ မန္တလေးဝယ်လက်ကတော့ ဝင်ရောက်လာတဲ့ ပဲအိတ်အရေအတွက်များမှသာ စုဆောင်းဝယ်ယူနေကြပြီး ပဲတီစိမ်းဈေးနှုန်းမှာ တစ်တင်း ၃၅၀၀၀ ကျပ်မှ ၃၆၀၀၀ ကျပ်ဖြင့် အဖွင့်ဈေးနှုန်းအတိုင်း ဈေးငြိမ်အရောင်းအဝယ် ဖြစ်လျက်ရှိခဲ့ပါတယ်။

**ခင်ဆွေဝင်း-ပြည်**



## ဇူလိုင်လလယ် ပြည်ပဲမျိုးစုံဈေးကွက်မှာ မတ်ပဲ၊ ပဲစင်းငုံ ဈေးပြိုင်မြင့်တက်နေသလို အခြားပဲများလည်း ဈေးပိုရ

ပြည်ပဲမျိုးစုံဈေးကွက်အတွင်း ယခုဇူလိုင်လလယ်တွင် ပဲဈေးနှုန်းများအားလုံးလိုလို ယခင်တစ်ပတ်ထက် ဈေးပိုလာတာကို တွေ့ရပါတယ်။ မတ်ပဲဈေးမှာ ယခင်တစ်ပတ် လဆန်းရက်က ဈေးအတိုင်းငြိမ်နေပြီး ကုလားပဲ၊ ပဲစင်းငုံ၊ ပဲကြီးဈေးနှုန်းများမြင့်တက်လျက်ရှိရာ ယခုတစ်ပတ်မှာတော့ မတ်ပဲဈေးရော အခြားပဲများပါ ဈေးမြင့်တက်ပြီး ပဲကြီးသီးနှံနှင့် ပဲပုပ်သီးနှံသာ ဈေးငြိမ်နေခဲ့တယ်လို့ သိရပါတယ်။

မတ်ပဲသီးနှံမှာ ပဲအဝင်မရှိတော့ဘဲ လက်ကျန်ပဲများရှိလို့ ရန်ကုန်ဝယ်လက်မှဝယ်ယူသော်လည်း နေ့စဉ်အရောင်းအဝယ်မဖြစ်ဘဲ ရက်ခြားဖြစ်လျက်ရှိရာ အိတ် ၂၀၀ ကျော်၊ ၃၀၀ တင်ပို့မှုရှိခဲ့ပါတယ်။ ပဲဈေးမှာ ယခင်တစ်ပတ်က တစ်တင်း ၄၀၃၀၀ ကျပ်ဖြင့် လဆန်းရက်က ဈေးနှုန်းထက် ဈေးလျော့ခဲ့ပေမယ့် ယခုတစ်ပတ်မှာတော့ ပြန်လည်မြင့်တက်လာတာကြောင့် ၄၃၂၀၀ ကျပ်ထိ ရရှိခဲ့ပါတယ်။ ယခင်နှစ် ဇူလိုင်လလယ်ဈေးမှာ တစ်တင်း ၂၆၂၀၀ ကျပ်သာရရှိခဲ့တဲ့အတွက် ယခုနှစ်မှာ တစ်တင်းကို ကျပ် ၂၀၀၀၀ နီးပါးထိ ဈေးပိုရခဲ့ပါတယ်။ ဒါပေမယ့် တောင်သူတွေရဲ့လက်မှာတော့ ပဲဈေးကောင်းချိန်၌ လက်ကျန်ပဲများမရှိတော့ဘဲ လှောင်လက်များတွင်သာရှိခဲ့လို့ တောင်သူအများစုမှာ ထိုက်သင့်သလောက် အကျိုးအမြတ် မရရှိဘူးလို့ သိရပါတယ်။

ပဲစင်းငုံသီးနှံမှာလည်း ယခုလတွင် မတ်ပဲသီးနှံကဲ့သို့ပင် ရန်ကုန်ဝယ်လက်ရှိသော်လည်း အချို့ရက်တွေမှာ အရောင်းအဝယ်မဖြစ်ခဲ့ဘဲ ရက်ခြားသာ အိတ် ၃၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့တာကို တွေ့ရပါတယ်။ ပဲဈေးနှုန်းကတော့ ယခင်တစ်ပတ်က မတ်ပဲဈေးအေးပေမယ့် ပဲစင်းငုံသီးနှံ ဈေးအမြင့်ရနေကာ ယခုတစ်ပတ်မှာလည်း တစ်တင်း ၄၃၀၀၀ ကျပ်ဖြင့် ဆက်လက်မြင့်တက်ခဲ့ပြီး မတ်ပဲဈေးနှင့် ပဲစင်းငုံဈေးမှာ ဈေးနှုန်းတူနီးပါးဖြစ်နေကာ ဈေးပြိုင်ရလျက်ရှိခဲ့ကြပါတယ်။

ကုလားပဲသီးနှံမှာ လက်ပံတန်း၊ နတ်တလင်း၊ ပန်းတောင်းမြို့နယ်နှင့် မင်းတုန်း၊ ကံမဘက်မှ ဝင်ရောက်ခဲ့သော်လည်း ပဲဝင်ရောက်မှုပမာဏမှာ အိတ် ၂၀၀ ကျော် ၃၀၀ ခန့်သာရှိခဲ့ပါတယ်။ ဒါကြောင့်ဒေသလုပ်ငန်းရှင်၊ ပဲခွဲစက်သမားနှင့် လက်လီသမားများ အဝယ်လိုက်သည့်ရက်တွင် ဝင်လာသမျှပဲများအပြင် လှောင်ပဲများပါ ရောင်းချခဲ့ရလို့ အိတ် ၄၀၀ မှ ၅၀၀ ကျော်အထိ အရောင်းအဝယ်ဖြစ်ခဲ့တာကို တွေ့ရပါတယ်။ ပဲဈေးနှုန်းကတော့ ယခုတစ်ပတ်မှာ ယခင်တစ်ပတ်ထက် ကျပ် ၁၀၀၀ ကျော်ပိုရခဲ့လို့ တစ်တင်း ၂၆၅၀၀ ကျပ်ဖြင့် ဈေး ကောင်းရနေတယ်လို့ သိရပါတယ်။

ပဲကြီးသီးနှံမှာ မေ၊ ဇွန်လများအတွင်း ဈေးငြိမ်နေခဲ့ရာမှ ဇွန်လနောက်ဆုံးပတ်အတွင်း ဈေးမြင့်တက်လာသလို ဇူလိုင်ဒုတိယပတ်ထိ ဈေးဆက်ပိုခဲ့ကာ လလယ်တွင်တော့ ဈေးအတက်အကျမဖြစ်ခဲ့ဘဲ ယခင်တစ်ပတ်အတိုင်းသာ (ရွှေကျွန်း) တစ်တင်း ၂၇၀၀၀ ကျပ်၊ (ကမ်းနား) တစ်တင်း ၂၅၅၀၀ ကျပ်ဖြင့် ဈေးငြိမ်နေခဲ့ပါတယ်။ ပဲဝင်ရောက်မှုမှာတော့ နတ်တလင်း၊ တာပွန်၊ ပန်းတောင်း၊ ကံမ၊ မင်းတုန်းဖက်မှ လက်ကျန်ပဲများ ဝင်ရောက်နေလို့ အိတ် ၃၀၀ ကျော် နေ့စဉ်အဝင်ရှိခဲ့သော်လည်း ဝယ်ယူမှုကတော့ ပဲကြော်ဖိုလုပ်ငန်းရှင်များနှင့် လက်လီသမားအချို့ ဝယ်ယူနေကြတဲ့အတွက် အိတ် ၄၀၀ ကျော်အထိ အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။

ပဲလွန်းဖြူနှင့် ထောပတ်ပဲသီးနှံများမှာ ပဲအဝင်မရှိဘဲ လက်ကျန်ပဲအနည်းငယ်သာ လက်လီသမားများ ဝယ်ယူကြတဲ့အတွက် အိတ်အနည်းငယ်ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကာ ပဲလွန်းဖြူဈေးမှာ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေပြီး ထောပတ်ပဲကတော့ တစ်တင်း ၁၃၅၀၀ ကျပ်ဖြင့် ဈေးအနည်းငယ်ပိုလာခဲ့ပါတယ်။ ပဲပုပ်သီးနှံမှာ ယခုဇူလိုင်လအတွင်း လက်လီသမားသာ အမြဲဝယ်ယူနေတဲ့အတွက် တစ်တင်း ၁၆၅၀၀ ကျပ်ဖြင့် လဆန်းရက်မှ ယခုချိန်ထိ ဈေးအပြောင်းအလဲမဖြစ်ဘဲ ဈေးငြိမ်နေခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## ပြည်ဘိုကိတ် ဈေးဆက်မြင့်လာသော်လည်း ပစ္စည်းလက်ကျန်အနည်းငယ်သာရှိနေ

ဇူလိုင်လဆန်းမှစ၍ ဈေးတဖြည်းဖြည်း ဈေးမြင့်လာခဲ့တဲ့ ဘိုကိတ်ပဲသီးနှံဟာ ယခုတစ်ပတ်မှာလည်း ဈေးဆက်မြင့်လာလို့ တစ်တင်း ၁၇၀၀၀ ကျပ်အထိ ရရှိလာခဲ့တာကို တွေ့ရပါတယ်။ သို့သော်လည်း ဈေးကွက်အတွင်း ပစ္စည်းလက်ကျန်မရှိသလောက်ပါးခဲ့လို့ အရောင်းအဝယ်ဖြစ်မှုပမာဏလည်း နည်းခဲ့ကြပါတယ်။ ဘိုကိတ်ပဲသီးနှံ ဈေးနှုန်းဟာ ၂၀၁၄ ဇူလိုင်လအတွင်း တစ်တင်း ၁၂၅၀၀ ကျပ်မှ ၁၃၀၀၀ ကျပ်သာရရှိခဲ့လို့ ယခုနှစ် ကာလတူ အချိန်မှာတော့ ယခင်နှစ်ထက် ဈေးပိုရလာသော်လည်း ပစ္စည်းလက်ကျန်နည်းသွားပြီလို့ သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**



# မုံရွာကုန်စည်ဒိုင်၏ ဆီထွက်သီးနှံဈေးကွက်တွင် နှမ်းဈေးငြိမ်ပြီး မြေပဲဈေးတက်

မုံရွာကုန်စည်ဒိုင် ဇူလိုင်လလယ် ဆီထွက်သီးနှံဈေးကွက်မှာ နယ်စုံက နှမ်းအဝင်သွက်လာလို့ ပဲဆီဈေးငြိမ်နေပေမယ့် နယ်အဝင်ပါးပြီး ဝယ်လိုအားမြင့်နေတဲ့ မြေပဲဆန်ကတော့ ဈေးတရိပ်ရိပ်တက်လာတာ တွေ့ရပါတယ်။

တရုတ်ပြည်က ဝယ်လိုအားမြင့်နေဆဲဖြစ်တဲ့ မြေပဲဆန်ဈေးကွက်မှာ ယခုလ လဆန်းပိုင်းကပေါက်ဈေးထက် ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၄၀၀ ခန့်မြင့်တက်လာခဲ့ရာ မြေပဲဆန်နီ တစ်ပိဿာ ၃၂၇၅ ကျပ်၊ မြေပဲဆန်ဖြူတစ်ပိဿာ ၃၂၀၀ ကျပ်အသီးသီး ပေါက်ဈေးဖြစ်ပေါ်ခဲ့ပါတယ်။ အရောင်းအဝယ်အားဖြင့် တစ်ရက် ပိဿာ ၅၀၀၀ ခန့်ထိ ဖြစ်ခဲ့တယ်လို့ ဒိုင်ဈေးကွက်က ဆိုပါတယ်။

ယခုတစ်ပတ် နှမ်းဈေးကွက်မှာတော့ ရေသွင်းနှမ်းအချို့ ဒိုင်ကို ဆက်လက်ဝင်ရောက်လျက်ရှိပြီး၊ ရာသီဥတုကြောင့် အထွက်နှုန်းလျော့သလို အရည်အသွေးပါ နိမ့်ကျမှုရှိတယ်လို့ ပွဲရုံရပ်ကွက်က ဆိုပါတယ်။ ပေါက်ဈေးအားဖြင့် နှမ်းညိုတစ်တင်း ၂၈၅၀၀ ကျပ်မှ ၂၉၀၀၀ ကျပ်နဲ့ နှမ်းဖြူတစ်တင်း ၃၄၅၀၀ ကျပ် အသီးသီးဖြစ်ပေါ်ခဲ့ပြီး အရောင်းအဝယ်အနေနဲ့ နှမ်းမျိုးစုံ တစ်ရက် တင်း ၁၅၀၀ မှ ၂၀၀၀ ကြား နေ့စဉ်ဖြစ်ခဲ့တယ်လို့ ဆိုပါတယ်။

စားသုံးဆီဈေးကွက်မှာလည်း မြေပဲဆီဟာ လဆန်းပိုင်းက တစ်ပိဿာ ၅၀၀၀ ကျပ်သာ ပေါက်ခဲ့ပေမယ့် ယခုတစ်ပတ်မှာ ၅၅၀၀ ကျပ်ထိ ဈေးမြင့်လာခဲ့ပါတယ်။ နှမ်းဆီဈေးကတော့ လဆန်းပိုင်းက တစ်ပိဿာ ၃၆၀၀ ကျပ် ပေါက်ခဲ့ရာက ယခုအခါမှာ ၃၇၀၀ ကျပ် ဖြစ်လာခဲ့လို့ အနည်းငယ်ဈေးတက်လာပါတယ်။

စားအုန်းဆီဈေးမှာလည်း လဆန်းပိုင်းက တစ်ပိဿာ ၁၅၆၀ ကျပ် ပေါက်ခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၆၂၀ ကျပ်ထိဈေးအနည်းငယ်တက်လာတာ တွေ့ရပါတယ်။ နှမ်းဖတ်ဆီခေါ် ရောနှောဆီကတော့ တစ်ပိဿာ ၂၄၀၀ ကျပ်နဲ့ ဈေးကွက်မှာ အရောင်းအဝယ် သွက်နေသလို နေကြာဆီကတော့ လက်လီတစ်ပိဿာ ၃၄၀၀ ကျပ်ဝန်းကျင်မှာ ဆက်လက်ဈေးမာလျက်ရှိတယ်လို့ မုံရွာကုန်စည်ဒိုင် ရပ်ကွက်က လေ့လာသိရှိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**

# ပြည်ပဲနီပြား ဈေးအေးခဲ့ရာမှ ယခုတစ်ပတ်မှာ ဈေးမြင့်လာလို့ ယခင်နှစ်ဈေးကို မီလာခဲ့

ဇူလိုင်လလယ်ပြည်ပဲဈေးကွက်မှာ ပဲနီပြားသီးနှံဈေးနှုန်းများ မြင့်တက်ခဲ့လို့ တစ်တင်း ၂၀၀၀၀ ကျပ်ဖြင့် ယခင်တစ်ပတ်ထက် တစ်တင်းကို ၁၅၀၀ ကျပ်ခန့် ဈေးပိုရလာခဲ့ပါတယ်။

ပဲနီပြား အဝင်မရှိခဲ့ဘဲ လက်ကျန်ပဲများသာရှိနေ ချိန်မှာ လက်လီ သမားအပြင် လက်ကားသမားများလည်း အချို့ရက်တွေမှာ ဝယ်ယူလာတဲ့အတွက် တစ်ရက်ကို အိတ် ၄၀၊ ၅၀ ကျော် အရောင်း အဝယ် ပုံမှန်ဖြစ်သလို လက်ကားအဝယ်လိုက်တဲ့ရက်မှာတော့ အိတ် ၁၀၀ ကျော်အထိ အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။

ယခင်နှစ် ဇူလိုင်လအတွင်းက တစ်တင်းကိုကျပ် ၂၀၀၀၀ ရရှိခဲ့ တဲ့အတွက် ယခုတစ်ပတ်မှာတော့ ပဲနီပြားသီးနှံဟာ ယခင်နှစ်ဈေးကို မီလာခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

# မုံရွာကုန်စည်ဒိုင်၏ ဇူလိုင်လလယ် ပဲဈေးကွက် ပြည်ပပို့ကုန် ပဲအချို့ဈေးမာနေ



မုံရွာကုန်စည်ဒိုင် ဇူလိုင်လလယ် ပဲဈေးကွက်မှာ စိမ်းကြီး၊ ငုံနီ၊ မတ်ပဲနဲ့ ထိုင်ဝမ်ကုလားပဲ စတဲ့ ပြည်ပဝယ်လိုအားရှိတဲ့ ပဲတွေ ဆက်လက်ဈေးမာနေခဲ့ပြီး ကျန်ပြည်တွင်းသုံး ပဲအများစုကတော့ ဆက်လက်ဈေးအေးခဲ့တာ တွေ့ရပါတယ်။

အထူးသဖြင့် ပဲပေါ်ကာစက ပြည်ပဝယ်လက်မရှိသေးလို့ ပဲအထွက် နည်းတာတောင် ဈေးကောင်းမရခဲ့တဲ့ ကုလားပဲအုပ်စုဟာ ပြည်ပဝယ်လက် လှုပ်ရှားခဲ့ချိန်ကနေ ယခုတစ်ပတ်ထိ အမြင့်ဈေးအသီးသီးနဲ့ ဆက်လက်ဈေးမာနေတာ တွေ့ရပါတယ်။

ထိုင်ဝမ်ကုလားပဲနဲ့ 929 ကုလားပဲတွေကို ပြည်ပဝယ်လက်ဝယ်လိုအားရှိနေလို့ ထိုင်ဝမ်တစ်တင်း ၂၄၈၀၀ ကျပ်နဲ့ 929 တစ်တင်း ၁၄၇၀၀ ကျပ် အသီးသီးပေါက်ဈေးဖြစ်ခဲ့ပြီး အရောင်းအဝယ်အားဖြင့် တစ်ရက်ကို ထိုင်ဝမ် အိတ် ၇၀၀ ခန့်နဲ့ ၉၂၉ အိတ် ၁၈၀ ခန့်ဖြစ်ခဲ့ကာ V2 အနေနဲ့ ပြည်တွင်းသုံးနဲ့ ဒေသတွင်း ပဲခွဲစက်၊ ပဲကြော်လုပ်ငန်းအဝယ်သွက်လို့ တစ်တင်း ၂၃၅၀၀ ကျပ်ဈေးနဲ့ တစ်ရက်အိတ် ၁၅၀၀ မှ ၂၀၀၀ ကြား အရောင်းအဝယ်ဖြစ်နေတယ်လို့ ဒိုင်ရပ်ကွက်က သိရပါတယ်။

စိမ်းကြီးဈေးကွက်မှာတော့ နယ်လက်ဝယ်လိုအား ကောင်းမွန်နေပေမယ့် နယ်ကပဲတွေ ဒိုင်အဝင်ကျဲလာလို့ ယခုတစ်ပတ်မှာ တစ်တင်း ၃၇၀၀ ကျပ်မှ ၃၈၀၀ ကျပ်ကြား ဆက်လက်ဈေးမာလျက် တစ်ရက် အိတ် ၆၀၀-၇၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ ဒိုင်ရပ်ကွက်က ဆိုပါတယ်။

ယခုတစ်ပတ် ငုံနီဈေးကွက်မှာလည်း ပဲလက်ဝယ်ရှိတဲ့ ကုန်သည်တချို့ ဈေးတင်ခဲ့ကြလို့ ယခုတစ်ပတ်အတွင်း တစ်တင်း ၄၂၀၀၀ ကျပ်၊ ၄၂၅၀၀ ကျပ် အသီးသီး ပေါက်ဈေးဖြစ်ပေါ်ခဲ့ပေမယ့် နေ့စဉ် အရောင်းအဝယ်မဖြစ်ခဲ့ဘူးလို့ သိရပါတယ်။

မုံရွာဒိုင်မှာ ပဲလက်ကျန်လျော့လာတဲ့ ပဲကြီးဈေးကွက်အနေနဲ့ ဝါတွင်းကာလ ပဲကြော်ဈေးကွက် လိုအပ်ချက်မြင့်မားလာလို့ အဝယ်လိုက်ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ တစ်တင်း ၂၉၀၀၀ ကျပ်ထိ တစ်တင်း ၁၅၀၀ ကျပ်မှ ၂၅၀၀ ကျပ်အထိ မြင့်တက်ခဲ့ရာ အရောင်းအဝယ်အနေဖြင့် အိတ် ၁၀၀၀ ဝန်းကျင် ပုံမှန်ဖြစ်နေတယ်လို့ ဆိုပါတယ်။

ယခုတစ်ပတ် မတ်ပဲဈေးကွက်မှာလည်း ပြည်ပဝယ်လက်ဆက်လက်ကောင်းမွန်နေလို့ ဝယ်လိုအားရှိပေမယ့် မုံရွာဒိုင်မှာ မတ်ပဲလက်ကျန်မရှိသလောက် နည်းပါးနေရာ တစ်တင်း ၃၈၀၀၀ ကျပ်မှ ၄၃၀၀၀ ကျပ်ထိ သိသိသာသာဈေးခုန်တက်ခဲ့ပြီး အရောင်းအဝယ်အားဖြင့် တစ်ရက်ကို အိတ် ၁၅၀-၂၀၀ ခန့်သာဖြစ်နိုင်တယ်လို့ ကုန်သည်ရပ်ကွက်က ဆိုပါတယ်။

ဒေသတွင်းလုပ်ငန်းသုံးနဲ့ ပြည်တွင်းဝယ်လိုအားသာရှိတဲ့ စွန်တာနီနဲ့ ပဲနီလုံးကြား ဈေးကွက်ကတော့ ယခုတစ်ပတ်မှာလည်း တစ်တင်း ၁၄၅၀၀ ကျပ်နဲ့ ၁၅၃၀၀ ကျပ်အသီးသီး ဆက်လက်ငြိမ်နေခဲ့ပြီး အရောင်းအဝယ်အားဖြင့် ပဲနှစ်မျိုးပေါင်း တစ်ရက် အိတ် ၇၀၀ ဝန်းကျင်ဖြစ်ခဲ့တယ်လို့ မုံရွာကုန်စည်ဈေးကွက်က လေ့လာသိရှိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**

# ကုန်သွယ်ရေးစခန်းများမှ ဆန်တင်ပို့မှုလျော့ကျသော်လည်း ပင်လယ်ရေကြောင်းမှ ဆန်ပိုမိုတင်ပို့

ဇူလိုင်လ ၄ ရက်မှ ၁၀ ရက်နေ့ထိ ကာလအတွင်း တရုတ်နိုင်ငံရဲ့ဝယ်လိုအားကျဆင်းမှုကြောင့် မြန်မာ-တရုတ် နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ဆန်တင်ပို့မှုမှာ သိသိသာသာ လျော့နည်းသွားခဲ့ပါတယ်။ ယခုတစ်ပတ်မှာ ကန်ဒေါ်လာ ၄ ဒသမ ၈၅၀ သန်းဖိုးရှိတဲ့ ဆန်တန်ချိန် ၁၂၈၉၂ တန်ကို မူဆယ်ကုန်သွယ်ရေးဇုန်၊ ချင်းရွှေဟော်နဲ့ လွယ်ဂျယ် ကုန်သွယ်ရေးစခန်းများမှ တင်ပို့ခဲ့ပြီး ယခင်တစ်ပတ်တင်ပို့မှုထက် ၁၀၃၂၄ တန်လျော့နည်းခဲ့ပါတယ်။

မူဆယ်ကုန်သွယ်ရေးဇုန်မှ ငစိန်ဆန် တန်ချိန် ၆၀၀၀၊ ဧည့်မထဆန်တန်ချိန် ၅၅၉၂ တန်၊ ချင်းရွှေဟော်စခန်းမှ ဧည့်မထ တန် ၃၀၀ နဲ့ လွယ်ဂျယ်စခန်းမှ ငစိန်ဆန် တန် ၁၀၀၀ တင်ပို့ပါတယ်။

ကုန်သွယ်ရေးစခန်းများအနေနဲ့ တရုတ်နိုင်ငံရဲ့ ဝယ်လိုအားကို အဓိကထားရောင်းရတဲ့ အတွက် အခုလို တရုတ်ဘက်က ဝယ်လိုအားမရှိတဲ့ အချိန်မှာ ဆန်တင်ပို့မှု လျော့ကျခဲ့ပါတယ်။ဆန်တင်ပို့မှု လျော့ကျသလို ဆန်ကွဲတင်ပို့မှုလည်း လျော့ကျခဲ့ပါတယ်။ ယခုတစ်ပတ်မှာ ကန်ဒေါ်လာ သုည ဒသမ ၉၁၄ သန်းဖိုးရှိတဲ့ ဆန်ကွဲ တန် ၂၈၀၀ ကိုသာ တင်ပို့နိုင်ခဲ့တဲ့အတွက် ယခင်တစ်ပတ်တင်ပို့မှုထက် တန်ချိန် ၁၆၈၀ လျော့နည်းခဲ့ပါတယ်။ကောက်ညှင်းဆန်ကတော့ ယခုတစ်ပတ်မှာ တင်ပို့မှုမရှိဘူးလို့ သိရပါတယ်။ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ တင်ပို့မှုမှာ ဇူလိုင်လ ၅ ရက်နေ့မှ ၁၁ ရက်နေ့ထိ ဆန်တန်ချိန် ၂၀၆၈ တန်ကျော် တန်ဖိုးအားဖြင့် သုည ဒသမ ၇၉၆ သန်းဖိုးတင်ပို့ခဲ့ပါတယ်။ ကန်ဒေါ်လာ သုည ဒသမ ၂၇၂ သန်းဖိုးရှိ ပေါင်းဆန် ၇၂၃ တန်ကျော်ကို အီးယူနိုင်ငံများနဲ့ တရုတ်နိုင်ငံသို့လည်းကောင်း၊ ဧည့်မထဆန် ၁၂၂၅ တန်ကို တရုတ်၊ စင်ကာပူနဲ့ အီးယူနိုင်ငံများသို့လည်းကောင်း၊ ဇီယာဆန် တန် ၁၂၀ ကိုစင်ကာပူနိုင်ငံသို့လည်းကောင်း အသီးသီး တင်ပို့ခဲ့ပါတယ်။

ယခင်တစ်ပတ်က ပင်လယ်ရေကြောင်းမှ ဆန်တန်ချိန် ၁၅၀၀ တင်ပို့ခဲ့ပြီး ယခုတစ်ပတ်မှာ ၅၆၈ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ဆန်ကွဲတင်ပို့မှုမှာတော့ ကန်ဒေါ်လာ သုည ဒသမ ၂၉၆ သန်းဖိုးရှိ ဆန်ကွဲတန်ချိန် ၁၁၀၀ ကို အီးယူနဲ့ စင်ကာပူနိုင်ငံကို တင်ပို့နိုင်ခဲ့ပါတယ်။

မြန်မာ့ဆန်ကို အီးယူနိုင်ငံများသို့ တင်ပို့ရာတွင် အထူးသက်သာခွင့် အခွင့်အရေးများ ရရှိထားခြင်းကြောင့် ၂၅ မှတ် ဆန်တစ်တန်လျှင် ဒေါ်လာ ၄၀၀ ဝန်းကျင်ရရှိတဲ့အတွက် အရည်အသွေးကောင်းဖို့ လိုသကဲ့သို့ ရေရှည်ထိန်းထားဖို့လည်းလိုကြောင်း ၊ ယမန်နှစ်က အီးယူသို့ ဆန်တန်ချိန် တစ်သိန်းခန့်သာ တင်ပို့နိုင်သော်လည်း ယခုဘဏ္ဍာနှစ်တွင် တန်ချိန် နှစ်သိန်းအထိ တင်ပို့မည်ဖြစ်ပြီး ဆန်တင်ပို့မှုကဏ္ဍမှ ဝင်ငွေ ဒေါ်လာတစ်ဘီလီယံ အထိ ရရှိရန်မျှော်မှန်းထားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သိရှိရပါတယ်။

**ယဉ်ယဉ်အေး**

## နနွင်း



### ယူအေအီးသို့ နနွင်း ၅၆ တန် တင်ပို့

သီတင်းတစ်ပတ်ဖြစ်တဲ့ ဇူလိုင်လ ၅ ရက်မှ ဇူလိုင်လ ၁၁ ရက်သီတင်းပတ်အတွင်း ပြည်ပနိုင်ငံကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ နနွင်းတင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့နိုင်ငံမှာ အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး)နိုင်ငံဖြစ်ပါတယ်။ တင်ပို့ခဲ့တဲ့ တန်ချိန်မှာ ၅၆ တန်ဖြစ်ပါတယ်။ ယခင်တစ်ပတ်မှာ တင်ပို့မှုပျောက်ခဲ့ပြီး ဒီတစ်ပတ်မှ ပြန်လည်တင်ပို့နိုင်ခဲ့ခြင်းဖြစ်ပါတယ်။ဒီတစ်ပတ်နနွင်းတင်ပို့မှုမှ ကန် ဒေါ်လာ ၃၀၈၀၀ ဝင်ငွေ ရရှိခဲ့တယ်လို့သိရပါတယ်။

**သီတာဝင်း(DOT)**

### ဈေးပတ်သမားသာ အဝယ်ရှိတဲ့ ရှမ်းနနွင်းဈေးကွက်

ရှမ်းနနွင်းကတော့ အရောင်းအဝယ် အေးနေပါတယ်။ ချင်းစိုက အရောင်းအဝယ် လိုက်နေပေမယ့်နနွင်းကတော့ ဈေးပတ်သမားတွေသာ ဝယ်ယူမှုရှိနေလို့ ခပ် မှန်မှန်သာ ရောင်းနေရတယ်လို့ သိရပါတယ်။ အောင်ပန်းဈေးကွက်မှာတော့ အရောင်းသိပ်မရှိပေမယ့် ပွဲရုံက တောင်သူတွေ လာရောက်ရောင်းချရင်တော့ ဝယ်ယူထားကြပါတယ်။ ဈေးကွက်ရှိရင် ပြန်ရောင်းရသလို၊ မရှိရင်လည်း ဝယ်ပြီး စုထားရတယ်၊ ပုပ်ကုန်မဟုတ်လို့ ဝယ်ထားပြီး ပုံထားရတယ်လို့လည်း ပွဲရုံတွေက ဆိုပါတယ်။ အဲဒီလိုမှ မဝယ်ထားရင် တောင်သူတွေမှာ ဈေးကွက်ပျောက်ပြီး နောင်နှစ်တွေမှာ စိုက်ပျိုးဖို့ အခက်အခဲရှိလို့၊ ဝယ်လက်မရှိလည်း ပွဲရုံတွေက ဝယ်ယူပေးထားရတယ်လို့ ပွဲရုံတွေထံက သိရပါတယ်။ အရင်တစ်ပတ်တုန်းကတော့ နနွင်းခါးတွေကို ပရဆေးဖော်ဖို့ တစ်ပိဿာကို ၄၀၀ ကျပ်ပေးပြီး ဝယ်ယူကြပေမယ့် ဒီတစ်ပတ်မှာ အဝယ်မရှိတော့ပါဘူး။ နနွင်းပွဲရုံတွေက လာရောင်းတဲ့နနွင်းတွေကို အရည်အသွေးပေါ်မူတည်ပြီး ဈေးဖြတ်ကြပါတယ်။ တောင်ပို့လစမှာ ညံ့စက ၁၃၀၀ ကျပ်၊ လတ်စက ၁၄၅၀ ကျပ်၊ ထိပ်စက ၁၅၀၀ ကျပ်နဲ့ ဆင်တောင်နနွင်းက ၁၈၀၀ ကျပ်ဈေးနဲ့ ဝယ်ယူထားတယ်လို့လည်း သိရပါတယ်။ ဟိုပုံးဈေးကွက်မှာလည်း နနွင်းအဝင်က နည်းနေတယ်လို့ ဆိုပါတယ်။ အရောင်းအဝယ်ကလည်း အေးနေတော့ တောင်သူတွေကလည်း ထုတ်မရောင်းကြသေးပါဘူး၊ ဟိုပုံးနနွင်းက တစ်ပိဿာကို ၁၂၀၀ ကျပ်ဈေးရှိပါတယ်။

**ဇေခိုင်-တောင်ကြီး**

## ချင်း

### ၄ွန်လအတွင်း ချင်း၃၀၈ တန်ကျော်တင်ပို့

ဇူလိုင် ၅ ရက်မှ ဇူလိုင် ၁၁ ရက်သီတင်းပတ်အတွင်း ချင်း ၉ဒသမ ၉၇၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှု လမ်းမှ တင်ပို့ခဲ့ပါတယ်။တင်ပို့ခဲ့တဲ့နိုင်ငံ မှာ စင်ကာပူနိုင်ငံဖြစ်ပါတယ်။ယခင်သီတင်းပတ်မှာတန်ချိန် ၂၁၀ကျော် တင်ပို့နိုင်ခဲ့တာကြောင့် ဒီတစ်ပတ်မှာတော်တော်လေး တင်ပို့မှုလျော့ခဲ့တယ်လို့ သိရပါတယ်။ ချင်းတင်ပို့မှုမှ ကန်ဒေါ်လာ ၁၆၈၅၇ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

### အောင်ပန်းဈေးကွက်သို့ ချင်းဥမ အဝင်လှိုင်

ကလော၊ အောင် ပန်း၊ ဟဲဟိုးစတဲ့ မြို့နယ်တွေနဲ့ အနီးအနားပတ်ဝန်းကျင်က ထွက်တဲ့ ချင်းဥမတွေက အောင်ပန်းဈေးကွက်ကိုဝင်လာတာကြောင့် အောင်ပန်းဈေးကွက်မှာ ချင်းဥမက အဝင်လှိုင်နေပါတယ်။ တစ်ရက်ကို ပိဿာချိန် ထောင်သောင်းချီပြီးဝင်နေပါတယ်။ တောင်သူတွေလည်း စိုက်ခင်းမှာ အကုန်လောက်နီးနီး ဖော်ပြီးကြပြီလို့လည်း သိရပါတယ်။ ဖော်ပြီးသားချင်းဥမတွေကို တော့ တချို့တောင်သူတွေက ထုတ်ရောင်းပေမယ့် တချို့တောင်သူတွေကတော့ ကြိုက်ဈေးမရသေးလို့ မရောင်းဖြစ်ကြသေးပါဘူး။ လောလောဆယ်မှာလည်း ပြည်ပ ဝယ်လက်ဖြစ်တဲ့ ဘင်္ဂလားဒေ့ရှ်က ဝယ်ယူနေတယ်လို့ သိရပါတယ်။ လမ်းပန်းဆက် သွယ်ရေး အခြေအနေကိုကြည့်ပြီး ဆက်သွယ်ရေးကောင်းရင်ကောင်းသလို သယ်ယူနေရတယ်လို့လည်း သိရပါတယ်။ လတ်တလောမှာ တောင်ကုတ်လမ်းတစ်လမ်းသာကောင်းနေသလို အဲဒီလမ်းကလည်းခြောက်ဘီးကားတွေသာ သွားလို့ရတယ်လို့ ဆိုပါတယ်။

စစ်တွေလမ်းကတော့ အခုထိဖောက်လုပ်ခြင်းမရှိသေးတာကြောင့် ပြည်မှ တောင်ကုတ်သို့ ကားနဲ့၊ တောင်ကုတ်ကနေ စစ်တွေကို ရေလမ်းနဲ့ သယ်ယူနေရတယ်လို့လည်း ဈေးကွက်ကသိရပါတယ်။ တောင်ကုတ်လမ်းကနေ တစ်ခါတင်ရင် ၆ ဘီးကားနဲ့ ၁၄၊ ၁၅ စီးခန့်သယ်ယူနေတယ်လို့လည်း သိရပါတယ်။ ပြည်တွင်းသုံးဝယ်လက်တွေကလည်း ပုံမှန်အတိုင်းဝယ်ယူနေတာကြောင့် အခုလောလောဆယ်တော့ အောင်ပန်းဈေးကွက်မှာ ချင်းဥမက အရောင်းသွက်ဆုံး သီးနှံဖြစ်နေပါတယ်။

ချင်းစိုဈေးကောင်းခဲ့တဲ့ လွန်ခဲ့တဲ့နှစ်နှစ်လောက်က စပြီးတော့ ချင်းခြောက်ပြုလုပ်တာ နည်းလာပါတယ်။ ဒါကြောင့် ဈေးကွက်မှာ ချင်းခြောက်ကမရှိသလောက်ဖြစ်သွားပါပြီ။ ပြီးခဲ့တဲ့အပတ်ကစပြီးတော့ ချင်းခြောက်ဈေးက တစ်ပိဿာကို ၂၉၀၀ ကျပ်-၃၀၀၀ ကျပ်အထိ ဈေးတက်လာခဲ့ပါတယ်။ ချင်းဥမကတော့ တစ်ပိဿာကို ၈၀၀ ကျပ်ဝန်းကျင် ဈေးပေါက်နေတယ်လို့လည်း အောင်ပန်းချင်းပွဲရုံတွေထံက သိရပါတယ်။ ဟိုပုံးချင်းဥမတွေလည်း ဈေးကွက်မှာ အဝင်ရှိနေပေမယ့် ပြည်ပဝယ်လက်တွေကတော့ သိပ်ပြီးမဝယ်ကြသေးပါဘူး။ တစ်ဆင့်ပြီးတစ်ဆင့် သွားနေရတာကြောင့် သယ်ယူစရိတ် ကြီးမြင့်နေလို့ ဟိုပုံးချင်းကို ဝယ်ဖို့ မရှိသေးဘူးလို့ သိရပါတယ်။ ပြည်တွင်းသုံးနဲ့ လက်လီသာရောင်းနေရပြီး လက်ကားဈေးက တစ်ပိဿာ ၇၅၀ ကျပ်နဲ့ လက်လီကတော့ ၁၀၀၀ ကျပ် ပတ်လည်ရှိနေတယ်လို့ သိရပါတယ်။

**ဇေခိုင်-တောင်ကြီး**

## သီဟိုဠ်

### မူဆယ်ကုန်သွယ်ရေးဇုန်နဲ့ ကျော့သောင်း ကုန်သွယ်ရေးစခန်းမှ သီဟိုဠ်စေ့ ၃၆ တန်ကျော် တင်ပို့

မူဆယ် ကုန်သွယ်ရေးဇုန်နဲ့ ကော့သောင်း ကုန်သွယ်ရေးစခန်းမှ ၂၀၁၅ ခုနှစ် ဇူလိုင် ၄ ရက်မှ ၁၀ ရက် တာကာလအတွင်း ကန်ဒေါ်လာ သုည ဒသမ ၂၇၉ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ၃၆ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။

ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၃ တန်ကျော် လျော့နည်းတင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုများမှာ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၂၃၉ သန်း တန်ဖိုးရှိ သီဟိုဠ်စေ့ ၃၁ တန်ကျော် တင်ပို့ခဲ့ပါတယ်။

ယခင် သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ကီလို ၅၀၀ ဂရမ် လျော့နည်းတင်ပို့ခဲ့ပါတယ်။

မြန်မာ-ထိုင်း နယ်စပ်ရှိ ကော့သောင်း ကုန်သွယ်ရေးစခန်းမှလည်း ကန်ဒေါ်လာ သုည ဒသမ ဝ၄ဝ သန်း တန်ဖိုးရှိ သီဟိုဠ်စေ့ ၅ တန်ကျော် တင်ပို့ ခဲ့ပါတယ်။ ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၂ တန်ကျော် လျော့နည်းတင်ပို့ခဲ့ပါတယ်။

မြဝတီ ကုန်သွယ်ရေးစခန်းမှ ယခုသီတင်းပတ်မှာရော ယခင် သီတင်းမှာပါ သီဟိုဠ်စေ့ တင်ပို့နိုင်ခြင်း မရှိခဲ့ပါဘူး။

**ခင်မြနွယ် (MIRT)**


## ကြက်သွန်

### ကြက်သွန်နီ အရောင်းအဝယ်အေး

ဇူလိုင်လ ၄ ရက်မှ ၁၀ ရက်တာကာလအတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၁၉၆၉၉၉ တန်ဖိုးရှိကြက်သွန်နီ ၇၂၁ တန်ခွဲနဲ့ မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၁၁၄၀၂၂ တန်ဖိုးရှိ ကြက်သွန်နီ ၃၃၂ တန်ခွဲတင်ပို့ခဲ့ပါတယ်။

ယခင်တစ်ပတ်ကတော့ မူဆယ်၊ မြဝတီ၊ တာချီလိတ်၊ စစ်တွေနဲ့ တမူးကုန်သွယ်ရေးစခန်းစုံက ကြက်သွန်နီ ၁၇၃၁ တန်ခွဲ တင်ပို့နိုင်ခဲ့တာကြောင့် ယခုတစ်ပတ်ရဲ့ကြက်သွန်နီ အရောင်းအဝယ်မှာ အေးနေတယ်လို့ ဘုရင့်နောင်ကုန်စည်ဒိုင်မှ သိရပါတယ်။ ပြည်ပသို့ တင်ပို့တဲ့ RCအထက်စ တစ်မျိုးသာအနည်းငယ်အရောင်းအဝယ်ဖြစ်နေပြီး ကျန်တဲ့အသေးစနဲ့အကြီးစတို့ ကုန်စည်ဒိုင်မှာ စုပုံနေကြောင်းလည်း သတင်းရရှိပါတယ်။

**မော်မော်အောင်**



### ပခုက္ကူ ကြက်သွန်နီ ဈေးမြင့်တက်

ပခုက္ကူမှာ စားဖိုဆောင်သုံးသီးနှံဖြစ်တဲ့ ကြက်သွန်နီဈေးဟာ ဆက်တိုက်ဆိုသလို မြင့်တက်လာနေတာကို တွေ့ရပါတယ်။ ဇူလိုင်လ ပထမပတ်မှာ ထိပ်စ တစ်ပိဿာ ၆၆၅ ကျပ်၊ အလတ်စ တစ်ပိဿာ ၆၀၀ ကျပ်၊ အောက် စ တစ်ပိဿာ ၅၀၀ ကျပ်သာရှိခဲ့ရာမှ ဒုတိယပတ်မှာ ထိပ်စ တစ်ပိဿာ ၇၅၀ ကျပ်၊ လတ်စ တစ်ပိဿာ ၇၀၀ ကျပ်၊ အောက်စ တစ်ပိဿာ ၆၀၀ ကျပ်ထိ ဈေးမြောက်လာနေတာကို တွေ့ရပါတယ်။

ပခုက္ကူ အဝင်တွေအနေနဲ့လည်း နေ့စဉ်ပိဿာချိန် ခြောက်သောင်းကျော်မှ တစ်သိန်းကျော်ထိ ဝင်နေတာကိုလည်း လေ့လာရပါတယ်။ ပခုက္ကူ ဈေးတစ်ပတ်လည်မှာတော့ လက်လီဈေးအနေနဲ့ တစ်ပိဿာ ၈၅၀ ကျပ်၊ ၉၅၀ ကျပ်၊ ၁၀၅၀ ကျပ်ဈေးတွေ ရောင်းချနေတာကို တွေ့ရပါတယ်။

ကြက်သွန်ပွဲစားများရဲ့ သုံးသပ်ချက်ကို လေ့လာရသလောက် နယ်စပ်ထွက်ပေါက် တွေက အဆွဲအနုတ်ရှိလို့ ဈေးတက်တယ်လို့ သုံးသပ်ကြပါတယ်။ ဒါလည်း ဖြစ်နိုင်ခြေရှိတယ်လို့ ပြောရမှာပါ။

ကောမတ်စ်ဂျာနယ်ထဲမှာ နယ်စပ်အလိုက် ကြက်သွန်နီတင်ပို့မှု တန်ချိန် အမေရိကန်ဒေါ်လာရရှိမှု တန်ဖိုးတွေကို ဖတ်နေရပါတယ်။ စောစောပိုင်းက နယ်အဝင် ငါးသောင်းတစ်ပတ်လည်ရှိရာက တစ်သိန်းကျော် ဝင်လာတဲ့အနေအထားတွေကို လေ့လာရသလောက် တောင်သူလက်ကျန် များများရှိနေတယ်လို့ သုံးသပ်ရမှာပါ။

အခု ကြက်သွန်နီက ဒီဇင်ဘာ၊ ဇန်နဝါရီမှာ စိုက်၊ မတ်လကုန် ဧပြီလဆန်းမှာ ဈေးကွက်ကို ဝင်ရောက်ခဲ့လို့ ဧပြီ၊ မေ၊ ဇွန်၊ ဇူလိုင် လေးလ သာသာလေးပဲရှိသေးတာဆိုတော့ တောင်သူလက်ကျန်များများ ကျန်တယ်ဆိုတာကလည်း ဖြစ်နိုင်ခြေရှိပါတယ်။

ခါတိုင်းလည်း နှစ်ပေါက်လျှောင်ကြတာဆိုတော့ တောင်သူလက်ကျန် များနိုင်ပါတယ်။ အခုဈေးအနေအထားအရ ကြက်သွန်နီဟာ တောင်သူလက်ကျန် များများကျန်လို့ တောင်သူအကျိုးပြုတဲ့ ကြက်သွန်နီလို့ ပြောရမှာဖြစ်ကြောင်းပါ။

**မြင့်ဦး-ပခုက္ကူ**

# ဘယ်သူမှ မယူကြတဲ့ အမွေကောင်းများ



ခင်မောင်ညို | ဘောဂဗေဒ

ရှစ်တန်းကျောင်းသားဘဝလောက်ကရခဲ့ဖူးသော စာအုပ်နှစ်အုပ်ကို မှတ်မိသည်။ တစ်ခုမှာ ထိုစဉ်က ပြဋ္ဌာန်းခဲ့သော အင်္ဂလိပ်စာအုပ်တစ်အုပ်နှင့် ပတ်သက်သော Meanings တွေပါသည့် စာအုပ်ဖြစ်သည်။ Acres ကို "ဧကများ" ဟုရေးရမည့်အစား၊ Typing error ဖြစ်၍ "စကများ" ဟု ရေးထားသည့်အတိုင်း မှတ်သားခဲ့ရာ အတန်းထဲရောက် အင်္ဂလိပ်စာဆရာဦးတင်လှိုင်ပြောမှ အမှန်အတိုင်းသိသည်။ "Looking at the children of other lands" (ရပ်ဝေးမြေခြားကလေးများ) စာအုပ်ထင်သည်။ ထို Meaning စာအုပ်ရေးသူကို အတော်အထင်ကြီးသွားခဲ့ဖူးသည်။ အတူပါလာသော ဦးထွန်းငြိမ်းအဘိဓာန်ကိုတွေ့မှ ဒီအဘိဓာန်ကို ကြည့်ရေးတာဖြစ်မယ်ဟု သဘောပေါက်သွားသည်။ ဖခင်ကြီးထံမှ ပထမဆုံးရသော စာအုပ်ကို ချစ်တပည့်တစ်ယောက်အား ချီးမြှင့်လိုက်ရာ သူ၏ အိမ်တွင် အခိုးခံရ၍ ဇာတ်လမ်းဆုံးသည်။

ကိုးတန်း၊ ဆယ်တန်းကျောင်းသားဘဝတွေမှာ ထိုစဉ်က မြင်းမူနှင့် စစ်ကိုင်းရှိ စာအုပ်ဆိုင်တွေက စာအုပ်တွေဝယ်တတ်လာရာ မိဘတွေပေးသော ပိုက်ဆံကို အတော်သုံးဖြစ်သည်။ တက္ကသိုလ်ရောက်တော့ စာကြည့်တိုက်၊ စာအုပ်အငှါးဆိုင်တွေက ငှါးဖတ်သလို အလိမ္မာစာပေ (လှည်းတန်း) မှာ အကြွေးစာရင်းရှိပြီး၊ တစ်ခါတစ်ရံ ကြွေးဆပ်ရသည်။ တက္ကသိုလ်ရောက်တော့ ကျောင်းစာကြည့်တိုက်၊ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်၊ စာပေဗိမာန် စာကြည့်တိုက်တွေကို ရောက်သည်။

ကိုယ်တိုင်ကလည်း တစ်နေ့စာကြည့်တိုက်ထောင်မည်ဟု စိတ်ကူးယဉ်ခဲ့သည်။ "မြပုဝါ" ဆိုပြီး နာမည်တောင်ရွေးထားသည်။ လက်တွေ့တွင် စာအုပ်တွေက စာကြည့်တိုက်အထိမရောက်လိုက်။ ဘွဲ့ကြိုသင်တန်းသားဘဝအထိ စာအုပ်တွေကငါန်းဇွန်အိမ်ရောင်းလိုက်သည့်အထဲ ပါသွားသည်။ နောက်ပိုင်း စာအုပ်တွေက မန္တလေးအိမ်မှာခြစား ပြီးတော့ အိမ်အပြောင်းအလဲတွေမှာ ပါသွားသည်။ ခပေါင်းဆောင် အဆောင်မှူးအိမ်မှာ ဗီရိုနှစ်လုံးလောက် ခြစားခံရဖူးသည်။ အဆောင်က ပြောင်းလာတော့ စာအုပ်ဗီရိုခြောက်လုံးစာခန့်မှာ ထားသိုစရာ အခက်အခဲဖြစ်တော့သည်။ ဒါတောင် စာကြည့်တိုက်တွေကို အမြဲလှူနေခြင်းဖြစ်၍ သာသက်သာသည်။

တော်တော်အသည်းယားသော ကိစ္စတစ်ခုရှိသည်။

စီးပွားရေးတက္ကသိုလ် စာကြည့်တိုက်မှာ ဖဆပလခေတ်လောက်ကတည်းက စာအုပ်တွေရှိသည်။ အထူးသဖြင့် မြန်မာလို ရေးထားသော ဘောဂဗေဒစာအုပ်တွေ၊ စီးပွားရေးစာအုပ်တွေ ရှိသည်။ အထွေထွေအုပ်ချုပ်ရေးပညာ စာစောင်တွေဆို လှန်၍ပင်မကြည့်ဘူး။ ရည်ညွှန်းအခန်းထဲမှာရှိသည်။

ပြဿနာက ခေတ်အဆက်ဆက်ရေးခဲ့သော စာအုပ်တွေကို နောင်လာနောက်သားတွေက လှည့်မကြည့်၊ တန်ဖိုးမထား၊ ထားရကောင်းမှန်းလည်းမသိ။

မဟာဘွဲ့တန်း၊ တိုးလို့တန်းလန်းတက်ခဲ့စဉ်က Keynes (ကိန်းစ်)၏ သဘောတရားတွေကို မိတ်ဆက်ပေးသော စာအုပ်တစ်အုပ်ကို ရည်ညွှန်းကိုးကားရသည်။ ထိုစာအုပ်ကို ဆရာမောင်စူးစမ်းက တိုင်းပြည်ဝင်ငွေ သဘောတရားဆိုပြီး ဦးတင်ရွှေအမည်ဖြင့် ဘာသာပြန်ထားသော စာအုပ်တစ်အုပ်ကို သွားတွေ့မိသည်။ ကာလအတန်ကြာသည်အထိ စာပေဗိမာန်တွင် ထိုစာအုပ်တွေ ဖုံတက်ပြီးပုံနေသည်ကို တွေ့ဖူးသည်။

ယခုအချိန်တွင် ဆရာမောင်စူးစမ်းနှင့် သူရေးသားခဲ့သော စာအုပ်စာတမ်းတွေအကြောင်း သိရှိသူ များများစားစားရှိတော့မည်မထင်။

ဈေးနှုန်းသီအိုရီကို သင်ကြားရသောအခါ မွေ့နှောက်ရင်း ဒေါက်တာဗိုလ်လေးရေးသားခဲ့သော စာတမ်းတစ်စောင်ကို တွေ့သည်။ လက်နှိပ်စက်မူဖြင့် အင်္ဂလိပ်ဘာသာဖြင့် ရေးထားသော ဆရာကြီး ဦးသက်ထွန်း၏ မြန်မာ့စီးပွားရေးစီမံကိန်း စာတမ်းတစ်စောင်ကို တွေ့ဖူးသည်။ စာသင်ခန်းထဲမှာက မြန်မာဘာသာဖြင့် သင်ရသည်။

ကိုယ်တိုင်စာဖတ်နိုင်၊ စာရေးနိုင်လာသောအခါ ဘောဂဗေဒဘာသာရပ်နှင့် ပတ်သက်၍ လိုအပ်နေသော ဓရာမကွက်လပ်ကြီးကို ဖြည့်ဆည်းရန် အကြံနှင့်လုပ်ခြင်းဖြစ်သည်။ သို့သော် ကိုယ့်ရှေ့က ဆရာ့ဆရာကြီးတွေ၏ စာတွေကို မည်သူမျှရှိမှန်းမသိ၊ ဖတ်ရမှန်းလည်းမသိ ဖြစ်နေကြသည်တွေကို တွေ့ရသည်။

ကံအားလျော်စွာ ပါမောက္ခချုပ် (ငြိမ်း) ဆရာကြီးဦးမြတ်သိန်း၏ စာအုပ်တွေကို ဘွဲ့လွန်တန်းတွင် တွေ့နေရသေးသည်။ ဆရာကြီး ဒေါက်တာမောင်မြင့်ရေးသော စာတမ်းတွေဆိုလျှင် ဖတ်ဖူးရန် အသာထား၍ နာမည်ပင် မကြားဘူးသေးသူတွေက အများကြီး။

> ကိုယ့်ရှေ့က ဆရာ့ဆရာကြီးတွေ၏ စာတွေကို မည်သူမျှရှိမှန်း မသိ၊ ဖတ်ရမှန်း လည်းမသိ ဖြစ်နေကြသည်တွေကို တွေ့ရသည်။

ဘယ်သူတွေက ဘယ်နေရာတွေသွားပြီး ဘာပညာတွေ ရှာကြပါလိမ့်။ ရှေးက တီထွင်ခဲ့ပြီးသား "ဘီး" ကို ထပ်မံတီထွင်ရန် လိုအပ်ပါသလား?

ဘွဲ့ကြိုသင်တန်းတစ်ခုတွင် ဖွံ့ဖြိုးဆဲနိုင်ငံများ အကြောင်း သင်ခဲ့ရရာ နောင်အတန်ကြာမှ ထိုသင်ခန်းစာသည် ဆရာကြီး ဒေါက်တာလှမြင့် ရေးသားပြုစုသော စာအုပ်ထဲမှ ဖြစ်နေသည်ကို တွေ့ရသည်။ ကမ္ဘာကျော် မြန်မာပညာရှင်များ ဖြစ်သော ဒေါက်တာဆွန်ဒရမ်၊ ဒေါက်တာလှမြင့်၊ ဒေါက်တာထွန်းသင်၊ ဒေါက်တာထွန်းဝေ၊ ဒေါက်တာဖင်းလေးတို့ကို ဆိုလျှင် သူတို့စာတွေကို ဖတ်ဖူးရန်အသာထား နာမည်ပင် ကြားဖူးကြမည် မထင်။

အကြောင်းအားလျော်စွာ စာဖတ်ရန် တိုက်တွန်းသော ဟောပြောမှုတွေ၊ ရေးသားမှုတွေကို မကြာခဏ တွေ့ရသည်။ သို့သော် ဘယ်နေရာတွေမှာ ဘာတွေရှိနေသည်ဟူသော သိုက်စာကို တိတိကျကျ မပြောနိုင်။

တစ်ခါတစ်ရံတွင် ခေတ်အခြေအနေအရ လိုလျှင်လိုသလို မလိုလျှင် မလိုသလို လှီးထုတ်ခံရသော ခေတ်တွေရှိခဲ့ဖူးပါသည်။

တစ်ခါတစ်ရံ မိမိကျမ်းပြုသည့်အခါ ကူးချရန် အလို့ငှါ ရှေးက ပြုစုပြီး ကျမ်းတွေကို အမည်ပင်မဖော်ပြဘဲရယူသည့် အဖြစ်မျိုးကိုလည်း ကြုံဖူးပါသည်။

မြန်မာတိုင်းမ်ဂျာနယ် စတင်ထွက်ရှိကာစက သတင်းထောက်တစ်ဦးနှင့်တွေ့ရာ မြန်မာနိုင်ငံတွင် စီးပွားရေးပညာတွေ လေ့လာသင်ယူသင့်သည်ဆို၍ ဘယ်နှစ်တွေကတည်းက ပေါ်ပေါက်ခဲ့ပြီးဖြစ်သည်ဟု ပြောရပါသည်။

နိုင်ငံခြားသားတစ်ယောက်နှင့်တွေ့ရာတွင် သူက မြန်မာမှာ အမ်ဘီအေသင်တန်းရှိသလားဟု မေးသဖြင့် အနှစ်နှစ်ဆယ်သက်တမ်း ရှိသွားပြီဟု ပြောရသည်။ ပုဂံယွန်းကျောင်းတွင် ဩစတြေးလျပါမောက္ခတစ်ယောက်နှင့်တွေ့ရာ အခြေခံအရောင်းမြှင့်တင်ရေးတွေသင်ဖို့၊ နိုင်ငံခြားက ဆရာတွေခေါ်ဖို့ မလိုပါဘူးကွာဟု ပြောပစ်ခဲ့သည်။ သူတို့လာချင်လို့ လာတာဆိုရင်တော့ မပြောလို။

အမ်ဘီအေတက်ချင်ပါသည်ဆိုသော ကျောင်းသားတွေက Facebook တွင် ဘာဖတ်ရမလဲဟုမေးရာ၊ GMAT ဖတ်ဟု ပြန်ဖြေသည်။ အပြည့်အစုံပြောပါ ဘာတွေလဲဟု ထပ်မေးကြသည်။

ပြောချင်သည်မှာ ပညာရှာလိုသူ ပညာသင်လိုသူတွေအတွက် အင်္ဂလိပ်လိုပဲဖတ်ဖတ် မြန်မာလိုပဲဖတ်ဖတ်၊ ဖတ်စရာတွေ အများကြီးရှိသည်။ ဈေးကွက်စီးပွားရေးစနစ် ကူးပြောင်းသည့် ၁၉၉၀ ဝန်းကျင်က အိုင်ယာကော့ကာဟူသော လုပ်ငန်းရှင်တစ်ယောက်အကြောင်း အမေရိကန်သံရုံးက ဘာသာပြန်ဆို ထုတ်ဝေဖူးသည်။ Kotler ၏ Marketing ကို ဆရာမောင်စူးစမ်းက အတွဲကြီးတွေခွဲ၍ ဘာသာပြန်ပေးဖူးသည်။ အဟောင်းထဲက အကောင်းတွေကို ရှာဖွေလေ့လာရယူစေချင်သည်။

ဒေသကောလိပ်ခေတ်က ဒုတိယနှစ် ကျောင်းသားအားလုံး မယူမနေရဖြစ်ခဲ့သော "လုပ်ငန်းအုပ်ချုပ်မှုပညာ" စာအုပ်တွေကို တစ်ခါတစ်လေ ဟိုနားဒီနားမှာ တွေ့နေရသေးသည်။ ထိုခေတ်က အတတ်ပညာစာအုပ်တွေကိုလည်း ကူးကြဖြန့်ကြဆဲ ဖြစ်သည်ကို တွေ့ရသည်။

ပညာရွှေအိုး လူမခိုးဆိုသော စကားကို ပညာရဖို့ ရွှေအိုးကြီးလိုသည်ဟု နောက်ပြောင်တတ်ကြသည်။ အလကားမရတာတော့ သေချာသည်။ အရင်းအနှီး စိုက်ကောင်းစိုက်ရမည်။ အရင်းအနှီး မစိုက်နိုင်လျှင် လုပ်အားတွေ၊ ကြိုးပမ်းအားထုတ်မှုတွေ စိုက်ထုတ်ရယူရမည်။ အချောင်မရနိုင်။ နေ့ချင်းညချင်း ပညာရှင်မဖြစ်နိုင်။

ရှေးပညာရှင်များထားခဲ့သော အမွေအနှစ်တွေ ပျောက်ကွယ်ရာတွင် ပညာရှင်တွေက မပေးခဲ့၍ချည်းမဟုတ်ဘဲ၊ နောင်လာနောက်သားတွေက လိုလိုလားလား လက်ခံမယူ၍များလားဟု ကျွန်တော်တွေးနေမိပါကြောင်း။

## ခတ်ဆီ/ဒီဇယ်

### ခတ်ဆီ၊ ဒီဇယ် တန်ချိန် ၄၁၄ တန်ကျော်ဝင်

ဇူလိုင် ၅ ရက်မှ ၁၁ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၇၈၄၉၅၅၇ တန်ဖိုးရှိခတ်ဆီ ၁၁၃ ဒသမ ၇၉၀ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းရန် သွင်းကုန်လိုင်စင်လျှောက်ထားခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ဒီဇယ်အဝင်မရှိဘဲ ခတ်ဆီတစ်မျိုးသာဝင်ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် ခတ်ဆီအဝင်မှာ ၁၀၇ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ခတ်ဆီ ၆ တန်ကျော်သာ အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

ပြည်တွင်းပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ဇူလိုင် ၁၃ ရက်မှ ၁၇ ရက်အတွင်း ရောင်းချနေတဲ့ ခတ်ဆီ၊ ဒီဇယ်ဈေးများက မော်လမြိုင်နဲ့ တောင်ကြီး ရန်ကုန်မှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပြင်ပမှာ လက်လီရောင်းချနေတဲ့ ဒီဇယ်၊ ခတ်ဆီပီပါ ဈေးများမှာလည်း ယခင်တစ်ပတ်ဈေးနှင့် နှိုင်းယှဉ်ကြည့်ရင် ရန်ကုန်မှာခတ်ဆီရောဒီဇယ်ပါ ဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ ဒီဇယ်၊ အဆင့်မြင့် ဒီဇယ်နဲ့ အောက်တိန်းမှာဈေးအနည်းငယ်ကျလာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ ဈေးမှာခတ်ဆီ ၈၀၀ ကျပ်၊ ဒီဇယ် ၆၉၀ ကျပ်၊အောက်တိန်း (92) ၇၂၀ ကျပ်၊ အောက်တိန်း (95) ၈၀၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၇၂၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပ လက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဇူလိုင် ၁၃ ရက် ခတ်ဆီဝယ်ဈေး ၁၄၅၀၀၀ ကျပ်၊ ရောင်းဈေး ၁၄၆၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာမှာ ၁၄ ရက်နေ့တွင်ဝယ်ဈေး ၁၄၂၀၀၀ ကျပ်၊ ရောင်းဈေး ၁၄၄၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဒီဇယ်ဈေးမှာ ဇူလိုင်လ ၁၃ ရက်မှာ ဝယ်ဈေး ၁၃၅၀၀၀ ကျပ်၊ ရောင်းဈေး ၁၃၇၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ရာ မှ ၁၄ ရက်မှစပြီး ဝယ်ဈေး၊ ရောင်းဈေး ၂၀၀၀ ကျပ်ဈေးမြင့်ပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် ခတ်ဆီဈေးရော ဒီဇယ်ဈေးပါ အနည်းငယ်မြင့်လာခဲ့တယ်လို့ သိရပါတယ်။တစ်ဂါလန် ဝယ်ဈေး၊ ရောင်းဈေးများမှာ ခတ်ဆီဈေးက တစ်ဂါလန် ၃၈၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၃၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ခတ်ဆီ၊ဒီဇယ် အရောင်းအဝယ်သမားတစ်ဦးထံမှ စုံစမ်းသိရှိခဲ့ပါတယ်။

**မန္တလေးဈေးကွက်မှာ** ခတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေတယ်။ ပုဂ္ဂလိကဆိုင်များတွင်ရောင်းချနေတဲ့ဈေးမှာ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်၊ ခတ်ဆီနဲ့ အောက်တိန်းမှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ခတ်ဆီ တစ်လီတာ ၇၇၀ ကျပ်၊အောက်တိန်း ၈၀၀ ကျပ်၊ ဒီဇယ် ၇၃၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၈၀၀ ကျပ်နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာဇူလိုင်လ ၁၃ ရက်နေ့မှာ ဒီဇယ်ဝယ်ဈေး ၁၃၉၀၀၀ ကျပ်၊ရောင်းဈေး ၁၄၂၀၀၀ ကျပ်နဲ့အရောင်းအဝယ်ဖြစ်ရာမှ ဇူလိုင် ၁၄ ရက်နေ့တွင် ဝယ်ဈေး၊ ရောင်းဈေး ၁၀၀၀ ကျပ်ဈေးမြင့်ပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ခတ်ဆီဈေးမှာ ဇူလိုင်လ ၁၃ ရက်နေ့ ဝယ်ဈေး ၁၄၆၀၀၀ ကျပ်၊ရောင်းဈေး ၁၄၉၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များတွင် တစ်ဂါလန်ဈေးမှာ ဒီဇယ် ၃၃၀၀ ကျပ်၊ ခတ်ဆီ ၃၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ ခတ်ဆီ၊ အောက်တိန်း၊ ဒီဇယ်မှာမှာဈေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ဈေးများက ခတ်ဆီ တစ်ဂါလန် ၃၇၈၀ ကျပ်၊ ဒီဇယ် တစ်ဂါလန် ၃၃၃၀ ကျပ်၊ အောက်တိန်း ၃၄၆၅ ကျပ်နဲ့ရောင်းချတယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ခတ်ဆီတစ်ဂါလန် ၃၈၀၀ ကျပ်၊ ဒီဇယ် တစ်ဂါလန် ၃၄၀၀ ကျပ်၊ အောက်တိန်း၃၅၀၀ ကျပ် နဲ့ အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ခတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဒီတစ်ပတ် စက်သုံးဆီဈေးများ ငြိမ်နေတယ်လို့ သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်ရဲ့ဈေးမှာ ခတ်ဆီ တစ်ဂါလန် ၃၂၀၀ ကျပ်၊ ဒီဇယ်၃၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရှိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ခတ်ဆီ ၃၃၀၀ ကျပ်၊ ဒီဇယ် ၃၆၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။

**MIRT-DOT**

### Energy NYMEX 17-7-2015

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 50.94 | 0.03 | 0.06 |
| Brent Crude Futr (USD/bbl) | 57.05 | 0.13 | 0.23 |
| Gasoline Rbob Fut (Cent/gal) | 189.72 | 0.05 | 0.03 |
| Natural Gas Futr (USD/MMBtu) | 2.86 | 0.00 | 0.04 |
| Heating Oil Futr (Cent/gal) | 166.77 | 0.15 | 0.09 |

## ဗဟိုဘဏ်မှ ရည်ညွှန်းငွေလဲနှုန်း မြင့်တက်လာမှုကြောင့် ငွေလဲနှုန်းများ ဆက်လက်မြင့်တက်လျက်ရှိ

ယခုတစ်ပတ်အတွင်း၌ ဗဟိုဘဏ်မှ ၎င်း၏ရည်ညွှန်းငွေလဲနှုန်းများကို ရုတ်တရက်မြင့်တင်လိုက်သည့်အတွက် ပြည်တွင်းငွေလဲနှုန်းများ ရုတ် တရက်မြင့်တက်ခဲ့သည်။ ထို့ပြင် ဗဟိုဘဏ်သည် ဇူလိုင်လ ၁၀ရက်နေ့က ၎င်း၏ရည်ညွှန်းငွေလဲနှုန်းမှာ ၁၁၂၅ ကျပ်ဖြစ်သော်လည်း ဇူလိုင် ၁၃ရက်တွင် ကျပ် ၁၂၀၀ သို့ ရုတ်ခြည်းမြှင့်တင်လိုက်သည့်အတွက် ပြည်တွင်းရှိ ငွေလဲစင်တာများတွင် ငွေလဲနှုန်းများမြင့်တက်ခဲ့သည်။

"ဗဟိုဘဏ်က အပြင်ဈေးအတိုင်း သူ့ရဲ့နှုန်းရှင်ကို လိုက်ပြီးသတ်မှတ်တာဟာ တကယ်တမ်းပြောရရင် အတင့်ရဲလွန်းတယ်လို့ ထင်တယ်။ သူက ဈေးမြင့်လေ အပြင်မှာ ဈေးလိုက်ပြီးမြင့်လေဖြစ်နေတာ။ သူ့ရဲ့ ရည်ညွှန်းငွေလဲနှုန်းကို မြှင့်တင်ပေးလိုက်တဲ့အတွက် ပုဂ္ဂလိကဘဏ်တွေရဲ့ငွေလဲစင်တာတွေမှာ ဒေါ်လာအရောင်းအဝယ်တွေ ပြန်ပြီးလုပ်လာတာကိုတွေ့ရတယ်။ ဒါပေမယ့် ဒါကလည်း တကယ်တမ်းလိုချင်တဲ့သူတွေ အတွက်ကတော့ အဆင်မပြေဘူး။ ဗဟိုဘဏ်က ဈေးမြှင့်လိုက်တယ်။ အပြင်ဈေးကွက်မှာ ဈေးကလိုက်ပြီး မြင့်တက်လာတယ်။ ဘဏ်တွေရဲ့ ငွေလဲစင်တာတွေမှာ ဒေါ်လာတွေကို လိုက်ဝယ်နေတဲ့သူတွေက တကယ်တမ်းအသုံးပြုမယ့်သူတွေမဟုတ်တဲ့အခါကျတော့ ဘဏ်တွေကလည်း ဒေါ်လာကို အကန့်အသတ်တွေနဲ့ ရောင်းလာကြတယ်။ အဲဒီအခါကျတော့ ဈေးကွက်ထဲမှာ ဒေါ်လာကို ဘဏ်တွေက အကန့်အသတ်နဲ့ ရောင်းနေတာ၊ လိုချင်သလို ဝယ်လို့မရဘူးဆိုတဲ့ အသံတွေထွက်လာတယ်။ အဲဒီလိုထွက်လာတဲ့အတွက် ဈေးကွက်ထဲမှာ ဈေးက အလိုလိုနေရင်းကို တက်နေတော့တာပေါ့။ ဒါကို ထိန်းတတ်ဖို့လိုပါတယ်"ဟု ဈေးကွက်အတွင်း ငွေလဲလုပ်ငန်းများ လုပ်ကိုင်နေသူတစ်ဦးက သုံးသပ်ပြောကြားခဲ့သည်။

ဗဟိုဘဏ်မှ ဇူလိုင်လ ၁၃ရက်နေ့ တွင် ရည်ညွှန်းငွေလဲနှုန်းအား ကျပ် ၁၂၀၀ သတ်မှတ်ခဲ့ပြီး ဇူလိုင်လ ၁၇ ရက်နေ့တွင် ကျပ် ၁၂၂၀ သို့ ပြောင်းလဲသတ်မှတ်ခဲ့သည်။

ပြင်ပဈေးကွက်တွင် ဇူလိုင် ၁၃ ရက်က ဈေးကွက်စဖွင့်ချိန်တွင် ရောင်းဈေး ၁၂၀၅ကျပ်၊ ဝယ်ဈေး ၁၁၈၉ ကျပ်ရှိခဲ့ရာမှ ဈေးကွက်ပိတ်ချိန်တွင် ရောင်းဈေး ၁၂၂၈ ကျပ်၊ ဝယ်ဈေး ၁၂၁၈ ကျပ်ရှိခဲ့သည်။ ဇူလိုင်လ ၁၄ ရက်တွင် ရောင်းဈေး ၁၂၄၀ကျပ်၊ ဝယ်ဈေး ၁၂၂၅ကျပ်ရှိခဲ့ပြီး ဇူလိုင် ၁၇ ရက်တွင် ရောင်းဈေး ၁၂၅၂ ကျပ်၊ ဝယ်ဈေး ၁၂၄၂ကျပ်သို့ ဆက်လက်မြင့်တက်ခဲ့သည်။ **မယ်သီတာ**

## မြန်မာ့ရွှေဈေး ဆက်လက်မြင့်တက်လာ

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း ကတည်းကမြင့်တက်ခဲ့သည့် မြန်မာ့ရွှေဈေးသည် ယခုတစ်ပတ်တွင်လည်း ဆက်လက်မြင့်တက်ခဲ့ကြောင်း သိရသည်။ ပြည်တွင်းရွှေဈေး မြင့်တက်နေသော်လည်း ကမ္ဘာ့ရွှေဈေးမှာမူ ဆက်လက်ကျဆင်းနေကြောင်း ရွှေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ပြည်တွင်း ရွှေဈေးကွက်မြင့်တက်လာမှုသည်ကမ္ဘာ့ရွှေဈေးကွက်နှင့် ဈေးကွက်ဝယ်လိုအားကြောင့် မဟုတ်ဘဲ ပြည်တွင်းငွေလဲနှုန်းများ ရုတ်တရက်မြင့်တက်လာမှုကြောင့် ဖြစ်ကြောင်း သိရသည်။

"ကမ္ဘာ့ရွှေဈေးက မတက်တဲ့အပြင်ဈေးက ကျနေသေးတယ်။ ကမ္ဘာ့ရွှေဈေးကျနေပေမယ့် ပြည်တွင်းရွှေဈေးမြင့်လာရတာကတော့ ပြည်တွင်းငွေလဲနှုန်း မြင့်တက်လာလို့ပါ။ ပြည်တွင်းငွေလဲနှုန်းကို ဗဟိုဘဏ်က အပြင်ဈေးနဲ့အညီ လိုက်ပြီးညှိလိုက်တဲ့အခါကျတော့ ပြည်တွင်းငွေလဲနှုန်းက ရုတ်တရက် မြင့်တက်လာတယ်။ ဗဟိုဘဏ်က သတ်မှတ်ထားတဲ့ဈေးက ပြီးခဲ့တဲ့ ရက်သတ္တပတ်တုန်းက ၁၁၂၅ ကျပ်ပဲ ရှိတယ်။

အပြင်ဈေးနဲ့ ညှိမယ်ဆိုပြီး ညှိလိုက်တဲ့အခါမှာ တစ်ဒေါ်လာကို ကျပ် ၁၂၀၀ဆိုပြီးမြှင့်လိုက်တယ်။ဇူလိုင် ၁၆ရက်ကဆို ၁၂၁၆ ကျပ်ဖြစ်သွားတယ်။ အဲဒီလို ပြည်တွင်းငွေလဲနှုန်း မြင့်တက်လာတော့ ပြည်တွင်းရွှေဈေးကလည်း လိုက်ပြီးမြင့်တက်လာရတာပါ"ဟု ရွှေကုန်သည်တစ်ဦးကဆိုသည်။

မြန်မာ့ရွှေဈေးသည် ဇူလိုင်လ ၁၃ ရက်က ကျပ် ၇၄၅၀၀၀ ရှိခဲ့ပြီး ဇူလိုင် ၁၄ရက် ညနေပိုင်းတွင် ကျပ် ၇၅၉၀၀၀ သို့ မြင့်တက်ခဲ့သည်။ ဇူလိုင် ၁၆ ရက်တွင် ကမ္ဘာ့ရွှေဈေးသည် တစ်အောင်စလျှင် ၁၀ဒေါ်လာနီးပါးကျဆင်းခဲ့သဖြင့် မြန်မာ့ရွှေဈေး အနည်းငယ်ကျဆင်းခဲ့သည်။ ဇူလိုင် ၁၇ ရက်တွင် ကျပ် ၇၅၁၅၀၀ ရှိခဲ့သည်။

ကမ္ဘာ့ရွှေဈေးသည် ဇူလိုင်လ ၁၃ ရက်တွင်၁၁၅၅ ဒေါ်လာရှိခဲ့ပြီး ဇူလိုင် ၁၆ရက်တွင် ၁၁၄၈ ဒေါ်လာသို့ ကျဆင်းခဲ့ကာ ဇူလိုင် ၁၇ရက်တွင် ၁၁၄၄ ဒေါ်လာသို့ ဆက်လက်ကျဆင်းခဲ့သည်။

**မယ်သီတာ**

### Currency Exchange Rate

July 17, 2015

Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.34 |
| BDT | Bangladesh Taka | 77.76 |
| CAD | Canada Dollars | 1.30 |
| CNY | China Yuan Renminbi | 6.21 |
| EUR | Euro | 0.92 |
| HKD | Hong Kong Dollars | 7.75 |
| INR | India Rupees | 63.49 |
| IDR | Indonesia Rupiahs | 13343.22 |
| JPY | Japan Yen | 123.98 |
| MYR | Malaysia | 3.80 |
| PKR | Pakistan Rupees | 101.80 |
| PHP | Philippines Pesos | 45.25 |
| RUB | Russia Rubles | 56.86 |
| SGD | Singapore Dollars | 1.37 |
| KRW | South Korea Won | 1146.87 |
| LKR | Sri Lanka Rupe | 133.78 |
| THB | Thailand Baht | 34.16 |
| GBP | United Kingdom Pounds | 0.64 |
| VND | Vietnam Dong | 21753.33 |

*Source : xe.com*

### World Gold Price

July, 2015 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 13 | 1154 | 1154 | 1154 |
| 14 | 1152 | 1152 | 1152 |
| 15 | 1153 | 1152 | 1153 |
| 16 | 1145 | 1147 | 1147 |
| 17 | 1142 | 1142 | 1142 |

### Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 13-7- 2015 | 750.00 | 748.90 |
| 14-7- 2015 | 763.00 | 759.00 |
| 15-7- 2015 | 756.00 | 754.10 |
| 16-7- 2015 | 753.50 | 751.00 |
| 17-7- 2015 | 753.00 | 753.30 |

### နယ်စပ်ငွေလဲလှယ်နှုန်း

ဇူလိုင် ၂၀၁၅ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 13 | 6 .21 | 33.99 | 77.97 | 63.47 |
| 14 | 6. 21 | 34.04 | 78.27 | 63.53 |
| 15 | 6 .21 | 34.06 | 77.86 | 63.39 |
| 16 | 6 .21 | 34.20 | 78.29 | 63.49 |
| 17 | 6.21 | 34.16 | 77.76 | 63.49 |

### World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 13-July | 15.43 | 2043.78 | 1690.08 | 5656.00 | 1031.00 |
| 14-July | 15.36 | 2067.30 | 1680.67 | 5640.32 | 1028.00 |
| 15-July | 15.31 | 2083.65 | 1679.10 | 5638.98 | 1028.00 |
| 16-July | 15.07 | 2105.82 | 1696.35 | 5659.36 | 1016.00 |
| 17-July | 14.98 | 2097.09 | 1691.20 | 5634.05 | 1006.00 |

Source:kitco.com

## ဘိလပ်မြေ



### ဒီတစ်ပတ်ဘိလပ်မြေ တန်ချိန် ၂၈၇၀၀ ကျော်သာဝင်

သီတင်းတစ်ပတ်ဖြစ်တဲ့ ဇူလိုင်လ ၅ရက်မှ ဇူလိုင်လ ၁၁ ရက်အတွင်းပြည်တွင်းကိုကန်ဒေါ်လာ ၂၃၈၈၈၀၀ တန်ဖိုးရှိ ဘိလပ်မြေ ၂၈၇၇၂ ဒသမ ၀၁၀ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ မှာယူတင်သွင်းခဲ့ပါတယ်။ဒီတစ်ပတ်မှာ ထိုင်းနိုင်ငံ တစ်ခုတည်းကသာ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ဆင်တံဆိပ်များသာ ဝင်လာခဲ့ပြီး ဘိလပ်မြေအဝင်မှာ တန်ချိန် ၅၈၀၀၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၂၉၃၀၀ကျော် အဝင်လျော့ ခဲ့တယ်လို့ သိရပါတယ်။

### ဘိလပ်မြေ ဈေးငြိမ်ပြီး အရောင်းအဝယ်ပုံမှန်ရှိ

ဇူလိုင် ၅ ရက်မှ ၁၁ ရက် သီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်းမှ ဘိလပ်မြေအဝင်မှာ ၂၈၇၇၂ တန်ကျော်ရှိခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် ဘိလပ်မြေအဝင်မှာ ၅၈၁၂၀ တန်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ဘိလပ်မြေတန် ၂၉၃၀၀ ကျော်အဝင်လျော့ခဲ့တယ်လို့သိရပါတယ်။ နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ ၁၃၁၄၂ တန်ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ ၁၃၉၅၅ တန်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၈၁၃ တန် ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ဒါကြောင့် ဒီတစ်ပတ်မှာရေလမ်းမှရောနယ်စပ် လမ်းမှပါ အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဘိလပ်မြေဈေးကွက်မှာ** ဒီတစ်ပတ် အရောင်းအဝယ်အေးတယ်လို့ သိရပါတယ်။ မိုးရာသီရောက်လာတာကြောင့် မိုးများတဲ့နေ့တွေမှာ အရောင်းအဝယ် ထိုင်းတယ်။မိုးပါးတဲ့ နေ့တွေ ဆိုရင်တော့ နည်းနည်းရောင်းရတယ်။ မိုးတွင်းကာလ အရောင်းထိုင်းတာ လုံးဝမရောင်းရတဲ့နေ့လို့တော့ မရှိသေးဘူးလို့ အရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ပါတယ်။ ဒီတစ်ပတ်မှာတော့ ဘိလပ်မြေဈေး ငြိမ်နေသေးတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်တဲ့ ဈေးက ဆင်(ထိုင်း) ၅၃၅၀ ကျပ်၊ ကြံ့(မြိုင်ကလေး) ၅၁၀၀ကျပ်၊ စိန် ၅၂၅၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ဘိလပ်မြေက အရောင်းအဝယ်ပုံမှန်ရှိပေမယ့် ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အေသုံးလုံး ၅၈၀၀ ကျပ်၊ မြန်မာ ဆင် ၅၀၀၀ ကျပ်၊ ဆင်မင်း (ကျောက်ဆည်) ၅၀၀၀ ကျပ်၊ ကျားခေါင်း ၄၉၀၀ကျပ်၊ မြင်းခေါင်း ၅၀၀၀ ကျပ်၊ ဆင်(ထိုင်း) ၇၃၀၀ ကျပ်၊ စိန် (ထိုင်း) ၇၃၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘိလပ်မြေအရောင်းဆိုင်မှ စုံစမ်းသိရှိခဲ့ပါတယ်။

**မကွေးဈေးကွက်မှာ** ဘိလပ်မြေက အရောင်းပုံမှန်ရှိပေမယ့် ဒီတစ်ပတ်မှာ အပါချီကဈေးနည်းနည်းကျပြီး ဆင်(ထိုင်း)နဲ့ ကြံ့က ဈေးနည်းနည်းမြင့်ခဲ့တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ ဆင်(ထိုင်း) ၆၈၀၀ ကျပ်၊ အပါချီ ၅၈၀၀ ကျပ်၊ ကြံ့ ၅၆၀၀ ကျပ်၊ ဆင် (မြန်မာ) ၅၉၀၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**သီတာဝင်း (DOT) စုစည်းသည်**

## ဓာတ်မြေသြဇာ

### ဒီတစ်ပတ်မြေသြဇာတန်ချိန် လေးထောင်ကျော်ဝင်

ပြည်တွင်းကို ကန်ဒေါ်လာ ၁၁၄၇၉၈၈ ကျော်တန်ဖိုးရှိ မြေသြဇာ ၄၀၃၀ ဒသမ ၆၀ တန်ကို ဇူလိုင် ၅ ရက်မှ ၁၁ ရက်အတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ တရုတ်နိုင်ငံမှ ၉၈၈ တန်ချိန်၊ ဂျာမနီနိုင်ငံမှ ၉၉၃ တန်၊ ဂျပန်နိုင်ငံမှ ၁၉ တန်၊ ကိုရီးယားနိုင်ငံမှ၅ တန်၊ စင်ကာပူမှ တန်ချိန် ၆၀၀၊ဗီယက်နမ်မှ တန်ချိန် ၂၁၀ နဲ့ ထိုင်းနိုင်ငံမှ ၁၂၁၅ ဒသမ ၆ တန် တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ကွန်ပေါင်း၊ အမိုးနီးယမ်းဆာလဖိတ်၊ ဩဂဲနစ် စတဲ့ မြေဆီများ ဝင်လာခဲ့ပါတယ်။ ယခင်သီတင်းပတ် မြေသြဇာ အဝင်မှာ တန်ချိန် နှစ်ထောင့်ငါးရာကျော် ဝင်လာခဲ့ကြောင့် ဒီတစ်ပတ်မှာ ၁၄၅၀ ကျော် အဝင်ပိုခဲ့ပါတယ်။

### မြေသြဇာဈေး ဈေးမြင့်လာ

ဇူလိုင် ၅ ရက်မှ ၁၁ ရက်အတွင်း ပြည်တွင်းကို ရေလမ်းမှ မြေသြဇာ ၄၀၃၀ တန်ကျော် အဝင်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၂၅၇၆ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၂၅၀၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ် မြေသြဇာအဝင်မှာ ၁၂၁၇၅ တန် ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ ၁၉၁၀၀ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၆၉၂၅ တန်ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှအဝင်ပိုခဲ့ပြီး နယ်စပ်လမ်းမှ အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မန္တလေး မော်လမြိုင်နဲ့ တောင်ကြီးမှာ ဈေးမြင့်ပြီး ရန်ကုန်ဈေးကွက်မှာ ဈေးအနည်းငယ်ကျကာ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဒီတစ်ပတ် မြေသြဇာအဝယ်လိုက်တယ်လို့ သိရပါတယ်။ မိုးသီးနှံအတွက် သုံးရန်ဝယ်ယူနေကြတာကြောင့် အဝယ်လိုက်လာပေမယ့် မြေသြဇာဈေးက ငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ ပုလဲအသေး ၄၆% (ရွှေတုံး၊ ရေပျား၊ ရွှေတောင်) (တရုတ်) ၂၃၀၀၀ ကျပ်၊ ကွန်ပေါင်း(အစိမ်း)၁၅ပတ်လည်(ထိုင်း) ၃၅၈၀၀ ကျပ်၊ ကွန်ပေါင်း(ပန်းရောင်) ၁၅ ပတ်လည်(ထိုင်း) ၃၀၃၀၀ ကျပ်၊ တီစူပါ ၄၆% (သံကွင်း-တရုတ်) ၂၁၀၀၀ ကျပ်၊ တီစူပါ ၁၆%(မြားကမ္ဘာ-တရုတ်) ၁၁၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းရရှိခဲ့ပါတယ်။

**မန္တလေးဈေးကွက်မှာ**မြေသြဇာကအရောင်းအဝယ် နည်းနည်းသွက်လာလို့ ဈေးမြင့်တက်ရခြင်း မဟုတ်ဘဲ ငွေဈေးတက်တာကြောင့် ဈေးနည်းနည်းမြင့်တာဖြစ်တယ်လို့ သိရပါတယ်။ ယူရီးယားက ၁၂၀၀-၁၅၀၀ ကျပ်၊ တီစူပါ ၄၆% ၁၂၀၀ ကျပ်၊ တီစူပါ ၁၆% ၈၀၀ ကျပ်နဲ့ ကွန်ပေါင်း ၇၀၀ကျပ် ဈေးမြင့်ခဲ့ပြီး တီစူပါ ၁၂% က ပစ္စည်းပြတ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်တဲ့ဈေးမှာ ယူရီးယား (ပန်းဖူး-တရုတ်)၂၃၂၀၀ကျပ်၊ ယူရီးယား(ရွှေတောင်-တရုတ်) ၂၂၉၀၀ ကျပ်၊ တီစူပါ(**GTSP** ၄၆%-တရုတ်) ၂၀၈၀၀ ကျပ်၊တီစူပါ(**GSSP** ၁၆%-တရုတ်) ၁၀၇၀၀ ကျပ်၊ ကွန်ပေါင်း ၁၀း၁၀း၅ ၁၄၂၀၀ ကျပ်ဈေးရှိတယ်လို့ အရောင်းဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** မြေသြဇာက အရောင်းသွက်ပေမယ့် ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား-ပုလဲ (ကမ္ဘာလုံး-တရုတ်) ၂၂၅၀၀ကျပ်၊ ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်) ၂၂၅၀၀ ကျပ်၊ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်)၂၃၂၀၀ကျပ်၊တီစူပါ ၁၂% (တရုတ်) ၁၀၈၀၀ ကျပ်၊တီစူပါ ၁၆% (တရုတ်) ၁၁၃၀၀ ကျပ်၊တီစူပါ ၁၅ပတ်လည် (တရုတ်) ၃၇၃၀၀ ကျပ်၊ တီစူပါ ၁၀း၁၀း၅ (တရုတ်)၁၅၃၀၀ကျပ်၊ ဓါတ်ဆား (တရုတ်)၁၅၀၀၀ ကျပ်၊ ပိုတက်(တရုတ်) ၂၄၀၀၀ ကျပ်၊ ယူရီးယား (ယူအေအီး) ၂၁၀၀၀ ကျပ်၊ မြား ကမ္ဘာ ၁၅၁၀၀ ကျပ်ဈေးနဲ့ အရောင်း အဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မကွေးဈေးကွက်မှာ** ဒီတစ်ပတ်မှာ မြေသြဇာက အရောင်းအဝယ် အေးပေမယ့် ငွေဈေးတက်တာကြောင့် ဈေးနည်းနည်းတက်လာခဲ့တယ်လို့ သိရပါတယ်။ မြားကမ္ဘာက ၁၀၀၀ ကျပ်၊ အာမို ၁၀း၁၀း၅က ၁၃၀၀ ကျပ်၊ အာမို ၁၅ ပတ်လည်နဲ့ ၁၆း၁၆း၈ က ၁၂၀၀ ကျပ်၊ ယူရီးယားက ၁၇၀၀ ကျပ်၊ တောင်သူမက ၁၀၀၀ ကျပ် ဈေးမြင့်ခဲ့ တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြား ကမ္ဘာ-တရုတ်(၁၂း၁၃)(အပြာ) ၁၅၇၀၀ ကျပ်၊ ဆင် ၁၀း၁၀း၅ ၁၃၅၀၀ ကျပ်၊ အာမို ၁၀း၁၀း၅ ၁၆၅၀၀ ကျပ်၊ အာမို ၁၅ ပတ်လည် ၃၇၀၀၀ ကျပ်၊ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ၂၄၂၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ၂၃၆၀၀ကျပ်၊ ယူရီးယား(ဗွီ-စူပါ) ၃၈၅၀၀ ကျပ်၊ တီစူပါ ၂၀၅၀၀ ကျပ်၊ တောင်သူမ ၁၄၈၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါတယ်။

## နို့ဆီ/နို့မှုန့်

### နို့ဆီတန်ချိန်ငါးရာကျော်နဲ့ နို့မှုန့်တန်ချိန်တစ်ရာကျော်ဝင်

ကန်ဒေါ်လာ ၆၉၈၀၅၉ တန်ဖိုးရှိ နို့ဆီ ၅၂၁ ဒသမ ၆၄ တန်ကို ဇူလိုင်လ ၅ ရက်မှ ဇူလိုင်လ ၁၁ ရက် သီတင်းပတ်အတွင်းမှာ ပြည်တွင်းကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ **Dawn** နို့ဆီ တစ်မျိုးထဲသာ ဝင်လာခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်နို့ဆီအဝင်မှာ တန်ချိန် ၂၀ ကျော်သာရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန်၅၀၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

နို့မှုန့်က ဒီတစ်ပတ်မှာ စင်ကာပူမှ ၁၃ ဒသမ ၉၃၇ တန်နဲ့ မလေးရှားမှ ၁၀၁ ဒသမ ၅၉၃ တန် ဝင်လာခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က ၇ တန်ကျော်သာ ဝင်လာခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၁၀၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် နို့ဆီရော နို့မှုန့်ပါ အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

**MIRT (DOT)**

### နယ်စပ်ကုန်သွယ်ရေးစခန်းအလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၄/၇ မှ ၁၀/၇ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၂၇/၆ မှ ၃/၇ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၂၀၅၇.၅၀ | ၁၃၃၃.၅၀ | (+) | ၇၂၄.၀၀ |
| ၂။ | လွယ်ဂျယ် | ၄၁၈.၀၀ | ၃၇၄.၀၀ | (+) | ၄၄.၀၀ |
| ၃။ | ချင်းရွှေဟော် | ၁၀၁.၇၅ | ၃၆၆.၀၀ | (-) | ၂၆၄.၂၅ |
| ၄။ | ကန်ပိုက်တီး | ၁၈၆၅.၅၀ | ၂၈၉၆.၀၀ | (-) | ၁၀၃၀.၅၀ |
| ၅။ | တာချီလိတ် | ၃၅၀၀.၀၀ | ၇၀၀၀.၀၀ | (-) | ၃၅၀၀.၀၀ |
| ၆။ | မြဝတီ | ၃၀.၀၀ | ၁၃၁.၄၀ | (-) | ၁၀၁.၄၀ |
| ၇။ | ကော့သောင်း | ၃၁၂၀.၀၀ | ၁၈၅၅.၀၀ | (+) | ၁၂၆၅.၀၀ |
| ၈။ | မြိတ် | ၂၀၅၀.၀၀ | - | (+) | ၂၀၅၀.၀၀ |
| ၉။ | မောင်တော | - | - | | - |
| | စုစုပေါင်း | ၁၃၁၄၂.၇၅ | ၁၃၉၅၅.၉၀ | (-) | ၈၁၃.၁၅ |

မြင့်မြင့်မာ MIRT (DCCA)

### နယ်စပ်ကုန်သွယ်ရေးစခန်းအလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၄/၇ မှ ၁၀/၇ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၂၇/၆ မှ ၃/၇ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၁၆၁၃.၅၀၀ | ၁၆၅၀၆.၅၀၈ | (-) | ၄၈၉၃.၀၀၈ |
| ၂။ | လွယ်ဂျယ် | ၆၀.၀၀၀ | ၆၁.၀၀၀ | (-) | ၁.၀၀၀ |
| ၃။ | ချင်းရွှေဟော် | ၅၂.၀၀၀ | ၂၂၄၅.၂၅၀ | (-) | ၂၁၉၃.၂၅၀ |
| ၄။ | တာချီလိတ် | - | - | | - |
| ၅။ | မြဝတီ | | ၂၈၉.၅၀၀ | (-) | ၂၈၉.၅၀၀ |
| ၆။ | ကော့သောင်း | - | - | | - |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိဒ် | ၄၅၀.၀၀ | - | (+) | ၄၅၀.၀၀၀ |
| | စုစုပေါင်း | ၁၂၁၇၅.၅၀၀ | ၁၉၁၀၂.၂၅၈ | (-) | ၆၉၂၆.၇၅၈ |

တင်တင်ထွန်း MIRT (DCCA)

## နှမ်း

# နှမ်းတင်ပို့မှု သိသိသာသာလျော့ကျ

ဇူလိုင်လ ၄ ရက်မှ ၁၀ ရက်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၀၉၅ သန်းဖိုးရှိ နှမ်းဖြူ(အခွံချွတ်)၅၄ တန်နဲ့ ကန်ဒေါ်လာ သုည ဒသမ ၀၆၇ သန်းဖိုးရှိ နှမ်းညို ၄၇ တန်ခွဲတင်ပို့ခဲ့ပါတယ်။ ယခင်ရက်သတ္တပတ်က မူဆယ်မှ နှမ်းတင်ပို့မှုမရှိခဲ့ပါဘူး။

ယခုတစ်ပတ် ချင်းရွှေဟော်မှ ကန်ဒေါ်လာ သုည ဒသမ ၃၂၄ သန်းတန်ဖိုးရှိ နှမ်းဖြူ ၇၂ တန်နဲ့ နှမ်းနက် ၁၄၄ တန်သာ တင်ပို့ခဲ့ပါတယ်။ ချင်းရွှေဟော်မှ နှမ်းရောင်စုံတန်ချိန် ၄၂၀၄ တန် ကျော်ထိ ယခင်တစ်ပတ် တင်ပို့နိုင်ခဲ့လို့ ယခုတစ်ပတ်နှမ်းတင်ပို့မှုဟာ သိသိသာသာ လျော့ကျသွားတာတွေ့ရပါတယ်။ နှမ်းတင်ပို့မှုလျော့ကျသလို မူဆယ်ကုန်စည်ဒိုင်မှာလည်း ယခင်တစ်ပတ်က နှမ်းဖြူတစ်တန်ကို ၁၇၉၈၃၉၆ ကျပ်ရှိရာမှ ၁၇၂၄၇၅၉ ကျပ်သို့ လည်းကောင်း၊ နှမ်းနက် တစ်တန်ကို ၂၀၈၁၄၁၅ ကျပ်မှ ၂၀၁၃၇၇၆ ကျပ်သို့လည်းကောင်း ဈေးများ ပြန်လည်ကျဆင်းသွားခဲ့တယ်လို့ မူဆယ်ကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။

**မော်မော်အောင်**

# မုံရွာနှမ်းဈေးကွက်တွင် ဒေသတွင်းဆီစက်များသာ ဝယ်ယူမှုရှိနေ

ယခုထွက်ပေါ်နေတဲ့ နှွေ(နှမ်း)များကို ဒေသတွင်းဆီစက်များကသာ ဝယ်ယူမှုရှိနေပြီး၊ ပုံမှန်ဈေးအတိုင်းသာ ရှိနေကြောင်း မုံရွာကုန်စည်ဒိုင်သတင်းရပ်ကွက်က သိရပါတယ်။

နှမ်းညိုတစ်တင်း နိမ့် ၂၆၅၀၀ ကျပ်၊ မြင့် ၂၈၅၀၀ ကျပ်၊ နှမ်းဖြူ တစ်တင်း နိမ့် ၃၂၀၀၀ ကျပ်၊ မြင့် ၃၅၀၀၀ ကျပ်သာ အပြောင်းအလဲရှိကြောင်း သိရပြီး တစ်ရက်ကို ပုံမှန်အိတ် ၃၀၀ ခန့် အရောင်းအဝယ်ဖြစ်နေတယ်လို့ ဆိုပါတယ်။

နှမ်းဈေးကွက်မှာ ထူးထူးခြားခြားဈေးကောင်းရတာကတော့ နှမ်းနက်ဖြစ်ပြီး နှမ်းနက်သန့်သန့် တစ်တင်း ၅၅၀၀၀ ကျပ်မှ ၆၀၀၀၀ ကျပ်ဈေးရှိပြီး ဂျပန်နဲ့ ကိုရီးယားနိုင်ငံတို့က ဝယ်ယူတယ်လို့ ကုန်သည်များထံမှ သိရပါတယ်။

**အောင်မင်း-တန့်ဆည်**

## စားအုန်းဆီ

# ဝယ်လိုအားနေးကွေးမှုနဲ့ ရောင်းလိုအားမြင့်တက်မှုတို့ကြောင့် စားအုန်းဆီဈေးကျဆင်း

ဈေးကွက်အတွင်း စားအုန်းဆီဝယ်လိုအား နှေးကွေးကျဆင်းလာပြီး ရောင်းလိုအား မြင့်တက်လာမှုတို့ကြောင့် ဇူလိုင်လ ၁၅ ရက်က ကွာလာလမ်ပူဈေးကွက်မှာ စားအုန်းဆီဈေးဟာ ပြီးခဲ့တဲ့ ရက်သတ္တပတ်အတွင်းက အမြင့်ဆုံးဈေးအဖြစ်ရှိနေရာမှ ပြန်လည်ကျဆင်းခဲ့တာကို တွေ့ရကြောင်း ဘီရီကော်ဒါသတင်းမှာ ဖော်ပြထားပါတယ်။

ဘာဆာ မလေးရှားကုန်စည်ဒိုင် (Bursa Malaysia Derivatives Exchange) မှာ စက်တင်ဘာလအတွက် ကြိုတင်ရောင်းချတဲ့ စားအုန်းဆီစာချုပ်ဈေးက သုညဒသမ ၂ ရာခိုင်နှုန်း သို့မဟုတ် ၄ ရင်းဂစ်ကျဆင်းပြီး တစ်တန်ကို ၂၁၉၇ ရင်းဂစ် (၅၇၇ ဒေါ်လာ) နှုန်းကို ရောက်ရှိခဲ့ပါတယ်။

"ဇူလိုင်လ ၁၅ ရက်နေ့က စားအုန်းဆီ အဝယ်ပြန်လိုက်လာပေမယ့် ထုတ်လုပ်မှုမြင့်တက်လာတော့မယ်လို့ ခန့်မှန်းနေတဲ့အချိန်မှာ ဝယ်လိုအား ကျဆင်းလာတဲ့အတွက် ဈေးကွက်အတွင်း စိုးရိမ်မှုတွေရှိနေပါတယ်"လို့ ကွာလာလမ်ပူ အခြေစိုက်ကုန်သည်တစ်ဦးက ပြောပါတယ်။

ဇူလိုင်လ ၁ ရက်မှ ၁၅ ရက်နေ့အထိ မလေးရှားစားအုန်းဆီတင်ပို့မှုမှာ ၁၅ ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းပြီး တန်ချိန် ၆၆၄၆၄၁ တန်အထိ ကျဆင်းခဲ့ပါတယ်။ ဇွန်လ ၁ ရက်မှ ၁၅ ရက်ထိ ရောင်းချခဲ့ရတဲ့ ပမာဏဖြစ်တဲ့ ၇၈၂၈၅၄တန်နဲ့ နှိုင်းယှဉ်ရင် များစွာကျဆင်းမှုရှိကြောင်း၊ ကုန်စည်စစ်တမ်းကောက်ယူရေးအေဂျင်စီ Societe Generale de Surveillance က ဇူလိုင်လ ၁၅ ရက်နေ့ကပြောပါတယ်။

အခြားကုန်စည် စစ်တမ်းကောက်ယူရေး အေဂျင်စီတစ်ခုဖြစ်တဲ့ Intertek Testing Services မှ ထုတ်ပြန်ခဲ့တဲ့ စာရင်းအရ အဆိုပါကာလအတွင်း ပြည်ပတင်ပို့မှုမှာ လွန်ခဲ့တဲ့လအတွင်းက ရှိခဲ့တဲ့တန်ချိန် ၇၈၀၃၈၇ နဲ့ နှိုင်းယှဉ်ရင် ၁၄ ဒသမ ၆ ရာခိုင်နှုန်း ကျဆင်းပြီး ၆၆၆၁၃၂ တန်အထိ ရောက်ရှိခဲ့တယ်လို့ သိရပါတယ်။

ဆီအုန်းပင်တွေကနေ စားအုန်းဆီထုတ်လုပ်မှုဟာ အမြင့်မားဆုံးကာလကို ဝင်ရောက်လာပြီဖြစ်တဲ့အတွက် စားအုန်းဆီ ရောင်းလိုအားများလာတော့မယ်လို့ ခန့်မှန်းထားကြပါတယ်။ စားအုန်းဆီရောင်းချရတဲ့ပမာဏက ၂၅ တန်ရှိအတွဲ ၂၉၃၉၉ တွဲရှိတဲ့အတွက် ပျမ်းမျှရောင်းချရတဲ့နှုန်းဖြစ်တဲ့ အတွဲ ၃၅၀၀၀ အောက် များစွာကျဆင်းနေပါတယ်။ ပွဲတော်အကြိုကာလဖြစ်တဲ့အတွက် ယခုတစ်ပတ်မှာ စားအုန်းဆီဈေးကျဆင်းမယ့်အခြေအနေ ရှိပါတယ်။

ရက်ပေါင်းများစွာ စားအုန်းဆီတင်ပို့မှု ကျဆင်းခဲ့ပြီးနောက်ပိုင်း အင်ဒိုနီးရှားနိုင်ငံအနေနဲ့ စားအုန်းဆီ တင်ပို့မှုကို အခွန်ကောက်ခံဖို့ ဆောင်ရွက်နေတဲ့ ကာလအတွင်းမှာပင် စားအုန်းဆီဈေး ကျဆင်းနေတာဖြစ်ပါတယ်။

"ဒီသတင်းက မလေးရှားစားအုန်းဆီဈေးကို ပြန်လည်မြင့်တက်လာစေနိုင်တဲ့ သတင်းဖြစ်ပါတယ်။ ဒါပေမယ့် ဈေးကွက်ကတော့ ဘာမှ တုံ့ပြန်မှုမရှိခဲ့ပါဘူး။ ဆုံးဖြတ်ချက်ချတာ နှေးကွေးနေတဲ့အတွက် အင်ဒိုနီးရှားနိုင်ငံရဲ့ လှုပ်ရှားမှုကို ကုန်သည်တွေက သံသယရှိနေပါတယ်။ ဒါကြောင့် သူတို့က အကဲခတ်စောင့်ကြည့်နေပုံရပါတယ်" လို့ ကုန်သည်တစ်ဦးကပြောပါတယ်။

အင်ဒိုနီးရှားနိုင်ငံဟာ ဇူလိုင်လ ၁၆ ရက်နေ့မှစတင်ကာ စားအုန်းဆီတင်ပို့ခွန်ကို ကောက်ခံတော့မှာ ဖြစ်ပါတယ်။ ဒီလိုကောက်ခံမယ်ဆိုရင် ဒီနှစ်အတွက် နိုင်ငံတော်ဘဏ္ဍာထဲကို ရူပြား ၄ ဒသမ ၅ ထရီလီယံ (အမေရိကန်ဒေါ်လာ သန်း ၃၄၀) ဝင်ရောက်လာလိမ့်မယ်လို့ အစိုးရအရာရှိတွေကပြောပါတယ်။ အင်ဒိုနီးရှားအစိုးရက အသစ်ပြဋ္ဌာန်းလိုက်တဲ့ဥပဒေအရ ပို့ကုန်လုပ်ငန်းရှင်တွေအနေနဲ့ စားအုန်းဆီကြမ်းတစ်တန်တင်ပို့ပါက အမေရိကန်ဒေါ်လာ ၅၀ ပေးဆောင်ရမှာဖြစ်ပြီး ပြုပြင်ပြီး စားအုန်းဆီတစ်တန်တင်ပို့ပါက အမေရိကန်ဒေါ်လာ ၃၀ ပေးဆောင်ရမှာဖြစ်ပါတယ်။

ပဲပုပ်ဆီဈေးကွက်မှာတော့ အမေရိကန်ပြည်ထောင်စု ပဲပုပ်ဆီဈေးကွက်မှာ ဩဂုတ်လအတွက် ကြိုရောင်း စာချုပ်ဈေးက သုညဒသမ ၅ ရာခိုင်နှုန်းကျဆင်းပြီး၊ တရုတ်နိုင်ငံ ဒါလီယံဈေးကွက် (Dalian Commodity Exchange) မှာ ပဲပုပ်ဆီဈေးက သုညဒသမ ၃ရာခိုင်နှုန်းကျဆင်းခဲ့ပါတယ်။

**ညဏ်တင်**



## ပြည်တွင်းဆီဈေးနှုန်းများ (၁၇-၇-၂၀၁၅) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၅၀၀ | ၄၅၀၀ | □ | ၄၂၀၀ | ၄၂၀၀ | □ | ၁၇၀၀ | ၁၇၀၀ | □ |
| ရန်ကုန် | ၆၀၀၀ | ၅၇၀၀ | ▽ | ၅၅၀၀ | ၄၈၀၀ | ▽ | ၁၄၃၅ | ၁၄၇၀ | △ |
| မန္တလေး | ၄၅၀၀ | ၅၀၀၀ | △ | ၃၅၀၀ | ၃၅၀၀ | □ | ၁၅၃၀ | ၁၅၁၀ | ▽ |
| ပဲခူး | ၃၁၀၀ | ၃၁၀၀ | □ | ၄၉၀၀ | ၅၁၀၀ | △ | ၁၅၀၀ | ၁၅၂၀ | △ |
| မကွေး | ၄၈၀၀ | ၅၀၀၀ | △ | ၃၇၀၀ | ၃၇၀၀ | □ | ၁၆၀၀ | ၁၆၀၀ | □ |
| မုံရွာ | ၅၃၀၀ | ၅၆၀၀ | △ | ၃၆၀၀ | ၃၇၀၀ | △ | ၁၅၈၀ | ၁၆၀၀ | △ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၁၀၀ | ၂၀၀၀ | ▽ |

*Source: mirt*

## စားအုန်းဆီဈေးနှုန်းများ (၁၃-၇-၂၀၁၅ မှ ၁၇-၇-၂၀၁၅ နေ့ထိ)

ရေတွက်ပုံ - ဒေါ်လာ

| စဉ် | နေ့စွဲ | CIF (ရန်ကုန်) |
|---|---|---|
| (၁) | ၁၃-၇-၂၀၁၅ | ၆၇၀ |
| (၂) | ၁၄-၇-၂၀၁၅ | ၆၇၅ |
| (၃) | ၁၅-၇-၂၀၁၅ | ၆၇၀ |
| (၄) | ၁၆-၇-၂၀၁၅ | ၆၆၅ |
| (၅) | ၁၇-၇-၂၀၁၅ | ၆၆၅ |

Source: ဆီကုန်သည်များအသင်း

## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၁၇-၇-၂၀၁၅ US$/Ton

| အမျိုးအစား | ဇူလိုင်လဒုတိယပတ် | ဇူလိုင်လတတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၆၁၉.၀၀ | ၅၉၆.၀၀ | ▽ |
| RBD P.Olein | ၆၂၆.၀၀ | ၆၀၈.၀၀ | ▽ |
| RBD P.Strarin | ၅၅၈.၅၀ | ၅၂၃.၅၀ | ▽ |

*Source: econ.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၁၇- ၇ -၂၀၁၅ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၃၂၅.၆၅ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၃၁ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၆.၆၃ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၇.၃၅ |
| ဆီကန်သို လှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%) 612 | ၇၆.၅၅ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အခွန်လျာထား | (CIF x 35/-)/ 612 | ၃၈.၀၃ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၅.၉၈ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၄၆၉.၃၁ |

မှတ်ချက်။

၁။ အထက်ပါတွက်ချက်မှုမှာ ၁၇- -၂၀၁၅ နေ့ CIF ဈေး Cloud Point 8 ˚C Max ၆၆၅ ဒေါ်လာ၊ FOB ၆၄၀ ဒေါ်လာနှင့် USD ဈေး ၁၂၂၀ ကျပ်) ဖြင့်တွက်ချက်ထားခြင်း ဖြစ်ပါသည်။

၂။ ၁၇-၇-၂၀၁၅နေ့ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့်ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်းတစ်ဒေါ်လာကို ဒေါ်လာဈေး ၁၂၂၀ ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ် လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်း ကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

၇။ နိုင်ငံခြားစားအုန်းဆီ FOB နှင့် CIF ဈေးနှုန်းများအပါအဝင် ဖော်ပြပါ ဈေးနှုန်းများသည် အချိန်နှင့်အမျှ အတက်အကျ အပြောင်းအလဲ ရှိနိုင်ပါသည်။

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# ဘဏ္ဍာငွေထောက်ပံ့ပေးရေး အစီအစဉ်အား ဂရိနှင့်ယူရိုဇုန်တို့ သဘောတူညီချက်ရရှိ

ဇူလိုင်လ ၁၃ ရက်နေ့က ဂရိနိုင်ငံမှ ငွေကြေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုများတွင်ပါဝင် ဆောင်ရွက်ပါမည် ဆိုသည့် သဘောတူညီမှု ရရှိပြီးနောက် ယူရိုဇုန် ခေါင်းဆောင်များသည် ဂရိနိုင်ငံ၏ ဘဏ္ဍာရေးအကျပ်အတည်းများအား ဖြေရှင်းပေးနိုင်ရေးအတွက် ဘဏ္ဍာငွေထောက်ပံ့ရေးစီမံချက် (bailout plan) ချမှတ်ပေးရန် သဘောတူညီခဲ့ကြသည်။ ၁၇ နာရီကြာ အကြိတ်အနယ် ဆွေးနွေးညှိနှိုင်းကြပြီးနောက် ဂရိဝန်ကြီးချုပ် အလက်ဇစ်ဆီပရပ်သည် ၎င်းယုံကြည်ရသော ယူရိုဇုန်မှမိတ်ဆွေများ ချမှတ်မည့် စီမံချက် ကို လက်ခံခဲ့သည်။ ယင်းစီမံချက်သည် IMF ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် စစ်ဆေးထားသည့် ဈေးကွက်အခြေပြု စီးပွားရေးဥပဒေအရ ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်သွားရမည်ဖြစ်သည်။

ဂရိနိုင်ငံသည် ယင်းစီမံချက်ကို လက်ခံကျင့်သုံးမည့် သဘောတူညီချက်အား တုံ့ပြန်သည့်အနေဖြင့် သုံးနှစ်အတွင်း ဘဏ္ဍာငွေအထောက်အပံ့ (bailout) ယူရို ၈၆ ဘီလီယံ (ဒေါ်လာ ၉၆ ဘီလီယံ) ရရှိမည်ဖြစ်သည်။ အဆိုပါဘဏ္ဍာငွေအထောက်အပံ့သည် ဂရိအတွက် ငါးနှစ်အတွင်း တတိယအကြိမ်မြောက် ရရှိခြင်းဖြစ်သည်။ အဆိုပါ ဘဏ္ဍာငွေအထောက်အပံ့ကို ယူရိုဇုန်တည်ငြိမ်ရေး စီမံခန့်ခွဲမှု ရန်ပုံငွေ ESM (Eurozone bailout fund for European Stability Management) မှ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ယူရိုဇုန်ထိပ်သီးဆွေးနွေးပွဲက သဘောတူခဲ့ကြသည်။

ဂရိနိုင်ငံအတွင်း ဘဏ်များသည် ယူရိုငွေကြေး ပြတ်လပ်လျက်ရှိသည့် အခြေအနေသို့ ရောက်ရှိပြီး၊ ဂရိနိုင်ငံသည် ယူရိုငွေကြေးကိုသာ အသုံးပြုလျက်ရှိသည့် အီးယူအဖွဲ့မှ ခွဲထွက်သွားနိုင်သည့် အခြေအနေကို တားဆီးရန်အတွက် ယခုကဲ့သို့ထောက်ပံ့ပေးရခြင်းဖြစ်သည်။

ဂရိဝန်ကြီးချုပ် ဆီပရပ်က အဆိုပါ အစီအစဉ်သည် ဂရိနိုင်ငံအတွက် ကောင်းမွန်ပါကြောင်း၊ သို့သော် အချို့သောအချက်များသည် လွန်ခဲ့သောရက်သတ္တပတ်က ဂရိပြည်သူများ ကန့်ကွက်မဲပေးခဲ့ကြသည့် ဘဏ္ဍာရေး ပြုပြင်ပြောင်းလဲမှုအစီအစဉ်ထက် ပိုမိုခက်ခဲစွာ လိုက်နာဆောင်ရွက်ရမည့်ကဏ္ဍများ ရှိနေပါကြောင်း ပြောကြားခဲ့သည်။ ဂရိအစိုးရသည် ယင်းတို့တာဝန်ယူသည့် ကာလအတွင်း ဘဏ္ဍာငွေအထောက်အပံ့ နှစ်ကြိမ်ရယူခဲ့ခြင်းအတွက် လာမည့် ဇန်နဝါရီလ ရွေးကောက်ပွဲတွင် ပြည်သူသို့ ပေးထားခဲ့သော ကတိကဝတ်များ တည်မြဲအောင် အကောင်အထည်ဖော်ရန် များစွာကြိုးစားရဦးမည်ဖြစ်သည်။

**သန့်ဇင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဆိုးလ်မြို့**

## လာမည့်နှစ်တွင် တောင်ကိုရီးယားဗဟိုဘဏ်၏ အတိုးနှုန်းကို တစ်ရာခိုင်နှုန်းသို့လျှော့ချနိုင်

တောင်ကိုရီးယား၏ စီးပွားရေး အခြေအနေသည် ယခုအချိန်အတိုင်း ဆက်လက်ဆိုးရွားနေပါက လက်ရှိဗဟို ဘဏ်အတိုးနှုန်း ၁ ဒသမ ၅ ရာခိုင်နှုန်း မှ လာမည့်နှစ်တွင် ဗဟိုဘဏ်အတိုးနှုန်း တစ်ရာခိုင်နှုန်းသို့ လျှော့ချသွားနိုင်သည်ဟု Moody' s Investors Service က ဇူလိုင်လ ၈ ရက်နေ့တွင် ပြောကြားခဲ့သည်။ MERS ရောဂါပြန့်ပွားမှုကြောင့် အတိုးနှုန်းလျှော့ချရန် ဖြစ်နိုင်ချေရှိသော်လည်း ယခုလတွင် ကိုရီးယားဗဟိုဘဏ်အတိုးနှုန်း မပြောင်းလဲခဲ့ဘဲ လက်ရှိအခြေအနေအတိုင်းသာ ဆက်လက်ဆောင်ရွက်နေကြောင်း ၎င်းက ဆက်လက်သုံးသပ်ခဲ့သည်။

ကိုရီးယားအစိုးရ၏ စီးပွားရေး ပြန်လည်ကောင်းမွန်စေရန် သုံးစွဲသည့် ဘဏ္ဍာငွေ (stimulus package) ဝမ် ၂၂ ထရီလီယံ သည် ထင်ထင်ရှားရှား အကျိုးမဖြစ်ထွန်းလာပါက ဗဟိုဘဏ် သည် ၎င်း၏ အတိုးနှုန်းကို တစ်ရာခိုင်နှုန်းခန့် ရောက်သည့်တိုင်လျှော့ချသွားမည် ဖြစ်ကြောင်း ခန့်မှန်းသုံးသပ်ထားခဲ့သည်။ Moody's Investors Service က နိုင်ငံ၏ အိမ်ရာချေးငွေ ပမာဏသည် ဂျီဒီပီ၏ ၇၅ ရာခိုင်နှုန်းခန့် အထိတိုးလာပါက လက်ရှိဗဟိုဘဏ် အတိုးနှုန်းသည် ချေးငွေများအတွက် အတိုးပေးဆပ်ရန် ခက်ခဲလာနိုင်ကြောင်း ယင်းအချက်သည် နိုင်ငံ၏ စီးပွားရေး တိုးတက်မှုကို နှောင့်နှေးစေမည့် အချက်အလက်ဖြစ်ကြောင်း သတိ ပေးပြောကြားထားပါသည်။

**သန့်ဇင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဆိုးလ်မြို့**

## ဘဏ္ဍာငွေ ဝမ် ၄၅၀ ထရီလီယံ ထည့်သွင်းခြင်းဖြင့် ဈေးကွက်ပျက်နေသည့် အိမ်ရာဆောက်လုပ်ရေးဈေးကွက်အား ကုစားပေးမည်

နှစ်ကာလရှည် ဈေးကွက်အိနေသော အိမ်ရာမြေဈေးကွက်အား ပြန်လည်စည်ပင်လာစေရန် ကိုရီးယားအစိုးရက ဈေးကွက်အတွင်းသို့ ဘဏ္ဍာငွေ ဝမ် ၄၅၀ ထရီလီယံ (ဒေါ်လာ ၃၉၆ သန်း) ထည့်သွင်းကုစားပေးမည် ဖြစ်ကြောင်း ဒုတိယဝန်ကြီးချုပ်ဖြစ်သူ ဘဏ္ဍာရေးဝန်ကြီး Choi Kyoung-hwan က ဇူလိုင်လ ၉ ရက်နေ့တွင် ပြောကြားခဲ့သည်။ အစိုးရသည် အသုံးမပြုတော့ဘဲ စွန့်ပစ်ထားသည့် အဆောက်အအုံအဟောင်းများအတွက် မူဝါဒချမှတ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ နှစ် ၃၀ ကျော်သက်တမ်းရှိသည့် အဆောက်အအုံများကို အဆောက်အအုံဟောင်းများအဖြစ် သတ်မှတ်မည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ အဆောက်အအုံများကို ပြင်ဆင်ရာတွင် ဝမ် ၄၅၀ ထရီလီယံ အသုံးပြုမည်ဖြစ်ရာ ကြီးမားသော ဈေးကွက်ကြီးတစ်ခု ဖန်တီးလိုက်ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

အစိုးရသည် ကြိုတင်ကာကွယ်တားဆီးသည့် အနေဖြင့် စီးပွားရေး အခြေအနေကောင်းမွန်သည့် လမ်းကြောင်းအပေါ် အလျင်အမြန်ဆွဲတင်နိုင်ခြင်းမရှိပါက ရေရှည်တွင် အခက်အခဲကြီးမားလာနိုင်သလို ရေတိုကာလတွင်လည်း အခက်အခဲပိုမိုကြုံတွေ့လာမည်ဖြစ်ကြောင်း၊ ဘဏ္ဍာရေးဝန်ကြီးက မှတ်ချက်ပြု ပြောကြားခဲ့သည်။ ကိုရီးယားစီးပွားရေးသည် ရင်းနှီးမြှုပ်နှံ မှုအားနည်းနေခြင်း၊ စီးပွားရေးဖွံ့ဖြိုးမှုနှုန်းနှေးကွေးနေခြင်းတို့ကြောင့် စီးပွားရေးကျဆင်းမှုများနှင့် ကြုံတွေ့နေရကြောင်း၊ ထို့ပြင် MERS ရောဂါပြန့်ပွားမှု၊ မိုးခေါင်ရေရှားမှုနှင့် ဂရိနိုင်ငံငွေကြေးပြဿနာစသည့်ပြင်ပပယောဂများ၏ ရိုက်ခတ်မှုများကို ခံစားနေရပါကြောင်း၊ ဘဏ္ဍာရေးဝန်ကြီးက ဆက်လက်မှတ်ချက်ပြုပြောကြားသွားခဲ့သည်။

**သန့်ဇင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဆိုးလ်မြို့**

# ၂၀၁၆ ခုနှစ်အတွက် အနိမ့်ဆုံးတစ်နာရီ လုပ်အားခကို တောင်ကိုရီးယာတွင် ဝမ် ၆,၀၃၀ သတ်မှတ်မည်

တောင်ကိုရီးယားနိုင်ငံတွင် လာမည့်နှစ်အတွင်း တစ်နာရီ အနိမ့်ဆုံးလုပ်အားခကို လက်ရှိတစ် နာရီလုပ်အားခ ၅,၅၈၀ ဝမ်ထက် ၄၅၀ ဝမ် (၈ ဒသမ ၁ ရာခိုင်နှုန်း) ပိုမို၍ ၆,၀၃၀ ဝမ် (ဒေါ်လာ ၅ ဒသမ ၃၁) သို့ သတ်မှတ်သွားမည်ဖြစ်ကြောင်း အနည်းဆုံးလုပ်အားခ သတ်မှတ်ရေးကော်မရှင်၏ ဇူလိုင်လ ၈ ရက်နေ့တွင် ကျင်းပသော အစည်းအဝေးမှ ဆုံးဖြတ်ခဲ့ကြသည်။ ယင်းနှုန်းထားသည် ၂၀၁၄ ခုနှစ်က ယခုနှစ်အတွက် သတ်မှတ်ခဲ့သည့် နှုန်းထားဖြစ်သော ၃၇၀ ဝမ် (၇ ဒသမ ၁ ရာခိုင်နှုန်း)ထက် အနည်းငယ် ပိုသာနေသည်။ ၂၀၁၆ ခုနှစ်အတွက် သတ်မှတ်လိုက်သည့် တစ်နာရီအနိမ့်ဆုံးလုပ်ခဖြင့် လုပ်သားတစ်ဦးသည် တစ်လလျှင် ၂၀၉ နာရီအလုပ်လုပ်ပါက ဝမ် ၁,၂၆၀,၂၇၀ (ဒေါ်လာ ၁,၁၁၀) ရရှိနိုင်မည်ဖြစ်သည်။

ယင်းအစည်းအဝေးတွင် အဖွဲ့ဝင် ၂၇ ဦးရှိသည့်အနက် ၁၈ ဦး တက်ရောက်ခဲ့ကြပြီး အလုပ်သမားများဘက်မှ ရပ်တည်သည့် အဖွဲ့ဝင် ကိုးဦးသည် ၎င်းတို့တောင်းဆိုသည့်နှုန်းထား မရရှိသဖြင့် အစည်းအဝေးမှ ထွက်ခွာဆန္ဒပြခဲ့ကြသည်။ ၎င်းအပြင် ကုန်သည်များနှင့်ကုန်ထုတ်လုပ်ငန်းရှင်များအား ကိုယ်စားပြုသည့် ကိုယ်စားလှယ်နှစ်ဦးကလည်း အစည်းအဝေးမှ ထွက်ခွာဆန္ဒပြခဲ့သည်။

တောင်ကိုရီးယား နိုင်ငံတွင် အနည်းဆုံး တစ်နာရီလုပ်အားခ စတင်သတ်မှတ်ခဲ့သည့် ၁၉၈၈ ခုနှစ်မှစ၍ ရှစ်ရာခိုင်နှုန်းမှ ၁၈ ရာခိုင်နှုန်းအထိ နှစ်စဉ်တိုးမြှင့်သတ်မှတ်ခဲ့သည်။ ၂၀၁၀ ခုနှစ်တွင် ၂ ဒသမ ၇၅ ရာခိုင်နှုန်း၊ ၂၀၁၁ ခုနှစ်တွင် ၅ ဒသမ ၁ ရာခိုင်နှုန်း၊ ၂၀၁၂ ခုနှစ် ၆ ဒသမ သုည ရာခိုင်နှုန်း၊ ၂၀၁၃ ခုနှစ်တွင် ၆ ဒသမ ၁ ရာခိုင်နှုန်း၊ ၂၀၁၄ ခုနှစ်တွင် ၇ ဒသမ ၁ ရာခိုင်နှုန်း စသဖြင့် နှစ်စဉ်တိုးမြှင့်သတ်မှတ်ခဲ့သည်ကို တွေ့ရသည်။ ယခုကဲ့သို့ မသတ်မှတ်မီ အစောပိုင်းကာလက အလုပ်သမားကိုယ်စားလှယ်များသည် ၂၀၁၆ ခုနှစ်အတွက် အနည်းဆုံး တစ်နာရီလုပ်အားခကို ဝမ် ၁၀,၀၀၀ သတ်မှတ်ပေးရန် ဆန္ဒဖော်ထုတ် တောင်းဆိုခဲ့ကြသည်။

ယခုသတ်မှတ်ခဲ့သည့် ၂၀၁၆ ခုနှစ်အတွက် အနည်း ဆုံးတစ်နာရီလုပ်အားခ ၆,၀၃၀ ဝမ်အား အတည်ပြုရန် ဆွေးနွေးညှိနှိုင်းခြင်းကို ဇွန်လ ၂၉ ရက်နေ့ကတည်းက စတင်၍ အကြေအလည်ဆွေးနွေးခဲ့ကြခြင်း ဖြစ်သည်။

**သန့်ဇင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဆိုးလ်မြို့**

## အမေရိကန်နိုင်ငံတွင် လက်လီရောင်းဝယ်ရေး လုပ်ငန်းများ၌ အလုပ်အကိုင်များ ပိုမိုရရှိ

အမေရိကန်နိုင်ငံ၏ စီးပွားရေး အခြေအနေ တိုးတက်လာသဖြင့် ယခုနှစ် ဇွန်လအတွင်း လက်လီရောင်းဝယ်ရေးလုပ်ငန်းကဏ္ဍ၌ ဝန်ထမ်းစုစုပေါင်း ၂၂,၉၀၀ ဦးခန့်အပ်နိုင်ခဲ့သဖြင့် တစ်လလျှင် ပျမ်းမျှအားဖြင့် အလုပ်အကိုင်သစ် ၂၁,၀၀၀ ခန့်အပ်နိုင်မှုမှာ တတိယမြောက်လဖြစ်ကြောင်း National Retailer Federation (NRF) မှ ၂၀၁၅ ခုနှစ် ဇူလိုင်လ ၂ ရက်နေ့က ထုတ်ပြန် ကြေညာခဲ့ပါသည်။

ယခင်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက လက်လီရောင်းဝယ်ရေး လုပ်ငန်းကဏ္ဍတွင် အလုပ်နေရာပေါင်း ၂၁၂,၀၀၀ တိုးတက်ခန့်အပ်နိုင်ပါသည်။ ဆောက်လုပ်ရေးပစ္စည်းများနှင့်အားကစားပစ္စည်းများ ရောင်းဝယ်ရေးလုပ်ငန်းတို့မှအပ အခြားအဓိကကျသည့် စီးပွားရေးလုပ်ငန်းများတွင် အလုပ်အကိုင်များ ပိုမိုရရှိကြပါသည်။ အလုပ်သမားဝန်ကြီးဌာန Bureau of Labor and Statistics ၏စာရင်းအင်းများအရ ဇွန်လတွင် အလုပ်အကိုင် နေရာပေါင်း ၂၂၃,၀၀၀ ခန့်အပ်ခဲ့ကြောင်း သိရှိရပါသည်။

**အေးစန္ဒာလွင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဝါရှင်တန်မြို့**

မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# ကမ္ဘာ့ဝါဈေးနှုန်း ဆက်လက်တည်ငြိမ်မည့် အလားအလာရှိ

ကမ္ဘာ့ဝါဈေးနှုန်းသည် ၂၀၁၅-၁၆ ခုနှစ်တွင် ဆက်လက်တည်ငြိမ်မည်ဟု ခန့်မှန်းကြောင်း International Cotton Advisory Committee (ICAC) က ၂၀၁၅ ခုနှစ် ဇူလိုင်လ လေးရက် နေ့တွင် အစီရင်ခံစာထုတ်ပြန်ခဲ့ပါသည်။

အဆိုပါအစီရင်ခံစာအရ ၂၀၁၄-၁၅ ခုနှစ်တွင် ဝါလက်ကျန်ပမာဏသည် ကိုးရာခိုင်နှုန်း မြင့်တက်ပြီး တန်ချိန် ၂၁ ဒသမ ၉ သန်းခန့်ရှိမည်ဟု ခန့်မှန်းကြောင်း၊ ဝယ်လိုအားထက် ထုတ်လုပ်မှုမြင့်မားခြင်းကြောင့် ၂၀၁၀-၁၁ ခုနှစ်မှစတင်၍ ဝါလက်ကျန် တန်ချိန် ၁၃ ဒသမ ၄ သန်းခန့်ရှိကြောင်း၊ ၂၀၁၅-၁၆ ခုနှစ်တွင်မူ ဝါလက်ကျန်သည် ငါးရာခိုင်နှုန်းကျဆင်းကာ တန်ချိန် ၂၀ ဒသမ ၉ သန်းခန့်ရှိမည်ဟု ခန့်မှန်းကြောင်း၊ တရုတ်နိုင်ငံ ပြင်ပဈေးကွက်တွင် ဝါသိုလှောင်မှုပမာဏသည် သုံးရာခိုင်နှုန်းကျဆင်းကာ တန်ချိန်ကိုးသန်းအောက်တွင်သာ ရှိနိုင်ကြောင်း အဆိုပါဝါပမာဏသည် တရုတ်အစိုးရ၏ ဝါသိုလှောင်ထားရှိမှုကို ကိုင်တွယ်ဆောင်ရွက်ပုံအပေါ် မူတည်နေကြောင်း သိရှိရပါသည်။

ကမ္ဘာ့ဝါဈေးနှုန်း တည်ငြိမ်စေရန် ခန့်မှန်းတန်ချိန် ၁၁ ဒသမ ၃ သန်းရှိသည့် သိုလှောင်ထားသည့် ဝါများကို လက်ရှိပေါက်ဈေးနှင့် အနီးစပ်ဆုံးဈေးဖြင့် စတင်ရောင်းချမည့် အစီအစဉ်ရှိကြောင်း တရုတ်အစိုးရက ယခင်လက ထုတ်ပြန်ကြေညာခဲ့ပါသည်။ သို့သော်လည်း အစီအစဉ် အသေးစိတ်ကိုမူ ထုတ်ပြန်ကြေညာခြင်းမရှိသေးကြောင်းလည်း အစီရင်ခံစာတွင် ဖော်ပြထားပါသည်။

၂၀၁၄-၁၅ ခုနှစ်တွင် ဈေးနှုန်းများ သိသိသာသာ ကျဆင်းခဲ့ခြင်းကြောင့် ကမ္ဘာ့ဝါစိုက်ပျိုးမှုဧရိယာသည် ၂၀၁၅-၁၆ ခုနှစ်တွင် ခြောက်ရာခိုင်နှုန်းကျဆင်းကာ စုစုပေါင်း ဟက်တာ ၃၁ ဒသမ ၃ သန်းခန့်သာရှိမည်ဖြစ်ပါသည်။ ဝါအထွက်နှုန်းမှာ ပျမ်းမျှအားဖြင့် တစ်ဟက်တာလျှင် ၇၆၄ ကီလိုဂရမ်ခန့်ဖြစ်၍ စုစုပေါင်း တန်ချိန် ၂၃ ဒသမ ၉ သန်းခန့် ထွက်ရှိသော်လည်း အဆိုပါအထွက်နှုန်းသည် ၂၀၁၄-၁၅ ခုနှစ်တွင် ဝါထွက်ရှိမှု ပမာဏထက် ကိုးရာခိုင်နှုန်း လျော့နည်းပါသည်။

တရုတ်နိုင်ငံ၌ ဝါစိုက်ပျိုးသည့်ဧရိယာသည် ၁၂ ရာခိုင်နှုန်း ကျဆင်းကာ ဟက်တာ ၃ ဒသမ ၈ သန်းခန့် ရှိမည်ဖြစ်ပြီး ဝါထွက်ရှိမှုသည် ၁၆ ရာခိုင်နှုန်းကျဆင်းကာ စုစုပေါင်းတန်ချိန် ၅ ဒသမ ၄ သန်းခန့်ရှိနိုင်ပါသည်။ ၂၀၁၄-၁၅ ခုနှစ်တွင် ဝါဈေးနှုန်းများ ကျဆင်းခဲ့သဖြင့် ၂၀၁၅-၁၆ ခုနှစ်တွင် အိန္ဒိယနိုင်ငံတွင် ဝါစိုက်ဧရိယာသည် ငါးရာခိုင်နှုန်းခန့် ကျဆင်းကာ ဟက်တာ ၁၁ ဒသမ ၆ သန်းခန့်သာ ရှိနိုင်ကြောင်း ခန့်မှန်းကြပါသည်။ ကမ္ဘာ့ဝါဈေးနှုန်းမှာ အနိမ့်ပိုင်းတွင်ရှိနေမှုကြောင့် အမေရိကန်နိုင်ငံတွင်လည်း ဝါစိုက်ပျိုးသည့်ဧရိယာမှာ ၁၅ ရာခိုင်နှုန်း လျော့ကျသွားပြီး ဟက်တာ စုစုပေါင်း ၃ ဒသမ ၃ သန်းခန့်သို့ ကျဆင်းသွားနိုင်ကာ ထုတ်လုပ်မှုအနေဖြင့် ၁၂ ရာခိုင်နှုန်းကျဆင်းကာ တန်ချိန် ၃ ဒသမ ၁ သန်းခန့်သို့ ရောက်ရှိနိုင်ပါသည်။ ထို့အတူ ပါကစ္စတန်နိုင်ငံတွင်လည်း ယခုနှစ်၌ ဝါစိုက်ပျိုးမှုဧရိယာ ခြောက်ရာခိုင်နှုန်းခန့် ကျဆင်းကာ ဟက်တာ ၃ ဒသမ ၃ သန်းခန့်သာ ရှိနိုင်ပြီး ဝါထွက်ရှိမှုသည် ၁၁ ရာခိုင်နှုန်းလျော့ကျကာ တန်ချိန် ၂ ဒသမ ၁ သန်းခန့် ထွက်ရှိနိုင်ပါသည်။

သို့သော်လည်း အခြားသီးနှံများ၏ ဈေးနှုန်းများ ကျဆင်းနေခြင်းကြောင့် ကမ္ဘာ့ဝါစိုက်ပျိုးမှု ဆက်လက်ကျဆင်းနိုင်မည် မဟုတ်ကြောင်း သိရှိရပါသည်။

၂၀၁၅-၁၆ ခုနှစ်တွင် ကမ္ဘာ့ဝါသုံးစွဲမှုမှာ နှစ်ရာခိုင်နှုန်းတိုးတက်ကာ တန် ၂၄ ဒသမ ၉ သန်းခန့် ဖြစ်မည်ဟု ခန့်မှန်းကြပါသည်။ တရုတ်နိုင်ငံ၏ ဝါသုံးစွဲမှုမှာ လက်ရှိပမာဏ ၇ ဒသမ ၇ သန်းမှ ပြောင်းလဲမည် မဟုတ်ကြောင်း သိရှိရပါသည်။ ယခုနှစ်တွင် အိန္ဒိယနိုင်ငံရှိ ချည်မျှင်နှင့်အထည်စက်ရုံများ၏ ဝါသုံးစွဲမှုမှာ သုံးရာခိုင်နှုန်း မြင့်တက်ကာ တန်ချိန် ၅ ဒသမ ၄ သန်းခန့်ရှိနိုင်သဖြင့် ကမ္ဘာ့ဝါသုံးစွဲမှု၏ ၂၂ ရာခိုင်နှုန်းခန့်သို့ ရောက်ရှိနိုင်ပါသည်။

ထို့အပြင် ဝါတင်သွင်းသည့်နိုင်ငံများ၏ ဝယ်လိုအားသည် ပိုမိုတိုးတက်နိုင်သဖြင့် ကမ္ဘာ့ဝါကုန်သွယ်မှုတွင် တန်ချိန် ၇ ဒသမ ၇ သန်း မြင့်တက်နိုင်ပါသည်။ တရုတ်နိုင်ငံ၏ ဝယ်လိုအားမှာ ကိုးရာခိုင်နှုန်း ကျဆင်းနိုင်ကာ စုစုပေါင်းတန်ချိန် ၁ ဒသမ ၆ သန်းသာ တင်သွင်းနိုင်မည်ဟု ခန့်မှန်းသော်လည်း တရုတ်နိုင်ငံမှအပ အခြားနိုင်ငံများ၏ ဝါတင်သွင်းမှုသည် လေးရာခိုင်နှုန်းတိုးတက်ကာ တန်ချိန် ၆ ဒသမ ၁ သန်းခန့် ပိုမိုတင်သွင်းနိုင်ခြင်းကြောင့် ကမ္ဘာ့ဝါဈေးနှုန်းမှာ တည်ငြိမ်မည့် အလားအလာရှိကြောင်း လေ့လာသိရှိရပါသည်။

**အေးစန္ဒာလွင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဝါရှင်တန်မြို့**

# ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းတွင် အီတာလျံ-ထိုင်းကုမ္ပဏီ ပြန်လည်ပါဝင်မည်

မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်လျက်ရှိသည့် ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်း၏ ကနဦးအဆင့်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ရန် မြန်မာအစိုးရနှင့်လုပ်ပိုင်ခွင့်အပ်နှင်းသည့် သဘောတူစာချုပ်တွင် ထိုင်းနိုင်ငံမှ ဆောက်လုပ်ရေးကုမ္ပဏီကြီးတစ်ခုဖြစ်သည့် အီတာလျံ-ထိုင်းကုမ္ပဏီပြန်လည်ပါဝင်မည်ဖြစ်ကြောင်း ဗန်ကောက်ပို့စ်တွင် ဖော်ပြထားသည်။

Italian-Thai Development (ITD)၏ ကုမ္ပဏီခွဲဖြစ်သော ထားဝယ်ဖွံ့ဖြိုးရေးကုမ္ပဏီ (Dawei Development Co.) သည် စက်မှုနယ်မြေ (Industrial estate)တည် ဆောက်ရန်အတွက် ဇူလိုင်လ ၂၄ ရက် နေ့တွင် လုပ်ပိုင်ခွင့်ပေးအပ်သည့် စာချုပ်ကို ထားဝယ်အထူးစီးပွားရေးဇုန် မှ တာဝန်ရှိသူများနှင့်လက်မှတ်ရေး ထိုးမည်ဖြစ်ကြောင်း ITD ၏ မန်နေးဂျင်းဒါရိုက်တာ Mr. Somchet Thainaphong မှပြောကြားခဲ့ပါသည်။

အဆိုပါအထူးစီးပွားရေးဇုန်တွင် ITD မှ ဆောင်ရွက်ရမည့် အပိုင်းကို မြန်မာအစိုးရနှင့်ဆွေးနွေး ညှိနှိုင်းဆဲဖြစ်ကြောင်း၊ ထိုင်းနိုင်ငံအနေဖြင့် မြန်မာအစိုးရအား ထားဝယ်နှင့်ထိုင်းနယ်စပ်ကို ဆက်သွယ်သည့် ၁၃၇ ကီလိုမီတာရှည်သည့်ကားလမ်းဖောက်လုပ်ရန်အတွက် သုည ဒသမ ၁၀ ရာခိုင်နှုန်း အတိုးနှုန်းဖြင့် ချေးငွေများ ထုတ်ချေးပေးမည်ဖြစ်ကြောင်း သိရှိရပါသည်။

ကုမ္ပဏီအနေဖြင့် အဆိုပါစီမံကိန်းကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ပြင်ဆင်ထားပြီးဖြစ်ရာ လုပ်ပိုင်ခွင့်ပေးအပ်ခြင်းဆိုင်ရာ စာချုပ်ချုပ်ဆိုပြီး မကြာခင်မှာပင် စက်မှုနယ်မြေတည်ဆောက်ရေးလုပ်ငန်းများကို စတင်မည်ဖြစ်ကြောင်း Mr. Somchet က ပြောကြားခဲ့ပါသည်။ စီမံကိန်း၏ အစီအစဉ်အရ အခြေခံအဆောက်အအုံ၊ သဘာဝဓာတ်ငွေ့သိုလှောင်ရုံ၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ ဆိပ်ကမ်းငယ်များ တည်ဆောက်ရမည်ဖြစ်ပါသည်။

အီတာလျံ-ထိုင်းကုမ္ပဏီအနေဖြင့် ယခင်က တည်ဆောက်ခဲ့သော အခြေခံအဆောက်အအုံများသည် ဆောက်လုပ်ရေးလုပ်ငန်းများကို လျင်မြန်စွာပြီးစေမည်ဖြစ်ပါသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်၌ မြန်မာ၊ ထိုင်းနှင့်ဂျပန်တို့ လက်မှတ်ရေးထိုးခဲ့သော ထားဝယ်အထူးစီးပွားရေးဇုန်အတွက် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ Memorandum of Intent အရ ဂျပန်နိုင်ငံသည် အဆိုပါစီးပွားရေးဇုန်ကို ဖန်တီးဖော်ဆောင်ရာတွင် အဆောက်အအုံများ တည်ဆောက်ရေးဆိုင်ရာ အင်ဂျင်နီယာဒီဇိုင်းများနှင့်ငွေကြေးစိုက်ထုတ်သုံးစွဲမှုများတွင် အဓိကအရေးပါသည့် အခန်းကဏ္ဍမှပါဝင်မည်ဖြစ်သည်။

အီတာလျံ-ထိုင်းကုမ္ပဏီသည် ထားဝယ်အထူးစီးပွားရေးဇုန်တွင် ဘတ် ၂၇ ဘီလီယံတန်ဖိုးရှိသည့် မြေဧက ၂၀၀၀၀ ရိုင်ပေါ်တွင် စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်သည်။

**ရီရီမွန် ၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# အမေရိကန်နိုင်ငံနှင့်ဘရာဇီးနိုင်ငံတို့ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပူးတွဲကြေညာချက် ထုတ်ပြန်

အမေရိကန်သမ္မတအိုဘားမား နှင့်ဘရာဇီးသမ္မတ Dilma Rousseff တို့သည် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပူးတွဲကြေညာချက် (Joint Statement on Climate Change) ကို ၂၀၁၅ ခုနှစ် ဇွန်လ ၃၀ ရက်နေ့က ထုတ်ပြန်ကြေညာ ခဲ့ပါသည်။ အမေရိကန်နိုင်ငံနှင့် ဘရာဇီးလ်နိုင်ငံတို့၏ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များသည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ခြင်း အဖြစ်သာမက ကမ္ဘာ့ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဘောင် သဘောတူညီချက် (UN Framework Convention on Climate Change-UNFCCC) အရလည်း ကတိကဝတ်ပြု ဆောင်ရွက်ခြင်းဖြစ်ပါသည်။

ထို့အပြင် အမေရိကန်နိုင်ငံနှင့် ဘရာဇီးလ်နိုင်ငံတို့သည် ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ပူးတွဲလုပ်ငန်းစဉ် (Joint Initiative on Climate Change) ကို အကောင်အထည်ဖော်ဆောင်ရွက် မည်ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းစဉ်အရ သစ်တောများ၊ စိုက်ပျိုးရေးနှင့်မြေ အသုံးပြုမှုတို့ကြောင့် ရာသီဥတုပြောင်း လဲမှုများ ဖြစ်ပေါ်နေရခြင်းကို လျှော့ချနိုင်ရေးအတွက် သစ်တောပြုန်းတီးမှုမှ ကာကွယ်ခြင်း၊ ရေရှည်တည်တံ့သည့် သစ်တောစီမံခန့်ခွဲမှုနှင့်သစ်တောထိန်းသိမ်းခြင်း၊ ဂေဟစနစ်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများကို အားပေး ခြင်း၊ လယ်သမားများ၏ ဝင်ငွေတိုးမြင့်စေရန် ဆောင်ရွက်ခြင်းစသည်တို့ကို ဆောင်ရွက်မည် ဖြစ်ပါသည်။

သန့်ရှင်းသောစွမ်းအင်ကဏ္ဍတွင်လည်း ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်၊ စွမ်းအင်ကို ထိရောက်စွာ အသုံးပြုရေး၊ အခြေခံစွမ်းအင်သုတေသန၊ ချူကလီးယားစွမ်းအင်ထုတ်လုပ်မှု စသည့်ကဏ္ဍများတွင် နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်ကြမည်ဖြစ်ပါသည်။ လေ၊ နေရောင်ခြည်နှင့်ဘူမိအပူစွမ်းအင်တို့ကို အသုံးပြု၍ လျှပ်စစ်ထုတ်လုပ်မှုကို ၂၀၃၀ ခုနှစ်တွင် မိမိတို့နိုင်ငံ၏ လျှပ်စစ် ထုတ်လုပ်မှု စုစုပေါင်း၏ ၂၀ ရာခိုင်နှုန်းသို့ ရောက်ရှိပြည့်မီအောင် ဆောင်ရွက်ရန် ကတိပြုကြကြောင်း သိရှိရပါသည်။

**အေးစန္ဒာလွင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဝါရှင်တန်မြို့**

# ကိုရီးယားနိုင်ငံအတွင်း နိုင်ငံခြားသားများ နေထိုင်မှု ပိုမိုများပြားလာ

ကိုရီးယားသမ္မတနိုင်ငံအတွင်း နေထိုင်လျက်ရှိသည့် နိုင်ငံခြားသားအရေအတွက်သည် Daejeon မြို့တွင် အများဆုံးဖြစ်ပြီး ၁ ဒသမ ၅၃ သန်းအထိ နေထိုင်လျက်ရှိသည်။ စက်မှုမြို့ များဖြစ်သည့် Ansan မြို့ Gyeonggi ပြည်နယ်၌ ကိုရီးယားလူမျိုး ၁၀ ဦးလျှင် နိုင်ငံခြားသားတစ်ဦးအချိုးဖြင့် နေထိုင် လျက်ရှိသည်။ Wongok-dong မြို့ပေါ် တွင် ကိုရီးယားလူမျိုးထက် နိုင်ငံခြား သားများနေထိုင်သည့် အရေအတွက်က ပိုမိုများပြားသည်။

ကိုရီးယားသမ္မတနိုင်ငံတွင် လက်ရှိနေထိုင်လျက်ရှိသည့် နိုင်ငံခြားသား အရေအတွက်မှာ ၂၀၁၅ ခုနှစ် ဇန်နဝါရီလစာရင်းအရ ၁,၇၄၁,၉၁၉ ဦး ရှိနေကြောင်း ပြည်ထဲရေးဝန်ကြီးဌာန၏ ဇူလိုင်လ ၅ ရက်နေ့က ထုတ်ပြန်သော အစီရင်ခံစာအရ သိရှိရသည်။ ယခုစာရင်းမှာ ကိုရီးယားသမ္မတနိုင်ငံအတွင်း ရက် ၉၀ ထက် ကျော်လွန်နေထိုင်သော နိုင်ငံခြားသားများကို စာရင်းကောက်ယူထားခြင်း ဖြစ်သည်။ ၂၀၀၆ ခုနှစ်က စာရင်းအရ နိုင်ငံခြားသား ၅၄၀,၀၀၀ ဦးသာရှိခဲ့ရာမှ ယခုအခါ သုံးဆတိုးလာခြင်းဖြစ်သည်။ ၂၀၀၆ ခုနှစ်က နိုင်ငံခြားသားများ နေထိုင်မှု အရေအတွက်သည် ကိုးနှစ်အတွင်း ၁၄ ဒသမ ၄ ရာခိုင်နှုန်းတိုးလာ သည်။ ကိုရီးယားနိုင်ငံတွင် တရုတ်လူမျိုး ၉၅၃,၄၄၂ ဦး (၅၄ ဒသမ ၇ ရာခိုင်နှုန်း)၊ ဗီယက်နမ်လူမျိုး ၁၉၉,၉၅၀ ဦး၊ အမေရိကန် ၇၃,၁၅၃ ဦး၊ ဖိလစ်ပိုင်လူမျိုး ၇၀,၆၁၀ ဦးတို့နေထိုင်လျက်ရှိကြသည်။

**သန့်ဇင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဆိုးလ်မြို့**

# အလုပ်ဖြစ်မှာလား အဖြစ်လုပ်မှာလား

|မျိုးသူ-မန္တလေး|



ကျွန်တော်တို့နိုင်ငံသည် ခေတ်တစ်ခေတ်ကို စနစ်သစ်ဖြင့် အလျင်အမြန် ပြောင်းလဲ နေပါသည်။ ပြောင်းလဲမှု ဆိုသော Change ကို Chance ဆိုသော အခွင့်အလမ်းအဖြစ်ပြောင်းလဲရန် ကျွန်တော်တို့ ပြည်သူတစ်ရပ်လုံးက အားထည့်ဆောင်ရွက်ရမည်ဟု ဆိုလာကြပါသည်။ နေရာတိုင်းတွင် ပြောင်းလဲမှုများရှိနေသော်လည်း မပြောင်းလဲသူများလည်း အများအပြားရှိနေကြသည်ကို တွေ့ရသည်။ ရှေးရိုးအစဉ်အလာကို မပြောင်းလဲ ဘဲ ထိန်းသိမ်းခြင်းမှာ ကောင်းပါသည်။ သို့သော် ရှေးရိုးအစဉ်အလာကို ထိန်းသိမ်းသည်ဟုဆိုကာ အမျိုးသမီးများ အိမ်တွင်းပုန်းလုပ်သည့် အလေ့အထကို စွဲကိုင်ဦးမည်လား၊ အပြောင်းအလဲများကို နေရာတိုင်းတွင် တွေ့နိုင်သဖြင့် ယင်းတို့ကို အခွင့်အလမ်းများ Opportunity အဖြစ် ပြောင်းနိုင်ရပါမည်။ အပြောင်းအလဲများကို အကောင်းမြင် Optimism စိတ်ဖြင့် ကြည့်ပြီး အခွင့်အလမ်းများကို ဆုပ်ကိုင်ကြရန်လိုပါသည်။ စီးပွားရေးလုပ်ငန်းတိုင်းသည် နိုင်ငံရေး၊ လူမှုရေး၊ နည်းပညာ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ဥပဒေများ အားလုံးဆက်စပ်နေကြသဖြင့် ယင်းဆက်စပ်နေသော ကဏ္ဍကြီး ငါးရပ်စလုံးကို ပိုင်ပိုင်နိုင်နိုင် သိရှိအောင်ဆောင်ရွက်ကြခြင်းဖြင့် အခွင့်အလမ်းများကို ဆုပ်ကိုင်နိုင်ရန် ကြိုးစားကြရပါမည်။

အခွင့်အလမ်းဆိုသည်မှာ တစ်ကြိမ်တစ်ခါရရှိရန် အလွန်ခက်ခဲပါသည်။ အကြောင်းရင်းများစွာနှင့် အကြောင်းအပေါင်းဆုံသည့် အချိန်မျိုးတွင်သာ ကောင်းမွန်သောအခွင့်အလမ်းတစ်ခုအဖြစ်ပေါ်လာတတ်ပါသည်။ ဥပမာ-ယနေ့မြန်မာနိုင်ငံ၏အခြေအနေသည် အခွင့်အလမ်းကောင်းများ ဝေဖြာလျက်ရှိပါသည်။ မြန်မာနိုင်ငံသည် လက်ရှိအစိုးရ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေးနှင့် ကျန်းမာရေး စသည့် ကဏ္ဍပေါင်းစုံတွင် ပြောင်းလဲဖြေလျှော့မှုများကို ဆောင်ရွက်ပေးနေခြင်းသည် အကောင်းဆုံးသော အခွင့်အလမ်းတစ်ခုဖြစ်ပါသည်။ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများကြောင့် နိုင်ငံတကာနှင့်ဆက်ဆံရေးသည် အလွန်အမင်းတိုးတက်လာပါသည်။ ထိုသို့တိုးတက်မှုနှင့် ဆက်နွယ်ပြီး စီးပွားရေးတွင် နိုင်ငံတော်၏ Macroeconomy သည် မျှော်လင့်ချက်အပြည့်အဝဖြင့် ရုတ်ခြည်းတိုးတက်လာသည်ဟုဆိုလျှင် မည်သူမျှ ငြင်းနိုင်မည် မထင်ပါ။

ဥရောပသမဂ္ဂမှ ပိတ်ဆို့တားဆီးမှုများအား ရုပ်သိမ်းပေးပြီး GSP အခွင့်အရေးများ ပေးလာခြင်း၊ အခြားနိုင်ငံများမှလည်း လာရောက်ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာခြင်း၊ ပြည်ပခရီးသွားများ အများအပြား တိုးတက်လာခြင်း၊ အခြားစီးပွားရေးကဏ္ဍအသီးသီးတွင်လည်း ရေမြင့်လျှင် ကြာတင့်ဆိုသကဲ့သို့ တိုးတက်လာသည်တို့ကို မတိုးတက်ဟုငြင်းသည်ဆိုပါက ငြင်းသူသည် အကောင်း မြင်ဝါဒ မရှိသူဟုပင် ဆိုချင်မိပါသည်။ ဤသည်တို့မှာ နိုင်ငံရေးနှင့် စီးပွားရေးယှဉ်သည့် ဥပမာများ ဖြစ်ပါသည်။ ထို့အပြင် နိုင်ငံတော်တွင် ယခင်က ကျင့်သုံးခဲ့သော ဥပဒေများနှင့်ပတ်သက်ပြီး ခေတ်နှင့် မဆီလျော်သည်များကို ပြင်ဆင်သည့်ဥပဒေများ ထုတ်ပြန်ခြင်း၊ အခွန်အကောက်ဆိုင်ရာ ဥပဒေများထုတ်ပြန်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဥပဒေများထုတ်ပြန်ခြင်းတို့မှာလည်း နိုင်ငံ၏စီးပွားရေးကို ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်ခြင်းပင်ဖြစ်သည်။

စီးပွားရေး ဆိုင်ရာဥပဒေများကို ပေါ်ပေါက်လာစေရန် အတည်ပြုပြဋ္ဌာန်းပေးခြင်းသည် နိုင်ငံတော်နှင့် ပြည်သူတစ်ဦးချင်းစီ၏ စီးပွားရေးများကို ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ပေးခြင်းပင်ဖြစ်ပါသည်။ လူမှုရေး အပိုင်းတွင်မူ အစိုးရအနေဖြင့် ဆောင်ရွက်ပေးရန် အခက်အခဲရှိသော်လည်း လူနေမှုအဆင့်အတန်းနှင့်ဆိုင်သော လူမှုစီးပွားရေးကိစ္စများကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနေမှုများရှိပါသည်။ ဥပမာ- သောက်သုံး ရေသန့်ရရှိရေး၊ စိုက်ပျိုးရေရရှိရေး၊ လျှပ်စစ်မီးရရှိရေး၊ လမ်းတံတားများ တိုးတက်အောင် ဆောင်ရွက်ပေးခြင်း၊ ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပေးခြင်း၊ ကျန်းမာရေးလူမှုရေးကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံခြင်း စသည်များသည် လူနေမှုအဆင့်အတန်းများကို တိုးတက်အောင် ဆောင်ရွက်နေခြင်းများ ဖြစ်ပါသည်။

စီးပွားရေးတွင်လည်း ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာစေရေးကို ကုန်သွယ်မှုဆိုင်ရာ အခက်အခဲများကို ဖြေလျှော့ပေးခြင်း၊ ကုန်သွယ်မှုလွယ်ကူမြန်ဆန် သက်သာအောင် ဆောင်ရွက်ပေးခြင်း၊ ကုန်သွယ်မှု မြှင့်တင်ရေးအတွက်ဆောင်ရွက်ပေးခြင်း၊ ကုန်သွယ်မှုပညာများကို ဖြန့်ဝေပေးခြင်းနှင့် ကုန်သွယ်မှု အငြင်းပွားမှုများကို ညှိနှိုင်းပေးခြင်းစသည့် နည်းလမ်းငါးသွယ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့အပြင် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတို့ကိုလည်း အလေးထားဆောင်ရွက်ပေး လျက်ရှိပါသည်။ ကုန်သွယ်ခွန်များ ကောက်ခံရာတွင်လည်း ယခင်က ၁၀ ရာခိုင်နှုန်းကောက်ခံခဲ့ရာမှ ယခု အခါတွင် ၂ ရာခိုင်နှုန်းအထိ လျှော့ချပေးခဲ့ပြီဖြစ်ရာ ကုန်သွယ်မှုပမာဏများလည်း တိုးတက်လာပြီဖြစ်ပါသည်။

ထိုကဲ့သို့ အခွင့်အလမ်းများတိုးတက်လာသော်လည်း၊ တစ်ဖက်တွင် အခက်အခဲများ၊ ပြဿနာများ၊ တစ်ဆင့် ပြီးမှ တစ်ဆင့် ဖြေရှင်းရမည့် ကိစ္စများလည်း ရှိနေသေးသည်ကိုတွေ့နေရပါသည်။ ဥပမာ-ကုန်သွယ်မှုဆိုင်ရာ ဘဏ်စနစ်များ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဘဏ်ချေးငွေကိစ္စများ၊ အခွန်အခဆိုင်ရာကိစ္စများ၊ သယ်ယူပို့ဆောင်မှု၊ သိုလှောင်မှု၊ လုပ်အားခစသည့်ကိစ္စများတွင်လည်း ဖြေရှင်းရန်လို နေသေးသည်များရှိနေသည်ကိုလည်းတွေ့မြင်နေရပါသည်။ ထိုကဲ့သို့သော ဖြေရှင်းရန်လိုနေသေးသည့်အချက်များကို အကြောင်းပြုကာ ဖြစ်သလိုလုပ်မှာလား ဟု မေးစရာရှိလာပါသည်။ ဦးဆောင်သူတို့၏ စဉ်းစားတွေးခေါ်မှုပိုင်းတွင် အဓိကပြဿနာများ တွေ့နေရသည်ဟုထင်ပါသည်။ လုပ်သလိုမဖြစ်လျှင် ဖြစ်သလို လုပ်လိုက်မည်ဟူသော စဉ်းစားတွေးခေါ်နည်းဖြစ်ပါသည်။ ထိုကဲ့သို့ ဖြစ်သလိုလုပ်နေသဖြင့် ယနေ့ကုန်သွယ်မှုတွင်လည်း တရားမဝင်ကုန်သွယ်မှုတွင် များစွာသော နိုင်ငံတော် အခွန်ဘဏ္ဍာဆုံးရှုံးမှုများ၊ အရည်အသွေးညံ့ဖျင်းသောကုန်ပစ္စည်းများ၊ အတုအပများ၊ လိမ်လည်မှုများ၊ လေရောင်းလေဝယ်များစသည့် ဝိသမလောဘဖြင့် စီးပွားရှာသူများ အကြိုက်တွေ့နေသည့်လုပ်ငန်းများသည် မတိမ်ကော မပပျောက်ဘဲ ဆက်လက်ပန်းပန်လျက်ပင်ရှိနေသည်ကို တွေ့နေရပါသည်။

မည်သူ့တွင် တာဝန်ရှိသနည်းဟု အဖြေရှာလျှင် ပထမဆုံးတာဝန်ရှိသူမှာ အုပ်ချုပ်သူအစိုးရပင်ဖြစ်သည်ဟု လူတိုင်းက လက်ညှိုးထိုးကြမည်မှာ အမှန်ပင်ဖြစ်ပါသည်။ မှန်ပါသည် အစိုးရတွင် တာဝန်ရှိပါသည်။ ပြည်သူများ၊ စားသုံးသူများ၊ ကုန်ထုတ်လုပ်သူများ၊ ကုန်ရောင်းဝယ်သူများတွင်ရော လုံးဝတာဝန် ကင်းပါသလား၊ မကင်းပါ။ တာဝန်ရှိပါသည်။ နားလည်အောင်လုပ်ရမည့် တာဝန်ရှိသည်။ အစိုးရ၏ဆောင်ရွက်ချက်များတွင် ပူးပေါင်းပါဝင်ရန် တာဝန်ရှိသည်၊ မိမိတို့ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ကောင်းအောင်ထုတ်လုပ်ရန်လည်း တာဝန်ရှိပါသည်။ အရည်အသွေးထိန်းသိမ်းရန် တာဝန်ရှိပါသည်။ အရည်အသွေး ချို့ယွင်းချက်ကြောင့် ဆုံးရှုံးခြင်းက ပိုမို၍ အရင်းအနှီးကြီးပါသည်။ Discovery အာကာသယာဉ် ပျက်ကျခဲ့ရသည့်အကြောင်းအရင်းမှာ ငွေတန်ဖိုး ဒေါ်လာထောင်ဂဏန်းသာတန်ဖိုးရှိသောအစိတ်အပိုင်းတစ်ခုတွင် အရည်အသွေးမမီသည့် ပစ္စည်းတစ်ခုပါဝင်သွားသောကြောင့်ဖြစ်သည်ဟု နာဆာက သုံးသပ်ခဲ့ပါသည်။ မြင်းခွာတွင် သံတစ်ချက် လိုအပ်မှုကြောင့် စစ်ရှုံးရသည့် အဖြစ်မျိုးကိုလည်း ကျွန်တော်တို့ ကြားဖူးနားဝရှိပြီးဖြစ်ပါသည်။

ထို့အပြင် ယနေ့ခေတ်တွင်လည်း တိုယိုတာကုမ္ပဏီမှ ထုတ်လုပ်ပြီးကားများကို ကိရိယာတစ်ခု အဆင်မပြေမှုကြောင့် တိုယိုတာကားဝယ်ယူသူများအား တောင်းပန်ကာ ကားပေါင်းထောင်နှင့်ချီ၍ ဈေးကွက်ထဲမှ ပြန်သိမ်းဆည်းရသည်ကိုလည်း ကြားမိကြပါလိမ့်မည်။ ယင်းမှာ အရည်အသွေးမကောင်းသည့် ပစ္စည်းတစ်ခုကြောင့် ဈေးကွက်အတွင်း၊ ဝယ်ယူသူတိုယိုတာ ကားချစ်သူများလက်ဝယ်သို့ ကားတစ်စီးလုံးရောက်ရှိပြီးမှ ပြန်လည်သိမ်းဆည်းရခြင်းဖြစ်သဖြင့် တိုယိုတာကုမ္ပဏီအနေဖြင့် နာမည်ပျက်ခဲ့ရသော်လည်း အရည်အသွေးထိန်းသိမ်းသည်၊ အရည်အသွေးမကောင်းသောပစ္စည်းများကို မရောင်းဟူသော နာမည်ကောင်းကိုပြန်လည်ထိန်းသိမ်းခြင်းပင်ဖြစ်ပါသည်။ Marketing ပညာတွင် ကြားဖူးသည်မှာ ဖောက်သည်များ၊ စားသုံးသူများသည် ကုန်စည်ကို ဝယ်ယူခြင်း မဟုတ် အကျိုးကျေးဇူးသို့မဟုတ် အကျိုးအမြတ်ကို ဝယ်ယူခြင်းဖြစ်သည်ဟုဆိုပါသည်။

ကုန်စည်မှ ရရှိနိုင်သည့် အကျိုးကျေးဇူးမှာ ငွေကြေးအကျိုးအမြတ်သာမက အရည်အသွေးဆိုသော အကျိုးအမြတ်ပါ ပါဝင်နေပါသည်။ ထို့အပြင် ကုမ္ပဏီကြီးများသည် မိမိတို့ ကုန်ထုတ်လုပ်မှုရောင်းဝယ်မှုများ၌ ပုံသေပိုင်တန်ဖိုးများ တွက်ချက်ရာတွင် နာမည်ကောင်းဖြစ်သော မိမိတို့ ကုန်အမှတ်တံဆိပ်၊ မိမိတို့ အမည်နာမကျော်ကြားခြင်းတို့ကို များစွာတန်ဖိုးထားကြပါသည်။ အရည်အသွေးရှိသော ကုန်စည်ထုတ်လုပ်နိုင်မှုကို အလွန် အလေးထားကြပါသည်။ သို့ဖြစ်၍ ပိုင်ဆိုင်မှုတန်ဖိုးများ တွက်ချက်ရာတွင် Intangible Assets ဟု ဂုဏ်သတင်းနှင့် ဆိုင်သောတန်ဖိုးကို ထည့်သွင်းတန်ဖိုးဖြတ်ရပါသည်။ ယင်းနာမည်ဂုဏ်သတင်းဟူသည်မှာ အရည်အသွေးကောင်းကုန်စည်ကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချနိုင်ခြင်းဆိုသည့် ဂုဏ်သတင်းပင်ဖြစ်ပါသည်။ သို့ဖြစ်၍ အရည်အသွေးကောင်းကို ထုတ်လုပ်မည်သို့မဟုတ် ဝန်ဆောင်မှုဆိုင်ရာအရည်အသွေးကို ဆောင်ရွက်မည်ဆိုပါမှ အဖြစ်လုပ်၍ မရနိုင်ဘဲ အလုပ်ဖြစ်အောင်လုပ်ရလိမ့်မည်ဟု ထင်ပါသည်။ အလုပ်ဖြစ်ချင်လျှင် တကယ်ကောင်းအောင် ဆောင်ရွက်မှသာ အရည်အသွေးရှိသောလူသားနှင့် ထုတ်ကုန်များဖြင့် အရည်အသွေးရှိသော နိုင်ငံတော်ဖြစ်လာမည်ဟု ထင်ပါကြောင်း ........ ။

# အမျိုးသားပို့ကုန်မဟာဗျူဟာကို တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်မှုအခြေအနေများ

မြန်မာ့ပို့ကုန်များဖွံ့ဖြိုးတိုးတက်ရေး၊ ကမ္ဘာ့ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်မှု မြင့်မားလာရေးတို့အတွက် အမျိုးသားအဆင့်ပို့ကုန်မဟာဗျူဟာ (National Export Strategy- NES) ရေးဆွဲ အကောင်အထည်ဖော်ရေး လုပ်ငန်းစီမံချက်ကို နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာန (International Trade Centre -ITC) ၏ နည်းပညာအကူအညီဖြင့် (က)အကြိုညှိနှိုင်းဆွေးနွေးခြင်းအဆင့်၊ (ခ)အသေးစိတ် ညှိနှိုင်းခြင်းအဆင့်၊ (ဂ) မဟာဗျူဟာ ဒီဇိုင်းရေးဆွဲခြင်းအဆင့်၊ (ဃ) အကောင်အထည်ဖော်ခြင်းအဆင့်ဟူ၍ အဆင့်(၄)ဆင့်ခွဲ ဆောင်ရွက်လျက်ရှိသည်။

ပထမဆုံးအဆင့်ဖြစ်သည့် အကြိုညှိနှိုင်းဆွေးနွေးခြင်းနှင့် ဒုတိယအဆင့်ဖြစ်သည့် အသေးစိတ်ညှိနှိုင်းခြင်း အဆင့်တို့ကို ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလမှ ဧပြီလအတွင်း ဆောင်ရွက်ခဲ့သည်။ တတိယအဆင့် ဖြစ်သည့် မဟာဗျူဟာဒီဇိုင်းရေးဆွဲခြင်းအဆင့်တွင် သက်ဆိုင်ရာအစိုးရဌာနများနှင့် ပုဂ္ဂလိက ကဏ္ဍများမှ ကိုယ်စားလှယ်များပါဝင်၍ ရန်ကုန်မြို့နှင့်နေပြည်တော်တို့၌ ဆွေးနွေးပွဲ သုံးကြိမ်တိုင် ကျင်းပခဲ့ပြီးနောက် ပို့ကုန်မြှင့်တင်မည့်ဦးစားပေးကဏ္ဍများရွေးချယ်ခြင်း၊ မျှော်မှန်းချက်၊ မဟာဗျူဟာ ဦးတည်ချက် များ၊ လုပ်ငန်းဆိုင်ရာ ဦးတည်ချက်များနှင့် ဆောင်ရွက်မည့်လုပ်ငန်းများ ပါဝင်သည့် လုပ်ငန်းစီမံချက် များကို ၂၀၁၅ ခုနှစ် မှ ၂၀၁၉ ခုနှစ် အထိ (၅) နှစ်စီမံကိန်းအဖြစ် မဟာဗျူဟာ ဒီဇိုင်းရေးဆွဲခြင်းကို ၂၀၁၃ ခုနှစ်၊ မေလ မှ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလအထိ ဆောင်ရွက်ပြီးစီးခဲ့ပြီးနောက် အစိုးရအဖွဲ့ စီးပွားရေးရာကော်မတီ၏ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၅ ရက်တွင်ကျင်းပသည့်အမှတ်စဉ်(၃၅/၂၀၁၄) ကြိမ်မြောက် အစည်းအဝေးမှ မှတ်တမ်းတင် အတည်ပြုနိုင်ခဲ့သည်။

အမျိုးသားပို့ကုန်မဟာဗျူဟာတွင် ဦးစားပေးကဏ္ဍတစ်ရပ်အဖြစ်ပါဝင်သည့် ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၏တစ်စိတ်တစ်ဒေသအဖြစ်၊ ကယားပြည်နယ် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးစီမံကိန်းကို ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၂၆ရက်နေ့၌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် နယ်သာလန်နိုင်ငံရှိဖွံ့ဖြိုးဆဲနိုင်ငံများမှ သွင်းကုန်မြှင့်တင်ရေးဗဟို ဌာန (CBI) နှင့် နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာန (ITC) တို့ပူးပေါင်း အကောင်အထည်ဖော်ရန် Project Plan ကို လက်မှတ်ရေးထိုးခဲ့ကြပြီး၊ စီမံကိန်းကို ၂၀၁၄ ခုနှစ် စက်တင်ဘာလမှစ၍ ကယားပြည်နယ်တွင် နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာနမှ နည်းပညာအကူအညီဖြင့် အကောင်အထည်ဖော်လျက်ရှိရာ ၂၀၁၇ ခုနှစ်အထိ စီမံကိန်းကာလမှာ သုံးနှစ်ဖြစ်သည်။

အမျိုးသားပို့ကုန်မဟာဗျူဟာ၏ နောက်ဆုံးအဆင့်ဖြစ်သည့် အကောင်အထည်ဖော်ခြင်းအဆင့် စတင်သည့်အခမ်းအနားကို ၂၀၁၅ ခုနှစ်၊ မတ် ၂၅ ရက်တွင် နေပြည်တော်၊ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC - II) ၌ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်သည်။

အဆိုပါ အခမ်းအနားတွင် "မြန်မာနိုင်ငံ ဆီထွက်သီးနှံကဏ္ဍတန်ဖိုးကွင်းဆက်တစ်လျှောက် အစားအစာလုံခြုံစိတ်ချမှုရှိရေးနှင့် အပင်ပိုးမွှားရောဂါကင်းရှင်းရေးအစီအမံများ (SPS) ဖြင့် ပို့ကုန်ဝင်ငွေတိုးမြင့်လာစေရေးစီမံကိန်း" အား WTO လက်အောက်ခံအဖွဲ့ဖြစ်သည့် (စံချိန်စံညွှန်းနှင့် ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်စေရေးအဖွဲ့ Standard and Trade Development Facility- STDF) ၏ ထောက်ပံ့ကူညီမှုဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာနတို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ရန် သဘောတူညီချက်စာလွှာ (Letter of Intent-LOI) ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် နိုင်ငံတကာ ကုန်သွယ်မှုဗဟိုဌာနမှ Executive Director, Ms Arancha Gonzalez တို့ လက်မှတ်ရေးထိုးခဲ့ကြသည်။ အဆိုပါ ဆီထွက်သီးနှံကဏ္ဍ ဖွံ့ဖြိုးမှုအတွက် စီမံကိန်းအကောင်အထည်ဖော်နိုင်ရန် ဆက်လက်စီစဉ်ဆောင်ရွက်လျက်ရှိသည်။

အမျိုးသားပို့ကုန် မဟာဗျူဟာ အကောင်အထည်ဖော်စီမံခန့်ခွဲခြင်းလုပ်ငန်းများကို ကြီးကြပ် လမ်းညွှန်မှုပေးခြင်း၊ စောင့်ကြည့်အကဲဖြတ်ခြင်း၊ မြန်မာ့ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်စပ်နေ သော ကိစ္စရပ်များအားသုံးသပ်အကြံပြုခြင်း၊ ကြီးကြပ်လမ်းညွှန်ခြင်းဆိုင်ရာလုပ်ငန်းစဉ်များချမှတ်ရန် အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ကုန်သည်အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများစုစုပေါင်း ၄၀ ဦးပါဝင်သည့် မြန်မာ့ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၏ ပထမအကြိမ် အစည်းအဝေးကို ၂၀၁၅ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့တွင် နေပြည်တော်၊ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန -၂ တွင် ကျင်းပခဲ့သည်။ အမျိုးသားပို့ကုန်မဟာဗျူဟာ အကောင်အထည်ဖော်စီမံခန့်ခွဲမှုဆိုင်ရာ အဆင့်များစတင်နိုင်ရန်လုပ်ငန်းအဖွဲ့များ တွေ့ဆုံညှိနှိုင်းသည့် အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၅ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့မှ ၃၁ ရက်နေ့အထိ ရန်ကုန်မြို့ UMFCCI ၌ ကျင်းပခဲ့သည်။

ဆက်လက်၍ အမျိုးသားပို့ကုန်မဟာဗျူဟာ အကောင်အထည်ဖော်ရေးအတွက် ကဏ္ဍအလိုက် အသေးစိတ်ညှိနှိုင်းသည့် အစည်းအဝေးများကို ရန်ကုန်နှင့် နေပြည်တော်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ ၂၀၁၅ ခုနှစ်၊ မေလအတွင်း ကဏ္ဍအသီးသီး၏ သက်ဆိုင်ရာအစိုးရ၊ ပုဂ္ဂလိက ကဏ္ဍတို့မှ ကိုယ်စားလှယ်များပါဝင်သည့် အစည်းအဝေးများကို ကျင်းပခဲ့ရာ လုပ်ငန်းကော်မတီများဖွဲ့စည်းရေး၊ ဌာနနှင့်အဖွဲ့အစည်းများမှ လက်ရှိဆောင်ရွက်နေသည့် စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအချက်အလက်များကို ကောက်ယူ၍ (Strategy Implementation Management Tool - SIMT) ဝက်ဘ်ဆိုက်တွင် စာရင်းသွင်းခြင်းနှင့် ၂၀၁၅-၂၀၁၆ခုနှစ်နှင့် ၂၀၁၆-၂၀၁၇ ခုနှစ်တို့တွင် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများ/Project များကို ဆွေးနွေးအတည်ပြုချက်ရယူ၍ ရွေးချယ်ထားသည့် ဦးစားပေးကဏ္ဍများ အကောင်အထည်ဖော်နိုင်ရေးအတွက် နိုင်ငံတော်ဘတ်ဂျက်၊ ဖွံ့ဖြိုးမှုမိတ်ဖက်များ၏အကူအညီ၊ ပုဂ္ဂလိကကဏ္ဍတို့နှင့် ပူးပေါင်းဆောင်ရွက်မှု (Public-Private-Partnership)အစီအစဉ်တို့ဖြင့် အကောင်အထည်ဖော်နိုင်ရေးတို့ကို ညှိနှိုင်းခဲ့သည်။

သို့ပါ၍ မြန်မာ့ ပို့ကုန်များဖွံ့ဖြိုးတိုးတက်ရေး၊ ကမ္ဘာ့ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်မှု မြင့်မားလာရေးအတွက် အမျိုးသားပို့ကုန်မဟာဗျူဟာ စတင်အကောင်အထည်ဖော်ရာတွင် တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်နေမှုများအား တင်ပြလိုက်ရပါသည်။

**မြတ်မြတ်စိုးမိုး (DTPCA)**

# မြေသြဇာကော်မတီက စိုက်ပျိုးရေးလုပ်ကိုင်သူများနဲ့ မြေသြဇာလုပ်ငန်းလုပ်ကိုင်သူများ သိရှိစေရန် အသိပေးကြေညာချက်ထုတ်ပြန်

မြေသြဇာကော်မတီဟာ အရည်အသွေး ပြည့်ဝပြီး စံချိန်စံညွှန်းပြည့်မီတဲ့ မြေသြဇာများကို စိုက်ပျိုးရေး လုပ်ကိုင်သူများ သုံးစွဲနိုင်ရန် ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုများကို စနစ်တကျပြုလုပ်ပြီး မြေသြဇာမှတ်ပုံတင် လက်မှတ်များ ထုတ်ပေးလျက်ရှိပါတယ်။

ယခုအခါ ဈေးကွက်အတွင်း မြေသြဇာမှတ်ပုံတင် လက်မှတ်မရှိတဲ့ မြေသြဇာများ ရောင်းဝယ်ခြင်းများ ၊ မြေသြဇာဖြန့်ဖြူးရောင်းချခွင့်လိုင်စင်မရှိဘဲ ဖြန့်ဖြူးရောင်းချမှုများရှိနေကြောင်းနဲ့ အဆိုပါ မြေသြဇာများမှာ မြေသြဇာကော်မတီတွင် မှတ်ပုံတင်ထားခြင်း မရှိတဲ့အတွက် အရည်အသွေးနဲ့ စံချိန်စံညွှန်းပြည့်မီမှု အာမခံချက်မရှိကြောင်း အသိပေးထားပါတယ်။

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်တွင် ရောင်းချလျက်ရှိသည့် Merica(အဝါရောင်) နှင့် (အပြာရောင်) (စံချိန်စံညွှန်းဖော်ပြချက်၊ N≤ 12,P2O5 ≥ 25, K2O ≥ 3, N≤ 12, P2O5≥25, K2O≥3) နှင့် Fight in Dought (အိတ်ခွံအပြာ) (စံချိန်စံညွှန်းဖော်ပြချက်၊ N: 17,P2O2 5, K2O 13)၊ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်တွင် Crown အမှတ်တံဆိပ် မြေသြဇာ (စံချိန်စံညွှန်းဖော်ပြချက်၊ Gypsum 65, Bone Meal 5, Moisture 5 )နှင့် A1ပဒေသာမြေသြဇာ (စံချိန်စံညွှန်းဖော်ပြချက်၊ N 6.68, P2O5 3.14, K2 O 4.75, Ca 13.58, S 3.98, Mg 1.21) တို့သည် မြေသြဇာကော်မတီတွင် မှတ်ပုံတင်ထားခြင်းမရှိတဲ့အပြင် အရည်အသွေးနဲ့ စံချိန်စံညွှန်းများပြည့်မီခြင်းမရှိသဖြင့် ဝယ်ယူသုံးစွဲခြင်းမပြုရန်နဲ့ ရောင်းချသူများအနေဖြင့်လည်း ဆက်လက်ရောင်းချခြင်း မပြုလုပ်ရန် မြေသြဇာကော်မတီမှ အသိပေးကြေညာထားကြောင်း သိရပါတယ်။

ယင်းမြေသြဇာများကို ဝယ်ယူသုံးစွဲမိသူများမှာ သီးနှံအထွက်နှုန်းများ ထိခိုက်လျော့နည်းသကဲ့သို့ စီးပွားရေးတွက်ခြေမကိုက်ဘဲ ဆုံးရှုံးနစ်နာမှုများဖြစ်နိုင်သဖြင့် မြေသြဇာကော်မတီတွင် မှတ်ပုံတင်ထားသော မြေသြဇာများကိုသာ ဝယ်ယူသုံးစွဲရန် တိုက်တွန်းထားပါတယ်။

မြေသြဇာထုတ်လုပ်တင်သွင်းတဲ့ ကုမ္ပဏီ ၊ လုပ်ငန်းများ၊ မြေသြဇာရောင်းချတဲ့ အရောင်းဆိုင်များအနေနဲ့ မြေသြဇာကော်မတီတွင် မှတ်ပုံတင်ထားခြင်းမရှိတဲ့ မြေသြဇာများကို ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း ၊ ဖြန့်ဖြူးရောင်းချခြင်းများလုံးဝမပြုလုပ်ရန်နဲ့ လိုက်နာဆောင်ရွက်ခြင်းမရှိပါက မြေသြဇာဥပဒေ ပုဒ်မ ၃၁၊ ၃၂၊ ၃၃၊ ၃၄၊ ၃၅ တို့အရ အရေးယူသွားမယ်လို့ မြေသြဇာကော်မတီမှ အသိပေးကြေညာထားကြောင်း သတင်းရရှိပါတယ်။

**ဂန္ဓမာ**

# ကုန်သွယ်ရေးဦးစီးဌာန၊ နယ်စပ်ကုန်သွယ်ရေးစခန်းများ အမည်ပြင်ဆင်ပြောင်းလဲ သတ်မှတ်သုံးစွဲရန် ကုန်သွယ်ရေးဦးစီးဌာနမှ ထုတ်ပြန်

၂၀၁၅ ခုနှစ် ဧပြီလမှစတင်ပြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဌာနကြီးများကို ပြန်လည်ပြင်ဆင်ဖွဲ့စည်းထားပြီးဖြစ်ပါတယ်။ ယခင်က နယ်စပ်ကုန်သွယ်ရေးကိုသာ ဆောင်ရွက်နေသော နယ်စပ်ကုန်သွယ်ရေး ဦးစီးဌာနနဲ့ ယခင်ပင်လယ်ရေကြောင်း၊ လေကြောင်းကုန်သွယ်ရေးကို ဆောင်ရွက်ပေးသော ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့အားပူးပေါင်းပြီး ကုန်သွယ်ရေးဦးစီးဌာန အဖြစ် ပြင်ဆင်ဖွဲ့စည်းထားပါတယ်။

သို့ပါ၍ ယခင်နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနလက်အောက်ရှိ နယ်စပ်ကုန်သွယ်ရေးစခန်းများရဲ့ အမည်များကိုလည်း အမည်ပြင်ဆင်ပြောင်းလဲသတ်မှတ်ပေးထားပြီးဖြစ်ကြောင်းနဲ့ နိုင်ငံတကာနဲ့ ပြောဆိုဆွေးနွေးရာမှာ နယ်စပ်ကုန်သွယ်မှု၊ နယ်စပ်ကုန်သွယ်ရေးဆိုလိုက်လျှင် နှစ်နိုင်ငံနယ်စပ်ဒေသနေ ပြည်သူအချင်းချင်း အပြန်အလှန် ရောင်းဝယ်မှုအဆင့်ဟု နားလည်သဘောပေါက်ပြီး ငွေပေးငွေယူဘဏ်စနစ် မလိုအပ်ဘူးလို့ နားလည်နေကြတဲ့အတွက် နယ်စပ်ကုန်သွယ်ရေးစခန်းများ (Border Trade Post)လို့ ခေါ်ဝေါ်နေခြင်းအား ကုန်သွယ်ရေးစခန်း(Trade Post ) များအဖြစ် ဇူလိုင်လ ၁၁ ရက်နေ့မှ စတင်ပြောင်းလဲ ပြင်ဆင်သတ်မှတ်ထားကြောင်း ကုန်သွယ်ရေးဦးစီးဌာန နယ်ရုံးများဌာနခွဲမှ Commerce Journal ကို သတင်းပေးလာပါတယ်။

လက်ရှိမှာ နယ်စပ်ဒေသများမှာ ဖွင့်လှစ်ထားတဲ့ ကုန်သွယ်ရေးဇုန်နှစ်ခု၊ ကုန်သွယ်ရေးစခန်း ၁၅ ခု၊ ပို့ကုန်သွင်းကုန်ရုံးလေးခု စုစုပေါင်း ၂၁ ခုရှိပါတယ်။ကုန်သွယ်ရေးဇုန်နှစ်ခုကတော့ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်နဲ့ မြဝတီကုန်သွယ်ရေးဇုန်တို့ဖြစ်ကြပါတယ်။ ကုန်သွယ်ရေးစခန်း ၁၅ ခုကတော့ လွယ်ဂျယ်၊ ချင်းရွှေဟော်၊ ကန်ပိုက်တီး၊ တာချီလိတ်၊ထီးခီး၊မော့တောင်၊ မြိတ်၊ ကော့သောင်း၊ မယ်စဲ့၊ စစ်တွေ၊ မောင်တော၊ တမူး၊ ရိဒ်၊ ထန်တလန်နှင့် ကျိုင်းလပ်တို့ဖြစ်ကြပြီး ပို့ကုန်သွင်းကုန်ရုံး လေးခုကတော့ ရန်ကုန်၊မန္တလေး၊ကျိုင်းတုံနဲ့မြစ်ကြီးနားတို့ အသီးသီး ဖြစ်ကြပါတယ်။

**MIRT**

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၂၀–၇– ၂၀၁၅)

ခင်မောင်မောင်အုန်း

## ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲကို အိန္ဒိယဝယ်လိုအား ပုံမှန်ရှိပေမယ့် ရောင်းအားနည်း

ဘုရင့်နောင်ဈေးကွက်မှာ ဒီတစ်ပတ်မတ်ပဲ (RC) ကို အိန္ဒိယဘက်မှ တစ်တန်ကို ၁၃၇၈၀၀၀ ကျပ်ဈေးဖြင့် ဈေးဖွင့်အဝယ်ရှိခဲ့ပေမယ့် ရောင်းသူကုန်သည်များက ဈေးကွက်မျှော်လင့်ချက်ဖြင့် အရောင်းနည်းခဲ့ကြောင်း ဈေးကွက်အတွင်းမှသိရပါတယ်။ မတ်ပဲအနေဖြင့် ရောင်းသူကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန်နည်းနေတာကြောင့် ဈေးကွက်အခြေအနေကို စောင့်ကြည့်ပြီးမှ ရောင်းရေးဝယ်တာလုပ်နေကြောင်း သိရပါတယ်။ ပဲစင်းငုံနီကိုတော့ အိန္ဒိယဘက်မှဈေးဖွင့် အဝယ်မရှိတာကြောင့် ဈေးကွက်မှာ အရောင်းအဝယ်ပါးနေကြောင်း သိရပါတယ်။

## ပခုက္ကူဈေးကွက်မှာ ပဲစင်းငုံနီနဲ့ ကုလားပဲ ပုံမှန်အရောင်းအဝယ်ဖြစ်

ပခုက္ကူဈေးကွက်မှာ ဒီတစ်ပတ်ပဲစင်းငုံနီအနေဖြင့် ကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန်နည်းနေပေမယ့် ရန်ကုန်ဝယ်လက်ကတော့ ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၂၁၀၀ ကျပ် (တစ်တန်ကို ၁၂၈၆၀၁၉ ကျပ်) ဈေးဖြင့် နေ့စဉ် အိတ် ၁၀၀ ခန့်သာဖြစ်ခဲ့ကြောင်း သိရပါတယ်။ ဒါ့အပြင် ကုလားပဲဖြူလုံးကြီးကို မြို့ခံပဲခွဲစက်များနှင့် နယ်စုံမှ ပဲခွဲစက်များက တစ်ပိဿာကို ၁၂၁၀ ကျပ်(တစ်တန်ကို ၇၄၀၉၉၁ ကျပ်) ဈေးဖြင့် ဝယ်လိုအားများခဲ့ကြောင်း သိရပါတယ်။

## တောင်ကြီးဈေးကွက်မှာ ပြောင်းကို ရန်ကုန်-မန္တလေးနှင့် မူဆယ် ပုံမှန်အဝယ်ရှိ


တောင်ကြီးဈေးကွက်မှာ ဒီတစ်ပတ်ပြောင်းသီးနှံအနေဖြင့် ရောင်းသူကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန်လျော့လာပေမယ့် ရန်ကုန်-မန္တလေးနှင့် မူဆယ်ဝယ်လက်ကတော့ ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၄၇၅ ကျပ်ဈေးဖြင့် တစ်ရက်ကို ပိဿာချိန် ငါးသောင်းခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ လက်ကျန်ပြောင်းကတော့ လှောင်လက်တွေထံမှာ ပစ္စည်းနည်းနေပြီး နောက်ထွက်မယ့်ပြောင်း(သစ်)ကတော့ ဩဂုတ်လမှာ ဝင်ရောက်ဖွယ်ရှိကြောင်း တောင်ကြီးအခြေစိုက်ပြောင်းကုန်သည်တစ်ဦးကပြောကြောင်း သိရပါတယ်။

## မူဆယ်ဈေးကွက်မှာ ပြောင်းအဝင်ပါး အရောင်းအဝယ်အေး

မူဆယ်ဈေးကွက်မှာ နယ်စုံမှ ပြောင်းဝင်ရောက်မှုက တစ်ပတ်အတွင်း တန် ၈၉၀၀ ခန့်သာဝင်ရောက်ခဲ့လို့ အဝင်ပမာဏလျော့ကျ သွားတယ်လို့ ဆိုရမှာပါ။ တရုတ်ဘက်မှာလည်း ဆန်ကားဖမ်းဆီးရင်းနဲ့ ပြောင်းကားတွေပါ ဖမ်းဆီးမှုတွေရှိတာကြောင့် ဝယ်လက်တွေအနေနဲ့ ဝယ်လိုအားလျော့ကျသွားကြောင်း သိရပါတယ်။ အရောင်းအဝယ်ဖြစ်မှုက ၅၀ ကီလိုတစ်အိတ်ကို အနိမ့်ဆုံး ၉၉ ယွမ်မှ အမြင့်ဆုံး ၁၀၂ ယွမ်ကြား အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## မုံရွာဈေးကွက်မှာ ပဲတီစိမ်းကို မန္တလေးအဝယ်နည်း၊ ကုလားပဲအုပ်စု ပုံမှန်အရောင်းအဝယ်ဖြစ်

မုံရွာဈေးကွက်မှာ ဒီတစ်ပတ် ပဲတီစိမ်းကြီး(ထိပ်စ)ကို မန္တလေးဝယ်လက်က အရည်အသွေးကောင်းလို့ ဈေးပေးအဝယ်ရှိတာကြောင့် ဈေးမြင့်လာပြီး တစ်ပိဿာကို ၂၀၄၂ ကျပ် (တစ်တန်ကို ၁၂၅၀၅၀၀ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၃၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီးနှင့် ကုလားပဲ (ထိုင်ဝမ်) ကို မြို့ခံပဲခွဲစက်များက ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် ကုလားပဲဖြူလုံးကြီး တစ်ပိဿာ ၁၂၃၂ ကျပ် (တစ်တန်ကို ၇၅၄၄၆၄ ကျပ်)၊ ကုလားပဲ(ထိုင်ဝမ်)တစ်ပိဿာ ၁၃၀၅ ကျပ်(တစ်တန်ကို ၇၉၉၁၆၈ ကျပ်)ဈေးဖြင့် နှစ်မျိုးပေါင်း တစ်ရက်ကို အိတ် ၆၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။



## မန္တလေးဈေးကွက်မှာ ပဲမျိုးစုံပုံမှန်အရောင်းအဝယ်ဖြစ်

မန္တလေးဈေးကွက်မှာ ဒီတစ်ပတ်မတ်ပဲကို ရန်ကုန်ဝယ်လက်နဲ့ မြို့ခံပဲခွဲစက်တွေက ဝယ်လိုအားပုံမှန်ရှိပေမယ့် ရောင်းသူကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန်နည်းနေကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၂၂၅၀ ကျပ် (တစ်တန်ကို ၁၃၇၇၈၇၇ ကျပ်) ဈေးဖြင့် တစ်ရက်ကိုအိတ် ၇၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကတော့ လှောင်လက်ကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန် နည်းနေပေမယ့် ဈေးအနည်းငယ်ပြန်ကောင်းလာလို့ ရောင်းသူကုန်သည်များ အရောင်းများခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၂၁၃၃ ကျပ် (တစ်တန်ကို ၁၃၀၆၂၂၇ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၆၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းကြီးအနေဖြင့် နယ်စုံမှ ပုံမှန်အဝင်ရှိသလို ပစ္စည်းအနေဖြင့် အရည်အသွေးလည်းကောင်း၊ အလုံးလည်းလှတာကြောင့် ဈေးကောင်းရပြီး တစ်ပိဿာကို ၂၀၉၈ ကျပ် (တစ်တန်ကို ၁၂၈၄၇၉၄ ကျပ်) ဈေးဖြင့် နေ့စဉ်အိတ် ၁၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ အရည်အသွေး အသင့်အတင့်သာရှိတဲ့ ပဲတီစိမ်းတွေကိုတော့ မြို့ခံပဲခွဲစက်တွေက တစ်ပိဿာကို ၁၇၇၈ ကျပ်ဈေးဖြင့် တစ်ရက်ကို အိတ် ၇၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါ တယ်။

## မကွေးဈေးကွက်မှာ ကုလားပဲကို ပဲခွဲစက်တွေ ဝယ်လိုအားပုံမှန်ရှိ နှမ်းဖြူနှင့် နှမ်းနီ ဝယ်လိုအားများလာ

မကွေးဈေးကွက်မှာ ဒီတစ်ပတ်ကုလားပဲ (ထိုင်ဝမ်)ကို ပဲခွဲစက်တွေက ဝယ်လိုအားပုံမှန်ရှိတာကြောင့် ဈေးအနည်းငယ်မြင့်လာပြီး တစ်ပိဿာကို ၁၃၄၂ ကျပ်(တစ်တန်ကို ၈၂၁၈၂၇ ကျပ်) ဈေးဖြင့် တစ်ရက်ကိုအိတ် ၂၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ နှမ်းလှော်လုပ်ငန်းရှင်များက နှမ်းဖြူ(ထိပ်စ)နဲ့ (ပုံမှန်စ)ကို ဝယ်လိုအားများခဲ့ကြောင်း၊ အရောင်းအဝယ်အနေဖြင့် နှမ်းဖြူ(ထိပ်စ) တစ်ပိဿာ ၂၃၅၆ ကျပ်၊ နှမ်းဖြူ(ပုံမှန်စ)တစ်ပိဿာ ၂၂၄၄ ကျပ်ဈေးဖြင့် တစ်ရက်ကိုအိတ် ၅၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ ကြောင်းသိရပါတယ်။ မြို့ခံဆီစက်များကတော့ နှမ်းနီကို တစ်ပိဿာ ၂၀၄၄ ကျပ်ဈေးဖြင့် ဝယ်လိုအားပုံမှန်ရှိပေမယ့် ဈေးကွက်သို့ ပစ္စည်းဝင်ရောက်မှုနည်းခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

## ဟင်္သာတဈေးကွက်မှာ မတ်ပဲနှင့် ပြောင်း ပုံမှန်အရောင်းအဝယ်ဖြစ်

ဟင်္သာတဈေးကွက်မှာ ဒီတစ်ပတ်မတ်ပဲ(Raw) ကို အိန္ဒိယအတွက်အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က ဝယ်လိုအားဆက်တိုက်ရှိပေမယ့် ရောင်းသူကုန်သည်တွေထံမှာတော့ ပစ္စည်းလက်ကျန် နည်းနေကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၂၁၅၀ ကျပ် (တစ်တန်ကို ၁၃၁၆၆၃၈ ကျပ်)ဈေးဖြင့် တစ်ရက်ကို အိတ် ၁၀၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ဒေသထွက်ပြောင်းသီးနှံကိုတော့ ရန်ကုန်ဝယ်လက်က တစ်ပိဿာကို ၄၄၀ ကျပ်ဈေးဖြင့် တစ်ရက်ကို အိတ် ၂၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှသိရပါတယ်။

## လားရှိုးဈေးကွက်မှာ ပြောင်းကို တရုတ်ဝယ်လိုအားလျော့

လားရှိုးဈေးကွက်မှာ ဒီတစ်ပတ်ဒေသထွက်ပြောင်းသီးနှံကို တရုတ်ဘက်မှာ အဖမ်းအဆီးတချို့ရှိတာကြောင့် ဝယ်လက်တွေက အဝယ်လျော့လာကြောင်း သိရပါတယ်။ လက်ရှိအရောင်းအဝယ်ဖြစ်တဲ့ဈေးက တစ်ပိဿာ ၄၈၀ ကျပ်ဈေးဖြင့် တစ်ပတ်အတွင်း ပိဿာချိန် ၁၀ သိန်းခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## ပြည်ဈေးကွက်မှာ မတ်ပဲကို ရန်ကုန်ဈေးပေးအဝယ်ရှိ ကုလားပဲကို ပဲခွဲစက်တွေ ဝယ်လိုအားပုံမှန်ရှိ

ပြည်ဈေးကွက်မှာ ဒီတစ်ပတ်မတ်ပဲ (Raw) ကို Export အတွက် အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က ဈေးပေးအဝယ်ရှိသလို ဝယ်လိုအားပါများလာတာကြောင့် ဈေးအနည်းငယ်မြင့်လာပြီး တစ်ပိဿာ ၂၁၆၀ ကျပ် (တစ်တန်ကို ၁၃၂၂၇၆၂ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှုများခဲ့ကြောင်း သိရပါတယ်။ ကုလားပဲ (ထိုင်ဝမ်)ကို မြို့ခံပဲခွဲစက်များက ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၁၃၂၅ ကျပ် (တစ်တန်ကို ၈၁၁၄၁၆ ကျပ်)ဈေးဖြင့် တစ်ရက်ကို အိတ် ၅၀၀ ခန့်အရောင်း အဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။



## ရေစကြိုဈေးကွက်မှာ ကုလားပဲနှင့် ပြောင်း ပုံမှန်အရောင်းအဝယ်ရှိ

ရေစကြိုဈေးကွက်တွင် ဒီတစ်ပတ်ကုလားပဲ (ထိုင်ဝမ်)ကို ပဲခွဲစက်များက ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၁၂၉၀ ကျပ် (တစ်တန်ကို ၇၈၉၉၈၃ ကျပ်) ဈေးဖြင့် တစ်ရက်ကိုအိတ် ၂၅၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပြောင်းသီးနှံကတော့ ရန်ကုန်-မန္တလေးဝယ်လက်က တစ်ပိဿာကို ၅၀၀ ကျပ်ဈေးဖြင့် ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။

## အောင်လံဈေးကွက်မှာ ပဲတီစိမ်း(သစ်)အနည်းငယ်ဝင် ပဲစင်းငုံနီကို ရန်ကုန်ဝယ်လိုအားများ

အောင်လံဈေးကွက်မှာ ဒီတစ်ပတ်နယ်စုံမှ ပဲတီစိမ်း(သစ်)တွေ အနည်းငယ်ဝင်ရောက်လာသလို တရုတ်အတွက် အဓိကဝယ်ယူနေတဲ့ မန္တလေးဝယ်လက်က တစ်ပိဿာကို ၁၈၅၀ ကျပ် (တစ်တန်ကို ၁၁၃၂၉၂၁ ကျပ်)ဈေးဖြင့် ဈေးဖွင့်အဝယ်ရှိခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကိုတော့ Export အတွက် အဓိကဝယ်ယူနေတဲ့ ရန်ကုန် ဝယ်လက်က တစ်ပိဿာကို ၂၁၀၀ ကျပ်(တစ်တန်ကို ၁၂၈၆၀၁၉ ကျပ်)ဈေးဖြင့် တစ်ရက်ကို အိတ် ၂၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ဒေသထွက်သိပ္ပံနှမ်းနက်ကို မန္တလေးဝယ်လက်က တစ်ပိဿာကို ၄၀၄၄ ကျပ်ဈေးဖြင့် တစ်ရက်ကိုအိတ် ၁၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

# တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် စတုတ္ထအကြိမ်မြောက် ပေကျင်းအပြည်ပြည်ဆိုင်ရာ ခရီးသွားအသုံးအဆောင်ပြပွဲ ကျင်းပမည်

ပေကျင်းခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကော်မတီမှ ကြီးမှူး၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ပေကျင်းမြို့ရှိ China International Exhibition Centre တွင် စတုတ္ထအကြိမ်မြောက် ပေကျင်းအပြည်ပြည်ဆိုင်ရာ ခရီးသွားအသုံးအဆောင်ပြပွဲ (The 4th Beijing International Tourism Commodities Fair -BITCF) ကုန်စည်ပြပွဲကို အောက်တိုဘာလ ၂၄ ရက်နေ့ မှ ၂၆ ရက်နေ့အထိကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ကမ္ဘာပေါ်တွင် ပြည်ပ ခရီးသွားရောက်မှုအများဆုံးနိုင်ငံဖြစ်လာပြီး အပြည်ပြည်ဆိုင်ရာ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုအတွက် မောင်းနှင်အားတစ်ရပ် ဖြစ်ပါသည်။

၂၀၁၂ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ပြည်ပခရီးသွားနှုန်းသည် ဂျာမနီနှင့် အမေရိကန်နိုင်ငံတို့ထက် ကျော်လွန်၍ ပထမအဆင့်သို့ရောက်ရှိခဲ့ပါသည်။ BITCF ပြပွဲကို ခရီးသွားလာရာတွင် အထောက်အကူဖြစ်စေသော အသုံးအဆောင်များအား နိုင်ငံအသီးသီးမှ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ပြသနိုင်ရေးအတွက် ကျင်းပခြင်းဖြစ်ပါသည်။ တတိယအကြိမ် မြောက်ကျင်းပသည့် BITCF ပြပွဲတွင် နိုင်ငံနှင့်ဒေသပေါင်း ၂၈ ခုမှ ပါဝင်ပြသသူ ၈၀ ကျော်ရှိခဲ့ပါသည်။

ယခုကျင်းပမည့် စတုတ္ထအကြိမ်မြောက် BITCF ပြပွဲတွင် အာရှ-ပစိဖိတ်နိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးသော ပူးပေါင်းဆောင်ရွက်မှုကို အခြေခံ၍ ပြည်ပအရင်းအမြစ်များ ပိုမိုတိုးချဲ့ကာ ဥရောပ၊ အမေရိကနိုင်ငံ များနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

စိတ်ပါဝင်စားသည့် မြန်မာနိုင်ငံစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ကုန်စည်ပြပွဲနှင့် ကုန်သွယ်မှုဗဟိုဌာနများဌာနခွဲ၊ မြန်မာကုန်သွယ်မှုဗဟိုဌာနနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်သို့ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း သတင်းရရှိပါသည်။

**ဥမ္မာကြူ(ကုန်စည်ပြပွဲ)**

# အိန္ဒိယနိုင်ငံတွင် Confederation of Indian Industry (CII) ၏ 4th Invest North အစည်းအဝေးကျင်းပမည်

အိန္ဒိယနိုင်ငံတွင် Confederation of Indian Industry (CII) မှ ကြီးမှူးကျင်းပသည့် 4th Invest North အစည်းအဝေးကို အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့တွင် စက်တင်ဘာ ၁၀ ရက်နေ့မှ ၁၁ ရက်နေ့အထိ ကျင်းပမည်ဖြစ် ကြောင်း သတင်းရရှိပါသည်။

အဆိုပါ Confederation of Indian Industry (CII) ၏ 4th Invest North အစည်းအဝေးသည် စီးပွားရေးနှင့်ကုန်သွယ်ရေးများတိုးမြှင့်လာစေရန် ရည်ရွယ်၍ နှစ်စဉ်ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ အစည်းအဝေးတစ်ခုဖြစ်ပါ သည်။ အိန္ဒိယနိုင်ငံမြောက်ပိုင်းရှိ ပြည်နယ်အစိုးရများနှင့် နိုင်ငံပေါင်း ၂၅ နိုင်ငံကျော်မှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်မည်ဖြစ်ပြီး စီးပွားရေးလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းရှင်များအကြား B2G အစည်းအဝေးများနှင့် ပြည်နယ်အစိုးရများနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအကြား အပြန်အလှန်ဆွေးနွေးမှုများ ပြုလုပ်နိုင်သည့် အစည်းအဝေးတစ်ခုလည်း ဖြစ်ပါသည်။

အဆိုပါ အစည်းအဝေးသို့ တက်ရောက်သူများအနေဖြင့် စီးပွားရေးဆိုင်ရာ စေ့စပ်ညှိနှိုင်းမှုများ တိုးမြှင့်နိုင်ခြင်း၊ အိန္ဒိယနိုင်ငံ မြောက်ပိုင်းပြည်နယ်များမှ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများကို သိရှိနိုင်ခြင်း၊ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လွယ်ကူစေပြီး အဓိကကျသော ကနဦးဆောင်ရွက်မှုများကို မျှဝေရရှိနိုင်ခြင်း၊ နားလည်မှု စာချွန်လွှာများနှင့် အစုစပ်လုပ်ငန်းများ လက်မှတ်ရေးထိုးနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိစေနိုင်မည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

**ဥမ္မာကြူ (ကုန်စည်ပြပွဲ)**

# မကာအိုတွင် တတိယအကြိမ်မြောက် ၂၀၁၅ မကာအိုအပြည်ပြည်ဆိုင်ရာ ခရီးသွားသုံး ကုန်စည်ပြပွဲကျင်းပမည်

တတိယအကြိမ်မြောက် ၂၀၁၅ မကာအို အပြည် ပြည်ဆိုင်ရာ ခရီးသွားသုံးကုန်စည်ပြပွဲကို မကာအိုရှိ Venetian Macao Convention and Exhibition Center Hall တွင် အောက်တိုဘာလ ၁၃ ရက်နေ့မှ ၁၅ ရက်နေ့အထိ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

တတိယအကြိမ်မြောက် ၂၀၁၅ မကာအို အပြည်ပြည်ဆိုင်ရာခရီးသွားသုံးကုန်စည်ပြပွဲကို တရုတ်အမျိုးသားခရီးသွားစီမံခန့်ခွဲမှုဌာန၊ ဆက်သွယ်ရေးရုံး၏ စီးပွားရေးဦးစီးဌာန၊ မကာအိုအစိုးရ ခရီးသွားလာရေးရုံး၊ မကာအို ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတိုးတက်ရေးဌာန၊ ကွမ်တုံပြည်နယ် ခရီးသွားလာရေးဗျူရို စသည်တို့၏ အထောက်အပံ့ဖြင့် ကျင်းပသွားမည်ဖြစ်ပါသည်။

အဆိုပါ ပြပွဲတွင် Tourism Finance, Travel agencies and hotels, Scenic spots, Tourism e-commerce, Transportation, Tourism media, Tourism supplies, Tourism estate နှင့် Tourism organizations & Associations ကဲ့သို့သော ခရီးသွားလာရေးနှင့်သက်ဆိုင်သည့် ကဏ္ဍများကို ပြသသွားမည် ဖြစ်ပါသည်။

စိတ်ပါဝင်စားသည့် မြန်မာနိုင်ငံ စီးပွားရေး လုပ်ငန်းရှင်များအနေဖြင့် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ကုန်စည်ပြပွဲနှင့် ကုန်သွယ်မှု ဗဟိုဌာနများဌာနခွဲ၊ မြန်မာကုန်သွယ်မှုဗဟိုဌာနနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်သို့ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း သတင်းရရှိပါသည်။

**ဥမ္မာကြူ (ကုန်စည်ပြပွဲ)**

# ကိုရီးယားသမ္မတနိုင်ငံတွင် နိုင်ငံတကာ စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများပြပွဲ (2015 International Agriculture Exhibition -IAE) ပြသမည်

ကိုရီးယားသမ္မတနိုင်ငံ၊ Jeollanam-do ပြည်နယ်၊ Naju-si မြို့ရှိ Jeollanam-do Agricultural Research & Extension Services တွင် ပြည်နယ်အစိုးရမှကြီးမှူး၍ ၂၀၁၅ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့မှ နိုဝင်ဘာလ ၁ ရက်နေ့အထိ နိုင်ငံတကာစိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများပြပွဲ (2015 International Agriculture Exhibition – 2015 IAE) ကို ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သတင်းရ ရှိပါသည်။

အဆိုပါနိုင်ငံ တကာစိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများပြပွဲတွင် နိုင်ငံပေါင်း ၃၀ မှ ကုမ္ပဏီပေါင်း ၃၅၀ ခန့် ပါဝင်ခင်းကျင်းပြသမည်ဖြစ်ပါသည်။ International Business Days အဖြစ် အောက်တိုဘာလ ၁၅ ရက်နေ့မှ ၁၉ ရက်နေ့အထိ ၅ ရက်ကြာသတ်မှတ်ထားပါကြောင်းနှင့် စိတ်ပါဝင်စားသည့် မြန်မာနိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ကုန်စည်ပြပွဲနှင့် ကုန်သွယ်မှုဗဟိုဌာနများဌာနခွဲ၊ မြန်မာကုန်သွယ်မှုဗဟိုဌာနနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်သို့ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း သတင်းရရှိပါသည်။

**ဥမ္မာကြူ (ကုန်စည်ပြပွဲ)**

# မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အော်တိုတယ်လီဖုန်းတပ်ဆင်ခများကို ဇူလိုင် ၁၅ ရက်မှစတင်၍ ထက်ဝက်လျှော့ချပေးကာ တပ်ဆင်ပေးပြီ

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် ဇူလိုင် ၁၅ ရက်နေ့မှစတင်၍ အော်တိုတယ်လီဖုန်းတပ်ဆင်ခများကို ယခင်က ကျပ်ခြောက်သိန်းခွဲဖြင့် တပ်ဆင်ပေးခဲ့သော်လည်း ယခုအခါတွင် ကျပ် ၃၂၅၀၀၀ သို့လျှော့ချ၍ တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ထုတ်ပြန်ကြေညာခဲ့သည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် ကြိုးဖုန်းများကို အိမ်သုံးအဖြစ်သာမက စီးပွားရေးလုပ်ငန်းသုံးများအတွက်ပါ ပိုမိုတွင်ကျယ်စွာအသုံးပြုနိုင်ရန်ရည်ရွယ်၍ လုပ်ဆောင်ပေးခြင်းဖြစ်ကြောင်း သိရသည်။




စီးပွားရေးလုပ်ငန်းများနှင့် ADSL အင်တာနက်လိုင်းများကို သုံးစွဲနိုင်ရန်အတွက် လိုင်းဖုန်းများပိုမိုလိုအပ်လျက်ရှိသည်။ လိုင်းဖုန်းတပ်ဆင်ခများကို ယခုကဲ့သို့ လျှော့ချပေးခြင်းဖြင့် အိမ်သုံးအတွက်သာမက စီးပွားရေးလုပ်ငန်းများတွင်ပါ လိုင်းဖုန်းသုံးစွဲမှုများ ပိုမိုများပြားလာနိုင်မည်ဟု မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် ယုံကြည်ပါကြောင်းဖြင့် အဆိုပါကြေညာချက်တွင်ထည့်သွင်းဖော်ပြထားသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် ဂျပန်နိုင်ငံ KIDD ကော်ပိုရေးရှင်း၊ Sumitomo ကော်ပိုရေးရှင်းတို့နှင့် လုပ်ငန်းစပ်တူပူးပေါင်းရန် ၂၀၁၄ ခုနှစ် ဇူလိုင်လအတွင်းကသဘောတူလက်မှတ်များရေးထိုးခဲ့ကြပြီး ကွန်ရက်များတိုးချဲ့ခြင်း၊ အရည်အသွေးမြင့် ဆက်သွယ်မှုကွန်ရက်များ တိုးချဲ့ခြင်းတို့ကို လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**မယ်သီတာ**

## အိန္ဒိယနယ်စပ်မှ ဝယ်လိုအားများ၍ ကွမ်းသီးဈေးတက်

မြန်မာ-အိန္ဒိယ နယ်စပ်ဖြစ်တဲ့ တမူးနဲ့ ရိဒ်ကုန်သွယ်ရေးစခန်းများမှ ပြည်တွင်းမှ ကွမ်းသီးများကို တစ်ဖက်နိုင်ငံသို့ တင်ပို့ရာမှာ ယခင်နှစ်များထက် ဝယ်ယူမှုပိုများလာတဲ့အတွက် ယခုရက်ပိုင်းအတွင်း ကလေးနဲ့ မုံရွာဒေသများတွင် ကွမ်းသီးဈေးနှုန်းများ စံချိန်တင်မြင့်တက်လျက်ရှိကြောင်း သိရပါတယ်။ အိန္ဒိယနယ်စပ်မှ ဇူလိုင်လ ၄ ရက်မှ ၁၀ ရက်ထိကာလအတွင်းမှာ ကွမ်းသီး တန် ၆၀၀ နီးပါး၊ တန်ဖိုးကန်ဒေါ်လာ သုည ဒသမ ၅ သန်းဖိုးခန့် တင်ပို့နိုင်ပြီး ယခင်တစ်ပတ်ထက် တန် ၂၀၀ ကျော် ပိုမိုတင်ပို့လာနိုင်တာ တွေ့ရပါတယ်။ ယခုရက်ပိုင်းအတွင်း တမူးနဲ့ ရိဒ်နယ်စပ်သို့သွားတဲ့ ကားအားလုံးရဲ့ အသွားကုန်အဖြစ် ကွမ်းသီးအိတ်တွေတင်တာများ တယ်။ အရောင်းအဝယ်ပိုဖြစ်တာကတော့ ရိဒ်နယ်စပ်ကပိုဖြစ်တယ်။ ရိဒ်နယ်စပ်မှ ကွမ်းသီးကို အဓိက တင်ပို့ရတာ ဖြစ်တယ်။ တမူးနယ်စပ်ကတော့ တစ်ဖက်နိုင်ငံအခြေအနေကြောင့် အရောင်းအဝယ်ကပုံမှန်ပါပဲ။ ပြီးခဲ့တဲ့နှစ်ကတော့ ရာသီချိန်လောက်ပဲ အရောင်းအဝယ်ဖြစ်တယ်။ ဒီနှစ်ကတော့ တစ်နှစ်လုံး အရောင်းအဝယ်ဖြစ်တာပါ”လို့ တမူးမြို့မှ ကွမ်းသီးပွဲရုံပိုင်ရှင် တစ်ဦးကပြောပါတယ်။

တမူးနဲ့ ရိဒ်နယ်စပ်ကို တင်ပို့ရောင်းချ နေတဲ့ ကွမ်းသီးများမှာ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်း၊ မြိတ်၊ ထားဝယ်နဲ့ တောင်ငူ ဒေသများမှ တင်ပို့ရောင်းချနေသော ကွမ်းသီးများဖြစ်ပြီး ဈေးကွက်တွင် မြိတ်ဒေသနဲ့ ထားဝယ်ဒေသထွက် ကွမ်းသီးများမှာ ဈေးအမြင့်ဆုံးဖြစ်ကြောင်း ကွမ်းသီးပွဲရုံပိုင်ရှင် တစ်ဦးကပြောပါတယ်။ ယခုရက်ပိုင်း ဇူလိုင် ၁၃ ရက်တွင် မြန်မာ-အိန္ဒိယနယ်စပ် ငွေလဲနှုန်းမှာ အိန္ဒိယ ရူပီး ၁၀၀ လျှင် မြန်မာငွေကျပ် ၁၈၁၅ ကျပ်ဖြစ်နေရာ ကွမ်းသီးဈေးမှာ ဆက်လက်မြင့်တက်နိုင်ကြောင်း သိရပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် တမူးနယ်စပ်မှ ကွမ်းသီးတန်ချိန် ၂၉၀၀၀ ကျော် တန်ဖိုး ကန်ဒေါ်လာ ၃၂ ဒသမ ၁၁၅ သန်းထိရရှိခဲ့ပြီး ပို့ကုန်တန်ဖိုးရဲ့ ၇၀ ရာခိုင်နှုန်းမှာ ကွမ်းသီးတင်ပို့မှုမှ ဖြစ်ကြောင်းသိရပါတယ်။

**ခင်မိုးသူ**

## ခေါက်ဆွဲခြောက် ဂျပ်ဖာများအဖြစ် တင်ဆောင်လာတဲ့ တမလန်းသစ်များ လရ -၁ မှ စစ်ဆေးတွေ့ရှိ

နောင်ချို အေးရှားဝေါလ်တိုးဂိတ်အနီးတွင် စစ်ဆေးရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိတဲ့ Mobile Team လရ-၁ အဖွဲ့ဟာ ဇူလိုင်လ ၁ ရက်နေ့က တာဝန်ထမ်းဆောင်နေစဉ် ၁၀း၄၅ ချိန်ခန့်က မန္တလေးမှ မူဆယ်ဘက်သို့ သွားရောက်မယ့် ပို့ကုန်ယာဉ်ကြီးများအား စနစ်တကျ ဆူးထိုးစစ်ဆေးမှုများ ပြုလုပ်နေစဉ် ခေါက်ဆွဲခြောက်ဖာလို့ ကြေညာပြီး ဝင်ရောက်စစ်ဆေးခံသော ယာဉ်အမှတ် 8K/xxxx (Light Truck) ပေါ်၌ ခေါက်ဆွဲခြောက်ဖာခွံများ စွတ်၍တရားမဝင် သို့ဝှက်တင်ဆောင်လာတဲ့ သစ်များကို စစ်ဆေးတွေ့ရှိခဲ့ပါတယ်။ အသေးစိတ်စစ်ဆေးရာမှာ တမလန်းသစ်လို့ယူဆရတဲ့ သစ်တုံးရှည် (၈) တုံးကို တွေ့ရှိရပြီး နောင်ချို သစ်တောဦးစီးဌာနသို့ လုပ်ထုံးလုပ်နည်းနဲ့အညီ စနစ်တကျလွှဲပြောင်းအပ်နှံနိုင်ရေးနဲ့ သစ်တင်ယာဉ်အား အကောက်ခွန် အမှုတွဲဖွင့်သိမ်းဆည်းဆောင်ရွက်ခဲ့တယ်လို့ သတင်းရရှိပါတယ်။

အလားတူ မန္တလေးမှ မူဆယ်သို့ သွားရောက်မယ့် Granvia 7D/xxxx ယာဉ်ပေါ်မှ ပိတောက်သားနဲ့ ပြုလုပ်ထားတဲ့ ဂီတာပုံကြမ်း ၅၁ တုံးကို စစ်ဆေးတွေ့ရှိတဲ့အတွက် နောင်ချို သစ်တောဦးစီးဌာနသို့ လည်းကောင်း၊ သစ်တင်ယာဉ်ကို အကောက်ခွန်ဦးစီးဌာနသို့လည်းကောင်း အပ်နှံနိုင်ရေးဆောင်ရွက်ခဲ့ရတယ်လို့ သိရပါတယ်။

**MIRT**

## ID ထက်ပိုမိုတင်ဆောင်လာသော အလှဆင်မီးဆိုင်းများနဲ့ ဖျော်ဖြေရေးသုံးပစ္စည်းများအား လရ-၁ အဖွဲ့မှ သိမ်းဆည်းရမိ

နောင်ချိုမြို့ Asia World Toll Gate အနီး ယာယီအခြေပြု၍ စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်နေသော လရ-၁ အဖွဲ့သည် ဇွန်လ ၃၁ ရက်နေ့က တာဝန်ထမ်းဆောင်စဉ် Canter ၆ ဘီးယာဉ် 3D/xxxx ပေါ်၌ Duty ပစ္စည်းများနဲ့အတူ ID ထက်ပိုမိုတင်ဆောင်လာတဲ့ CRT TV 21" အလုံး ၃၀ ၊ LCD TV(၁x၅) ၁၆ဖာ၊ Computering Scale ရှစ်ဖာ၊ မီးဆိုင်းကြီး ကိုးဖာနဲ့ ဆိုင်ကယ်အပိုပစ္စည်း၁၁ ထုပ်ကို သိမ်းဆည်းရမိခဲ့တဲ့အတွက် လုပ်ထုံးလုပ်နည်းနဲ့အညီ အမှုတွဲဖွင့်လှစ်၍ အကောက်ခွန်ဦးစီးဌာနသို့ စနစ်တကျလွှဲပြောင်းအပ်နှံရေး ဆောင်ရွက်လျက်ရှိကြောင်းသတင်းရရှိပါတယ်။

အလားတူ6F/xxxx Duty ပစ္စည်းတင်ယာဉ်အား စစ်ဆေးရာမှာID, Manifest တို့မှာ ကြေညာထားခြင်းမရှိဘဲ ပိုမိုတင်ဆောင်လာတဲ့ ကားကက်ဆက် ၁၆ ဖာကိုလည်းသိမ်းဆည်းရမိခဲ့တယ်လို့ သိရပါတယ်။ **MIRT**

## ကော့သောင်း ကုန်သွယ်ရေးစခန်းမှ ရေထွက်ကုန် ပိုမိုတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်၊ ကော့သောင်း ကုန်သွယ်ရေးစခန်းနဲ့ မြိတ် ကုန်သွယ်ရေးစခန်းတို့မှ ကန်ဒေါ်လာ ၂ ဒသမ ၄၀၄ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၂၆၇၀ တန်ကျော်တင်ပို့နိုင်ခဲ့ပါတယ်။ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၁၀၇ တန်ကျော်လျော့နည်းတင်ပို့ခဲ့ပါတယ်။

ကော့သောင်း ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ သုည ဒသမ ၆၅၇ သန်းတန်ဖိုးရှိ ရေထွက်ကုန်များဖြစ်သော ငါးမျိုးစုံ ၇၉၁ တန်ကျော် ၊ ကင်းမွန် ၂၄ တန်၊ငါးလေးခြောက် ၁၃ တန်ကျော်၊ ပုစွန်နဲ့ သဲကဏန်း အနည်းငယ်တင်ပို့နိုင်ခဲ့တဲ့အတွက် ယခင်သီတင်းပတ်နဲ့နှိုင်းယှဉ်ပါက ၅၃၄ တန်ကျော်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၀၃၃ သန်းတန်ဖိုးရှိ ရေထွက်ကုန်များဖြစ်သော ငါးမျိုးစုံ ၁၃ တန်ကျော်၊ပုစွန် ၁ တန်ကျော်နဲ့ ကဏန်း ၅ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၂၃ တန်ကျော် လျော့နည်းတင်ပို့ခဲ့ပါတယ်။

မြိတ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၁ ဒသမ ၇၁၄ သန်းတန်ဖိုးရှိ ရေထွက်ကုန်များဖြစ်သော ငါးမျိုးစုံ ၁၃၇၄ တန်ကျော်၊ ငါးမှုန့် ၄၂၅ တန်၊ ပုစွန် ၁၉ တန်ကျော်၊ ကင်းမွန် ၁ တန်ကျော်နဲ့ သဲကဏန်း အနည်းငယ်တင်ပို့ခဲ့ပါတယ်။ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၆၁၈ တန်ကျော် လျော့နည်းတင်ပို့ခဲ့ပါတယ်။

**ခင်မြနွယ်**

# အကောက်ခွန်မဲ့ ကျောက်စိမ်းတုံးနှင့်သတ္တုရိုင်းတုံးများ ဖမ်းဆီးရမိ



ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မူဆယ်ခရိုင်၊ (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်အေးရှားဝေါလ်တိုးဂိတ် အနီးရှောင်ကွင်းလမ်းတွင် လိုင်စင်ပါ TOYOTA HILUX VIGO (x x x x x x ) ယာဉ်ပေါ်မှ အကောက်ခွန်မဲ့ကျောက်စိမ်းဟုယူဆရသော ကျောက်တုံး၊ အခြမ်း၊ အခဲ၊ အရွယ်စုံနှင့် သတ္တုရိုင်းဟုယူဆရသော ကျောက်တုံး၊ ခြမ်း၊ ခဲ အရွယ်စုံတို့ကို ဇူလိုင်လ ၈ ရက်နေ့က ဖမ်းဆီးရမိကြောင်း သိရှိ ရပါသည်။

အဆိုပါ အကောက်ခွန်မဲ့ ပစ္စည်းများနှင့် ပိုင်ရှင်မဲ့ယာဉ်ကို မူဆယ်မြို့ ဌာနဆိုင်ရာပူးပေါင်း အဖွဲ့ Mobile Team မှ ဇူလိုင်လ ၈ ရက်နေ့ ညနေပိုင်း ၆ နာရီအချိန်တွင် (၁၀၅) မိုင် အေးရှားဝေါလ် တိုးဂိတ် အနီး ရှောင်ကွင်းလမ်းတွင် ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ပါသည်။ အဆိုပါ ဖမ်းဆီရမိသည့် အကောက်ခွန်မဲ့ ပစ္စည်းများအနက် ကျောက်စိမ်းဟုယူဆရသော ကျောက်တုံး၊ ခဲ၊ ခြမ်း အရွယ်စုံ၏ ခန့်မှန်းတန်ဖိုးမှာ ငွေကျပ် ၆၃၇ သိန်းနှင့် သတ္တုရိုင်းဟုယူဆရသော ကျောက်တုံး၊ ခဲ၊ ခြမ်းအရွယ်စုံ၏ ခန့်မှန်းတန်ဖိုးမှာ ငွေကျပ် ၁၂၈ သိန်းရှိပြီး လိုင်စင်ပါပိုင်ရှင်မဲ့ယာဉ်၏ ကာလတန်ဖိုးမှာ ကျပ်သိန်း ၁၄၀၊ စုစုပေါင်း ခန့်မှန်းတန်ဖိုး ကျပ် ၉၀၅ သိန်းရှိကြောင်း သိရသည်။ ၎င်းတို့အနက်မှ ကျောက်စိမ်းများကို မြန်မာ့ကျောက်မျက်ရတနာ ကုန်စည်ဒိုင်သို့လည်းကောင်း၊ သတ္တုရိုင်းများကို သတ္တုတွင်းဝန်ကြီးဌာနသို့လည်းကောင်း၊ ယာဉ်အားအကောက်ခွန်ဦးစီးဌာနသို့လည်းကောင်း အသီးသီးလွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရှိရပါသည်။

**အယ်လ်စိုး (မူဆယ်)**

## စစ်တွေကုန်သွယ်ရေးစခန်းမှ ယခုတစ်ပတ် ရေထွက်ကုန်အများဆုံးတင်ပို့

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိစစ်တွေကုန်သွယ်ရေးစခန်းမှ ဇူလိုင်လ ၄ ရက်မှ ၁၀ ရက်ထိ သီတင်းပတ်အတွင်း ပို့ကုန်ကန်ဒေါ်လာ သုည ဒသမ ၁၀၆ သန်းဖိုး တင်ပို့နိုင်ခဲ့ပါတယ်။ယခင်သီတင်းပတ်က ကန်ဒေါ်လာ သုည ဒသမ ၀၆၀ သန်းတင်ပို့ခဲ့သဖြင့် ယခုသီတင်းပတ်မှာတော့ ကန်ဒေါ်လာ သုည ဒသမ ၀၄၆ သန်း တင်ပို့မှုပိုမိုလာတာတွေ့ရပါတယ်။

ယခုသီတင်းပတ်မှာ ရေချိုငါး(ငါးမြစ်ချင်း/ငါးခေါင်းပွ)၇၁ တန် တန်ဖိုးအားဖြင့် ကန်ဒေါ်လာ သုည ဒသမ ၀၈၀ သန်းဖိုးအများဆုံးတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။လယ်ယာထွက်ကုန်ပစ္စည်းများဖြစ်တဲ့ မန်ကျည်းစေ့ ၁၀၃ တန်၊ ချင်း(အစို) ၇ တန်၊ နနွင်းတက် ၁ တန်၊ ကွမ်းသီး ၂ တန်နဲ့ စက်မှုကုန်ချောပစ္စည်းဖြစ်တဲ့ ဆီးယိုထုပ် တန် ၃၀ တို့ကို တစ်ဖက်နိုင်ငံဘင်္ဂလားဒေ့ရှ်သို့ တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။

**တင်တင်ထွန်း**

# တရားမဝင်ကုန်စည်စီးဆင်းရောင်းဝယ် ဖောက်ကားမှုများကိုအရေးယူရန်လို

တရားမဝင်ကုန်စည်စီးဆင်းမှု ပပျောက်ရေးအတွက် ဥပဒေကို လက်တစ်လုံးခြား လုပ်ပြီး ဥပဒေ ပြင်ပ တရားမဝင် ကုန်စည်စီးဆင်းရောင်း ဝယ်ဖောက်ကားမှုတွေကို အရေးယူ သွားရမယ်လို့ တမူးခရိုင်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌက ဇူလိုင်လ ၃ ရက် နေ့က တမူးကုန်သွယ်ရေးစခန်းမှာ ပြု လုပ်တဲ့ ကုန်သွယ်မှုမြှင့်တင်ရေး အစည်း အဝေးမှာ ပြောကြားခဲ့ပါတယ်။

ခေတ်အဆက်ဆက်မှာ တရား မဝင် ကုန်စည်စီးဆင်းမှုများရှိခဲ့ကြောင်း၊ အစိုးရသစ်လက်ထက်မှာ ဖြေလျှော့မှု တွေလုပ်ပေးပါကြောင်း၊ အသင်းအဖွဲ့ တွေ ဖွဲ့စည်းပေးခဲ့ပါကြောင်း၊ အကောက် ခွန်ဆိုင်ရာပဲဖြစ်ဖြစ်၊ ကုန်သွယ်မှု ဆိုင်ရာပဲဖြစ်ဖြစ်၊ ပို့ကုန်သွင်းကုန်ပိုင်း မှာ ဖြေလျှော့မှုတွေ အများကြီးလုပ်ပေး ခဲ့ပြီး တရားဝင်ကုန်စည် ရောင်းဝယ် ဖောက်ကားမှုများရှိအောင် ဆောင်ရွက် ပေးလျက်ရှိပါကြောင်း၊ ဥပဒေ၊ နည်း ဥပဒေနဲ့ တရားမဝင် ကုန်စည်စီးဆင်းမှု ပပျောက်အောင် ဆောင်ရွက်ပေးလျက် ရှိကြောင်း၊ တရားမဝင်ကုန်စည်စီးဆင်း မှုများ ပပျောက်ရေးအတွက် ဥပဒေကို လက်တစ်လုံးခြားလုပ်ပြီး ဥပဒေရဲ့ ပြင်ပမှနေ၍ တရားမဝင်ကုန်စည် စီးဆင်းမှုတွေ အုပ်ချုပ်ရေးအပိုင်း အနေနဲ့ရော ဌာနဆိုင်ရာအဖွဲ့အစည်း များကပါ ရောင်းဝယ်ဖောက်ကားမှု တွေကို အရေးယူရမှာဖြစ်ကြောင်း၊ ဒါကြောင့် ဆက်စပ်နေတဲ့ ကုန်သည်ကြီး များအသင်း၊ ယာဉ်လိုင်းများ၊ ဌာန ဆိုင်ရာအဖွဲ့အစည်းများ အနေနဲ့ ပူး ပေါင်းဆောင်ရွက်ကြရမှာဖြစ်ကြောင်း တမူးကုန်သွယ်ရေးစခန်း အစည်း အဝေးခန်းမမှာ ပြုလုပ်တဲ့ ဇွန်လ အတွက် ကုန်သွယ်မှုမြှင့်တင်ရေး အစည်းအဝေးမှာ ခရိုင်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးဇော်ဇော်က တက် ရောက်လာကြတဲ့ ကုန်သည်လုပ်ငန်းရှင် များနဲ့ ဌာနဆိုင်ရာများအား ပြောကြားခဲ့ တယ်လို့ တမူးကုန်သွယ်ရေးစခန်းမှ သတင်းရရှိခဲ့ပါတယ်။

**တိမ်ကင်းစင်**

# သတင်းအရ ပိတ်ဆို့ရှာဖွေရာ တမလန်းသစ်ဟု ယူဆရသော သစ်ခြမ်းများတွေ့ရှိ

နောင်ချိုမြို့အနီး ယာယီအခြေပြုပြီး စစ်ဆေးရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိတဲ့Mobile Team (လရ-၁) အဖွဲ့သည်ဇူလိုင်လ ၁၂ ရက်နေ့တွင် ရွှေပြည်ညွန့်နတ်စင် ရှောင်ကွင်းလမ်းအတွင်း၌ ခြောက်ဘီး သစ်တင်ယာဉ် တစ်စီး ဗွက်နစ်၍သစ်များ အတင်အချပြုလုပ်နေကြောင်း သတင်း ရရှိသဖြင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးစီးအဖွဲ့သည် သွားရောက်ပိတ်ဆို့ ရှာဖွေခဲ့တယ်လို့ သိရပါတယ်။ယင်းသို့ ပိတ်ဆို့ ရှာဖွေစဉ် Forton ခြောက်ဘီးယာဉ်အမှတ် 5E/xxxx အားတွေ့ရှိသဖြင့် စစ်ဆေးမှုများပြုလုပ်စဉ်ယာဉ် မောင်းနှင့် လူငါးဦးခန့်မှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့ပါတယ်။ အသေးစိတ်စစ်ဆေးမှုများပြုလုပ်ရာ ယာဉ်ပေါ်တွင် တမလန်း သစ်ဟု ယူဆရတဲ့ သစ်ခြမ်းကြီးသုံးခြမ်းနဲ့ ညာဘက်လမ်းဘေး ရှိ ချုံအတွင်း၌ တမလန်းသစ်ဟု ယူဆရတဲ့ သစ်တုံး ၂၅ တုံး အားရှာဖွေတွေ့ရှိခဲ့ပါတယ်။အဆိုပါသိမ်းဆည်းရမိသစ်များ အား နောင်ချိုသစ်တောဦးစီးဌာနသို့ လုပ်ထုံးလုပ်နည်းနဲ့အညီ စနစ်တကျလွှဲပြောင်းအပ်နှံကာ ယာဉ်အားအကောက်ခွန် အမှုတွဲဖွင့်လှစ်သွားမယ်လို့ သိရပါတယ်။

**MIRT**

# သိုဝှက်သယ်ဆောင်လာတဲ့ အကောက်ခွန်မဲ့ပစ္စည်းများအား နိုင်ငံတော်ဘဏ္ဍာအဖြစ်သိမ်းဆည်း

မြဝတီ-ရန်ကုန်လမ်းတစ်လျှောက်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော Mobile Team လရ-၂ ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့သည် မြဝတီဘက်မှ ရန်ကုန်ဘက်သို့ မောင်းနှင်လာတဲ့ ခရီးသည်တင်နှင့် ဒေသသုံး မော်တော်ယာဉ်များအား ဇူလိုင် ၁၀ ရက်နေ့တွင် စစ်ဆေးမှုများပြုလုပ်စဉ် ခရီးသည်တင် မှန်လုံယာဉ် အမှတ် P/xxxx နဲ့ ဒေသသုံးကုန်တင်ယာဉ် IE/xxxx ယာဉ်များပေါ်၌ သိုဝှက်တင်ဆောင်လာတဲ့ အဝတ်အထည် (ဘေထုတ်) ၃၅ ထုတ်၊ ပဲနို့ကတ် ၄၀၀ နဲ့ ပူရှိန်းသကြားလုံး ဖာ ၇၀ ကို စစ်ဆေးတွေ့ရှိရတယ်လို့သတင်းရရှိပါတယ်။ သိမ်းဆည်း ရမိပစ္စည်းများအား အဖွဲ့စုံဖြင့် အသေးစိတ် စစ်ဆေးပြီး အကောက်ခွန်ဦးစီးဌာနသို့ အမှုတွဲဖွင့်လှစ်၍ အပ်နှံသွားမယ် လို့သိရပါတယ်။

# ရှောင်ကွင်းလမ်းမှလိုက်ထရပ်နဲ့ ကားပစ္စည်းများအားဖမ်းဆီးရမိ

ရှမ်းပြည်နယ် မြောက်ပိုင်း နောင်ချိုမြို့အနီး ယာယီအခြေပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိတဲ့ Mobile Team လရ(၁)အဖွဲ့သည် ဇွန်လ ၂၄ ရက်က ရှောင်ကွင်းလမ်းများအား သွားရောက်စစ်ဆေးမှုပြုလုပ်စဉ် စခန်းမှ ၁ မိုင်ခန့်အကွာ အောက် ရေစင်မှာ ရပ်တန့်ထားတဲ့ Light Truck ယာဉ် 9F/xxxx အားစစ်ဆေးရာ ယာဉ်ပေါ်မှ နို့မှုန့် ၁၄ ဖာနဲ့အတူ ကားအလှဆင်ပစ္စည်း စလိုက်မီးအိတ်အလုံး ၃၀၊ ကား တံခါးလိုင်နာစတစ်ကာ ၂၆ ခု၊ ကားနောက်ဘက် ကင်မရာ ၇၅ လုံး၊ ကား ခြေနင်း အောက်ခင်း ၄၅ ခုတို့ကို တွေ့ရှိခဲ့တဲ့အတွက် အကောက်ခွန်အမှုတွဲဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ခဲ့တယ်လို့ သတင်းရရှိပါတယ်။

**MIRT**

# မြဝတီနယ်စပ်မှ ကြိမ်သီးများ ပိုမိုတင်ပို့

မြဝတီကုန်သွယ်ရေးဇုန်မှ ဇူလိုင် ၄ ရက်မှ ၁၀ ရက်ထိကာလအတွင်း ကန်ဒေါ်လာ သုည ဒသမ ၀၀၈ သန်းတန်ဖိုးရှိ ကြိမ်သီး ၄၆ တန်ခွဲခန့်ကို တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၂ တန်ခွဲသာ တင်ပို့နိုင်ခဲ့တာမို့ ယခုတစ်ပတ်မှာ တန် ၄၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ကြိမ်သီးများကို မြဝတီနယ်စပ်မှ သာမက တရုတ်နယ်စပ်ဘက်ကပါ အဝယ်လိုက်လာကြောင်း ကြိမ်သီးအဝယ်ဒိုင် တချို့ထံမှ သိရပါတယ်။ ယခင်ကဈေးကွက်မရှိတဲ့ ကြိမ်သီးများကို ပြီးခဲ့သည့် မေလမှစတင်ကာ ဝယ်ယူခဲ့ကြသည်။ မြိတ်ခရိုင်ဒေသ အသီးသီးရှိ အဝယ်တော်များမှတစ်ဆင့် တရုတ်နိုင်ငံမှဝယ်ယူလာခဲ့ကြတယ်လို့သိရပါတယ်။ အစပိုင်းတွင် တစ်ပိဿာလေးထောင်မှ ငါးထောင်ကျပ်ထိ ဈေးရှိပြီး ယခုအခါ အလုံးအကြီးအသေးရောရာ တစ်ပိဿာကို ကျပ် ခုနစ်ထောင်မှ ရှစ်ထောင်အထိဈေးရှိကြောင်း သိရပါတယ်။ ယင်းကြိမ်သီးများကို တရုတ်တိုင်းရင်းဆေး ဖော်စပ်ခြင်းနဲ့ ပရိဘောဂ ဖန်စီပစ္စည်းများပြုလုပ်ရာတွင် အသုံးပြုတယ်လို့ သိရှိရပါတယ်။

**ခင်မိုးသူ**

# ကွမ်းသီးအိတ်များအောက်တွင် သိုဝှက်သယ်ဆောင်လာတဲ့ ဘေထုပ်များအားဖမ်းဆီးရမိ

မြဝတီဘက်မှ ရန်ကုန်ဘက်သို့ မောင်းနှင်လာတဲ့ မော်တော်ယာဉ်များ လရ-၂ အဖွဲ့က စစ်ဆေးစဉ် ဇွန်လ ၂၇ ရက် ၁၁း၁၅ ချိန်ခန့်မှာ ဒေသသုံးယာဉ် 8E/xxxx ပေါ်မှာ ကွမ်းသီးအိတ်များအောက်မှာ သိုဝှက် သယ်ဆောင်လာတဲ့ ဘေထုပ် ၃၆ ထုပ်အား စစ်ဆေးတွေ့ရှိသဖြင့် နိုင်ငံ့ဘဏ္ဍာအဖြစ် တားဆီးထိန်းသိမ်းခဲ့ပါတယ်။တားဆီးရမိပစ္စည်းများအား အဖွဲ့စုံနဲ့ စနစ်ကျ စစ်ဆေးပြီး လုပ်ထုံးလုပ်နည်းနဲ့အညီ အကောက်ခွန်အမှုတွဲဖွင့်၍ အရေးယူနိုင်ရေး ဆောင်ရွက်ခဲ့တယ်လို့သတင်းရရှိပါတယ်။

ဇွန်လ ၂၄ ရက်နေ့ကလည်း Dyna ယာဉ် 4I/xxxx ပေါ်မှ အကောက်ခွန်မဲ့တင်ဆောင်လာသော လယ်ယာသုံးပစ္စည်းအမယ်(၈) မျိုးအား စစ်ဆေးတွေ့ရှိတဲ့အတွက် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရန် အကောက်ခွန်အမှုတွဲဖွင့်၍ အဖွဲ့စုံဖြင့် ဆောင်ရွက်နေတယ်လို့ သိရပါတယ်။

**MIRT**

# တရားမဝင်တင်ဆောင်လာတဲ့ စလောင်းထိပ်ဖူးများကို တာချီလိတ် Mobile Team မှ စစ်ဆေးတွေ့ရှိ

ကုန်သွယ်ရေးဦးစီးဌာန တာချီလိတ်ကုန်သွယ်ရေးစခန်းထုတ်နုတ်အင်အား Mobile Team အဖွဲ့သည် ဇူလိုင်လ ၁၂ ရက် ၁၅း၁၀ ချိန်တွင် တာလေတိုးဂိတ်အနီးတွင် တာဝန်ထမ်းဆောင်စဉ် တာချီလိတ်ဘက်မှလာသော တော်ဝင်မြန်မာယာဉ်လိုင်းအမှတ် 2I/xxxxပေါ်မှ တရားမဝင်သယ်ဆောင်လာတဲ့ စလောင်းထိပ်ဖူး (အသေး) ၅၀ခုအား ပိုင်ရှင်မဲ့ စစ်ဆေးတွေ့ရှိခဲ့ပါတယ်။အဆိုပါ သိမ်းဆည်းရမိ စလောင်းထိပ်ဖူးများအား အဖွဲ့စုံဖြင့် စစ်ဆေးပြီး တာချီလိတ်မြို့နယ် အကောက်ခွန်ဦးစီးဌာနသို့ အကောက်ခွန်အမှုတွဲ ဖွင့်လှစ်ပြီး လွှဲပြောင်းအပ်နှံသွားမယ်လို့ သိရပါတယ်။

**MIRT**

# ၁၂ ဘီး/ခြောက်ဘီးဂျူတီယာဉ်များနဲ့ လိုင်စင်/ID မပါ/အပို ကုန်စည်များကို အရေးယူ

Mobile Team လရ(၁)အဖွဲ့ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာအကာအကွယ်ပေးရေးကို အထောက်အကူပြုရန် အတွက် ကုန်တင်ယာဉ်များ၊ ခရီးသည်တင်ယာဉ်များ၊ ဂျူတီယာဉ်များကို စစ်ဆေးလျက်ရှိပါတယ်။ဇွန်လ ၂၇ ရက်နေ့က ၁၂ ဘီးယာဉ် ဂျူတီယာဉ် 3G/xxxx ပေါ်မှ ကုန်ပစ္စည်းကို စစ်ဆေးရာမှာတော့ လိုင်စင်/ID တို့ထက်ပိုမိုတင်ဆောင်လာတဲ့ ဖန်သောက်ရေခွက် ၉ ဖာ ဖန်ခွက်အစုံ(Glass Set ) ၅ ဖာ၊ ခာတ်ဗူး ၉ ဖာတို့ကို စစ်ဆေးတွေ့ရှိခဲ့ရပါတယ်။ဇွန်လ ၂၈ ရက်နေ့ကလည်း ၆ ဘီး ဂျူတီယာဉ် 7E/xxxx ပေါ်မှ လိုင်စင်မပါရှိတဲ့ Disco Light ၄ ခု ၊ တယောအလက် ၂၀ ၊ Electric Guitar ၆ လက်တို့ကို စစ်ဆေးတွေ့ရှိရတဲ့အတွက် လုပ်ထုံးလုပ်နည်းနဲ့အညီ အကောက်ခွန်အမှုတွဲများ ဖွင့်ကာဆက်လက်အရေးယူနိုင်ရေးဆောင်ရွက်နေတယ်လို့ သတင်းရရှိပါတယ်။

**MIRT**

# ဒေသသုံးယာဉ် ၊ ခရီးသည်တင်ယာဉ်များပေါ်မှ စားသောက်ကုန်နဲ့ လူသုံးကုန်များ သိမ်းဆည်းရမိ

မြဝတီ-ရန်ကုန် ကုန်သွယ်မှုလမ်းကြောင်းမှာ ကုန်သွယ်မှုမြှင့်တင်ရေးနဲ့ စားသုံးသူအကာအကွယ်ပေးရေး အတွက် စစ်ဆေးရေးတာဝန် ထမ်းဆောင်နေတဲ့ လရ-၂ အဖွဲ့ဟာ ဇွန်လ ၂၆ ရက်နေ့တစ်နေ့တည်းမှာ ခရီးသည်တင်ယာဉ် 6J/xxxx ပေါ်မှာ သိုဝှက်သယ်ဆောင်လာတဲ့ LCD TV ခုနစ်ဖာနဲ့ အမျိုးအမည်မသိ ခဲပတ်အိတ်တစ်ဖာကိုလည်းကောင်း၊ ဒေသသုံးယာဉ် 2J/xxxx ပေါ်မှာ သိုဝှက်တင်ဆောင်လာတဲ့ ဖာလာစေ့ ၁၄၆ အိတ်အား လည်းကောင်း၊ ခရီးသည်တင်ယာဉ် 9u/xxxx ပေါ်မှာ သိုဝှက်တင်ဆောင်လာတဲ့ အသားတု ၁၆၅၀ ကီလိုဂရမ်နဲ့ ဘီယာချန်း ၁၆ ဖာအားလည်းကောင်း ခရီးသည်တင်ယာဉ် IF/xxxx ပေါ်မှာ သိုဝှက်တင်ဆောင်လာတဲ့ သကြားအိတ် ၄၅ အိတ်နဲ့ ပဲနို့ ၂၄ ဖာ အသီးသီးကို စစ်ဆေးတွေ့ရှိခဲ့တဲ့အတွက် သိမ်းဆည်းရမိပစ္စည်းများကို အဖွဲ့စုံနဲ့ အသေးစိတ် စစ်ဆေးပြီးနောက် အကောက်ခွန်ဦးစီးဌာနသို့ အပ်နှံပြီး အကောက်ခွန်အမှုတွဲများဖွင့် အရေးယူသွားမယ်လို့ သတင်းရရှိပါတယ်။

**MIRT**

Vol: 15, No.27 Monday July 20 2015

**အိမ်** တစ်အိမ်၊ မိသားစုတစ်စုမှာ ဝင်ငွေနဲ့ အသုံးစရိတ်မျှတဖို့ လိုပါတယ်။ ဝင်ငွေထက် ထွက်ငွေက များနေခဲ့ရင် အဲဒီအိမ်၊ ဒါမှမဟုတ် အဲဒီမိသားစုဟာ ချာလပတ်လည်ရမ်းနေအောင် ကြွေးတင်နေမှာဖြစ်ပါတယ်။ ဝင်ငွေက ထွက်ငွေထက်များနေခဲ့မယ်ဆိုရင်တော့ အဲဒီမိသားစုဟာ ရွှေတွဲလဲ ငွေတွဲလဲနဲ့ တကယ့်ကိုပျော်ရွှင်ချမ်းမြေ့ဖွယ်အတိကောင်းတဲ့မိသားစုတစ်စုအဖြစ်ကို ပုံဖော်နိုင်မှာဖြစ်ပါတယ်။

မိသားစုလို့ဆိုရာမှာ နိုင်ငံတစ်နိုင်ငံအတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမ အပေါင်းတွေဟာလည်း မိသားစုကြီးတစ်စုပါပဲ။ မိသားစုကြီးတစ်စု မှီတင်းနေထိုင်ကြတဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးဟာ မိသားစုကြီးတစ်စုအဖြစ် စုစည်းနေထိုင်ကြတဲ့ အိမ်ကြီးတစ်အိမ်ပါပဲ။ အဲဒီအိမ်ကြီးရဲ့ အိမ်ထောင်ဦးစီးကတော့ နိုင်ငံတော်အစိုးရပါ။ နိုင်ငံတော်အစိုးရဟာ အိမ်ကြီးထဲမှာနေထိုင်ကြတဲ့ မိသားစုတွေ အဆင်ပြေပြေ နေထိုင်နိုင်ကြဖို့ အမျိုးမျိုးတွေးတောကြံဆပြီး လုပ်ကိုင်ဆောင်ရွက်ပေးနေတာကို အားလုံးအသိပဲဖြစ်ပါတယ်။

ဒါပေမယ့်လည်း မြန်မာနိုင်ငံဟာ အစိုးရသစ်တက်လာတဲ့အချိန်ကတည်းက ကောင်းမွန်တဲ့ ယန္တရားလည်ပတ်မှုနဲ့အတူ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အစစအရာရာ ဘက်စုံထောင့်စုံကနေကောင်းမွန်အောင်လုပ်ဆောင်ဖို့အတွက် ဥပဒေတွေစည်းမျဉ်းစည်းကမ်းတွေချမှတ်ပြီး လုပ်ဆောင်ခဲ့ပါတယ်။ အစိုးရရဲ့သက်တမ်းဟာ ငါးနှစ်သက်တမ်းဖြစ်တာကြောင့် အဲဒီသက်တမ်းမကုန်ဆုံးခင်မှာ တတ်စွမ်းသမျှ လုပ်ဆောင်ပေးခဲ့ကြပါတယ်။

အစိုးရဟာ သူ့ရဲ့သက်တမ်းငါးနှစ်အတွင်း အရင်အစိုးရလက်ထက်က ကြွင်းကျန်ခဲ့တဲ့ အညစ်အကြေးတွေကို သုတ်သင်နေရတဲ့အတွက် အချိန်တွေသာကုန်လွန်လာခဲ့ပေမယ့် လက်ဆုပ်လက်ကိုင်ပြနိုင်တဲ့အရာဆိုလို့ အနည်းအကျဉ်းမျှသာရှိပါလိမ့်မယ်။ အရာရာကို ဖြေလျှော့မှုတွေလုပ်ပေးခဲ့ပေမယ့် ဦးနင်း ပဲ့ထောင်၊ ပဲ့နင်း ဦးထောင် ဖြစ်နေခဲ့တာကြောင့် လုပ်သမျှ အရာမထင်ခဲ့ဘဲ ပြစ်တင်ဝေဖန်မှုတွေနဲ့ပဲရင်ဆိုင်ခဲ့ရပါတယ်။ အဲဒီလိုတွေဖြစ်နေချိန်မှာ အစိုးရရဲ့အားနည်းချက်ကိုသိနေမြင်နေကြတဲ့ဝိသမ လောဘသမားတွေကြောင့် နိုင်ငံတော်ကြီးရဲ့ အခြေအနေဟာ တိုးတက်သယောင်ယောင်နဲ့ တဖြည်းဖြည်း ဆုတ်ယုတ်နေတယ်လို့ ထင်မိပါတယ်။

ယခုနှစ်အစမှာကတည်းက နိုင်ငံတော်အစိုးရဟာ အကျပ်အတည်းတွေနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ အလုပ်သမားတွေရဲ့ တစ်နေ့လုပ်ခလစာကို ၃၆၀၀ ကျပ်လို့ သတ်မှတ်ပေးလိုက်တဲ့အတွက် အလုပ်သမားထုအတွင်းမှာရော၊ စက်ရုံအလုပ်ရုံပိုင်ရှင်တွေအတွင်းမှာရော အစိုးရကို မကျေနပ်တဲ့သူတွေ များပြားလို့ လာခဲ့ပါတယ်။ အလုပ်သမားတွေကလည်း သူတို့အတွက် တစ်နေ့လုပ်ခကို ကျပ်လေးထောင်နဲ့ငါးထောင် ကြားရမှ ကျေနပ်နိုင်မယ်၊ အလုပ်ရှင်တွေစက်ရုံပိုင်ရှင်တွေဘက်ကလည်း သူတို့အနေနဲ့ ဒီလို တစ်နေ့ လုပ်ခ ၃၆၀၀ ကျပ်ပေးရမယ်ဆိုရင် စက်ရုံတွေပိတ်ပြီးပြန်ပါတော့မယ်လို့ ပြောကြားလာတာတွေဟာ အစိုးရကို ဘေးကျပ်နံကျပ်ဖြစ်စေခဲ့တဲ့ အကြောင်းတရားတွေပါပဲ။

အလုပ်သမားတွေ အထူးသဖြင့် အထည်ချုပ်စက်ရုံက အလုပ်သမားတွေဟာ သူတို့အတွက် တစ်နေ့လုပ်ခ ကျပ် ၁၈၀၀ ဟာ အလွန်ကို နည်းလွန်းတဲ့အတွက် ခုခေတ်ကုန်ဈေးနှုန်းအရ ဘယ်လိုမှ မဖြစ်နိုင်ဘူးလို့ တောင်းဆိုလာခဲ့တာဖြစ်ပါတယ်။ အလုပ်သမားတွေရဲ့ တောင်းဆိုချက်ဟာ သမာသမတ်ကျလှပါတယ်။ အထည်ချုပ်စက်ရုံက နေ့စားအလုပ်သမားတစ်ယောက်ရဲ့ တစ်နေ့ရတဲ့ဝင်ငွေဟာ သူတစ်ယောက်တည်းအတွက်တောင်မှ လောက်ငှခြင်းမရှိဘူးဆိုတာ လူတိုင်းအသိပါ။ သူတို့အတွက် တစ်နေ့ငါးထောင်ရမှ ဖြစ်မယ်ဆိုတာလည်း မှန်လွန်းလှတဲ့အချက်တစ်ချက်ဖြစ်တယ်ဆိုတာကို သိပြီးသားဖြစ်မှာပါ။

ဒါပေမယ့်လည်း တစ်ဖက်က ကိုယ့်မြေကိုယ့်ရေမှာ စီးပွားလာရှာကြတဲ့ ရင်းနှီးမြှုပ်နှံသူတွေဘက်ကို ပြန်ကြည့်ရင်လည်း သူတို့ရင်းနှီးမြှုပ်နှံထားတဲ့အပေါ်မှာ နိုင်ငံတော်က ပံ့ပိုးမှုပေးထားတဲ့အပိုင်း ဘယ်လောက်အထိ ပါဝင်ထားသလဲဆိုတာ ပြန်ကြည့်ရမယ်ထင်ပါတယ်။ ဒီအထည်ချုပ်စက်ရုံတွေဟာ အရင်ကတည်းက ဖွင့်ထားတာဆိုပေမယ့် အရင်ခေတ်က စီးပွားရေးပိတ်ဆို့မှုတွေကြောင့် ရသင့်တဲ့အခွင့်အရေးတွေ မရခဲ့ပါဘူး။ ခုချိန်မှာတော့ ဂျီအက်စ်ပီအခွင့်အရေးတွေရရှိလာပြီဖြစ်ပေမယ့် အထည်ချုပ်လုပ်ငန်းတွေဟာ အထည်အမှာအော်ဒါများ ရရှိမှုနည်းပါးနေသလို ကုန်ကျစရိတ်တွေ များပြားလာတဲ့အတွက် အမြတ်အစွန်းရရှိမှုမှာ နည်းပါးလာတာကြောင့် အလုပ်သမားတွေရဲ့ လုပ်ခလစာတွေကို တိုးမပေးနိုင်သေးတာဖြစ်မယ်လို့ သုံးသပ်နေကြပါတယ်။

ဒ့ါပြင် မြန်မာနိုင်ငံမှာရှိတဲ့ အထည်ချုပ်စက်ရုံနဲ့တခြားစက်ရုံတွေနဲ့ အလုပ်လုပ်ကိုင်ချင်သူတွေရဲ့ အချိုးချကို ချတွက်ကြည့်လိုက်တဲ့အခါမှာ စက်ရုံတွေမှာခန့်ထားနိုင်တဲ့အရေအတွက်ထက် အလုပ်လုပ်ချင်တဲ့သူက ပိုများနေတာကို တွေ့ရှိရပါတယ်။ အဲဒီလိုဖြစ်ရပ်တွေကြောင့် ရှိပြီးသားစက်ရုံနဲ့အလုပ်လုပ်ကိုင်လိုသူအလုပ်သမားတွေရဲ့အချိုးမမျှမတဖြစ်နေတဲ့အခြေခံအရင်းအမြစ်ကို ရှာကြည့်ဖို့လိုပါတယ်။

တကယ့်ရင်းမြစ်ကတော့ မြန်မာနိုင်ငံမှာရှိတဲ့ အလုပ်လုပ်ကိုင်လိုသူ အရေအတွက်ဟာ တခြားနိုင်ငံတွေ ဥပမာအားဖြင့် ဘင်္ဂလားဒေ့ရှ်၊ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်စတဲ့ဖွံ့ဖြိုးမှုနောက်ကျနေတဲ့နိုင်ငံတွေနဲ့ယှဉ်ရင် ပိုများနေတာကိုတွေ့ရမှာဖြစ်ပါတယ်။ အလုပ်လုပ်ကိုင်လိုသူ များပြားသလို အလုပ်သမားတွေကိုပေးရတဲ့ လုပ်ခလစာဟာလည်း အဲဒီနိုင်ငံတွေထက် နည်းပါးတာကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေဟာ မြန်မာပြည်ကို လာပြီးရင်းနှီးမြှုပ်နှံလိုကြပါတယ်။ ဒါပေမယ့်လည်း အလုပ်လုပ်ကိုင်လိုသူအရေအတွက် များပြားတာရယ်၊ လုပ်ခလစာနည်းပါးတာရယ် နှစ်ခုကလွဲရင် ရင်းနှီးမြှုပ်နှံသူတွေအတွက် ကျန်တဲ့ အခြေခံလိုအပ်ချက်မှာတော့ ဖွံ့ဖြိုးပြီးနိုင်ငံတွေထက်တောင် အဆမတန် များပြားနေတာကိုတွေ့ရပါတယ်။

ဥပမာအားဖြင့် စက်မှုဇုန်မှာ စက်ရုံဆောက်ဖို့အတွက် မြေကွက်တစ်ကွက်ဟာ မြန်မာငွေကျပ်သိန်းပေါင်း သောင်းနဲ့ချီပြီးပေးဝယ်ရသလို ငှားရမ်းတဲ့အခါမှာလည်း တစ်နှစ်ထက်တစ်နှစ် ငှားရမ်းခတွေက မြင့်တက်လာတဲ့အတွက် ရင်းနှီးမြှုပ်နှံသူတွေဟာ အဲဒီတစ်ချက်နဲ့တင် လက်တွန့်သွားသလို စက်ရုံတစ်ရုံဆောက်ပြီးလို့ လိုအပ်လာမယ့် လျှပ်စစ်မီး၊ ရေ၊ လမ်း စတဲ့ အခြေခံလိုအပ်ချက်တွေကို ဖြည့်ဆည်းပေးဖို့အတွက်လည်း လိုအပ်ချက်တွေ ရှိနေပြန်ပါသေးတယ်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေကို လာပါလာပါလို့ လက်ယပ်ခေါ်နေရုံနဲ့ မပြီးပါဘူး။ သူတို့ရဲ့လိုအပ်ချက်တွေကို အတိုင်းအတာတစ်ခုအထိ ဖြည့်ဆည်းပေးမယ်ဆိုရင် ဘယ်လိုရင်းနှီးမြှုပ်နှံမှုမျိုးမဆို မြန်မာနိုင်ငံထဲကို မဖိတ်ခေါ်ဘဲနဲ့ရောက်လာမှာ သေချာပါတယ်။ သူတို့ရဲ့အခြေခံလိုအပ်ချက်တွေ အပြည့်အစုံဖန်တီးပေးထားတဲ့လုပ်ငန်းတစ်ခုဟာ အောင်မြင်မှုတွေရရှိလာပြီဆိုရင် အိုင်တီခေတ်ကြီးဖြစ်တဲ့အတွက် မြန်မာနိုင်ငံရဲ့ ကောင်းသတင်းဟာ နိုင်ငံရပ်ခြားက စီးပွားရေးလုပ်ငန်းရှင်ကြီးတွေကြားမှာ ရေပန်းစားလာမှာ အမှန်ပါပဲ။ အဲဒီလိုသတင်းကောင်းတွေနဲ့ပြည့်စုံနေတဲ့ မြန်မာနိုင်ငံမှာ စက်ရုံတွေလာဆောက်ပြီးရင်းနှီးမြှုပ်နှံကြမှာဖြစ်တဲ့အတွက် စက်ရုံတွေ အများအပြားပေါ်ပေါက်လာပြီး အလုပ်အကိုင်တွေလည်း ပေါများလာမှာဖြစ်ပါတယ်။

အလုပ်အကိုင်တွေ ပေါများလာမှုနဲ့အတူ အလုပ်သမားအချင်းချင်းကြားမှာလည်း ပြိုင်ဆိုင်မှုတွေ ရှိလာမှာဖြစ်ပါတယ်။ အလုပ်သမားကို အလုပ်ရှင်က ရွေးချယ်ခန့်ထားခွင့်ကို သေချာပေါက်ရရှိပိုင်ဆိုင်မှာဖြစ်သလို အလုပ်သမားကောင်းတွေကို ရွေးချယ်ခန့်ထားနိုင်မယ့်အခွင့်အရေးတွေလည်းသေချာပေါက် ရရှိလာမှာဖြစ်ပါတယ်။ အလုပ်သမားတွေဘက်မှာလည်း သူတို့ရဲ့အရည်အချင်းတွေကို သူတို့ကိုယ်တိုင် ပြန်သုံးသပ်ခွင့်ရရှိမှာဖြစ်သလို သူတို့အရည်အချင်းတွေကို တစ်နေ့တခြားတိုးတက်ဖို့အတွက် ကြံဆောင်လာကြမှာဖြစ်ပါတယ်။ အလုပ်ရှင်တွေများလာရင် အလုပ်သမားတွေအတွက်လည်း ကိုယ်ကြိုက်တဲ့အလုပ် လစာများတဲ့အလုပ်ကို ရွေးချယ်နိုင်ဖို့အတွက် ကိုယ်ပိုင်အရည်အချင်းတစ်ရပ်ကိုကိုယ်တိုင်ဖန်တီးလာကြ မှာဖြစ်ပါတယ်။ ဒါကြောင့် စက်ရုံတွေ များများရှိဖို့၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ များများဝင်လာဖို့အတွက် လုပ်သာကိုင်သာရှိအောင် ဆောင်ရွက်ပေးဖို့က နိုင်ငံတော်အစိုးရရဲ့တာဝန်ပါပဲ။

ဒ့ါအပြင် နိုင်ငံတော်မှာ တစ်နေ့တခြား ဆုတ်ယုတ်လာတဲ့အပိုင်းက အသေးစား၊ အလတ်စား စက်မှု လုပ်ငန်းလုပ်ကိုင်သူအရေအတွက် နည်းလာတာပါပဲ။ ဒါဟာ နိုင်ငံတော်ရဲ့စီးပွားရေးတိုးတက်ဖို့အတွက် တကယ့်ကို ကြီးမားတဲ့ထိုးနှက်ချက်တစ်ခုပဲဖြစ်ပါတယ်။ အသေးစား အလတ်စား စက်မှုလုပ်ငန်းတွေ တိုးတက်လာမှ အလုပ်အကိုင် အခွင့်အလမ်းတွေ ပိုမိုပေါများလာမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ရှိတဲ့ အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းတွေဟာ တိုးတက်သင့်သလောက်မတိုးတက်တဲ့အပြင် တချို့သောအသေးစား၊ အလတ်စား စက်မှုလုပ်ငန်းတွေဟာ မြေပေါ်ကနေ ကြက်ပျောက်ငှက်ပျောက် ပျောက်သလိုဖြစ်သွားတာကိုလည်း မြင်တွေ့နေရပါသေးတယ်။

ဒါဟာ အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းတွေအတွက် ကြီးမားတဲ့ စိန်ခေါ်မှုတစ်ရပ်ပဲဖြစ်ပါတယ်။ မြန်မာပြည်သူတွေဟာ အလျင်အမြန် တိုးတက်လာတဲ့အိုင်တီခေတ်ရဲ့ရေစီးကြောင်းနောက်ကို စီးမျောဝင်ရောက်နေတဲ့အတွက် အဲဒီတိုးတက်လာတဲ့နောက်မှာ ဖြစ်လာတဲ့စိတ်ကတော့ ပစ္စည်းရဲ့ဈေးနှုန်းဆိုတာထက် ပစ္စည်းရဲ့ အရည်အသွေးကိုသာ ကြည့်တော့တဲ့စိတ်ပါပဲ။ အဲဒီစိတ်ကြောင့်လည်း မြန်မာပြည်တွင်းက အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းတွေ




ကျဆုံးရတယ်ဆိုရင် မှားမယ်မထင်ပါဘူး။

မြန်မာပြည်တွင်းက လုပ်ငန်းရှင်တွေဟာ ပြည်တွင်းက စားသုံးသူတွေအပေါ်မှာ စေတနာထားပြီး လုပ်ကိုင်တဲ့သူ ထုတ်လုပ်တဲ့သူ လုပ်ငန်းရှင်အရေအတွက်ဟာ နည်းပါးလွန်းလှပါတယ်။ စစ်အစိုးရလက်ထက်က အသစ်အဆန်းတစ်ခု ထုတ်လိုက်တိုင်း အစိုးရတာဝန်ရှိတဲ့သူတွေကို ဖိတ်ကြားပြီး ထုတ်လုပ်လိုက်တဲ့ပစ္စည်းကို ပြသလိုက်တာနဲ့ အဲဒီပစ္စည်းဟာ နိုင်ငံတစ်ဝန်း ကြော်ငြာစရာမလိုလောက်အောင် ဟိုးလေးတကျော်ကျော်ဖြစ်သွားခဲ့တာကို သိရှိကြမှာပါ။ အဲဒီလိုခေတ်ကာလမျိုးမှာ စီးပွားရှာခဲ့ကြတဲ့ မြန်မာနိုင်ငံက လုပ်ငန်းရှင်တချို့ဟာ စီးပွားရေးခေတ်သစ်ကိုရောက်လာတဲ့အချိန်မှာလည်း သူတို့ရဲ့ပုံစံကို မပြောင်းနိုင်သေးဘဲ ပုံစံဟောင်းအတိုင်းသာ သွားနေကြပါတယ်။ မကြာခင်ကာလမှာ အာဆီယံစီးပွားရေးအသိုက်အဝန်းဆိုတာကို စတင်ကျင့်သုံးတော့မယ်။ အဲဒီအခါမှာ လမ်းဟောင်းအတိုင်းကို လိုက်နေတဲ့ စီးပွားရေးသမားတွေ ကျဆုံးခန်းနဲ့ရင်ဆိုင်ရတော့မှာဖြစ်ပါတယ်။

နိုင်ငံခြားက ဝင်ရောက်လာမယ့် ရင်းနှီးမြှုပ်နှံသူတွေဟာ မြန်မာပြည်တွင်းမှာရှိတဲ့ အခြေခံအဆောက်အအုံစရိတ်တွေကြောင့် အရှုံးပေါ်မယ့်အရေးကို ကြိုတွေးမိသလို သူတို့လုပ်ရမယ့်အကွက်ကို မြင်သွားခဲ့တာကတော့ အသေအချာပါပဲ။ ဒါဟာဘာလဲဆိုရင် မြန်မာနိုင်ငံရဲ့ လူသုံးကုန်ပစ္စည်းဈေးကွက်ပါ။ ပြည်တွင်းမှာ ထုတ်လုပ်နေတဲ့ လူသုံးကုန်ပစ္စည်းတွေဟာ ထုပ်ပိုးမှုမှာလည်း စံချိန်မမီသလို အရည်အသွေးပိုင်းမှာလည်း ပြည်ပက ပစ္စည်းရဲ့အရည်အသွေးကို လိုက်မမီတာကြောင့် နိုင်ငံခြားကတင်သွင်းလာတဲ့ပစ္စည်းကိုပဲ ပြည်သူတွေက မက်မောနှစ်ခြိုက်စွာ ဝယ်ယူသုံးစွဲနေကြတာပါ။

ပြည်တွင်းမှာ လူသုံးကုန်ပစ္စည်းတွေ ထုတ်လုပ်ပေးနေတဲ့အစိုးရစက်ရုံတွေကိုလည်း ပုဂ္ဂလိကလုပ်ငန်းရှင်တွေရဲ့လက်ဝယ်ကို ဝကွက်အပ်လိုက်ပြီမို့ လူသုံးကုန်ပစ္စည်းဈေးကွက်မှာ ပြည်ပကတင်သွင်းလာတဲ့ ပစ္စည်းတွေကိုပဲ မြင်တွေ့နေရတာပါ။ အဲဒီလူသုံးကုန်ပစ္စည်းတွေကို မြန်မာနိုင်ငံမှာစက်ရုံဆောက်ပြီး ထုတ်လုပ်လာကြမယ်ဆိုရင် မြန်မာပြည်ရဲ့လူသုံးကုန်ပစ္စည်းဈေးကွက်မှာ Made in Myanmar ဆိုတဲ့ကုန်ပစ္စည်းကို တွင်တွင်ကျယ်ကျယ်သုံးစွဲနိုင်ရုံသာမက ပြည်ပကိုပါ တင်ပို့နိုင်တဲ့အထိ ဖြစ်လာမှာပါ။ အဲဒီလိုပြည်ပ ကိုတင်ပို့နိုင်ပြီဆိုရင် နိုင်ငံတော်မှာ အဓိကလိုအပ်နေတဲ့ နိုင်ငံခြားငွေဟာ နိုင်ငံတော်ရဲ့ဘဏ္ဍာတိုက်ထဲကို ပြန်လည်စီးဝင်လာမှာဖြစ်ပါတယ်။

နိုင်ငံတော်မှာ နိုင်ငံခြားငွေ စီးဝင်မှုထက် စီးထွက်မှုက များပြားနေပါတယ်။ သွင်းကုန်ပမာဏ များပြားနေခြင်းဟာ ကုန်သွယ်ရေးလိုငွေပြနေတဲ့အတွက် နိုင်ငံခြားငွေသုံးစွဲမှု ပိုမိုနေတယ်ဆိုတာကို ထောက်ပြနေတာပဲဖြစ်ပါတယ်။ ဒီနှစ်အတွင်းမှာ နိုင်ငံတော်ကို အဓိက နိုင်ငံခြားငွေရှာဖွေပေးနေတဲ့သဘာဝဓာတ်ငွေ့ကလည်း



| မယ်သီတာ |

ရရှိမှုနည်းပါးခဲ့သလို ကျောက်စိမ်းကျောက်မျက်ရောင်းချရမှုမှလည်း နိုင်ငံခြားငွေကို အရင်နှစ်တွေကလောက် မရရှိခဲ့ပါဘူး။

ဒ့ါအပြင် တရုတ်နိုင်ငံမှာဖြစ်ပေါ်ခဲ့တဲ့ ရှယ်ယာဈေးနှုန်းတွေ ရုတ်တရက် ထိုးကျမှုကလည်း မြန်မာနိုင်ငံ ကို ဂယက်ရိုက်ခတ်ခဲ့ပါတယ်။ တရုတ်နိုင်ငံကို ဆန်တင်ပို့နေတဲ့အချိန်မှာ ရှယ်ယာဈေးတွေ ထိုးကျခဲ့တဲ့အတွက် တရုတ်ကုန်သည်တွေဟာ ဆန်ဝယ်ယူတာကို ရပ်ဆိုင်းခဲ့သလို အဖမ်းအဆီးတွေကြောင့်လည်း တရုတ်ဆန်ကုန်သည်တွေဟာ ဆန်ဝယ်ယူခြင်းကို ရပ်တန့်ခဲ့ပါတယ်။ ဒါပေမယ့်လည်း တရုတ်ဆန်ကုန်သည်တွေဟာ မြန်မာနိုင်ငံဖက် မူဆယ်ကုန်စည်ဒိုင်ရဲ့ ဆန်ဂိုထောင်တွေမှာ ဆန်တွေ စုပုံနေတာကို အခွင့်ကောင်းယူပြီး ဆန်ဈေးကိုနှိမ်ပြီး ဝယ်ဖို့ကြိုးစားနေတာကို သိရှိရတဲ့အတွက် လူလည်ကျလွန်းတဲ့ တရုတ်ဆန်ကုန်သည်တွေရဲ့လုပ်ရပ်ကိုလည်း သတိထားဖို့ လိုနေပါပြီ။

ပြည်တွင်းမှာ လိုအပ်နေတဲ့နိုင်ငံခြားငွေကိုရရှိနိုင်ဖို့ နည်းလမ်းရှာပေမယ့် ဘယ်နေရာကမှ ထွက်ပေါ်လာခြင်းမရှိတာမို့ ပြည်သူတွေဆီကနေ တယ်လီဖုန်းခွန်ကောက်ပြီး အဲဒီကနေ ဝင်ငွေပြန်ရှာဖို့ ကြိုးစားခဲ့ပေမယ့် အရာမထင်ခဲ့ပါဘူး။ တယ်လီဖုန်းအသုံးပြုနေကြတဲ့ သန်း ၂၀ သောပြည်သူတွေဆီက လက်မခံဘူးဆိုတဲ့ တုံ့ပြန်သံတွေကြောင့် လက်လျှော့ခဲ့ရပြန်ပါတယ်။

ဒ့ါအပြင် မော်တော်ယာဉ်တင်သွင်းခွင့်ဆိုင်ရာ မူဝါဒထဲက တစ်ခုဖြစ်တဲ့ တစ်ဦးချင်း ကားတင်သွင်းသူတွေဟာ ဘဏ်ရဲ့ငွေစာရင်းမှာ အမေရိကန်ဒေါ်လာ ငါးထောင်ထည့်သွင်းထားပေမယ့် အဲဒီဒေါ်လာကို တစ်ဖက်ကားရောင်းချသူရဲ့ ငွေစာရင်းကိုလွှဲပြောင်းပေးရခြင်းမရှိတာကြောင့် တင်သွင်းလာတဲ့ကားတန်ဖိုးကို ပေးချေရာမှာ တရားမဝင်တဲ့ အောက်လမ်းနည်းနဲ့လွှဲပြောင်းပေးနေရတာကြောင့် ဒီဒေါ်လာစီးဆင်းမှုဟာ နိုင်ငံတော်အတွက် များစွာနစ်နာခဲ့ရတဲ့ လွှဲပြောင်းပေးမှုတစ်ခုပဲဖြစ်ပါတယ်။ ဒီအချက်ကို မော်တော်ယာဉ်တင်သွင်းသူလုပ်ငန်းရှင်တွေက ဝေဖန်ကြ၊ ထောက်ပြခဲ့ကြပေမယ့် ဘဏ်တွေမှာ ကျင့်သုံးနေတဲ့မူဝါဒအရ လက်မခံနိုင်တာကြောင့် တရားမဝင်ငွေ ကြေးစီးဆင်းမှုတွေ ပိုမိုများပြားလာပြီး နိုင်ငံတော်ရဲ့ ရသင့်ရထိုက်တဲ့နိုင်ငံခြားငွေတွေ ဆုံးရှုံးနစ်နာခဲ့ရတာဖြစ်ပါတယ်။

အဲဒီလိုအချက်တွေကြောင့်လည်း ပြည်တွင်းမှာ နိုင်ငံခြားငွေ အထူးသဖြင့် အမေရိကန်ဒေါ်လာ လိုအပ်ချက်ဟာ တစ်နေ့တခြား ပိုမိုများပြားလာပါတော့တယ်။ ပြည်တွင်းက ပုဂ္ဂလိကဘဏ်တွေက ဒေါ်လာတွေကို ရောင်းချခြင်းမပြုနိုင်တော့တဲ့အတွက် သွင်းကုန်လုပ်ငန်းရှင်တွေ၊ နိုင်ငံရပ်ခြားကို သွားရောက်လည်ပတ်လိုတဲ့သူတွေ၊ ဆေးကုသလိုတဲ့သူတွေဟာ သူတို့လိုအပ်တဲ့နိုင်ငံခြားငွေကို အပြင်ပုဂ္ဂလိက တွေဆီကနေ ဝယ်ယူနေရပါတယ်။ ပုဂ္ဂလိကဘဏ်တွေရဲ့ လှည့်ကွက်တွေနဲ့ အပြင်ငွေလဲစင်တာတွေရဲ့ လှည့်ကွက်တွေကြားမှာ သာမန်ပြည်သူတွေဟာ အလူးအလဲခံစားခဲ့ကြရပါတယ်။

ဒ့ါအပြင် ဗဟိုဘဏ်ရဲ့ ငွေကြေးထိန်းကျောင်းပုံ နည်းစနစ်မမှန်ကန်တဲ့အတွက် ငွေဈေးနှုန်းအတက်အကျကို တစ်ခဏသာ ထိန်းထားနိုင်ခဲ့ပါတယ်။ ဗဟိုဘဏ်ဟာ ငွေလဲနှုန်းတက်လာတာကို ထိန်းကျောင်းဖို့အတွက် သွင်းကုန်လုပ်ငန်းရှင်တွေလိုအပ်တဲ့ နိုင်ငံခြားငွေကို လိုအပ်သလောက်ထုတ်ပေးမယ်ဆိုတဲ့စကားနဲ့ ငွေကြေးဈေးကွက်ကို ထိန်းချုပ်ဖို့ ကြိုးစားခဲ့ပါတယ်။ ဒါဟာလည်း တဒင်္ဂအတွင်းမှာသာ ထိန်းချုပ်နိုင်ခဲ့ပါတယ်။ သွင်းကုန်သမားတွေ အထူးသဖြင့် စက်သုံးဆီ၊ စားအုန်းဆီ၊ ဆောက်လုပ်ရေးပစ္စည်းစတဲ့ နိုင်ငံခြားသုံးငွေလိုအပ်ချက်ပမာဏကြီးမားတဲ့ လုပ်ငန်းတွေအတွက် လိုအပ်တဲ့နိုင်ငံခြားသုံးငွေကို ဘဏ်တွေ အထူးသဖြင့် ပုဂ္ဂလိကဘဏ်တွေကနေ ရောင်းချပေးရမယ်၊ နိုင်ငံခြားငွေကို ထိန်းချုပ်နိုင်ဖို့အတွက် ဝိုင်းပြီးကူညီပါဆိုတဲ့ညွှန်ကြားချက်တွေကြောင့် ရက်ပိုင်းအတွင်းသာ ငွေဈေးကျသွားခဲ့ရပါတယ်။

ဒါပေမယ့်လည်း ပုဂ္ဂလိကဘဏ်ကြီးတစ်ခုကိုယ်တိုင်က သူ့အတွက် လိုအပ်နေတဲ့ နိုင်ငံခြားသုံးငွေကြေးကို ဈေးကွက်အတွင်းမှာ လိုက်လံဝယ်ယူခဲ့တဲ့အတွက် ဈေးတွေပြန်လည်မြင့်တက်လာခဲ့ရတာကိုလည်း သိရှိခဲ့ရပါတယ်။ ဒ့ါအပြင် ဗဟိုဘဏ်က ထုတ်ပြန်လိုက်တဲ့ ညွှန်ကြားချက်ကိုလည်း ဘယ်ဘဏ် ဘယ်ငွေလဲစင်တာကမှ လိုက်နာခြင်းမရှိခဲ့တဲ့အတွက် သွင်းကုန်သမားလူနည်းစုလောက်သာ အဲဒီခံစားခွင့်ကို ရရှိခဲ့ကြပါတယ်။ ဘဏ်တွေရဲ့အရောင်းမရှိ အဝယ်သာရှိတဲ့ငွေလဲစင်တာတွေဟာ မြန်မာနိုင်ငံကို ခေတ္တခဏသာ လာရောက်လည်ပတ်ကြတဲ့ နိုင်ငံခြားသား ခရီးသွားဧည့်သည်တွေအတွက် အဆင်ပြေ ချောမွေ့တဲ့ဝန်ဆောင်မှုကို ပေးစွမ်းနိုင်စွမ်းမရှိခဲ့ပါဘူး။

ဒီအခက်အခဲတွေကြားမှာ ဒေါ်လာဈေးတွေဟာ တစ်နေ့ရွှေ တစ်နေ့ငွေလို့ပြောရလောက်အောင် တစ်နေ့တခြား ကျပ်တည်းမှုတွေနဲ့ကြုံလာရပါတယ်။ ဈေးကွက်မှာ လဲစရာမရှိလို့ ဈေးကွက်ထဲမှာ ပစ္စည်းပြတ်လောက်တဲ့အထိ အဝယ်လိုက်လာလို့ ဈေးတွေတက်ရတာပါ။ ဈေးကွက်ထဲမှာ ဘယ်သူကတော့ ဘယ်လောက်ပမာဏအထိ အဝယ်လိုက်လာတယ် စသည်ဖြင့်ဈေးကွက်အတွင်းက အသံတွေဟာ ဒေါ်လာဈေးကို မြင့်သည်ထက်မြင့်အောင် သွေးထိုးပေးနေသလိုပါပဲ။

ဗဟိုဘဏ်ဟာ သူ့ရဲ့လုပ်ပိုင်ခွင့် အတိုင်းအတာတစ်ခုကိုပြသတဲ့အနေနဲ့ ဗဟိုဘဏ်ရဲ့ရည်ညွှန်းငွေလဲနှုန်းကို ဇူလိုင်လ ၁၃ရက်နေ့ကစပြီး ပြင်ပပေါက်ဈေးအတိုင်း သတ်မှတ်လိုက်ပါတယ်။ အဲဒီလို သတ်မှတ်လိုက်တဲ့အတွက် ဘဏ်တွေရဲ့ ငွေလဲစင်တာတွေ ပြန်လည်အသက်ဝင်လာခဲ့ပါတယ်။ဒါပေမယ့်လည်းအဖြစ်ရှိရင် အပျက်ရှိရမယ်ဆိုတဲ့လောကသဘာဝရဲ့ထုံးစံအတိုင်း ဘဏ်တွေရဲ့ငွေလဲစင်တာတွေမှာ အမှန်တကယ်လိုအပ်လို့ လာဝယ်တဲ့သူထက် အပြင်ငွေလဲစင်တာက လူလွှတ်ပြီး ဝယ်ခိုင်းတဲ့သူတွေက ပိုပြီး များနေတာကို တွေ့မြင်ခဲ့ရပါတယ်။ သူတို့ဟာ ဗဟိုဘဏ်ရဲ့ လုပ်ပုံကိုင်ပုံကိုကြည့်ပြီး ဈေးဆက်တက်နိုင်တယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ ဒေါ်လာကိုရသလောက် ဝယ်ထားတဲ့ ပုံစံမျိုးပဲဖြစ်ပါတယ်။

ဒ့ါအပြင် ဘဏ်တွေအနေနဲ့ ဒေါ်လာဈေးကွက်ကိုထိန်းထားတဲ့သဘောမျိုးနဲ့ လိုသလောက်ရောင်းချ ခြင်းမပြုဘဲ တစ်ယောက်ကို သတ်မှတ်ထားတဲ့နှုန်းအတိုင်းသာရောင်းချပေးတာမို့ သူတို့အတွက် တစ်နေ့တာ ဖူလုံသွားပြီးတဲ့အခါမှာ ဘဏ်တွေမှာလည်း လိုသလောက် မရပါဘူးကွာ၊ ဒေါ်လာက ဝယ်တာတောင် အကန့်အသတ်တွေနဲ့ ဆိုတဲ့စကားတွေကြောင့် ပြင်ပဈေးကွက်မှာ ဈေးက တစ်နေ့တခြား မြင့်တက်ခဲ့ ပါတယ်။

ပြင်ပဈေးကွက်ကနှုန်းအတိုင်း သူ့ရဲ့နှုန်းရှင်ကိုသတ်မှတ်မယ်ဆိုတဲ့အတွက် ဗဟိုဘဏ်ဟာ နေ့စဉ် ငွေလဲနှုန်းကို ငါးကျပ်ခန့် ဈေးမြင့်တက်ခဲ့ရပါတယ်။ ဇူလိုင်လ ၁၃ရက်နေ့က ၁၂၀၀ ကျပ်ရှိခဲ့တဲ့ငွေလဲနှုန်းဟာ ဇူလိုင်လ ၁၇ရက်နေ့ ဈေးကွက်ပိတ်ချိန်ကိုအရောက်မှာ ၁၂၂၀ အထိ ရောက်ရှိခဲ့ပါတယ်။ တစ်ပတ်အတွင်း ကျပ် ၂၀ တက်သွားတဲ့ဈေးကွက်ရဲ့အနေအထားကို ပြန်ပြီးသုံးသပ်ဖို့လိုနေပါပြီ။

ဒေါ်လာဈေးမြင့်တက်လာခဲ့တဲ့အတွက် သွင်းကုန်တွေရဲ့ဈေးနှုန်းတွေ လိုက်ပါမြင့်တက်ခဲ့ရပါတယ်။ သွင်းကုန်တွေဈေးမြင့်တက်လာတာနဲ့အမျှ သွင်းကုန်တွေအပေါ် မှာမှီခိုနေရတဲ့ကုန်ပစ္စည်းတွေရဲ့ဈေးနှုန်းတွေ လိုက်ပါမြင့်တက်ခဲ့ရပါတယ်။ အထူးသဖြင့် ဆေးဝါးပစ္စည်းတွေရဲ့ဈေးနှုန်းတွေ၊ စက်သုံးဆီဈေးနှုန်း တွေ၊ ဆောက်လုပ်ရေးပစ္စည်းတွေရဲ့ ဈေးနှုန်းတွေ၊ အဲဒါတွေဟာ ပြည်သူတွေအပေါ် တိုက်ရိုက်အကျိုး သက်ရောက်လာနိုင်တဲ့အချက်တွေပါပဲ။ စက်သုံးဆီဈေးနှုန်းတက်လာတဲ့အတွက် ကုန်သယ်ယူခတွေဟာ တစ်နည်းမဟုတ် တစ်နည်းမြင့်တက်လာမှာသေချာပါတယ်။ ကုန်သယ်ယူခတွေမြင့်တက်လာတဲ့အတွက် စားသောက်ကုန်ပစ္စည်းတွေ၊ ဟင်းသီးဟင်းရွက်ဈေးနှုန်းတွေဟာ မြင့်တက်လာတော့မှာ သေချာပါတယ်။ ဒါတွေဟာ အခြေခံလူတန်းစားတွေအတွက် အထိခိုက်ဆုံးသောအရာတွေဖြစ်လာတာကြောင့် ကုန်ဈေးနှုန်း ကြီးမြင့်မှုကို ရင်ဆိုင်ရတော့မှာ သေချာပါတယ်။

ကုန်ဈေးနှုန်း ကြီးမြင့်လာခြင်း၊ အလုပ်အကိုင်ရှားပါးလာခြင်း အဲဒီအချက်တွေဟာအခြေခံလူတန်းစား တွေသာမက သာမန်လက်လုပ်လက်စားလူတန်းစားတွေ အပါအဝင် ဝန်ထမ်းများပါ တိုက်ရိုက်ထိတွေ့ ခံစားရမှာဖြစ်ပါတယ်။ ဒီလိုမျိုးတွေဖြစ်လာပြီဆိုရင် နိုင်ငံတော်မှာ နိုင်ငံတော်မှာ နိုင်ငံခြားသုံးအရန်ငွေကြေး နည်းပါးလာပြီဆိုရင် တစ်ချိန်မှာ ဥရောပရဲ့အင်အားကြီး အီးယူလိုအဖွဲ့ရဲ့အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်တဲ့ ဂရိနိုင်ငံလိုမျိုးဖြစ်လာမှာကို စိုးရိမ်မိလာကြသူတွေရှိနေကြပါပြီ။ နိုင်ငံတော်ရဲ့ လိုအပ်နေတဲ့ နိုင်ငံခြားသုံးအရန်ငွေကြေးကို ဘယ်ပုံဘယ်နည်းနဲ့ ရှာကြမလဲဆိုတာကို စဉ်းစားတွေးတောအဖြေရှာကြဖို့သင့်ပါပြီ။

ဒေါ်လာငွေကြေးတန်ဖိုး မြင့်တက်လာခြင်းဟာ ပြည်တွင်းသုံးငွေကြေးဖြစ်တဲ့ မြန်မာကျပ်ငွေရဲ့တန် ဖိုး ခိုင်မာမှုမရှိဘူးဆိုတာကိုပြသတဲ့အပြင် ကျပ်ငွေရဲ့တန်ဖိုး ကျဆင်းလာတာဖြစ်တဲ့အတွက် ငွေကြေးဖောင်းပွမှုကိုပါ ရင်ဆိုင်ဖြေရှင်းရမှာဖြစ်ပါတယ်။ အဲဒီလို ဆိုးကျိုးတွေကိုဖြေရှင်းဖို့အတွက် အဓိကလုပ်ဆောင် ပေးရမှာက ပြည်တွင်းက အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းတွေ ပိုမိုတိုးတက်ဖွံ့ဖြိုးလာအောင် လုပ်ဆောင်ပေးဖို့ရယ်၊ ပြည်ပကနေ တိုက်ရိုက်ဝင်ရောက်လာမယ့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေ ပြည်တွင်းကို အများအပြားဝင်ရောက်လာဖို့အတွက် ဘယ်လိုပုံစံမျိုးနဲ့ အဆင်ပြေချောမွေ့အောင် လုပ်ဆောင်ပေးရမလဲဆိုတာတွေကို စဉ်းစားပေးရမှာဖြစ်ပါတယ်လို့ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးအောင်သန်းဦးက ပြောကြားခဲ့ပါတယ်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ကတော့ ပြီးခဲ့တဲ့ဘဏ္ဍာနှစ်အတွင်းက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဝင်ရောက်လာတဲ့ပမာဏဟာ လျာထားထားတဲ့ ပမာဏထက် ပိုမိုခဲ့တယ်လို့ ဖော်ပြထားပါတယ်။ လျာထား ထားတဲ့ပမာဏက အမေရိကန်ဒေါ်လာ သန်းလေးထောင်ဖြစ်ပြီး အမှန်တကယ်ဝင်ရောက်လာတဲ့ရင်းနှီး မြှုပ်နှံမှုပမာဏက အမေရိကန်ဒေါ်လာ သန်းပေါင်း ၈၀၁၀ ရှိတယ်လို့ ထုတ်ဖော်ကြေညာခဲ့ပါတယ်။ ဒ့ါအပြင် ယခု ၂၀၁၅-၁၆ဘဏ္ဍာနှစ်မှာလည်း ရင်းနှီးမြှုပ်နှံမှုအတွက် လျာထားတဲ့ပမာဏက အမေရိကန်ဒေါ်လာ သန်းခြောက်ထောင်ဖြစ်တယ်လို့ အဲဒီဖော်ပြချက်မှာပါရှိတာကို တွေ့ရပါတယ်။

ရင်းနှီးမြှုပ်နှံမှုဝင်ရောက်လာတဲ့ပမာဏက နှစ်စဉ်တိုးတက်မှုဆိုတာကိုပြသနေပေမယ့် နိုင်ငံတော်ရဲ့ နိုင်ငံခြားငွေကြေးကဏ္ဍမှာ ဘာကြောင့် အခုလို ဈေးမတည်ငြိမ်မှုတွေဖြစ်နေရသလဲဆိုတာကိုပါ စဉ်းစားသုံးသပ်ကြဖို့ လိုမှာဖြစ်ပါတယ်။ နိုင်ငံတကာမှာ ငွေကြေးမတည်ငြိမ်လို့ ဒီနိုင်ငံအတွင်းမှာလည်းတည်ငြိမ်မှု မရှိတာပါဆိုတဲ့ အချက်ကို လက်ခံလို့ရပေမယ့် နိုင်ငံတကာရဲ့ငွေကြေးဈေးကွက်ဟာ တည်ငြိမ်သင့်သလောက် တည်ငြိမ်နေတယ်ဆိုတာကိုလည်း သိရှိကြမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံအနေနဲ့ လက်ရှိအစိုးရရဲ့သက်တမ်းဟာ ကုန်ဆုံးတော့မှာဖြစ်ပါတယ်။ အစိုးရရဲ့သက်တမ်းကုန်ဆုံးဖို့ နီးကပ်လာတာနဲ့အမျှ တိုင်းပြည်ရဲ့စီးပွားရေးအခြေအနေ၊ ငွေရေးကြေးရေး အခြေအနေတွေမှာ အခုလို အတက်အကျ ကြမ်းတာနေတာတွေဟာ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေကို လာရောက်ဖို့ ဆွဲဆောင်ရာမှာ အခက်အခဲတွေ့နိုင်သလို ပြည်တွင်းက အသေးစား၊ အလတ်စားလုပ်ငန်းရှင်တွေရော အကြီးစားလုပ်ငန်းရှင်တွေအတွက်ပါ အခက်တွေ့စေနိုင်မှာဖြစ်ပါတယ်။

ငွေလဲနှုန်းမြင့်တက်လာတဲ့အတွက် ပို့ကုန်လုပ်ငန်းပိုင်းမှာ ထိခိုက်လာသလို သွင်းကုန်တွေ ဈေးတက်လာတာ၊ ကုန်ဈေးနှုန်းတွေ ကြီးမြင့်လာတာ၊ အလုပ်သမားတွေရဲ့အခြေခံလုပ်ခလစာကိစ္စ တည်ငြိမ်မှုမရှိတာ စတဲ့အချက်တွေဟာ တိုင်းပြည်ရဲ့စီးပွားရေးတည်ငြိမ်မှုမရှိဘူးဆိုတာကို ပြသနေတာဖြစ်တယ်လို့ လုပ်ငန်းရှင်တွေက သုံးသပ်ထားကြပါတယ်။

ဒါကြောင့် တိုင်းပြည်ရဲ့စီးပွားရေးတည်ငြိမ်မှုရှိဖို့ ငွေရေးကြေးရေးကဏ္ဍဟာ အရေးပါလှပါတယ်။ ဒ့ါအပြင်တိုင်းပြည်ရဲ့ ဝင်ငွေနဲ့ ထွက်ငွေ မျှတမှုရှိဖို့နဲ့ ဝင်ငွေပိုမိုရရှိဖို့ လုပ်ဆောင်ရေးဟာ အဓိကတာဝန်ကြီးတစ်ခုလို့သတ်မှတ်ရမှာဖြစ်ပါတယ်။ ဝင်ငွေထွက်ငွေမျှတမှုရှိဖို့၊ ဝင်ငွေပိုမိုရရှိအောင် လုပ်ဆောင်ဖို့၊ သွင်းကုန်အစားထိုးလုပ်ငန်းတွေ၊ အသေးစားအလတ်စားစက်မှုလုပ်ငန်းတွေ အောင်မြင်မှုရရှိအောင်လုပ်ဆောင်ကြဖို့ လိုအပ်လှပါကြောင်း။

♦

## ပြောင်း

### မူဆယ်ကုန်စည်ဒိုင်မှာ ပြောင်းဝင်ရောက်မှုနည်း

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဇူလိုင်လ ၄ ရက်မှ ၁၀ ရက်တာ သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၃ ဒသမ ၂၁၈ သန်းဖိုးရှိ ပြောင်းဖူးစေ့ ၁၀၇၂၇ တန်ခွဲကိုလည်းကောင်း၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ သုည ဒသမ ၂၉၀ သန်းဖိုးရှိ ပြောင်းတန်ချိန် ၁၀၀၀ ကိုလည်းကောင်း အသီးသီး တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က မူဆယ်မှ ၁၆၀၇၅ တန်ခွဲ၊ လွယ်ဂျယ်မှ တန် ၁၀၀၀ နဲ့ ကန်ပိုက်တီး မှ၁၄၇တန်ခွဲတင်ပို့ခဲ့တာမို့ ယခုတစ်ပတ်မူဆယ်ကုန်စည်ဒိုင်မှာ ပြောင်းဝင်ရောက်မှု နည်းပါးသွားတာတွေ့ရပါတယ်။ ပြောင်းအဝင်နည်းသလို မူဆယ်ကုန်စည်ဒိုင်မှာလည်း ယခင်တစ်ပတ်က ပြောင်းတစ်တန်ကို မိမိဘက်ပေါက်ဈေး ၃၇၀၃၀၄ ကျပ်ရှိခဲ့ပြီး ယခုတစ်ပတ်မှာတော့ ၃၆၈၃၀၄ ကျပ်သို့ ဈေးကျဆင်းသွားခဲ့ပါတယ်။မူဆယ်ကုန်စည်ဒိုင်မှာ ပြောင်းဖူးစေ့ ဝင်ရောက်မှုပုံမှန်ရှိခဲ့ပေမယ့် တရုတ်ဘက်ခြမ်းမှာ ဆန်ကားများဖမ်းဆီးရင်း ပြောင်းကားများကိုလည်း ဖမ်းဆီးနေတာကြောင့် အရောင်းအဝယ်ပါးသွားရတာလို့ သတင်းရရှိပါတယ်။

**မော်မော်အောင်**

## ဝါ

### စက်မှုကုန်ကြမ်းသီးနှံ ဝါများ ကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုး

ယင်းမာပင်ခရိုင်တွင် သီးနှံစိုက်ပျိုးနိုင်သော ဧကပေါင်း ၆ ဒသမ ၅၂ သိန်းရှိပါတယ်။ နှစ်ရှည်သီးနှံ၊ နှံစားသီးနှံအမျိုးမျိုး၊ ဆီထွက်သီးနှံအမျိုးမျိုး၊ စားဖိုဆောင်သီးနှံ အမျိုးမျိုးအပြင် စက်မှုကုန်ကြမ်းသီးနှံဖြစ်သော ဝါကိုလည်း တိုးချဲ့စိုက်ပျိုးလာကြရာ ယခုအချိန်ထိ တစ်ခရိုင်လုံး ဝါစိုက်ဧက ၆၆၀၀ ကျော်ရှိပါတယ်။

မိုးချည်မျှင်ရှည်ဝါကို ဇူလိုင်လ၊ ဩဂုတ်လများတွင် စိုက်ပျိုးနိုင်ပါက ရေတော်မိုးတော်ဖြစ်၍ လိုအပ်သော အစိုဓါတ် လုံလောက်စွာရရှိသဖြင့် ဝါများပိုမိုထွက်ရှိနိုင်ပါတယ်။

ဇူလိုင်လ ၁၀ ရက်က ယင်းမာပင်မြို့နယ်၊ လက်လှုပ် ကျေးရွာတွင် စိုက်ပျိုးထားသော ရွှေတောင်-၈ နှင့် ငွေချည်-၉ စံပြစိုက်ခင်းအား တိုင်းဒေသကြီး၊ စိုက်ပျိုးရေးဦးစီးမှူးအဖွဲ့၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် တောင်သူ ၈၀ ကျော်တို့အားဖိတ်ခေါ်၍ ဝါမျိုးများ၏ သဘာဝအခြေအနေစိုက်ပျိုးမှုနည်းစနစ်၊ ကျရောက်တတ်သည့် ပိုးမွှားအန္တရာယ်များအပြင် စိုက်ပျိုးနည်းစနစ် ၁၀ ချက်ကို တိတိကျကျလိုက်နာ ဆောင်ရွက်ပါက ဝါ တစ်ဧက ၁၀၀၀ ပိဿာထွက်နိုင်ကြောင်း မြို့နယ်စက်မှု သီးနှံဖွံ့ဖြိုးရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းက ရှင်းပြပါတယ်။

အလားတူ ဆားလင်းကြီးမြို့နယ်၊ စက်မှုသီးနှံ ဖွံ့ဖြိုးရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေမှလည်း ဇူလိုင်လ ၆ ရက်က တောင်သူ ၁၁၅ ဦးအားဖိတ်ခေါ်၍ ရွာရှည်ကျေးရွာအုပ်စု၊ ကူးတို့ကုန်းကျေးရွာ တောင်သူ ဒေါ်ကြည်စန်း၏ စံပြစိုက်ကွင်းအား တာဝန်ရှိသူများနှင့် တောင်သူများအား ပြသခဲ့ကြောင်း သိရပါ တယ်။

**သန်းပို-ယင်းမာပင်**

| ၁၃-၇-၂၀၁၅ မှ ၁၇-၇-၂၀၁၅ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး | | | |
|---|---|---|---|
| **Sr.No.** | **Forms** | **Copies** | **Total Value (US$)** |
| 1 | Form A | 213 | 9,895,717.551 |
| 2 | Form D | 48 | 2,882,399.870 |
| 3 | Form E | 79 | 1,519,224.750 |
| 4 | Korea GSP | 3 | 46,336.540 |
| 5 | Form AK | 40 | 2,684,564.524 |
| 6 | Form AJ | 6 | 233,684.740 |
| 7 | Form AI | 36 | 1,626,776.370 |
| 8 | Form AANZ | - | - |
| 9 | Form DFTP | - | - |
| **Grand Total** | | **425** | **18,888,704.345** |

## ရော်ဘာ

### တောင်ကိုရီးယားသို့ ရော်ဘာ တန်တစ်ရာကျော်တင်ပို့

ဇူလိုင်လ ၅ ရက်မှ ၁၁ ရက်နေ့ထိ ကာလအတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ကန်ဒေါ်လာ သုည ဒသမ ၇၀၃ သန်းဖိုးရှိ ရော်ဘာ ၅၁၅ တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၂၅ တန်သာတင်ပို့နိုင်ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ တန် ၃၉၀ ကျော် ပိုမိုတင်ပို့လာနိုင်ခဲ့ပါတယ်။ ယခုတစ်ပတ်မှာ တောင်ကိုရီးယားနိုင်ငံကိုပါ ဈေးကွက်ချဲ့ထွင်တင်ပို့နိုင်ခဲ့ပါတယ်။ နိုင်ငံအလိုက် တင်ပို့မှုတွေကတော့ စင်ကာပူနိုင်ငံကို MSR- 20 ၁၉၆ တန်၊ မလေးရှားနိုင်ငံကို RSS-3 ၂၁၈ တန်နဲ့ တောင်ကိုရီးယား နိုင်ငံ ကို MSR- 20 တန်၁၀၀ ကျော်တင်ပို့ခဲ့တာဖြစ်ပါတယ်။

ယခုတစ်ပတ်မှာ နိုင်ငံတကာရော်ဘာဈေး ထပ်မံကျဆင်းကြောင်း သိရပါတယ်။ မေလဆန်းပိုင်းကစပြီး ဈေးအနည်းငယ်တက်လာခဲ့ပေမယ့် ဇူလိုင်လဆန်းမှစပြီး ဈေးပြန်လည်ကျဆင်းလာတာ တွေ့ရပါတယ်။ မြန်မာ့ FOB ရော်ဘာဈေးမှာလည်း နိုင်ငံတကာဈေးနဲ့အတူ အနည်းငယ်ကျဆင်းလာကြောင်း မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုး ထုတ်လုပ်သူများအသင်းမှ ထုတ်ပြန်တဲ့ ဈေးနှုန်းများအရ သိရှိရပါတယ်-

| | | |
|---|---|---|
| **RSS 1** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၄၅၀-၁၅၅၀** |
| **RSS 2** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၄၀၀-၁၅၀၀** |
| **RSS 3** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၃၅၀-၁၄၅၀** |
| **RSS 4** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၃၀၀-၁၄၀၀** |
| **RSS 5** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၂၅၀-၁၃၅၀** |
| **MSR 10** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၃၅၀-၁၄၅၀** |
| **MSR 20** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၃၀၀-၁၄၀၀** |
| **MSR 50** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၂၀၀-၁၃၀၀** |
| **Crepe Rubber** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၁၅၀-၁၂၅၀** |
| **Concentrate** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၀၅၀-၁၁၅၀** |
| **Latex 60% DRC** | | |

**ယဉ်ယဉ်အေး**

### ကုန်သွယ်ရေးစခန်းများမှ ရော်ဘာများ ပိုမိုတင်ပို့လျက်ရှိ

ဇူလိုင်လ ၄ ရက်မှ ၁၀ ရက်ထိကာလအတွင်းမှာ ကုန်သွယ်ရေးစခန်းများမှ ကန်ဒေါ်လာ ၂ ဒသမ ၁၂၈ သန်းဖိုးရှိ ရော်ဘာအဆင့်စုံ ၁၅၁၅ တန်တင်ပို့ခဲ့ပါတယ်။

မူဆယ်ကုန် သွယ်ရေးဇုန်မှ RSS-3 ၇၆၂ တန်၊RSS-5 ၁၆၂ တန်၊ MSR -20 ၁၇၉ တန်၊ MSR -50 ၅၁ တန်ကျော် စုစုပေါင်း ၁၁၅၄ တန်တင်ပို့ခဲ့ပြီး ယခင်တစ်ပတ်တင်ပို့မှုထက် ၁၇၅ တန် ပိုမိုခဲ့ပါတယ်။


ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ RSS-3 ၁၀၃ တန်၊ RSS-5 တန် ၁၀၀ နဲ့ MSR -20 ၅၇ တန် စုစုပေါင်း တန် ၂၆၀ တင်ပို့ခဲ့ပါတယ်။ယခင်တစ်ပတ်ကတော့ ချင်းရွှေဟော်စခန်းမှ တင်ပို့မှုမရှိခဲ့ပါဘူး။

တာချီလိတ်ကုန်သွယ်ရေးစခန်းမှ Latex 60% DRC တန် ၁၀၀ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၅ တန်သာ တင်ပို့နိုင်တာမို့ယခုတစ်ပတ်မှာ ၉၅ တန် ပိုမိုတင်ပို့နိုင်ပါတယ်။

မူဆယ်ကုန်စည်ဒိုင်ရဲ့ပြည်တွင်းရော်ဘာပေါက်ဈေးကတော့ တစ်ပတ်ထက်တစ်ပတ် မြင့်တက်လျက်ရှိပါတယ်။ ယခင်တစ်ပတ်က RSS-3 တစ်တန်ကို ၁၆၉၈၅၇၇ ကျပ်ရှိရာမှ ယခုတစ်ပတ်မှာ ၁၇၂၄၇၅၉ ကျပ်သို့မြင့်တက်လာခဲ့ပါတယ်။

ရော်ဘာတစ်တန်ရဲ့ဈေး ၁၃၇၁ ဒေါ်လာမှာ မပြောင်းလဲသော်လည်း ငွေလဲနှုန်းမြင့်တက်လာမှုကြောင့် မိမိဘက်ကျပ် ဈေးမြင့်တက်လာရခြင်းဖြစ်ပါတယ်။ မြိတ်နဲ့မော်လမြိုင်ပေါက်ဈေးများကတော့ ခြိပိတ်ရာသီဖြစ်တဲ့အတွက် ပြောင်းလဲမှုမရှိဘူးလို့ သိရပါတယ်။ မြိတ်ဒေသရဲ့ ပြည်တွင်းရော်ဘာပေါက်ဈေးမှာ RSS-3တစ်ပေါင်ကို ၆၈၁ ကျပ်နဲ့ မော်လမြိုင်မှာ ၇၉၀ ကျပ်အသီးသီး ဈေးပေါက်လျက်ရှိပါတယ်။

**ယဉ်ယဉ်အေး**



## သကြား

### တရုတ်နိုင်ငံသို့ သကြားဖြူ တန် သုံးထောင်ကျော်တင်ပို့

ဇူလိုင်လ ၄ ရက်မှ ၁၀ ရက်ထိကာလအတွင်းမှာ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဖက် တရုတ်နိုင်ငံသို့ ကန်ဒေါ်လာ ၁ ဒသမ ၉၇၆ သန်းတန်ဖိုးရှိ သကြားဖြူ ၃၂၉၄ တန်နဲ့ ကန်ဒေါ်လာ သုည ဒသမ ၁၄၂ သန်းတန်ဖိုးရှိ သကြားညို ၂၄၅ တန် တင်ပို့နိုင်ခဲ့ပါတယ်။

ယခင်သီတင်းပတ်ထက် သကြားဖြူ ၂၆၉၀ တန်နဲ့ သကြားညို တန် ၁၆၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။တရုတ်နိုင်ငံမှာ သကြားဖြူရော သကြားညိုပါ အဝယ်လိုက်နေပြီး သကြားဖြူ တစ်တန်ရဲ့လိုင်စင်ဈေးက ဒေါ်လာ ၆၀၀ ဖြစ်ပြီး သကြားညိုကတော့ ၅၈၀ ဒေါ်လာရှိတယ်လို့ မူဆယ်ကုန်သွယ်ရေးဇုန်မှသတင်းရရှိပါတယ်။

**မြင့်မြင့်မာ**

# ရာသီကာလအတွင်းဈေးနှုန်းများပြောင်းလဲခြင်း
# (Seasonal Variation in prices )

ကျော်မြင့်

စိုက်ပျိုးရေးသီးနှံထွက်ကုန်အများစုသည် ရာသီကာလအလိုက် ထုတ်လုပ်မှုနှင့် ရောင်းဝယ်မှုပုံစံ (Seasonality in production and marketing pattern) ပြောင်းလဲခြင်းရှိသည်။ ပုံမှန်အားဖြင့် သိုလှောင်၍ရသော စိုက်ပျိုးရေးသီးနှံထွက်ကုန်များသည် ရိတ်သိမ်းချိန်တွင် ဈေးနှုန်း အနိမ့်ဆုံးအဆင့်ဖြစ်ပေါ်လေ့ရှိပြီးနောက်ပိုင်း ရာသီကာလတွင် နောက်ထပ်သီးနှံရိတ်သိမ်းချိန်မတိုင်မီအထိ ဈေးမြင့်လာလေ့ရှိသည်။

သီးနှံအသစ် (Newly harvested crop) များရိတ်သိမ်းပြီး ဈေးကွက်သို့ လှိုင်လှိုင်ဝင်ရောက်လာချိန်တွင် ဈေးကျဆင်းမှုဖြစ်ပေါ်စေပါသည်။ စိုက်ပျိုးသူများသီးနှံမရိတ်သိမ်းခင်က သီးနှံဈေးကောင်းသည်။သို့သော် စိုက်ပျိုးသူများမှ သီးနှံအသစ် (New supplies) များ ရိတ်သိမ်းပြီး ချက်ချင်းရောင်းချချိန်တွင်သီးနှံဈေးကျလာသည်။ အဓိကအချက်မှာ သိုလှောင်ထားသည့် လက်ကျန်နည်းလာသော သီးနှံအဟောင်း(old supplies) ကိုအားထားရောင်းဝယ်ရာမှ စိုက်ပျိုးသောဒေသများမှ သီးနှံအသစ် (New supplies) များဈေးကွက်သို့ အဆက်မပြတ် ဝင်ရောက်လာမည်ဖြစ်သဖြင့် ပြည်တွင်းဈေးကွက်တွင် သီးနှံပမာဏ (Supplies) များလာခြင်းကို ဖြစ်ပေါ်စေပြီး ဈေးနှုန်းကျဆင်းမှုကိုဖြစ်ပေါ်စေပါသည်။

ရာသီအလိုက်သီးနှံထုတ်လုပ်မှုသည် ရာသီဥတုနှင့် ဆက်စပ်မှုရှိ ခြင်း၊ ဇီဝဗေဒဖြစ်စဉ်တိုးတက်မှုနှင့် အပင်ဆက်စပ်ခြင်းများရှိပါသည်။သီးနှံအများစုသည် တစ်နှစ်တစ်ကြိမ်သာရိတ်သိမ်းကြပြီး သိုလှောင်၍ရပါက ရောင်းဝယ်မှုရာသီကာလ (Marketing season) တစ်လျှောက်လုံး သိုလှောင်ထားမှုပမာဏကိုသာ အားထားရောင်းဝယ်ကြသည်။ရာသီကာလ နောက်ပိုင်းတွင်ဖြစ်ပေါ်သောဈေးနှုန်းသည် သိုလှောင်မှုစရိတ်၊ ရောင်းဝယ်မှုစရိတ် (Storage cost and marketing cost) ကာမိရန် လိုအပ်ပါသည်။တစ်နည်းအားဖြင့် သိုလှောင်မှုစရိတ်၊ ရောင်းဝယ်မှုစရိတ်ကို ကာမိရန်အတွက် ရာသီကာလ နောက်ပိုင်းတွင် ဈေးနှုန်းမြင့်ရန်လိုအပ်ပါသည်။

## ရာသီအလိုက်သီးနှံအထွက်အနည်းအများ

**(Seasonality in supply)။** ရာသီအလိုက် သီးနှံအထွက်အနည်းအများသည် ဈေးနှုန်းများပြောင်းလဲမှုကိုဖြစ်ပေါ်စေပါသည်။ ဥပမာ-မိုးခေါင်သောကြောင့် မိုးစိုက်နှမ်းများအောင်မြင်ဖြစ်ထွန်းမှု လျော့နည်းသွားခြင်း၊ ကြက်သွန်နီအထွက်များသော်လည်း ပြည်ပတင်ပို့ရန်ဝယ်လိုအား လျော့နည်းသွားခြင်းများသည် ရာသီကာလအတွင်း ဈေးနှုန်းပြောင်းလဲခြင်းများ ဖြစ်ပေါ် စေပါသည်။

## ရာသီအလိုက်ဝယ်လိုအား

**(Seasonality in demand)။** ရာသီအလိုက် ဝယ်လိုအားမှာလည်း အပြောင်းအလဲရှိပါသည်။ ဥပမာ-အချို့သော ဟင်းသီးဟင်းရွက် သစ်သီးဝလံများသည် ခရစ်စမတ်ပွဲ တော်ကာလ တရုတ်နှစ်သစ်ကူးပွဲတော်ရက် ကာလများတွင် ဝယ်လိုအားမြင့်မားလာသောကြောင့် အချိန်တိုကာလအတွင်း ဝယ်လိုအားပြောင်းလဲမှု (Short- term demand change) ဟု ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့မှထုတ်ပြန်သည့် ရောင်းဝယ်မှုစာစောင်များတွင် ဖော်ပြထားပါသည်။

ရာသီအလိုက် ဝယ်လိုအားနှင့် ပတ်သက်၍မြင်သာသော ဥပမာကို ဖော်ပြရပါက နွေရာသီတွင် ရေခဲမုန့် (Ice cream) ဝယ်လိုအားမြင့်လာပြီး ဆောင်းရာသီတွင် ရေခဲမုန့် (Ice cream) ဝယ်လိုအား သိသာစွာ လျော့နည်းကျဆင်းသွားခြင်းမျိုးဖြစ်ပါသည်။ မြန်မာနိုင်ငံသည် မတ်ပဲ၊ ပဲစင်းငုံကို အိန္ဒိယသို့ အဓိကတင်ပို့ရောင်းချရာ အိန္ဒိယဈေးကွက်မှ ဝယ်လိုအားအနည်းအများ (Strong demand or weak demand) သည်လည်း ပြည်တွင်းဈေးကွက်တွင်ရာသီကာလအတွင်း ဈေးနှုန်းများပြောင်းလဲခြင်းကို ဖြစ်ပေါ်စေပါသည်။

မြန်မာနိုင်ငံတွင် မတ်ပဲ၊ ပဲစင်းငုံ၊ ကုလားပဲကို တစ်နှစ်တစ်ကြိမ်သာ စိုက်ပျိုးရိတ်သိမ်းပြီး ပဲတီစိမ်းကို တစ်နှစ်သုံးကြိမ်စိုက်ပျိုးရိတ်သိမ်းကြသည်။ ပဲတီစိမ်းသည် တစ်နှစ်အတွင်း မိုးဦး၊ မိုးလယ်နှင့် မိုးနှောင်းရာသီတွင် မြန်မာနိုင်ငံ အလယ်ပိုင်း မိုးနည်းရပ်ဝန်းဒေသတွင် စိုက်ပျိုးသဖြင့် တစ်နှစ်အတွင်း ပဲတီစိမ်းသီးနှံသစ် (New supplies) အဖြစ်၃ကြိမ်ရရှိသည်။ မိုးနှောင်းရာသီတွင် ရေသွင်းစိုက်ပျိုးသော ပဲတီစိမ်းစိုက်ပျိုးမှုဧရိယာမှာ မိုးဦး၊ မိုးလယ်စိုက်ပျိုးသည့် ဧရိယာနှင့် နှိုင်းယှဉ်ပါက နည်းပါးသည်။ မြန်မာနိုင်ငံအောက်ပိုင်းဒေသတွင် မိုးစပါးရိတ်သိမ်းအပြီး ပဲတီစိမ်းကို ဒုတိယသီးနှံအဖြစ် စိုက်ပျိုးကြ သဖြင့် တစ်နှစ်တစ်ကြိမ်သာ သီးနှံသစ် (New supplies) အဖြစ်ရရှိသည်။ ဇယား-၁ ကိုလေ့လာကြည့်ရှုရန်ဖြစ်ပါသည်။

**ဇယား-၁။ မြန်မာနိုင်ငံ အောက်မြန်မာပြည် မြစ်ဝကျွန်းပေါ် ဒေသနှင့် မြန်မာပြည်အလယ်ပိုင်းမိုးနည်းရပ်ဝန်း ဒေသတွင် မတ်ပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်း၊ ကုလားပဲစိုက်ချိန်၊ ရိတ်သိမ်းချိန်**


| အဓိကပဲများ | | May | Jun | Jul | Aug | Sep. | Oct. | Nov. | Dec. | Jan. | Feb. | Mar. | Apr. |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| မတ်ပဲ | DR | | | | | | | S | S/G | G | H | | |
| ပဲစင်းငုံ | CDZR | S | S | G | G | G | G | G | H | | | | |
| ပဲတီစိမ်း | DR | | | | | | | S | S/G | G | H | H | |
| ပဲတီစိမ်း | CDZR | S | S | G | H | H | | | | | | | |
| ပဲတီစိမ်း | CDZR | | | | S | S | G | H | H | | | | |
| ပဲတီစိမ်း | CDZR | H | | | | | | | | | S | S/G | G |


**ရှင်းလင်းချက်။ S= Time of sowing (စိုက်ချိန်) G= Time of growing (ကြီးထွားချိန်) H= Time of harvesting (ရိတ်သိမ်းချိန်) DR= Delta region (မြစ်ဝကျွန်းပေါ်ဒေသ) ၊ CDZR= Central dry Zone Region (မြန်မာပြည်အလယ်ပိုင်းမိုးနည်းရပ်ဝန်းဒေသ)။**

တစ်နှစ်တွင် တစ်ကြိမ်သာ သီးနှံသစ်အဖြစ်ရရှိနိုင်သည့် မတ်ပဲ၊ ပဲစင်းငုံ၊ ကုလားပဲကို ရောင်းဝယ်ရာတွင် သီးနှံသစ်ပေါ်ချိန်တွင် ဝယ်ယူပြီး လာမည့်သီးနှံသစ် မထွက်ပေါ်မီကာလအထိ သိုလှောင်မှုကိုသာ အားထားပြီး ရောင်းဝယ်ကြရသည့် အခြေအနေဖြစ်ပါသည်။ ဖေဖော်ဝါရီလတွင် အောက်မြန်မာပြည်မြစ်ဝကျွန်းပေါ် ဒေသမှ မတ်ပဲအသစ်များ ဈေးကွက်သို့ စတင်ဝင်ရောက်လာသည်။

ရန်ကုန်မှ မတ်ပဲတင်ပို့ရောင်းချသူများသည် အိန္ဒိယဈေးကွက် မွမ်ဘိုင်းနှင့် ချန်နိုင်းတွင် နေ့စဉ်ဖြစ်ပေါ်သော မြန်မာမတ်ပဲဈေး အတက်အကျ အပြောင်းအလဲကို အခြေခံပြီး ပြည်တွင်းဈေးကွက်တွင် အရောင်းအဝယ်လုပ်ငန်းကို ဆုံးဖြတ်ဆောင် ရွက်ကြသည်။

**ပုံ ၁-၂။ ရန်ကုန်မတ်ပဲရာသီအလိုက် ဆန္ဒန်းကိန်း (Seasonal price index) အခြေပြပုံ**




ဇာစ်မြစ်။ www.etrademyanmar.com

ရန်ကုန်မတ်ပဲ ရာသီအလိုက်ဆန္ဒန်းကိန်း (Seasonal index) ကိုရရှိရန် ၂၀၀၈ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ လအလိုက်ပျမ်းမျှ (Spot price)ဈေးများကို (12-month centered moving average) နည်းလမ်းဖြင့် တွက်ချက်ပြီး ပုံ-၂ တွင် ရေးဆွဲဖော်ပြထားပါသည်။ ယင်းနည်းလမ်းဖြင့် တွက်ချက်ရရှိသည့် လအလိုက် ဆန္ဒန်းကိန်းများ (Seasonal price index) ကို ဇယား-၂ တွင် စုစည်းဖော်ပြ ထားပါသည်။

ရန်ကုန်မတ်ပဲရာသီအလိုက် ဆန္ဒန်းကိန်းကိုလေ့လာပါက ဖေဖော်ဝါရီလတွင် ဆန္ဒန်းကိန်းသည် ၉၂ (92 points) (အနိမ့်ဆုံးတန်ဖိုး) ဖြစ်သွားပြီး ဆန္ဒန်းကိန်း (Value of index) တန်ဖိုး (၁၀၀) အောက်သို့ရောက်ရှိသွားခဲ့သည်။ ဖေဖော် ဝါရီလတွင် မတ်ပဲအသစ် (New supplies) များ ဈေးကွက်သို့ ဝင်ရောက်လာသည့် အတွက် ရာသီကာလအတွင်း ဈေးနှုန်းကျဆင်းမှုဖြစ်ပေါ်စေသည်။ ရန်ကုန်မတ်ပဲရာသီအလိုက် ဆန္ဒန်းကိန်းသည် ဧပြီလမှ ဒီဇင်ဘာလထိ ဆန္ဒန်းကိန်း (Value of index) တန်ဖိုး (၁၀၀) အထက်တွင်သာရှိသည်ကို တွေ့မြင်ရမည်ဖြစ်ပါသည်။ ပုံ-၂ကိုလေ့လာကြည့်ရှုရန်ဖြစ်ပါသည်။

ဖေဖော်ဝါရီလတွင် မတ်ပဲအသစ် (New supplies)ပေါ်ချိန်တွင် ဝယ်ယူသိုလှောင်ပါက နောက်ပိုင်းကာလမတ်ပဲဈေးမြင့်လာမှုသည် သိုလှောင်မှု စရိတ်၊ ရောင်းဝယ်မှုစရိတ် (Storage cost and marketing cost) ကိုကာမိမှ သာသိုလှောင်ပြီး ရောင်းချသည့်လုပ်ငန်းကို ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ရန်ကုန်မတ်ပဲရာသီအလိုက် ဆန္ဒန်းကိန်းအရ မည်သည့်အချိန်တွင်ဈေးကျလေ့ ရှိသည်၊ မည်သည့်အချိန်တွင် ဈေးမြင့်လေ့ရှိသည်ကို ဖော်ညွှန်းထားသည့်အတွက် ရာသီကာလအတွင်း ဈေးနှုန်းပြောင်းလဲခြင်းကို ရောင်းဝယ်သူများ၊ မတ်ပဲစိုက်ပျိုးသူများသတိပြုရန် လိုအပ်ပါသည်။

**ဇယား-၂။ ရန်ကုန်မတ်ပဲရာသီအလိုက် ဆန္ဒန်းကိန်း (seasonal index)**

| လအမည် | ရာသီ-အလိုက် ဆန္ဒန်းကိန်း | ရာသီအလိုက် ဆန္ဒန်းကိန်း (အနိမ့်ဆုံး) | ရာသီအလိုက် ဆန္ဒန်းကိန်း (အမြင့်ဆုံး) |
|---|---|---|---|
| ဇန်နဝါရီ | ၁၁၀. ၆ | ၇၄. ၆ | ၁၈၆. ၁ |
| ဖေဖော်ဝါရီ | ၉၂. ၀ | ၇၁. ၇ | ၁၁၅. ၈ |
| မတ် | ၉၇. ၇ | ၇၆. ၃ | ၁၂၁. ၁ |
| ဧပြီ | ၁၀၆. ၄ | ၉၂. ၁ | ၁၂၇. ၀ |
| မေ | ၁၀၈. ၉ | ၉၁. ၂ | ၁၃၆. ၅ |
| ဇွန် | ၁၀၁. ၀ | ၈၇. ၉ | ၁၁၈. ၄ |
| ဇူလိုင် | ၁၀၈. ၈ | ၉၂. ၄ | ၁၂၉. ၄ |
| ဩဂုတ် | ၁၁၅. ၆ | ၉၁. ၁ | ၁၄၅. ၄ |
| စက်တင်ဘာ | ၁၁၃. ၆ | ၈၈. ၂ | ၁၄၅. ၄ |
| အောက်တိုဘာ | ၁၁၂. ၈ | ၉၈. ၉ | ၁၃၀. ၉ |
| နိုဝင်ဘာ | ၁၀၉. ၆ | ၉၅. ၃ | ၁၃၆. ၆ |
| ဒီဇင်ဘာ | ၁၀၂. ၅ | ၉၂. ၁ | ၁၁၈. ၇ |

➲စာမျက်နှာ - ၂၈ သို့

Vol: 15, No.27 Monday July 20 2015

# စားသုံးသူအကာအကွယ်ပေးရေးနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ ကိစ္စရပ်များအား အရှိန်အဟုန်မြှင့်ဆောင်ရွက်



ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ရွှေတောင်မြို့နယ်တွင် ကုန်သွယ်မှုမြှင့်တင်ရေး နှင့် စားသုံးသူရေးရာ ဦးစီးဌာနအနေဖြင့် ၂၀၁၅ ခုနှစ်တွင် ပြည်ခရိုင်အတွင်းရှိမြို့နယ်များတွင် စားသုံးသူအကာအကွယ်ပေးရေးနှင့် ထုတ်ကုန်လုံခြုံစိတ်ချ ရမှုဆိုင်ရာ အသိပညာပေးဟောပြောဆွေးနွေးပွဲ များအား အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ဇူလိုင်လ ၁၀ ရက်နေ့ တွင် ပြည်ခရိုင်၊ ရွှေတောင်မြို့နယ်၊ မြို့မ အ. ထ. က ကျောင်းတွင်လည်းကောင်း၊ ဇူလိုင်လ ၁၄ ရက်နေ့တွင် ရွှေတောင်မြို့၊ ကြာနီကန် အ. ထ. က (ခွဲ) ကျောင်းတို့တွင် စားသုံးသူအကာအကွယ် ပေးရေးနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ အသိပညာပေး ဟောပြောဆွေးနွေးပွဲများ ဆောင်ရွက်ခြင်း၊ စာသင်ကျောင်း မုန့်ဈေးတန်း အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ကွင်းဆင်းစစ် ဆေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

ဆွေးနွေးဟောပြောပွဲတွင် ရွှေတောင်မြို့နယ် ကျန်းမာရေးမှူးဒေါက်တာကိုကိုကြီးက သွေးလွန်တုပ်ကွေးရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ အကြောင်း သိကောင်းစရာတို့အား ဟောပြောပို့ချပြီး၊ ကုန်သွယ်မှုမြှင့် တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ပြည်ခရိုင်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးစိုးငြိမ်း၊ ဦးစီးမှူး ဦးထွန်းမင်းထွန်း တို့က စားသုံးသူရေးရာအကြောင်း သိကောင်းစရာများ၊ အစားအသောက်နှင့် ဓာတုဆိုးဆေးအန္တရာယ်တို့ကို ဟောပြောပို့ချခဲ့ပြီးနောက် ကျောင်းမုန့်ဈေးတန်း အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက်ကျောင်းမုန့်ဈေးတန်းသို့သွားရောက်ပြီး တားမြစ်ဓာတုဆိုးဆေးများ ပါဝင်သော ကျန်းမာရေးဌာနမှ ထုတ်ပြန် ထားသည့် အစားအသောက်များ ရောင်းချမှုမရှိစေရေးနှင့် သက်တမ်းလွန်မုန့်များ ရောင်းချမှုမရှိစေရေးတို့အတွက် မုန့်ဈေးဆိုင်များအား ကြည့်ရှုစစ်ဆေးပြီး ဆိုင်ရှင် များကိုလည်း အသိပညာပေး ဆွေးနွေး ဟောပြောခြင်းများ ဆောင်ရွက်ခဲ့ကြပါ သည်။

အဆိုပါဆွေးနွေးပွဲများသို့ ရွှေတောင်မြို့နယ် ရဲတပ်ဖွဲ့မှူးဦးသန်းထွန်းနှင့် တာဝန်ရှိသူများ၊ မြို့နယ် ကျန်းမာရေးမှူးဒေါက်တာကိုကိုကြီးနှင့် တာဝန်ရှိသူများ၊ မြို့နယ်ပညာရေးမှူးရုံးမှ တာဝန်ရှိသူများ၊ ရွှေတောင် မြို့နယ် ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ခံ ဦးအောင်နိုင်ဦးနှင့် စားသုံးသူရေးရာ ဌာနမှ ဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ပြီး ရွှေတောင်မြို့၊ မြို့မ အ. ထ. က ကျောင်းတွင် ကျောင်းသား/ကျောင်းသူ အင်အား ၂၁၇ ဦး၊ ကြာနီကန် အ. ထ. က (ခွဲ) ကျောင်းတွင် ဆရာ၊ဆရာမများအပါအဝင် ကျောင်းသား၊ကျောင်းသူ ၁၇၇ ဦး တက်ရောက်ခဲ့ကြကြောင်း သိရှိရပါ သည်။

**နိုင်လင်းထွန်း၊**
**စားသုံးသူရေးရာ (ပြည်)**

# ရေစကြိုမြို့နယ်နှင့် ဆိပ်ဖြူမြို့နယ်တို့တွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကျင်းပ

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် နယ်မြေအတွင်းရှိ ရေစကြိုမြို့ပေါ်၌ ဇူလိုင်လ ၁၃ ရက်နေ့ နံနက် ၁၁း၀၀ နာရီအချိန်မှာ ပခုက္ကူခရိုင် ကုန်သွယ်မှု မြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူးဦးသန်းဦးနှင့်အဖွဲ့သည် ရေစကြိုကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အစည်းအဝေးခန်းမမှာ ကုန်သည်ပွဲစားလုပ်ငန်းရှင်များ၊ လာရောက်လေ့လာသူများအား ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲ ပြုလုပ်ခဲ့ပါသည်။ ဟောပြောပွဲတွင်ကုန်သွယ်မှု၊ ပို့ကုန်၊ သွင်းကုန်၊ စားသုံးသူအကာအကွယ်ပေးရေးများနှင့်ပတ်သက်၍ ဟောပြောခဲ့ကြကြောင်း သိရပါတယ်။ ထို့နောက် ခရိုင်ဦးစီးနှင့် အဖွဲ့သည် ရေစကြိုမြို့ စိတ္တသုခတွဲဖက် အထက်တန်းကျောင်း၌ စားသုံးသူရေးရာအကာအကွယ်ပေးရေးအသိပညာပေးဆွေးနွေးပွဲကို ဆက်လက်ပြုလုပ်ခဲ့ကြောင်းသိရပါတယ်။ အဆိုပါ ဆွေးနွေးပွဲသို့ ရေစကြိုမြို့ စိတ္တသုခတွဲဘက် (အ. ထ. က)မှ ကျောင်းသားကျောင်းသူ ၄၀၀ ဦး၊ ဆရာ ဆရာမ ၁၅ ဦး၊ ကျောင်းသားမိဘ ၄၀ ဦးခန့် တက်ရောက်နားထောင်ခဲ့ကြပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရှိရပါသည်။

ဇူလိုင်လ ၁၅ ရက်နေ့တွင် ခရိုင်ဦးစီးမှူးနှင့် အဖွဲ့သည် ပခုက္ကူခရိုင်အတွင်းရှိ ဆိပ်ဖြူမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ငွေသဲဖြူခန်းမ၌ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲကိုပြုလုပ်ခဲ့ပါသည်။ အဆိုပါဟောပြောပွဲသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဌ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ရပ်ကွက်နှင့် ကျေးရွာ ဥက္ကဌများ၊ ထွေအုပ်ဝန်ထမ်းများစုစုပေါင်း ၁၂၀ ဦး တက်ရောက်ခဲ့ကြပါသည်။ မြို့နယ်အုပ်ချုပ်ရေးမှူးက ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများအား စားသုံးသူအကာအကွယ်ပေးရေး လက်ကမ်းစာစောင်များကို မိတ္တူပွားၡ မိမိတို့ကျေးရွာပြည်သူများသိရှိအောင် ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း ပြောကြားပြီး ဝေငှပေးခဲ့ပါသည်။ ခရိုင်ဦးစီးမှူးနှင့်အဖွဲ့သည် နေ့လယ်ပိုင်းတွင် ဆိပ်ဖြူမြို့ အခြေခံပညာအထက်တန်းကျောင်း၌ စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေး ဟောပြောပွဲကို ဆက်လက်ပြုလုပ်ရာ ဆရာ ဆရာမ ၇၀ ဦးနှင့် ကျောင်းသားကျောင်းသူ ၁၈၀၀ ဦး တက်ရောက်ကြကြောင်း သတင်းရရှိပါသည်။ စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေးဟောပြောပွဲကို ခရိုင်အတွင်းရှိမြို့နယ်များရှိစာသင်ကျောင်းများ၊ စည်ပင်သာယာ ဈေးများသို့ အပတ်စဉ်ဆက်တိုက်ပြုလုပ်သွားမည်ဟုလည်း သတင်းရရှိပါသည်။

**မြင့်ဦး (ပခုက္ကူ)**

# ဖျာပုံမြို့ပေါ်ရှိကျောင်းများတွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲများကျင်းပ

ယနေ့ ကျောင်းသား ကျောင်းသူ ကလေးငယ်များ ကျောင်းဈေးသည်များအား ကျန်းမာရေးနှင့် ညီညွတ် ပြီးဘေးအန္တရာယ်ကင်းသော အစားအစာများ၊ ရွေးချယ်စားသုံးတတ်စေရန်နှင့် ရောင်းချလာစေရန် အတွက် စားသုံးသူအကာအကွယ်ပေးရေးနှင့် ပတ်သက်သည့် အသိပညာ ဗဟုသုတများရရှိစေရန် ရည်ရွယ်၍ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲ အခမ်းအနားကို ဇူလိုင်လ ၁၃ ရက်နေ့တွင် ဖျာပုံမြို့ အ. မ. က (၁၂) မြောက်ပိုင်းကျောင်းမှာ ကျင်းပရာ တက်ရောက်သူ ဆရာ၊ ဆရာမ ၁၈ ဦး၊ ကျောင်းဈေးသည် ၇ ဦးနဲ့ ကျောင်းသားကျောင်းသူ ၄၂၀ ဦး၊ စုစုပေါင်း ၄၄၅ ဦး၊ ဇူလိုင်လ ၁၄ ရက်နေ့တွင် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း အခမ်းအနားမှာ ဆရာ၊ ဆရာမ ၁၀ ဦး၊ ကျောင်းဈေးသည် ၂၂ ဦးနဲ့ ကျောင်းသားကျောင်းသူ ၃၅၀ ဦး၊ စုစုပေါင်း ၃၈၂ ဦးတက်ရောက်ကြတယ်လို့သိရပါတယ်။

အခမ်းအနားမှာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးကိုယ်စား ဒုတိယဦးစီးမှူး ဦးဇော်ဇော်နဲ့ ဒုတိယဦးစီးမှူး ဒေါ်ခင်သက်ဆွေတို့က အဖွင့်အမှာစကားပြောကြားပြီး ကျန်းမာရေးဌာနမှ ဒေါက်တာမြသူဇာက အစားအသောက်နှင့် ကောင်းမွန်သော ကျန်းမာရေးခေါင်းစဉ်ဖြင့် လည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယဦးစီးမှူးဒေါ်သက်သက်ကြူက သန့်ရှင်းသော အစားအသောက်နှင့် ပတ်ဝန်းကျင်အကြောင်းကိုလည်းကောင်း၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ဖျာပုံခရိုင်ဦးစီးမှူး ရုံးမှဒေါ်ကေသွယ်ဝင်းက စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများအား နမူနာမုန့်ပဲသွားရည်စာများကိုပြသ၍ ဆိုးဆေးများပါဝင်သော အချဉ်ထုပ်များ၊ သက်တမ်းလွန်နေသော မုန့်များ၊ မိမိတို့မဖတ်တတ်တဲ့ ဘာသာစကားဖြင့် ရေးသားထားသည့်မုန့်များ၊ ဆေးတို့ထားသော အသီးအနှံများစသည့် စားသုံးရန်မသင့်သော အစားအစာများကို ပြသရှင်းလင်းကြကြောင်း သတင်းရရှိပါတယ်။

ထို့နောက်ပူးပေါင်းအဖွဲ့တို့သည် အဆိုပါ ကျောင်းများတွင် ရောင်းချနေသော ကျောင်းမုန့်ဈေးတန်းသို့ သွားရောက်ကာကျောင်းဈေးသည်များအား ကျန်းမာရေးနှင့်ညီညွတ်ပြီး ဘေးအန္တရာယ်ကင်းသော အစားအစာများ ရောင်းချရန်အတွက်အသိပညာပေးရေးဆိုင်ရာ ဆောင်ရွက်မှုများ ပြုလုပ်ခဲ့ကြတယ်လို့ သိရပါတယ်။

**မင်းဇော်မွန် (ဖျာပုံ)**

# ဒိုက်ဦးမြို့နယ်အတွင်းရှိ စာသင်ကျောင်းများတွင် အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ကွင်းဆင်းဆောင်ရွက်



ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်အတွင်းရှိစာသင်ကျောင်းများတွင် အစားအသောက်ဘေးအန္တရာယ် ကင်းရှင်းစေရန် ရည်ရွယ်၍ ပဲခူးတိုင်းဒေသကြီး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးအောင်သိုက်နှင့် ဝန်ထမ်းများသည် ဒိုက်ဦးမြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူများ၊ မြို့နယ်ပညာရေးမှူး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ သက်ဆိုင်ရာ ကျောင်းမှ ဆရာ/ဆရာမများနှင့် ပူးပေါင်း၍ ဇူလိုင်လ ၁၄ ရက် နေ့တွင် ဒိုက်ဦးမြို့နယ် အမှတ်(၁) နှင့် အမှတ် (၂) အထက်တန်းကျောင်းများတွင် လည်းကောင်း၊ မင်းတဲရပ်ကွက်အမှတ် (၆) အလယ်တန်းကျောင်းခွဲ များသို့ လည်းကောင်း သွားရောက်၍ ကျောင်းမုန့်ဈေးတန်းများတွင် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ခွင့်မပြုဓာတုဆိုးဆေးများပါဝင်သော စားသုံးရန်မသင့်သည့် အစားအသောက်များ၊ သက်တမ်း ကုန်ဆုံးနေသည့် အစားအသောက်များ ရောင်းချနေခြင်း ရှိ/မရှိကို စစ်ဆေးပြီး ဈေးဆိုင်ရှင်များအား ဓာတုဆိုးဆေးများ၏ ဘေးအန္တရာယ်အကြောင်းနှင့် ခွင့်မပြုဓာတုဆိုးဆေးများ ပါဝင်သော အစားအသောက်များနှင့် သက်တမ်း ကုန်ဆုံးနေသော အစားအသောက်ကို မရောင်းချကြရန် ကျောင်းသား/ ကျောင်းသူများအား မိမိ၏ ရင်သွေး ငယ်များလို သဘောထားပြီး မေတ္တာ စေတနာထား၍ သန့်ရှင်းကောင်းမွန်သော အစားအသောက်များကို ရွေးချယ်ရောင်းချပေးကြရန် အသိပညာ ပေးဆွေးနွေး ပြောကြားခဲ့ပါသည်။ ထို့ အပြင် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ခွင့်မပြုဓာတုဆိုးဆေးများ ပါဝင်သော စားသုံးရန်မသင့်သည့်အစားအသောက်အမည်စာရင်းများ၊ စားသုံးသူ အကာအကွယ်ပေးရေး သိကောင်းစရာများ ပါဝင်သော စားသုံးသူ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိပါသည်။

**ကျော်ဆန်းဝင်း**
**(စားသုံးသူ ၊ ပဲခူး)**

# အထက(၄) စမ်းချောင်းမြို့နယ်တွင် စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း ဟောပြောဆွေးနွေး



ကျောင်းသား/ကျောင်းသူများအနေဖြင့် အစားအစာများစားသောက်ကြရာတွင် စားသောက်သင့် မသင့်များနှင့် အသိပညာဗဟုသုတ ပြည့်စုံစွာဖြင့် ဝေဖန်ပိုင်းခြားနိုင်ရန် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးမှုများကို ဆောင်ရွက်နေသည့် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူနှင့် ဝန်ထမ်းများသည် အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)၊ ရန်ကုန်တိုင်း ကျောင်းကျန်းမာရေး ဆရာဝန်ကြီး၊ မြန်မာနိုင်ငံ စားသုံးသူကြိုတင်ကာကွယ်ရေးအသင်းတို့နှင့်ပူးပေါင်း၍ ဇူလိုင်လ ၁၄ ရက် နေ့လယ် ၁၃း၀၀ နာရီတွင် စမ်းချောင်းမြို့နယ်၊ အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်း၊ တော်ဝင်ခန်းမတွင် စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲကျင်းပခဲ့ပါသည်။

ဟောပြောဆွေးနွေးပွဲတွင် စမ်းချောင်းမြို့နယ်၊ အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်း၊ ကျောင်းအုပ် ဆရာမကြီး ဒေါ်အေးသန်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဒေါ်ဝါဝါခိုင်က စားသုံးသူအကာအကွယ်ပေးရေးဥပဒေတွင်ပါရှိသည့် စားသုံးသူအခွင့်အရေး နှင့်တာဝန်များကို ကျောင်းသား/ကျောင်းသူများသိရှိစေရန် ဆွေးနွေးဟောပြောခြင်း၊ ကျောင်းမုန့်ဈေးတန်းတွင် ဈေးရောင်းချသူများအနေဖြင့် ထုတ်လုပ်/ကုန်ဆုံးရက်စွဲနှင့် အာမခံချက်များမပါဝင်သည့်ကုန်ပစ္စည်းများကို ရောင်းချခြင်းမပြုရန်၊ မိမိတို့ဌာနမှလည်း လုံခြုံစိတ်ချရမှုမရှိသည့် ထုတ်ကုန်များ၊ ကွင်းဆင်းဆောင်ရွက်လျက် ရှိသည့်အခြေအနေ၊ ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၊ စားသုံးသူတိုင်ကြားမှု လက်ခံဆောင်ရွက်ရေးလုပ်ငန်းကော်မတီနှင့် ထုတ်ကုန်များလုံခြုံစိတ်ချရမှုဆိုင်ရာလုပ်ငန်းကော်မတီ ဖွဲ့စည်းပြီးသည့် အခြေအနေများကို အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာန (ကိုယ်စား) တိုင်းကျောင်းကျန်းမာရေးဆရာဝန်ကြီး ဒေါက်တာ ဒေါ်ခင်စောရီက မိမိကိုယ်တိုင် ကျန်းမာဖို့အတွက် သဘာဝအစားအစာများစားသုံးရန်နှင့် ကျောင်းကျန်းမာရေး လုပ်ငန်းစဉ် (၉) ရပ်နှင့်အညီ လိုက်နာရမည့် အချက်များကိုလည်းကောင်း၊ အစားအသောက်နှင့်ဆေးဝါး ကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)မှ ဒုတိယကြီးကြပ်ရေးမှူး ဒေါ်ထက်သစ္စာခိုင်က အစားအစာများကို စားသုံးသူများ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းစွာ သုံးစွဲနိုင်ရန် စိုက်ပျိုးထုတ်လုပ်သည်မှ ဖြန့်ဖြူးရောင်းချသည်အထိ ဆောင်ရန်/ ရှောင်ရန်များကိုလည်းကောင်း၊ မြန်မာနိုင်ငံ စားသုံးသူကြိုတင်ကာကွယ်ရေးအသင်း ဘဏ္ဍာရေးမှူး ဒေါ်အေးအေးရီက စားသောက်ကုန်၊ လူသုံးကုန်၊ အလှကုန်ပစ္စည်းများတွင် ဘေးဥပဒ်အန္တရာယ်ဖြစ်နိုင်မှုနှင့် ဓာတုဓာတ်ကြွင်းများ ပါဝင်နိုင်မှုအခြေအနေတို့ကို အကျယ်တဝင့် ဟောပြောဆွေးနွေးခဲ့ပါသည်။

အဆိုပါ ဟောပြောဆွေးနွေးပွဲသို့ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူနှင့် ဝန်ထမ်းများ၊ အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ) မှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်း ကျောင်းကျန်းမာရေးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ စားသုံးသူ ကြိုတင်ကာကွယ်ရေးအသင်း တာဝန်ရှိသူများမှ စမ်းချောင်းမြို့နယ် အမှတ် (၄) အခြေခံပညာ အထက်တန်းကျောင်း၊ ကျောင်းအုပ် ဆရာမကြီးနှင့် ဆရာ/ဆရာများ၊ ကျောင်းသား/ ကျောင်းသူ ၃၂၆ ဦး၊ ကျောင်းမုန့်ဈေးတန်းတွင်ဈေးရောင်းချသည့် ဈေးသည်များ၊ ကျောင်းသားမိဘ များ စုစုပေါင်း ၃၆၅ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**လဲ့လဲ့ငွေး (စားသုံးသူ) ရန်ကုန်**




# မော်လမြိုင်မြို့တွင် စားသုံးသူအကာအကွယ်ပေးရေးသင်တန်းဖွင့်လှစ်

မွန်ပြည်နယ်အစိုးရအဖွဲ့ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ရဲ့ ကြီးကြပ်မှုဖြင့် မွန်ပြည်နယ်၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံးတွင် ဇူလိုင်လ ၁၄ ရက် ၀၉း၃၀ နာရီမှာ စားသုံးသူ အကာအကွယ်ပေးရေးသင်တန်း ဖွင့်လှစ်ခဲ့ကြောင်း သတင်းရရှိပါတယ်။

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ မွန်ပြည်နယ်အစိုးရအဖွဲ့စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ၊ မွန်ပြည်နယ် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာမင်းနွယ်စိုး တက်ရောက် အဖွင့် အမှာစကားပြောကြားပြီး ပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေး အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ ဖိတ်ကြားထားသော ပုဂ္ဂိုလ်များ၊ မွန်ပြည်နယ် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီး ဌာနမှ သင်တန်းသားများ စုစုပေါင်း ၅၀ ဦးခန့် တက်ရောက်ခဲ့ပါတယ်။

ယင်းနောက် ပြည်နယ်ဦးစီးမှူး ဦးတင့်ဆန်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များ၊ ဥပဒေရဲ့ အရေးပါပုံများနှင့်ဝန်ထမ်းများအနေဖြင့် သင်ကြားပို့ချမှုများအပေါ် အလေးအနက်ထားသင်ယူမှတ်သားကြရန် ဆွေးနွေးမှာကြားပါတယ်။ ဆက်လက်ပြီး မွန်ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်တင်မလတ်က ပိုးသတ်ဆေးဥပဒေအကြောင်း သိကောင်းစရာများနဲ့ပူး ပေါင်းဆောင်ရွက်သင့်သည်များကို ဆွေးနွေးခြင်း၊ မွန်ပြည်နယ် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှ ဦးစီးအရာရှိ (အစားအသောက်) ဒေါက်တာဖြူဖြူခင်က အမျိုးသားအစားအသောက် ဥပဒေနှင့် ဌာနမှ ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များ၊ စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်မှုအခြေအနေများကို ဆွေးနွေးခြင်း၊ မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ဦးစီးအရာရှိ ဒေါ်နီလာဦးက စည်ပင်သာယာရေး ဥပဒေအရ အစားအသောက်များ ဘေးကင်းလုံခြုံရေး၊ လိုင်စင်ထုတ်ပေးမှု အခြေအနေများ၊ ဈေးများတွင် ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်မှုများ၊ ဌာနများနဲ့ ပူးပေါင်းဆောင်ရွက်နိုင်မယ့် အခြေနေများကို ရှင်းလင်းဆွေးနွေးခြင်းနှင့် ပြည်နယ် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီဌာနမှ ဒုတိယပြည်နယ်ဦးစီးမှူး ဦးခင်အောင်သွင်က စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ၊ လူထုဟောပြောနည်းများကို ဆွေးနွေးခဲ့ပါတယ်။

ဒုတိယပိုင်းတွင် ဒုတိယဦးစီးမှူး ဦးအောင်ကျော်မိုးက အာဆီယံနိုင်ငံအချို့ရဲ့ စားသုံးသူ တိုင်တန်းမှုနှင့် အရေးယူဆောင်ရွက်သည့် နည်းလမ်းများ အကြောင်း၊ ဒုတိယဦးစီးမှူး ဦးချိုဝင်းက ဉာဏပစ္စည်း မူပိုင်ခွင့်နဲ့ ကုန်အမှတ်တံဆိပ်များအကြောင်း၊ Barcode များအကြောင်းနဲ့ အာဆီယံနိုင်ငံအချို့ရဲ့ ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ပုံများ အကြောင်း ဆွေးနွေးခဲ့ပါတယ်။

ယင်းနောက် သင်တန်းသားများမှ သိရှိလိုတဲ့ မေးမြန်းချက်များကို ပြည်နယ်ဦးစီးမှူး၊ ဒုတိယပြည်နယ်ဦးစီးမှူးနဲ့ ပို့ချသူများက ပြန်လည်ဖြေကြားရှင်းလင်းခဲ့ပါတယ်။ သင်တန်းသို့ မွန်ပြည်နယ်ရုံးနဲ့ သထုံခရိုင်ရုံးတို့မှ သင်တန်းသား ၃၅ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါတယ်။ Mon Consumer

## အထက(၁) လက်ပံတန်းမြို့နယ်တွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောဆွေးနွေးပွဲကျင်းပ

ပဲခူးတိုင်းဒေသကြီးစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူ ရေးရာဦးစီးဌာန သာယာဝတီခရိုင် ဦးစီးမှူးရုံးမှ ခရိုင်ဦးစီးမှူးနှင့် မြို့နယ်တာဝန်ခံရုံး လက်ပံတန်းမြို့နယ်တာဝန်ခံနှင့်ဝန်ထမ်းများသည် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ဆွေးနွေးပွဲများ၊ ဟောပြောပွဲများ စဉ်ဆက်မပြတ် ကျင်းပလျက်ရှိရာ ဇူလိုင် ၉ ရက်နေ့ နံနက် ၀၉း၃၀ နာရီတွင် လက်ပံတန်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းအစည်းအဝေးခန်းမတွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောဆွေးနွေးပွဲ ကျင်းပခဲ့ပါသည်။

အဆိုပါ ဟောပြောဆွေးနွေးပွဲသို့ ကျောင်းအုပ်ဆရာမကြီးအပါအဝင်ဆရာ/ဆရာမများ၊ မြို့နယ်ကျန်းမာရေးအဖွဲ့ဝင်များ၊ကျောင်းကျန်းမာရေးအဖွဲ့ဝင်များ ကျောင်းသူ/ကျောင်းသား ၃၂၅ ဦး ကျောင်းဈေးသည်ခုနစ်ဦးတက်ရောက်ခဲ့ပြီး စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ လက်ကမ်းစာစောင်များ၊ ပိုစတာများ၊ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေစာအုပ်များ၊ ခွင့်မပြုဓာတုဆိုးဆေးပါဝင်ကြောင်း ကြေညာခဲ့သည့် စာရင်းများ၊စားသုံးရန်မသင့်သော မုန့်နမူနာများကို ပြသခဲ့ပါသည်။

ထို့နောက် အထက(၁)လက်ပံတန်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းငွေးက စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ ဟောပြောပွဲကျင်းပရခြင်းအကြောင်း ဟောပြောပါသည်။၎င်းနောက် ခရိုင်ဦးစီးမှူး ဦးညွန့်သန်းက စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ဥပဒေများအကြောင်း၊ စားသုံးသူတို့၏ အခွင့်အရေးများ၊စားသောက်ကုန်များတွင် သုံးစွဲသော ဓာတုဆိုးဆေးများ၏အန္တရာယ်၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ လုပ်ငန်းများလုပ်ဆောင်နေမှုအခြေအနေ ၊ စားသုံးသူများအနေနှင့် နစ်နာဆုံးရှုံးမှုများရှိလာပါက တင်ပြတောင်းဆိုနိုင်ရန် ပဲခူးတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့များဖွဲ့စည်းထားရှိမှုအခြေအနေတို့ကို အကျယ်တဝင့်ရှင်းလင်းဟောပြောဆွေးနွေးခဲ့ပါသည်။

ထို့နောက်မြို့နယ်ကျန်းမာရေးအဖွဲ့ ဦးစီးမှူးက ကျန်းမာရေးဆိုင်ရာ ဗဟုသုတများကို ဟောပြောခဲ့ပါသည်။ဆွေးနွေးပွဲအပြီးတွင် ခရိုင်ဦးစီးမှူးနှင့်အဖွဲ့ဝင်ဝန်ထမ်းများ ကျောင်းအုပ်ဆရာမကြီးနှင့်ဆရာ/ဆရာမများ၊ မြို့နယ်ကျန်းမာရေးအဖွဲ့ဝင်များ၊ကျောင်းကျန်းမာရေးအဖွဲ့ဝင်များသည် ကျောင်းမုန့်ဈေးတန်းသို့ သွားရောက်၍ တရုတ်စာတမ်းပါမုန့်များ၊ ဆိုးဆေးပါမုန့်များ၊နို့ခဲများ၊ အမှတ်တံဆိပ်မပါသော တုတ်ထိုးရောင်စုံချိုချဉ်များကို ဝယ်ယူခဲ့ကြပြီး ကျောင်းသူ/ကျောင်းသားများအား လိုက်လံပြသကာ ဝယ်ယူစားသုံးခြင်းမပြုရန် အသိပညာပေးခြင်းများဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**အောင်ဇော်လွင်၊ လက်ပံတန်း**

# စင်ကာပူနိုင်ငံတွင် ကျင်းပမည့် Green Building 2015 ပြပွဲသို့ မြန်မာနိုင်ငံမှ ပညာရှင်များ တက်ရောက် လေ့လာနိုင်




စင်ကာပူနိုင်ငံတွင် ကျင်းပမည့် Green Building Week 2015 ပြပွဲသို့ မြန်မာနိုင်ငံမှ အိမ်ရာအဆောက်အအုံများ ဆောက်လုပ်နေသည့် ပညာရှင်များ၊ ဆောက်လုပ်ရေးအင်ဂျင်နီယာများ၊ဗိသုကာပညာရှင်များ တက်ရောက်လေ့လာနိုင်ကြကြောင်း သိရသည်။

အဆိုပါပြပွဲကို စင်ကာပူနိုင်ငံရှိ Marina Bay Sand တွင် ဩဂုတ်လ ၃၁ရက်နေ့မှ စက်တင်ဘာလ ၆ရက်နေ့အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ Green Building Week 2015 ပြပွဲသည် ခုနစ်ကြိမ်မြောက်ပြပွဲဖြစ်ပြီး ယခုပြပွဲတွင် နိုင်ငံပေါင်း ၅၅နိုင်ငံမှ ပညာရှင်များ၊ လေ့လာသူများ စုစုပေါင်း သုံးသောင်းကျော် တက်ရောက်မည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

ယင်းရက်သတ္တပတ် ပြပွဲတွင် နိုင်ငံတကာ အစိမ်းရောင်အဆောက်အဦဆိုင်ရာ အကြိုဆွေးနွေးပွဲနှင့် ပူးတွဲ၍ အခမ်းအနား ၂၄ခုကိုလည်း ပြုလုပ်သွားမည်ဖြစ်သည်။

ထို့ပြင် နိုင်ငံတကာ အစိမ်းရောင် အဆောက်အဦများဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲကိုလည်း ကျင်းပသွားမည်ဖြစ်သည်။

စင်ကာပူနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်သောနိုင်ငံတစ်နိုင်ငံဖြစ်ပြီး အဆောက်အဦများတည်ဆောက်ရာတွင် အစိမ်းရောင်အဆောက်အဦ ဖြစ်ရေးအတွက် အဓိကဦးစားပေး ဆောင်ရွက်လျက်ရှိပြီး ထပ်မံဆောက်လုပ်မည့် အဆောက်အဦများတွင် Green Building နှင့် ကိုက်ညီမှုရှိအောင် ဆောက်လုပ်လျက်ရှိနေကြောင်း သိရသည်။

Green Building Week သည် အဆောက်အဦးများ၏ အရည်အသွေးနှင့်လုံခြုံစိတ်ချရမှုကို လေ့လာအကဲခတ်မှုနယ်ပယ်အတွက် ထူးခြားသည့် မှတ်တိုင်တစ်ခုအဖြစ် စိုက်ထူနိုင်ခဲ့ပြီဖြစ်သည်။

Green Building Week သို့ နိုင်ငံတကာမှ Green Building နည်းပညာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ၊ မူဝါဒရေးဆွဲသူများ၊ အသိပညာရှင်များ၊ အဆောက်အဦများ၏ အရည်အသွေးနှင့် လုံခြုံစိတ်ချရမှုကို လေ့လာအကဲခတ်သူများ၊ အဆောက်အဦဆောက်လုပ်သူများ၊ ပိုင်ရှင်များနှင့်နေထိုင်သူများ တက်ရောက်ကြမည်ဖြစ်ပြီး ကမ္ဘာကြီးကို ပိုမိုစိမ်းလန်းသာယာသည့်ကမ္ဘာကြီးအဖြစ်သို့ရောက်ရှိစေရန် လေ့လာတွေ့ရှိချက်များကို အပြန်အလှန်မျှဝေသွားမည်ဖြစ်ရာ အဆိုပါပြပွဲသည် Green Building တည်ဆောက်ရေးလုပ်ငန်းများကို စိတ်ဝင်စားသည့်ပညာရှင်များ တက်ရောက်သင့်သည့်ပြပွဲတစ်ပွဲပင်ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ ဖျာပုံလမ်း | ၇၅၀ စ/ပေ | အခန်းဖွဲ့ (၇)လွှာ | ၁၀၀၀၀ သိန်း | ၁ လအငှားနှုန်း | ၀၉/၂၅၀/၃၇၆၃၇၉ |
| ၂။ | တိုက်ခန်း | သာကေတ ရွှင်းသာအိမ်ရာ | (၂၅×၃၅)ပေ | BR (၃) ခန်း | ညှိနိုင်းဈေး | | ၀၉/၄၂၁၁/၄၁၁၃၈ |
| ၃။ | တိုက်ခန်း | ဖဆပလအိမ်ရာ | (၁၃.၅×၄၅)ပေ | (ပ) ထပ် | ၁၂၀၀ သိန်း | ညှိနိုင်းနိုင် | ၀၉/၂၅၀/၃၇၆၃၇၉ |
| ၄။ | အိမ်/မြေ | ဒဂုံမြို့သစ်(တောင်ပိုင်း) (၁၀၄) ရပ်ကွက် | (၂၀×၆၀)ပေ | အိမ်ငယ်ပါရှိ | ၂၂၀ သိန်း | | ၀၉/၇၉/၅၃၃၇၀၃၁ |
| ၅။ | မြေ | ဒဂုံမြို့သစ်(အရှေ့ပိုင်း) (၁၃၂) ရပ်ကွက် | (၄၀×၆၀)ပေ | မြေသီးသန့် | ၅၀၀ သိန်း | | ၀၉/၇၉/၅၃၃၇၀၃၁ |
| ၆။ | မြေ | ရွှေပေါက်ကံ(မ/ဥက္ကလာ) မြို့နယ်၊ အင်းဝကျောကပ် | (၂၀×၆၀)ပေ | မြေသီးသန့် | ၂၅၀ သိန်း | | ၀၉/၇၉/၅၃၃၇၀၃၁ |
| ၇။ | တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ရှမ်းကုန်းလမ်း | (၃၂×၇၀)ပေ | (ပ)ထပ်၊အဆင့်မြင့်ပြင်ဆင်ပြီး | ၁၄ သိန်း | ၁ လအငှားနှုန်း | ၀၉/၅၁/၁၇၂၆၂ |
| ၈။ | အိမ်/မြေ | ပြင်ဦးလွင်မြို့နန်းမြိုင်လမ်းသွယ် ရပ်ကွက်ကြီး (၅) | မြေ ၆၀၀၀ စ/ပေ အိမ် ၁၆၀၀ စ/ပေ | MB (၂) ခန်း RC (၁) ထပ် | ၃.၅ သိန်း | ၁ လအငှားနှုန်း | ၀၉/၅၁/၁၇၂၆၂ |
| ၉။ | မြေ | ပုဂံမြို့သစ်၊ အနော်ရထာရပ်ကွက် ညောင်ဦး-ချောက်ကားလမ်းဘေး | (၆၀×၈၀)ပေ | ဂရန်ပေါက်မြေ | ၂၅၀၀ သိန်း | ဂုတ်ကွက် | ၀၉/၅၁/၁၇၂၆၂ |

# စီးပွားကုန်သွယ်မှုဆိုင်ရာလုပ်ငန်းသုံးခုကို စုပေါင်း၍ ပြပွဲကြီးတစ်ခု ကျင်းပမည်

Yoker Exhibition Service (Myanmar)နှင့် Taiwan Trade Yangon နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းတို့မှကြီးမှူးပြီး စီးပွားကုန်သွယ်မှုဆိုင်ရာလုပ်ငန်းကြီးသုံးခုကို စုပေါင်း၍ ပြပွဲကြီးတစ်ခုကို ရန်ကုန်မြို့ ရှိ Myanmar Event Park တွင် ဇူလိုင်လ ၂၂ ရက်မှ ၂၅ ရက်နေ့အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစီးပွားကုန်သွယ်မှုဆိုင်ရာ လုပ်ငန်းကြီးသုံးခုပါဝင်သည့် ပြပွဲကြီးတွင် မြန်မာအပြည်ပြည်ဆိုင်ရာ ယာဉ်အပိုပစ္စည်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ ပြပွဲကြီး၊ မြန်မာအပြည်ပြည်ဆိုင်ရာ အီလက်ထရွန်နစ်နည်းပညာနှင့် လျှပ်စစ်စွမ်းအင်ဆိုင်ရာပြပွဲကြီးနှင့် မြန်မာအပြည်ပြည်ဆိုင်ရာလုပ်ငန်းသုံး အလိုအလျောက်လုပ် စက်ကိရိယာများဆိုင်ရာ ပြပွဲကြီးတို့ကို ပေါင်းစည်း၍ တစ်နေရာတည်းတွင် စုပေါင်း၍ ပြသခြင်းဖြစ်ကြောင်း သိရသည်။

ယင်းပြပွဲသည် မြန်မာနိုင်ငံ၏ အဓိကကျသော စီးပွားကုန်သွယ်မှုဆိုင်ရာ ပြပွဲတွင် ကားအပိုပစ္စည်းများနှင့်ဆက်စပ်သော အစိတ်အပိုင်းများနှင့်ဆိုင်ရာစက်ပစ္စည်းများ၊ လုပ်ငန်းသုံးအလိုအလျောက်လုပ် စက်ကိရိယာများနှင့် ဆက်စပ်သော စက်ပစ္စည်းများနှင့် လျှပ်စစ်ဆိုင်ရာထုတ်ကုန်ပစ္စည်းများပါဝင် ပြသမည်ဖြစ်ပြီး ဂျာမနီ၊ ယူနိုက်တက်ကင်းဒမ်း၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ တောင်ကိုရီးယား၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ မြန်မာနှင့်တရုတ်(တိုင်ပေ) စသည့်နိုင်ငံများမှ ကုမ္ပဏီများ၊ လုပ်ငန်းရှင်စုစုပေါင်း ၁၃၀ ကျော်တို့က လာရောက်ပြသကြမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် အဆိုပါပြပွဲတွင် တရုတ်(တိုင်ပေ)မှTaiwan Excellence Pavillion နေရာတွင်ဆုရရှိထားသော ကားအစိတ်အပိုင်းဆိုင်ရာပစ္စည်းများ၊ အိုင်စီတီ၊ လူနေမှုဆိုင်ရာ အဆောက်အအုံများ၊ လျှပ်စစ်နှင့် အီလက်ထရောနစ်ဆိုင်ရာ ပစ္စည်းများ၊ ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာပစ္စည်းများကိုလည်း ထည့်သွင်းပြသသွားမည်ဖြစ်သည်။

ပြပွဲတွင် တရုတ်နိုင်ငံမှ China Motor Cooperation မှ စီးပွားဖြစ်ထုတ်လုပ်သော SUPER VERYCA အမည်ရှိ မော်တော်ယာဉ်၊ Formosa Plastics Transport မှ LEPO Smart Power နှင့် LOF Solar မှ High Efficiency Color Solar စသည့်ပစ္စည်းများကိုလည်း ထည့်သွင်းပြသသွားမည်ဖြစ်သည်။

ယင်းပြပွဲသို့ လာရောက်လေ့လာ ကြည့်ရှုသူပေါင်း ၉၀၀၀ ခန့်ရှိမည်ဟု ခန့်မှန်းထားပြီး ပြပွဲမှတစ်ဆင့် အမေရိကန်ဒေါ်လာ ၂၄သန်းခန့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများရရှိနိုင်မည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

ပြပွဲသို့ လာရောက်လေ့လာသူများအတွက် ဆွေးနွေးပွဲများကိုလည်း ထည့်သွင်းထားပြီး လုပ်ငန်းရှင်တစ်ဦးချင်းအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးလိုပါက Taiwan Trade Center ရန်ကုန်ရုံးခွဲ(ဖုန်း ၀၉၂၅၄၄၃၉၄၆၅ သို့ ဆက်သွယ်၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**မယ်သီတာ**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အကွာရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ကလူဂျာ (၂၀၀၃) | ယာယီ | ၂၆၅ သိန်း | |
| ၂။ | တိုယိုတာ/ဆက်စီ (၂၀၁၀) | ယာယီ | ၁၂၀ သိန်း | |
| ၃။ | ပရိုဘောက် (၂၀၁၀) | ယာယီ | ၁၀၀ သိန်း | 1 .3 ဓာတ်ဆီ |
| ၄။ | အာလ်ဖတ် (၂၀၀၃) | ယာယီ | ၂၄၀ သိန်း | 2 .4 ဓာတ်ဆီ |
| ၅။ | နွတ်(ချ်) (၂၀၀၃) | ယာယီ | ၁၅၅ သိန်း | 1 .8 ဓာတ်ဆီ |
| ၆။ | ဟွန်ဒါဖစ် (၂၀၁၁) | ယာယီ | ၁၃၅ သိန်း | 1 .3 ဓာတ်ဆီ |
| ၇။ | တိုယိုတာ/ရက်တစ် (၂၀၁၁) | ယာယီ | ၁၃၅ သိန်း | 1 .3 ဓာတ်ဆီ |
| ၈။ | ဘယ်(လ်)တာ (၂၀၁၀) | 5G | ၁၂၀ သိန်း | 1 .3 ဓာတ်ဆီ |
| ၉။ | စီအာဗွီ (၂၀၀၂) | 7G | ၁၅၀ သိန်း | |
| ၁၀။ | အာအေဗွီ/၄ (၂၀၀၁) | ယာယီ | ၁၆၈ သိန်း | |

SN

သင့်ကျန်းမာရေး

# ဆံပင်လှပအောင် ထိန်းသိမ်းခြင်း

ဒေါက်တာလွင်သန့်

ကျန်းမာတဲ့နေထိုင်မှုပုံစံ Healthy Lifestyle နဲ့ နေထိုင်ခြင်းဟာ ဆံကေသာကို သန့်ရှင်းကျန်းမာစေတယ်။ စိတ်ဖိစီးမှုများခြင်း၊ အိပ်ရေးမဝခြင်း၊ အာဟာရ မပြည့်ဝမမျှတခြင်း၊ ကိုက်လက်လှုပ်ရှားမှု မရှိခြင်း၊ ဆေးလိပ်သောက်ခြင်း၊ အရက်စွဲခြင်းတို့ဟာ ဆံပင်ရဲ့ ကျန်းမာရေးကို ထိခိုက်စေနိုင်ပါတယ်။

နည်းလမ်းပေါင်းများစွာရှိတဲ့ ခေါင်းလျှော်နည်းထဲက မိမိနဲ့သင့်တော်တဲ့နည်းကို သုံးသင့်ပါတယ်။ နူးညံ့ပျော့ပြောင်းလို့ အဖျားမချွန်တဲ့ ခပ်ကျဲကျဲ ခေါင်းဘီးကို သုံးလို့ တစ်ပတ်တစ်ကြိမ် ဆပ်ပြာ(သို့) ခေါင်းလျှော်ရည်နဲ့ ဘီးကို ဆေးကြောသန့်ရှင်းရမယ်။

ဦးရေပြားရဲ့ အပေါက်ငယ်လေးများ ပိတ်ဆို့စေတဲ့ ခေါင်းလိမ်းဆီအမျိုးမျိုးမှာ အယ်လ်ကိုဟောပါဝင်တဲ့ ဦးရေပြားကို ခြောက်သွေ့စေတဲ့ခေါင်းလိမ်းဆီလိမ်းကျံခြင်းကို ရှောင်သင့်တယ်။

ဆီထွက်များတဲ့ ဦးရေပြားကို နေ့စဉ်(သို့) တစ်ရက်ခြား၊ ခြောက်သွေ့တဲ့ ဦးရေပြားကို တစ်ပတ်နှစ်ကြိမ်ခန့် ခေါင်းလျှော်သင့်တယ်။ သုံးစွဲတဲ့ခေါင်းလျှော်ရည်က မိမိနဲ့အဆင်ပြေဆုံးဖြစ်ရ မယ်။ အစိုဓာတ်ထိန်းသိမ်းရုံမက ဆံပင်သားပြောင်လက်စေပြီး၊ ဆံပင်ရှုပ်ထွေးခြင်းမှ ကာကွယ်ပေးတဲ့ ခေါင်းလျှော်ရည်ကို အသုံးပြုရမယ်။

ခေါင်းလျှော်ပြီးဆံပင်ကို ခြောက်သွေ့အောင်ထားသင့်တယ်။ လေပူမှုတ်စက်ဟာ ဆံပင်ပျက်စီးစေတယ်။ ရေကူးကန်မှာ ကလိုရင်းခပ်ထားတတ်လို့ ရေကူးတဲ့အခါမှာ ရေကူးဦးထုပ်ဆောင်းဖို့ လိုအပ်သလို ရေကူးပြီးရင်လည်း ခေါင်းလျှော်ရည်နဲ့ ခေါင်းလျှော်သင့်တယ်။

ဆံပင်အရောင်ဆိုးရာမှာလည်း အသက်အရွယ်အလိုက် မလွှဲမရှောင်သာသုံးစွဲရပေမယ့် ထိုဆေးဟာ သဘာဝပစ္စည်းဆိုတိုင်းလည်း ဓာတုပစ္စည်းပါဝင်တတ်လို့ မိမိနဲ့ဓာတ်တည့်တဲ့ဆေးကို အသုံးပြုပြီး ရွေးချယ်သင့်တယ်။ ဓာတ်မတည့်ရင် ဦးရေပြားယားယံကာ ပန်းနာရင်ကြပ်ရောဂါဖြစ်နိုင်ပါတယ်။

ငယ်ရွယ်သူများဟာ အလှအပ ခုံမင်စွာနဲ့ အရောင်အမျိုးမျိုးရှိတဲ့ အရောင်ဆိုးဆေးတွေကို သုံးစွဲလွန်းရင် ဆံကေသာခြောက်သွေ့ကြမ်းတမ်း၊ ပြတ်လွယ်၊ ပျက်စီးလွယ်လို့ ဂရုပြုသင့်တယ်။ ဆံပင်ကောက်၊ ဆံပင်ဖြောင့် ဆေးများဟာ ဦးရေပြားကျန်းမာရေးကို ထိခိုက်စေလို့ မကြာခဏ ကောက်ခြင်းမလုပ်ရပါ။ ဆံပင်ပုံသွင်းခြင်း၊ ဆံပင်ဖြောင့်စက်တွေ၊ ကောက်စက်တွေနဲ့ လေမှုတ်စက်များဟာ ဆံပင်ပုံစံတစ်ခုကို စိတ်ကြိုက်ဖန်တီးတဲ့နေရာမှာ မသုံးမဖြစ်သုံးတဲ့ပစ္စည်းဖြစ်တယ်။ အပူကိုသုံးလို့ နေ့စဉ်သုံးရင် သုံးနည်းမမှန်ရင် ဆံပင်ကို ထိခိုက်ပျက်စီးစေတယ်။ ယင်းပစ္စည်းများကို လုံးဝမသုံးဘဲ နေရမယ်မဆိုလိုဘူး။ တစ်ခါတစ်ရံပဲ သုံးသင့်တယ်။ အပူချိန်ကို အရမ်းမမြင့်ဖို့ သတိထားသုံးဖို့လိုတယ်။

အပူချိန်ကြောင့် ထိခိုက်ပျက်စီးမှုမှ ကာကွယ်ထားနိုင်တဲ့ ဆံပင်လိမ်းပစ္စည်းများ အသုံးပြုဖို့လိုတယ်။ အရက်ပျံပါဝင်တဲ့ ဆံပင်ပုံသွင်းဆေးကို အလွန်အကျွံအသုံးပြုတာမျိုးကို ရှောင်သင့်တယ်။ ဆံပင်ကို ခြောက်သွေ့စေနိုင်တယ်။

ဆံပင်မှာလိမ်းတဲ့ ဆေးတွေ စပရေးတွေကို ဆံပင်သားပေါ်မှာ လိမ်းသင့်တယ်။ ဖျန်းသင့်တယ်။ ဦးရေပြားထိမဖျန်းသင့်၊ မလိမ်းသင့်ပါ၊ ဦးရေပြားထိ လိမ်းရင်၊ မွေးညှင်းပေါက်ပိတ်ဆို့စေတယ်။ ဆံပင်မှန်မှန်တိခြင်းလုပ်သင့်တယ်။ ဒါပေမယ့် ဆံပင်ခဏခဏ ညှပ်ခြင်း၊ တိခြင်းကိုတော့ မလုပ်သင့်ပါ။ ဆံပင်ကို မတိ၊ မညှပ်ဘဲ အရှည်ထားရင် ဆံပင်ပျက်ယွင်းပြီး၊ အဖျားရှုံးတယ်။

ဆံပင်သားကျန်းမာရေးအတွက် ဆံပင်မှန်မှန်ညှပ်ပေး တိပေးသင့်တယ်။ နေရောင်မထိစေသင့်ဘူး၊ ဆံပင်ကောက်၊ ဆံပင်ဖြောင့်ခြင်း၊ အရောင်ဆိုးခြင်းကို သုံးလခန့်ကြာမှ တစ်ကြိမ် လုပ်သင့်တယ်။ အုန်းဆီလိမ်းသင့်တယ်။

# ကြက်၊ ဘဲ၊ ငှက်တို့ရဲ့ ဥခွံများတွင် ကယ်လ်ဆီယမ်ဓာတ်များ အများအပြားပါဝင်

ကြက်၊ ဘဲ၊ ငှက်တို့ရဲ့ ဥခွံတွေမှာ အရိုးကို ခိုင်မာစေတဲ့ ကယ်လဆီယမ်ဓာတ်တွေပါဝင်တယ်လို့ ကျန်းမာရေးဆိုင်ရာ ဝက်ဘ်ဆိုက်တစ်ခုမှာ ဖော်ပြထားပါတယ်။ ဥအခွံတွေမှာ ပါဝင်တဲ့ ကယ်လ်ဆီယမ်ကာဗွန်နိတ်ဓာတ်တွေဟာ လူတို့ရဲ့ အရိုးတွေကို ကျန်းမာသန်စွမ်းစေနိုင်တယ်လို့ သုတေသနပြုလုပ်သူတွေက ဖော်ထုတ်ခဲ့ကြပါတယ်။

ဒါပေမယ့်လည်း အဲဒီဥခွံတွေမှာ ကယ်လ်ဆီယမ်ဓာတ်တွေဟာ အလျှံပယ်ပါဝင်တဲ့အတွက် ဥခွံတွေကို စားသုံးတဲ့အခါမှာ အစာအဆိပ်သင့်မှုကိုဖြစ်ပေါ်စေနိုင်တယ်လို့ ဆိုပါတယ်။

ဒ့ါအပြင် ကြက်၊ ဘဲ၊ ငှက်တွေဟာ ဥတွေကို နေရာမျိုးစုံမှာ ဥချထားခဲ့ကြတဲ့အတွက် အဲဒီဥခွံတွေမှာ လူတွေကို ဒုက္ခပေးနိုင်တဲ့ ဝမ်းပျက်ဝမ်းလျှောခြင်း၊ အဖျားဝင်ခြင်း၊ ပုံမှန်မဟုတ်သော ကြွက်တက်ခြင်းတို့ကို ၁၂ နာရီမှ ၇၂ နာရီအတွင်း ကူးစက်နိုင်တဲ့ ဆယ်လ်မွန်နဲလား ဘက်တီးရီးယားပိုးနဲ့ အီကိုလိုင်ရောဂါပိုးတွေ အများအပြားပါဝင်နေတယ်လို့ဆိုပါတယ်။

ဥခွံတွေမှာ ကယ်လ်ဆီယမ်ဓာတ်တွေ ပါဝင်နေတဲ့အတွက် တစ်နေ့ကို ပမာဏနည်းနည်းချင်းစီ စားပေးမယ်ဆိုပါက အရိုးကွင်းဆက်များနာကျင်ခြင်း၊ အရိုးပွခြင်း၊အရိုးကျွတ်ဆတ်ခြင်းတို့မှ ကာကွယ်နိုင်တယ်လို့ သုတေသီတွေက ဖော်ထုတ်ခဲ့ပါတယ်။ ဒ့ါအပြင် အပြည်ပြည်ဆိုင်ရာကျန်းမာရေးဂျာနယ်တစ်စောင်မှာ သွေးဆုံးပြီးကာစ အမျိုးသမီးတွေဟာ အရိုးပွခြင်း၊ အရိုးကျွတ်ဆတ်ခြင်းတို့ကို ဖြစ်ပွားစေနိုင်တာမို့ ဥခွံတွေဟာ အမျိုးသမီးတွေအတွက် အကောင်းဆုံးသောဆေးတစ်မျိုးဖြစ်တယ်လို့ဆိုပါတယ်။

ဒ့ါအပြင် အိမ်မွေးတိရစ္ဆာန်အတွက်လိုအပ်တဲ့ ကယ်လ်ဆီယမ်ဓာတ်ရရှိဖို့အတွက်လည်း ဥခွံတွေဟာ အဖိုးတန်တဲ့ အစားအစာတစ်မျိုးဖြစ်ပါတယ်။ ဥခွံတွေဟာ လူတွေအတွက် အစာအဆိပ်သင့်မှုကို ဖြစ်ပေါ်စေနိုင်ပေမယ့် တိရစ္ဆာန်တွေမှာတော့ အစာအဆိပ်သင့်မှုကနေ ကာကွယ်ပေးနိုင်တယ်လို့ဆိုပါတယ်။

ဥခွံတွေကို အန္တရာယ်ကင်းစွာ စားသုံးနိုင်ဖို့အတွက် ရေဆူဆူထဲမှာ ၁၅ မိနစ်ခန့်ပြုတ်ရပါမယ်။ပြုတ်ပြီးသားဥခွံတွေကို နေရောင်ခြည် ဒါမှမဟုတ် Electric Oven နဲ့ အပူပေးပြီး အခြောက်ခံရပါမယ်။ Oven နဲ့ အခြောက်ခံရာတွင် အပူချိန် 140˚Fမှာ တစ်နာရီခန့်ထားပြီးအခြောက်ခံရမှာဖြစ်ပါတယ်။

အဲဒီလို အဆင့်ဆင့်ပြုလုပ်ထားတဲ့ ဥခွံတွေကို ကော်ဖီကြိတ်စက်နဲ့ကြိတ်ပြီး ကော်ဖီမှုန့်ထဲမှာရောကာ အသုံးပြုလို့ရပါတယ်။ ကြက်ဥခွံမှုန့်ရောစပ်ထားတဲ့ကော်ဖီမှုန့်ဟာ အရသာရှိတဲ့ ကော်ဖီတစ်ခွက်အဖြစ်ကို ပြောင်းလဲပေးနိုင်ပါတယ်။ ဒ့ါအပြင် ဥခွံရဲ့အမှုန့်တွေ ရောစပ်ထားတဲ့ ဒါမှမဟုတ် ထည့်သွင်းချက်ပြုတ်ထားတဲ့ အစားအသောက်တွေဟာ ပိုပြီး အရသာရှိစေတယ်လို့ ဆိုပါတယ်။

**ရှင်ပါဂူ**

# အိန္ဒိယနိုင်ငံရှိ Emure Pharma ဆေးဝါးထုတ်လုပ်ရေးစက်ရုံမှ ထုတ်လုပ်သည့်ဆေးဝါးများ တင်သွင်းခြင်းကို အမေရိကန်အက်ဖ်ဒီအေမှပိတ်ပင်

အိန္ဒိယနိုင်ငံတွင် ဆေးဝါးများ ထုတ်လုပ်လျက်ရှိသည့် Emcure Pharma ဆေးဝါးထုတ်လုပ်ရေးစက်ရုံမှ ထုတ်လုပ်လျက်ရှိသည့် ဆေးဝါးများသည် သတ်မှတ်စံချိန်စံညွှန်းနှင့်ကိုက်ညီမှုမရှိသဖြင့် အမေရိကန်နိုင်ငံ အစားအစာနှင့် ဆေးဝါးကွပ်ကဲရေးအဖွဲ့က အမေရိကန်နိုင်ငံတွင်းသို့ တင်သွင်းခွင့်မပြုဘဲ ပိတ်ပင်လိုက်ကြောင်း အမေရိကန်အက်ဖ်ဒီအေက တရားဝင်ထုတ်ပြန်ကြေညာခဲ့သည်။



အဆိုပါစက်ရုံသည် အိန္ဒိယနိုင်ငံ၊ မဟာသျှတ္တရာပြည်နယ်အနောက်ပိုင်းရှိ Hinjewadi တွင်တည်ဆောက်ထားသည့် စက်ရုံဖြစ်ကြောင်း ရိုက်တာသတင်း ဌာနက ရေးသားဖော်ပြခဲ့သည်။

ယင်းစက်ရုံမှထုတ်လုပ်သည့်ဆေးဝါးများကို အမေရိကန်နိုင်ငံတွင်းသို့ တင်သွင်းလာသည့်အတွက် အမေရိကန်နိုင်ငံ အစားအစာနှင့်ဆေးဝါးများ ထိန်းချုပ်ကွပ်ကဲရေးအဖွဲ့ (အက်ဖ်ဒီအေ) က စစ်ဆေးခဲ့ရာတွင် ထုတ်လုပ်ခဲ့သည့်ဆေးဝါးများ၏ အရည်အသွေးမှာ စံချိန်မီခြင်းမရှိဘဲ သောက်သုံးသည့် လူနာများ၏ ရောဂါအခြေအနေကို ပိုမိုဆိုးရွားစွာ ထိခိုက်စေနိုင်သကဲ့သို့ မည်သို့မျှ ထူးခြားမှုမရှိသည့် အခြေအနေကိုလည်း ဆိုက်ရောက်နိုင်ကြောင်း အဆိုပါသတင်းတွင်ဖော်ပြထားသည်။

Emcure သည် အိန္ဒိယနိုင်ငံတွင် ဆေးဝါးထုတ်လုပ်သည့်စက်ရုံ ၂၀ရှိသည့်အနက် ထိပ်ဆုံးတွင်ရှိနေသည့် စက်ရုံကြီးတစ်ရုံဖြစ်ပြီး ယခုကဲ့သို့ အက်ဖ်ဒီအေ၏သတင်းထုတ်ပြန်ချက်ကြောင့် ဆေးဝါးဈေးကွက်ကို ပိုမိုကြီးမားသော ထိုးနှက်ချက်တစ်ရပ်ဖြစ်လာသည်ဟု အိန္ဒိယဆေးဝါးထုတ်လုပ်သူများက ပြောကြားခဲ့သည်။

ယင်းသတင်းကြောင့် အိန္ဒိယနိုင်ငံမှထုတ်လုပ်သည့် ဈေးသက်သာသည့် ဆေးဝါးများကို မှီဝဲနေကြသည့်ကမ္ဘာတစ်ဝန်းလုံးရှိ ပြည်သူများအတွက် စိုးရိမ်စရာဖြစ်လာခဲ့ကြောင်း၊ ထို့ကြောင့် Emcure ဆေးဝါးထုတ်လုပ်ရေးစက်ရုံအနေဖြင့် အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံခန့် ဆုံးရှုံးနစ်နာရဖွယ်ရှိနေကြောင်း အဆိုပါသတင်းတွင်ဖော်ပြထားသည်။


Emcure မှ တာဝန်ရှိသူတစ်ဦးကမူ အမေရိကန်အက်ဖ်ဒီအေ၏သတင်းထုတ်ပြန်ချက်နှင့်ပတ်သက်၍ တစ်စုံတစ်ရာ ပြန်လည်ပြောကြားခြင်းမပြုနိုင်သေးကြောင်း သိရသည်။

Emcure သည် ၎င်းစက်ရုံမှထုတ်လုပ်သည့် ဆေးဝါးများကို ကူးစက်ရောဂါများကို ကုသရာတွင် လည်းကောင်း၊ နှလုံးရောဂါအမျိုးမျိုးအတွက် ကုသရာတွင်လည်းကောင်း၊ အမျိုးသမီးများ၏ မျိုးပွားအင်္ဂါများတွင် ဖြစ်ပေါ်တတ်သည့် ရောဂါများကိုကုသရာတွင်လည်းကောင်း ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲလျက်ရှိပြီး Pfizer Inc, Roche, Novartis နှင့် Sanofi တို့ကဲ့သို့သော နိုင်ငံပေါင်းစုံ မှဆေးဝါးထုတ်လုပ်သူများနှင့်မိတ်ဖက်များအဖြစ် ပြုလုပ်ထားသော ဆေးဝါးထုတ်လုပ်သည့်ကုမ္ပဏီတစ်ခုဖြစ်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

**မယ်သီတာ**


## (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
## ၂၀-၇-၂၀၁၅ မှ ၂၆-၇-၂၀၁၅ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** ဂုဏ်အရှိန်အဝါ မြင့်မားမှုရှိနေတတ်သည်။ စီးပွားရေးလုပ်ငန်းများတွင် အခက်အခဲများကြုံဆုံရတတ်သည်။ စားသောက်ကုန်လုပ်ငန်း၊ လျှပ်စစ်ပစ္စည်းများနှင့်ပတ်သက်သောလုပ်ငန်းများ အကျိုးပေးအားကောင်းလိမ့်မည်။ ပညာရေးတွင်ဉာဏ်ပညာထက်မြက်မှုရှိနေမည်။ အချစ်ရေးတွင် စိတ်ဝင်စားမှုအားနည်းနေတတ် သည်။ အိမ်ထောင်ရေး အဆင်ပြေမှုသင့်တင့်နေမည်။ ကျန်းမာရေးအနေဖြင့် အပူကြီးသောဝေဒနာ အပြင်းဖျားသောရောဂါဖြစ်တတ်သည်ကို သတိရှိသင့်ပါသည်။

**ယတြာ။ အုန်းထမင်းလှူပါ။**




**တနင်္လာသားသမီးများအတွက်** လုပ်ငန်းခွင် အုပ်ချုပ်မှုပိုင်းဆိုင်ရာ အားကောင်းနေတတ်သည်။ ဆောက်လုပ်ရေးလုပ်ငန်း အကျိုးဆောင်လုပ်ငန်းများ သင့်တင့်နေမည်။ ဘာသာရေးလုပ်ငန်းတို့တွင် ထင်ပေါ်ကျော်ဇောမှုရှိနေတတ်ပါသည်။ မိမိ၏ဂုဏ်သိက္ခာပညာ ဉာဏ်နှင့် ဥစ္စာပစ္စည်း ရှာဖွေရရှိနေတတ်သည်။ အိမ်ထောင်ရေးနှင့်ပတ်သက်၍သော်လည်းကောင်း၊ အပေါင်းအသင်းအခြွေအရံများနှင့်ပတ်သက်၍သော်လည်းကောင်း၊ အဆင်မပြေမှုများ ရှိနေတတ်ပါသည်။ ကျန်းမာရေးအနေဖြင့် လေနာ၊ ရင်နာ၊ ဗိုက်နာအစာမကြေရောဂါများ ဖြစ်တတ်ပါသည်။

**ယတြာ။ ကြံရည်လှူပါ။**



**အင်္ဂါသားသမီးများအတွက်** ကံအကျိုးပေးကောင်း၍ အေးဆေးတည်ငြိမ်စွာဖြင့် ငွေကြေးများ အဆင်ပြေအောင်မြင်လိမ့်မည်။ စက်မှုလက်မှုလုပ်ငန်းများ အထူးအကျိုးပေးကောင်းလိမ့်မည်။ ကျန်းမာရေးနှင့်ပတ်သက်သော ဝေဒနာများမှာ ပူလွန်းအေးလွန်းခြင်းကြောင့်ဖြစ်သောရာသီဥတုသဘောအရဖြစ်တတ်ခြင်းဝေဒနာခံစားရတတ်သည်ကိုသတိရှိပါ။ အချစ်ရေးတွင် ရှေ့တိုးရခက်နောက်ဆုတ်ရခက်ဖြစ်တတ်သည်။ အသိုင်းအဝိုင်းကောင်းသော အိမ်ထောင်ဖက်နှင့်အဆင်ပြေမည်။

**ယတြာ။ ဆီထမင်းလှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** တက်တက်ကြွကြွနှင့်စိတ်ဆန္ဒထား၍လုပ်စရာကိစ္စများကို မှန်ကန်ရဲဝံ့စွာဆောင်ရွက်မှုရှိနေတတ်ပါသည်။ စီးပွားရေးတွင် ရေနံနှင့်ရေနံထွက်ပစ္စည်းများရောင်းဝယ်ခြင်းအောင်မြင်မှု ရရှိနေလိမ့်မည်။ ဝင်ငွေများအားကောင်းလိမ့်မည်။ ကျန်းမာရေးနှင့်ပတ်သက်ပြီးမူးမော်သောဝေဒနာ ခံစားရမည်။ အချစ်ရေးတွင် မေတ္တာပေးဆပ်သူဖြစ်နေတတ်သည်။ အိမ်ထောင်ရေးတွင် သင့်တင့်မှုရှိနေမည်။

**ယတြာ။ စပျစ်သီးကိုအပေါင်းအသင်းမိတ်ဆွေများကို ကျွေးပါ။**



**ကြာသပတေးသားသမီးများအတွက်** အထွေထွေဗဟုသုတနှင့်ပြည့်စုံကာ အတွေ့အကြုံပေါ်မူတည်ပြီး စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေတတ်သည်။ ဆေးနှင့်ဆေးပစ္စည်း၊ ဆေးဘက်ဆိုင်ရာလုပ်ငန်းများ အကျိုးပေးနေတတ်သည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် ရည်မှန်းချက်ကြီးကြီးထားပြီးမျှော်လင့်နေတတ်ပါသည်။ ကျန်းမာရေးအနေဖြင့် ဆီး၊ ကျောက်ကပ်ဝေဒနာခံစားရမှုရှိတတ်ပါသည်။

**ယတြာ။ မကျည်းဖျော်ရည်လှူပါ။**



**သောကြာသားသမီးများအတွက်** အနုပညာဆန်သောစီးပွားရေးလုပ်ငန်းများအောင်မြင်ဖြစ်ထွန်းလိမ့်မည်။ အင်္ကျီဆိုင်ဖွင့်ခြင်း၊ အလှပြင်ဆိုင်ဖွင့်ခြင်းများဖြစ်ထွန်းလိမ့်မည်။ ပညာရေးတွင် ဉာဏ်ရည်ထက်မြက်မှုရှိနေမည်။ ကျန်းမာရေးတွင် ထုံကျင်နာကိုက်ခဲသောဝေဒနာခံစားရတတ်သည်။ လေးဘက်နာရောဂါဖြစ်တတ်သည်။ အချစ်ရေးတွင် စဉ်းစားရင်းမျှော်လင့်နေရတတ်သည်။ အိမ်ထောင်ရေး အဆင်ပြေနေမည်။

**ယတြာ။ သီဟိုဠ်စေ့ဆံဆွမ်းကပ်ပါ။**



**စနေသားသမီးများအတွက်** အခြွေအရံအသိုင်းအဝိုင်းများနှင့် ပူးတွဲပေါင်းစပ်လုပ်ကိုင်ရသောလုပ်ငန်းကိစ္စများ အောင်မြင်မှုရရှိနေတတ်သည်။ စက်ပစ္စည်းတွင်သုံးသည့် စက်ဆီလုပ်ငန်းများ အကျိုးပေးလိမ့်မည်။ တပည့်များကြောင့် ဥစ္စာနေများရရှိမည်။ ကျန်းမာရေးတွင် သွေးစုနာပေါက်တတ်သည်။ ဘယဆေးနှင့်ပတ်သက်၍ပျောက်ကင်းတတ်သည်။ အချစ်ရေးတွင်ငယ်ချစ်ဟောင်းနှင့် ဆုံတွေ့ရတတ်သည်။ အိမ်ထောင်ရေး သာယာနေတတ်ပါသည်။

**ယတြာ။ နွားနို့လှူပါ။**

# ကလေး-တမူး-ကလေးဝ လမ်းမကြီးပေါ်ရှိ တံတားများ ကြံ့ခိုင်ကောင်းမွန်ရေးအတွက် တမူးခရိုင် စီမံခန့်ခွဲမှုကော်မတီမှ ဆောင်ရွက်ပေးလျက်ရှိ

အာရှလမ်းမကြီးမှာ တစ်စိတ်တစ်ပိုင်းပါဝင်နေတဲ့ ကလေး-တမူး-ကလေးဝလမ်းမကြီးရဲ့ လမ်းများ ကောင်းမွန်သော်လည်း တံတားများ ကြံ့ခိုင်မှုမရှိပါကြောင်း၊ တံတားကြံ့ခိုင်မှုမရှိခြင်းမှာလည်း နှစ်ပေါင်းများစွာ ကြာပြီဖြစ်သလို၊ တံတားအမျိုးအစားတွေမှာလည်း ကွန်ကရစ်တံတားနည်းပါးကြောင်း ဇူလိုင်လ ၃ ရက်နေ့ ကုန်သွယ်ရေး ဦးစီးဌာန တမူးကုန်သွယ်ရေးစခန်း အစည်းအဝေးခန်းမမှာ ကျင်းပပြုလုပ်တဲ့ ကုန်သွယ်မှုမြှင့်တင်ရေး အစည်းအဝေးမှာ တမူးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက ပြောကြားခဲ့ပါတယ်။

တမူးခရိုင်အတွင်းမှာ တံတားပေါင်း ၇၁ စင်းရှိပြီး ယခင်နှစ်က တစ်ဖက်အိန္ဒိယနိုင်ငံမှ ကွင်းဆင်းစစ်ဆေးမှုများပြုလုပ်ခဲ့သော်လည်း ယခုအချိန်ထိ ဆောင်ရွက်မှု မရှိသေးကြောင်း၊ တံတားများရဲ့ကြံ့ခိုင်မှုအပိုင်းနဲ့ ထိန်းသိမ်းစောင့်ရှောက်မှုအပိုင်းကို ယခင်က ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဆောင်ရွက်လျက်ရှိသော်လည်း ယခုအခါ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လက်အောက်မှာရှိတဲ့ လမ်းဦးစီးဌာနမှ ဆောင်ရွက်ပေးနေကြောင်း၊ တံတားများကိုတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးအထူးအဖွဲ့(၁၁)မှ ကလေးဝမြို့မှာရှိတဲ့ တံတားအထူးအဖွဲ့နဲ့ ဆက်သွယ်ပြီး အပိုပစ္စည်းများ ဝန်ချီစက်များ၊ ကျွမ်းကျင်ပညာရှင်များကို ခေါ်ယူ၍ ပြင်ဆင်မှုများပြုလုပ်ပေးလျက်ရှိပါကြောင်း၊ ကုန်စည်စီးဆင်း မှု လွယ်ကူချောမွေ့စေရေးမှာ လမ်းပန်းဆက်သွယ်ရေးဟာ အဓိကကျတဲ့အတွက်လမ်း၊ တံတားများ ကြံ့ခိုင်ကောင်းမွန်ရေးတို့ အဓိကထား၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း အဆိုပါ ခရိုင်စီမံခန့်ခွဲမှုကော်မတီက ပြောကြားခဲ့ပါတယ်။

**ခင်မိုးသူ**

# မြန်မာ-အင်ဒိုနီးရှား စီးပွားရေးလုပ်ငန်းရှင်များ ပူးပေါင်း၍ စီးပွားရေးလုပ်ငန်းများအလိုက် တွေ့ဆုံဆွေးနွေးပွဲ ကျင်းပမည်

မြန်မာစီးပွားရေးလုပ်ငန်းရှင်များနှင့် အင်ဒိုနီးရှားစီးပွားရေးလုပ်ငန်းရှင်များသည် ဇူလိုင် ၃၀ ရက်တွင် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တွင် တွေ့ဆုံဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲကို အင်ဒိုနီးရှားနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် State Owned Enterprises တို့၏ ဦးဆောင်မှုဖြင့် အင်ဒိုနီးရှားကုမ္ပဏီ ၁၆ ခုတို့သည် မြန်မာနိုင်ငံသို့လာရောက်၍ မြန်မာလုပ်ငန်းရှင်များနှင့် စီးပွားရေးဆိုင်ရာကိစ္စရပ်များအား တွေ့ဆုံဆွေးနွေးကြမည်ဖြစ်သည်။

ယင်းဆွေးနွေးပွဲတွင် အင်ဒိုနီးရှား စီးပွားရေးလုပ်ငန်းရှင်များသည် သတ္တုတွင်းထွက်လုပ်ငန်း၊ ဆောက်လုပ်ရေ လုပ်ငန်း၊ ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ကြေးနန်းနှင့်ဆက်သွယ်ရေးလုပ်ငန်း၊ ဘဏ္ဍာရေးလုပ်ငန်း၊ တိရစ္ဆာန်အစားအစာထုတ်လုပ်သည့်လုပ်ငန်း၊ ဆေးဝါးနှင့် ဆေးပစ္စည်းထုတ်လုပ်သည့်လုပ်ငန်း၊ ချည်မျှင်နှင့် အထည်လုပ်ငန်း၊ လေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း၊ မီးရထားသယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ စက်ပစ္စည်းကိရိယာနှင့် အပိုပစ္စည်းထုတ်လုပ်သည့်လုပ်ငန်း စသည့်လုပ်ငန်းများကို မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးကြမည်ဖြစ်ပါသည်။

အဆိုပါဆွေးနွေးပွဲသို့ တက်ရောက်လိုသည့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် UMFCCI ရုံးချုပ်၊ နိုင်ငံတကာဆက်ဆံရေးဌာန၊ ဖုန်း- ၀၁၂၃၀၁၅၃၄ သို့ဆက်သွယ်၍စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**မယ်သီတာ**

# စာမျက်နှာ ၂၃ ရာသီကာလအတွင်းဈေးနှုန်းများ . . . မှ အဆက်

ဇယား-၂ပါ ရန်ကုန်မတ်ပဲရာသီအလိုက် ဆန္ဒန်းကိန်း၊ အနိမ့် ဆုံး၊ အမြင့်ဆုံးပေါ်အခြေခံပြီး ပုံ-၂တွင် ရေးဆွဲဖော်ပြထားသည်ကို လေ့လာကြည့်ရှုရန်ဖြစ်ပါသည်။ ဖေဖော်ဝါရီလ၏ ရာသီ အလိုက် ဆန္ဒန်းကိန်းသည် အနိမ့်ဆုံးဖြစ်ပေါ်ခဲ့သည်။

ဈေးကွက်သို့မတ်ပဲ အသစ်ဝင်ရောက်လာသောကြောင့်ဖြစ်သည်။ ရာသီကာလအတွင်း ဈေးနှုန်းများပြောင်းလဲမှုကို လအလိုက်ရာသီ အလိုက်ဆန္ဒန်းကိန်း (Seasonal index) နှင့် ရာသီအလိုက် ဆန္ဒန်းကိန်း (အနိမ့်ဆုံး)၊ ရာသီ အလိုက် ဆန္ဒန်းကိန်း(အမြင့်ဆုံး)ကို တိုင်းတာခြင်းဖြစ်ပြီး (Range or zone of instability) ခေါ်ဝေါ်ကြသည်။ ပုံ-၂ တွင် ရေးဆွဲဖော်ပြထား သည်ကို လေ့လာကြည့်ရှုရန်ဖြစ်ပါသည်။

ပုံမှန်အားဖြင့် သိုလှောင်၍ရသော စိုက်ပျိုးရေးသီးနှံထွက်ကုန်များသည် ရိတ်သိမ်းချိန်တွင် ဈေးနှုန်းအနိမ့်ဆုံးအဆင့်ဖြစ်ပေါ်လေ့ရှိပြီး နောက်ပိုင်းရာသီ ကာလတွင် ဈေးနှုန်းမြင့်လာလေ့ရှိရာ မည်သည့်အချိန်တွင် သိုလှောင်ထားသည့် ပမာဏအားပြန်လည်ရောင်းချမည်ကို ပြီးခဲ့သည့် ကာလများက ဈေးကွက်သတင်းအချက်အလက်များ (Historical market information)၊ နေ့စဉ်ဖြစ်ပေါ်သော မတ်ပဲ ဈေးကွက်သတင်းအချက်အလက်(Up-to-date market information) ကိုပါ သိရှိအသုံးချရန် လိုအပ်လာပါကြောင်း စိစစ်သုံးသပ် ဖော်ပြအပ်ပါသည်။

Reference: Agricultural price analysis and forecasting (price movements overtime-seasonality), John W. Goodwin, University professor, University of Arkansas.

Agricultural product prices, Fourth edition, Willam G. Tomek with Kenneth L. Robinson, cornel university press.

Theory and problems of Statistics by MURRAY R. SPIEGEL (Ph. D.) professor of Mathematics



# မြို့ကြီးများ၏ ၂၀-၇-၂၀၁၅ မှ ၂၄-၇-၂၀၁၅ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၂၀-၇-၂၀၁၅) | အင်္ဂါ(၂၁-၇-၂၀၁၅) | ဗုဒ္ဓဟူး(၂၂-၇-၂၀၁၅) | ကြာသပတေး(၂၃-၇-၂၀၁၅) | သောကြာ(၂၄-၇-၂၀၁၅) |
|---|---|---|---|---|---|
| နေပြည်တော် | ၅၀% ၃၀°C/၈၇°F | ၇၀% ၃၀°C/၈၇°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၂°F |
| ရန်ကုန်မြို့ | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၄°F |
| မန္တလေးမြို့ | ၅၀% ၃၂°C/၉၀°F | ၄၀% ၃၂°C/၉၀°F | ၅၀% ၃၂°C/၈၉°F | ၅၀% ၃၁°C/၈၈°F | ၈၀% ၃၀°C/၈၇°F |
| မြစ်ကြီးနား | ၈၀% ၃၀°C/၈၆°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၈°C/၈၂°F | ၈၀% ၂၈°C/၈၂°F | ၈၀% ၂၈°C/၈၂°F |
| လားရှိုး | ၇၀% ၂၇°C/၈၀°F | ၈၀% ၂၆°C/၇၈°F | ၈၀% ၂၆°C/၇၈°F | ၈၀% ၂၄°C/၇၆°F | ၈၀% ၂၄°C/၇၆°F |
| ကျိုင်းတုံ | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၈°C/၈၂°F | ၅၀% ၂၈°C/၈၂°F | ၈၀% ၂၈°C/၈၂°F | ၈၀% ၂၇°C/၈၁°F |
| လွိုင်ကော် | ၈၀% ၂၆°C/၇၉°F | ၆၀% ၂၆°C/၇၈°F | ၈၀% ၂၆°C/၇၉°F | ၅၀% ၂၆°C/၇၉°F | ၈၀% ၂၄°C/၇၆°F |
| တောင်ကြီး | ၅၀% ၂၁°C/၇၀°F | ၈၀% ၂၁°C/၆၉°F | ၆၀% ၂၀°C/၆၈°F | ၈၀% ၂၀°C/၆၈°F | ၈၀% ၁၉°C/၆၇°F |
| မော်လမြိုင် | ၉၀% ၂၈°C/၈၂°F | ၈၀% ၂၈°C/၈၂°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၃°F |
| ဘားအံ | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၇°C/၈၀°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၂°F | ၈၀% ၂၈°C/၈၂°F |
| တောင်ငူ | ၆၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၈°C/၈၃°F |
| မုံရွာ | ၈၀% ၃၀°C/၈၆°F | ၅၀% ၃၁°C/၈၈°F | ၅၀% ၃၁°C/၈၈°F | ၆၀% ၃၂°C/၈၉°F | ၈၀% ၃၂°C/၈၉°F |
| ပုသိမ် | ၉၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၂°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၄°F |
| မြိတ် | ၉၀% ၂၇°C/၈၁°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၄°F |
| စစ်တွေ | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၃°F | ၇၀% ၂၈°C/၈၂°F | ၈၀% ၂၈°C/၈၂°F | ၈၀% ၂၈°C/၈၂°F |
| မကွေး | ၉၀% ၂၈°C/၈၃°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၁°C/၈၈°F |
| ဖလမ်း | ၈၀% ၂၂°C/၇၁°F | ၈၀% ၂၂°C/၇၁°F | ၈၀% ၂၂°C/၇၁°F | ၆၀% ၂၁°C/၇၀°F | ၈၀% ၂၃°C/၇၃°F |

# ဂျပန်နိုင်ငံကုန်းတွင်းပိုင်းကို ဝင်ရောက်တိုက်ခတ်ခဲ့သည့် အပူပိုင်းတိုင်ဖွန်းမုန်တိုင်း နန်ကာ အားပျော့ပျက်ပြယ်

ဂျပန်နိုင်ငံ တောင်ပိုင်းဒေသများသို့ ဝင်ရောက်တိုက်ခတ်ခဲ့သည့် အပူပိုင်းမုန်တိုင်း နန်ကာသည် ဂျပန်နိုင်ငံ ကုန်းတွင်းပိုင်းသို့ ဝင်ရောက်တိုက်ခတ်ခဲ့ပြီးနောက် အားပျော့ပျက်ပြယ်သွားပြီဖြစ်ကြောင်း သိရသည်။

တိုင်ဖွန်းမုန်တိုင်း နန်ကာသည် တစ်နာရီလျှင် ၁၈၅ ကီလိုမီတာ(၁၁၅ မိုင်)နှုန်းဖြင့် ဝင်ရောက်တိုက်ခတ်ခဲ့ရာ မုန်တိုင်းဝင်ရောက်ခြင်း မပြုမီကပင် မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် ရေလွှမ်းမိုးမှုများ၊ မြေပြိုကျမှုများဖြစ်ပေါ်ခဲ့သည်။ မုန်တိုင်းနန်ကာကြောင့် ဂျပန်နိုင်ငံတောင်ပိုင်းဒေသရှိ ရှိကိုကုကျွန်းတွင် ရေလွှမ်းမိုးမှုများ ဖြစ်ပွားခဲ့ရာ အနည်းဆုံး လူလေးဦးခန့် သေဆုံးခဲ့ကြောင်း ဂျပန်နိုင်ငံက ထုတ်ဖော်ပြောကြားခဲ့သည်။

ထို့ပြင်ရေလွှမ်းမိုးမှုနှင့် မုန်တိုင်းတိုက်ခတ်မှုကြောင့် လူဦးရေ ၄၅၀၀၀၀ ခန့်သည် ရေဘေးဒုက္ခကို ခံစားခဲ့ကြရပြီး ၃၁ ဦးမှာ ဒဏ်ရာများ ရရှိခဲ့ကြ ကြောင်း မုန်တိုင်းကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များက ထုတ်ဖော်ပြောကြားခဲ့သည်။

မုန်တိုင်းနန်ကာသည် ဇူလိုင်လ ၁၇ရက်နေ့ နံနက်ပိုင်းတွင် ၎င်း၏ အဓိကလမ်းကြောင်းဖြစ်သည့် ဟွန်းရှူးကျွန်းသို့ ဦးတည်တိုက်ခတ်လာခဲ့ရာ အဆိုပါကျွန်းပေါ်သို့ ရောမလှိုင်းလုံးကြီးများ ရိုက်ခတ်ခဲ့ကြောင်း သိရသည်။

ယင်းမုန်တိုင်းကြောင့် ဟွန်းရှူးကျွန်းရှိ ဝါကာရာမာစီရင်စုအနောက်ပိုင်းတွင် မိုးရေချိန် ၂၃ လက်မနှင့်အထက်ရှိသည့် မိုးများရွာသွန်းခဲ့ပြီး လှိုင်းလုံးကြီးများသည် ကျွန်းပေါ်သို့ ရိုက်ခတ်ခဲ့ကြောင်း သိရသည်။ ထို့ပြင်မုန်တိုင်းတိုက်ခတ်မှုကြောင့် ဝါကာရာမာစီရင်စုရှိ မြစ်များမှ မြစ်ရေများလျှံတက်ကာ ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ခဲ့သည်။

မုန်တိုင်းစတင်မတိုက်ခတ်မီကပင် ဟွန်းရှူးမှ တာဝန်ရှိသူများသည် ပြည်သူများအား မုန်တိုင်းလာရာလမ်းကြောင်းကို ထုတ်ဖော်ကြေညာခဲ့ပြီး မုန် တိုင်းလွတ်ရာလမ်းကြောင်းမှ ရှောင်ကွင်းနေထိုင်ကြရန် သတိပေးတားမြစ်ချက်များ ပြုလုပ်ခဲ့ကြောင်းကျိုဒိုသတင်းဌာနမှ ထုတ်ဖော်ရေးသားခဲ့သည်။

**မယ်သီတာ**



# ဩစတြေးလျနိုင်ငံ ကွင်းစလန်မြို့တောင်ပိုင်းတွင် ဆီးနှင်းများ ထူထပ်စွာကျရောက်

ဩစတြေးလျနိုင်ငံ ကွင်းစလန်မြို့တောင်ပိုင်းတွင် ဇူလိုင်လ ၁၆ရက်နေ့နှင့် ၁၇ရက်နေ့တို့တွင် ဆီးနှင်းများ ထူထပ်စွာ ကျရောက်ခဲ့ကြောင်း ဩစတြေးလျနိုင်ငံ မိုးလေဝသဗျူရိုမှကြေညာချက် ထုတ်ပြန်ခဲ့သည်။

အဆိုပါ ဆီးနှင်းကျရောက်မှုသည် နှစ်ပေါင်း ၃၀ အတွင်း အဆိုးရွားဆုံးဆီးနှင်းကျရောက်မှုဖြစ်ပြီး ဆီးနှင်းများသည် မြေပြင်ပေါ်သို့ သုံးလက်မ (ရှစ်စင်တီမီတာ)အထိ ထူထပ်စွာကျရောက်ခဲ့ကြောင်း အဆိုပါသတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ကွင်းစလန်ကမ်းရိုးတန်းဒေသရှိ ဘရစ္စဘိန်းမြို့၏ အနောက်တောင်ဘက် ၂၁၅ ကီလိုမီတာ ရှည်သည့် လမ်းမကြီးပေါ်တွင် နှင်းများထူထပ်စွာ ကျရောက်မှုကြောင့် ဒေသခံကလေးငယ်များသည် အဆိုပါဆီးနှင်းများပေါ်တွင် ပျော်ရွှင်စွာ ဆော့ကစားခဲ့ကြကြောင်း အဆိုပါသတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါဒေသတွင် ဆီးနှင်းများ ထူထပ်စွာကျရောက်မှုသည် ၁၉၈၄ ခုနှစ်တွင် ကျရောက်ခဲ့သော်လည်း ယခုကဲ့သို့ ဆိုးရွားမှုမရှိခဲ့ကြောင်း၊ ထို့ပြင် ၂၀၀၇ ခုနှစ်က ကျရောက်ခဲ့သည့်ဆီးနှင်းများသည် ငါးစင်တီမီတာသာ ထူထပ်ခဲ့ကြောင်း၊ ယခုကျရောက်ခဲ့သည့်ဆီးနှင်းများသည် ရှစ်စင်တီမီတာထူထပ်ခဲ့ရာ နှစ်ပေါင်း ၃၀ အတွင်း အဆိုးရွားဆုံးဖြစ်ကြောင်း မိုးလေဝသဗျူရိုမှ အကြီးတန်းမိုးလေဝသပညာရှင် ဆမ်ကမ်းဘဲလ်က ပြောကြားခဲ့သည်။

ဆီးနှင်းများ ထူထပ်စွာကျရောက်မှုကြောင့် ကွင်းစလန်ဒေသနှင့် အနီးတစ်ဝိုက်တွင် လမ်းပန်းဆက်သွယ်ရေးများ ပြတ်တောက်ခဲ့ရပြီး တချို့ဒေသများတွင် လျှပ်စစ်မီးပြတ်တောက်မှုများဖြစ်ပေါ်ခဲ့ရသည်ဟု ဆိုသည်။

ဆီးနှင်းများကြောင့် လမ်းမများပေါ်တွင် ယာဉ်တိုက်မှုများမှာ အနည်းဆုံး ၂၀ ခန့်ဖြစ်ပွားခဲ့ကြောင်း၊ ကျောင်းပေါင်း ၅၀ ကျော်ကိုလည်း ပိတ်ထားခဲ့ရကြောင်း အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းမှ ကြီးကြပ်ရေးမှူး မစ္စတာလော့ကီက ပြောကြားခဲ့သည်။

ဩစတြေးလျနိုင်ငံ မိုးလေဝသဗျူရိုမှ ဇူလိုင် ၁၈ ရက်တွင် ဆီးနှင်းများ ကျဆင်းမှုလျော့ပါးသွားလိမ့်မည်ဟုခန့်မှန်းထားသော်လည်း လာမည့် ရက်သတ္တပတ်အထိ ဆီးနှင်းများ ဆက်လက်ကျဆင်းမည့် အရိပ်အယောင်များကိုလည်း တွေ့မြင်နေရကြောင်း သည်ဂါဒီးယန်းသတင်းစာတွင် ထုတ်ဖော်ရေးသားခဲ့သည်။

**မယ်သီတာ**

# ဗီယက်နမ်ဖိတ်ခေါ်ပြိုင်ပွဲဝင်မည့် မြန်မာယူ-၂၁အသင်းကို ယူ-၂၀နှင့် ယူ-၂၃ ကစားသမားများဖြင့်ဖွဲ့စည်းမည်

ဗီယက်နမ်နိုင်ငံတွင် နိုဝင်ဘာလ ၂၀ရက်နေ့မှ စတင်ကျင်းပမည့် ဗီယက်နမ် ဖိတ်ခေါ်ပြိုင်ပွဲတစ်ပွဲဖြစ်သည့် Thanh Nien U-21 ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာယူ-၂၁အသင်းကို မြန်မာယူ-၂၀ နှင့် ယူ-၂၃ ကစားသမားများဖြင့် ဖွဲ့စည်းမည်ဖြစ်ကြောင်း သိရသည်။

မြန်မာအသင်းအနေဖြင့် အဆိုပါပြိုင်ပွဲကို မလေးရှားနိုင်ငံတွင်ကျင်းပမည့် ဆီးဂိမ်းအကြိုပြင်ဆင်မှုတစ်ရပ်အနေဖြင့် ပါဝင်ယှဉ်ပြိုင်ခြင်းဖြစ်ပြီး နည်းပြချုပ်အဖြစ် ကမ္ဘာ့ဖလားပြိုင်ပွဲဝင် ယူ-၂၀ အသင်း၏ နည်းပြချုပ် ဂတ်ဆီဇီကိုပင် ခန့်အပ်ရန် စီစဉ်ထားကြောင်း သိရသည်။

"ယူ-၂၁အသင်းကို ယူ-၂၀ ကစားသမားတွေနဲ့ ယူ-၂၃ အသင်းက အသက်မီတဲ့ကစားသမားတွေ ပေါင်းစပ်ပြီးဖွဲ့စည်းဖို့ စီစဉ်ထားပါတယ်။ ယူ-၂၁ အသင်းက မလေးရှားဆီးဂိမ်းပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မယ့်အသင်းပါ။ ကျွန်တော်တို့အနေနဲ့ ဆီးဂိမ်းပြိုင်ပွဲအကြိုပြင်ဆင်မှုအနေနဲ့ ဝင်ရောက်ယှဉ်ပြိုင်မှာပါ။ ယူ-၂၃အသင်းက အသက်မီတဲ့ကစားသမား ခုနစ်ဦးလောက်အထိ ပါဝင်လာနိုင်ပါတယ်"ဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းက ပြောကြားခဲ့သည်။

Thanh Nien U-21 ချန်ပီယံရှစ်ပြိုင်ပွဲကို အိမ်ရှင် ဗီယက်နမ်ယူ-၂၁ အသင်းအပါအဝင် မြန်မာ၊ မလေးရှား၊ တောင်ကိုရီးယားအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ရန် အတည်ပြုထားပြီး ထိုင်းနှင့်ဩစတြေးလျအသင်းတို့ကိုလည်း ဖိတ်ကြားထားကြောင်း သိရသည်။

အဆိုပါ Thanh Nien U-21 ပြိုင်ပွဲကို ၂၀၀၇ ခုနှစ်မှစတင်၍ ကျင်းပခဲ့ခြင်းဖြစ်ပြီး မြန်မာအသင်းသည် ၂၀၀၇ ခုနှစ်နှင့် ၂၀၁၃ပြိုင်ပွဲတို့တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး နှစ်ကြိမ်စလုံးတွင် စတုတ္ထသာရရှိခဲ့သည်။

# မြန်မာယူ-၁၈အသင်းအား ပဏာမကစားသမား ၃၂ဦး ရွေးချယ်၍ လေ့ကျင့်မှုများ ပြုလုပ်မည်

အာရှယူ-၁၉ချန်ပီယံရှစ်ခြေစစ်ပွဲနှင့် အာဆီယံ ယူ-၁၉ပြိုင်ပွဲတို့တွင် သွားရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် ယူ-၁၈ အသင်းအား ပဏာမလက်ရွေးစင်ကစားသမား ၃၂ ဦး ရွေးချယ်၍ ဇူလိုင် ၂၀ ရက်မှစတင်လေ့ကျင့်ကြမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင် ယူ-၁၈ အသင်းကို နည်းပြချုပ်အဖြစ် ဂျာမနီလူမျိုး မစ္စတာဂတ်ဆီဇီက တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ပြီး ပြီးခဲ့သည့် ဇူလိုင် ၁၃ ရက်မှစတင်ကာ မြန်မာနေရှင်နယ်လိဂ် လူငယ်အသင်းများမှ အသက်မီသည့် ကစားသမားများကို လူရွေးပွဲများပြုလုပ်၍ရွေးချယ်ခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ အခုရွေးထားတဲ့ လူစာရင်းက အတည်မဖြစ်သေးပါဘူး။ ဖြုတ်လိုက်တယ်ဆိုတဲ့ကစားသမားတွေကိုလည်းသက်ဆိုင်ရာ ကလပ်တွေမှာ ပြန်လေ့ကျင့်ခိုင်းတဲ့ သဘောမျိုးပါ။ သူတို့ပွဲတွေကိုလိုက်ကြည့်ဖြစ်နေဦးမှာပါပဲ။ အခုရွေးထားတဲ့ကစားသမားတွေကိုလည်း လေ့ကျင့်ကြည့်ဦးမှာပါ။ အဆင်မပြေရင် ထပ်ဖြည့်တာမျိုး ဖြုတ်လိုက်တာမျိုး ရှိနိုင်ပါသေးတယ်။ ပြိုင်ပွဲမတိုင်ခင် လူစာရင်းမပေးမချင်း အပြောင်းအလဲဖြစ်နိုင်ပါတယ်။ အသင်းအတွက် အချိန်အရမ်းမရပေမယ့် အကောင်းဆုံးပြင်ဆင်သွားမှာပါ"ဟု နည်းပြချုပ်ဂတ်ဆီဇီက ပြောကြားခဲ့သည်။




မြန်မာ့လက်ရွေးစင် ယူ-၁၈ အသင်းသည် လာမည့် ဩဂုတ်လအတွင်း၌ လာအိုနိုင်ငံ၌ ကျင်းပမည့် အာဆီယံ ယူ-၁၉ချန်ပီယံရှစ်ပြိုင်ပွဲနှင့် မြန်မာနိုင်ငံတွင်ကျင်းပမည့် အာဆီယံ ယူ-၁၉ ချန်ပီယံရှစ် ခြေစစ်ပွဲတို့ကို ဝင်ရောက်ယှဉ်ပြိုင် ကစားသွားမည်ဖြစ်သည်။

အာဆီယံ ယူ-၁၉ပြိုင်ပွဲတွင် မြန်မာယူ-၁၈အသင်းသည် ဗီယက်နမ်၊ စင်ကာပူ၊ တီမော၊ မလေးရှားစသည့်အသင်းတို့နှင့် တစ်အုပ်စုတည်းတွင် ကျရောက်လျက်ရှိနေပြီး အာရှယူ-၁၉ ခြေစစ်ပွဲတွင် ဗီယက်နမ်၊ ဟောင်ကောင်၊ တီမော၊ ဘရူနိုင်း စသည့်အသင်းတို့နှင့် တစ်အုပ်စုတည်းတွင် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

# လေ့ကျင့်ရေးကွင်းသို့ မလာရောက်ရန် ရတနာပုံဂိုးသမား သီဟစည်သူအား နည်းပြချုပ်မှ ညွှန်ကြားထားသည်ဟု ဆို



ရတနာပုံအသင်းနှင့် မြန်မာ့လက်ရွေးစင်အသင်း၏ ဂိုးသမားဟောင်း သီဟစည်သူအား ရတနာပုံအသင်း၏ နည်းပြချုပ်ဖြစ်သူ ရီနီဆေးက လေ့ကျင့်ရေးကွင်းသို့မလာရောက်ရန် ညွှန်ကြားထားကြောင်း သိရသည်။ ရတနာပုံအသင်း၏ ဂိုးသမား သီဟစည်သူက ယခုနှစ်ဘောလုံးရာသီအကုန်တွင် ရတနာပုံအသင်းနှင့်လမ်းခွဲရန် ဆုံးဖြတ်ထားကြောင်း ဂျာနယ်စာမျက်နှာများပေါ်တွင်ပါရှိလာခဲ့ပြီးနောက် အသင်း၏နည်းပြချုပ်ဖြစ်သူက ယခုကဲ့သို့ ညွှန်ကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"အသင်းအနေနဲ့ ဒီကိစ္စနဲ့ပတ်သက်ပြီး အရေးယူမှုတွေ လုပ်ဆောင်မှာမဟုတ်ပေမယ့် အသင်းရဲ့နည်းပြချုပ်ကတော့ သူ့ကို လေ့ကျင့်ကွင်းကိုပါ မလာရောက်ဖို့ တားမြစ်ထားပါတယ်"ဟု ရတနာပုံအသင်းမှတာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ရတနာပုံအသင်းမှ ထွက်ခွာရန် ဆုံးဖြတ်ထားကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီးနောက် ပြီးခဲ့သည့်ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ဖလားပြိုင်ပွဲ၏ Horizon Fc နှင့်ယှဉ်ပြိုင်ရသည့်ပွဲတွင် ပွဲထွက်စာရင်းမှချန်လှပ်ခံခဲ့ရသည်။

ယင်းပွဲတွင် ရတနာပုံအသင်းသည် Horizon Fc အသင်းအား ကိုးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ သီဟစည်သူသည် မြန်မာနေရှင်နယ်လိဂ် စတင်ချိန်ကတည်းက ဧရာဝတီယူနိုက်တက်(ဒယ်လ်တာယူနိုက်တက်) အသင်းတွင် ပါဝင်ကစားခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် ရတနာပုံအသင်းသို့ ပြောင်းရွှေ့လာခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် ရတနာပုံအသင်းအား အမှတ်ပေးချန်ပီယံဆုရရှိအောင် စွမ်းဆောင်ရာတွင် ပါဝင်ခဲ့သူတစ်ဦးဖြစ်သည်။

ထို့ပြင် သီဟစည်သူသည် မြန်မာ့လက်ရွေးစင်အသင်းတွင် ၂၀၀၉ ခုနှစ်မှစတင်ကာ ပွဲပေါင်း ၂၃ ပွဲအထိ ပထမဂိုးသမားအဖြစ်ပါဝင်ခဲ့သည်။ သို့သော် မြန်မာ့လက်ရွေးစင်အသင်း၏နည်းပြချုပ်ဖြစ်သူ အေဗရာမိုဗစ်လက်ထက်တွင်မူ လက်ရွေးစင်အဖြစ် ရွေးချယ်ခြင်းမခံခဲ့ရပေ။



# ယူ-၁၆အသင်း၏ နည်းပြချုပ်အဖြစ် အဲရစ်ဝီလျံကို တရားဝင်ကမ်းလှမ်းပြီ

၂၀၁၆ အာရှယူ-၁၆ချန်ပီယံရှစ် ခြေစစ်ပွဲနှင့် အာဆီယံယူ-၁၆ ချန်ပီယံရှစ်ပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် ယူ-၁၆အသင်းအတွက် နည်းပြချုပ်အဖြစ် အဲရစ်ဝီလျံကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တရားဝင်ကမ်းလှမ်းလိုက်ပြီဖြစ်သည်။

ဩစတြေးလျလူမျိုး အဲရစ်ဝီလျံသည် ၂၀၀၉ခုနှစ်တွင် မြန်မာနေရှင်နယ်လိဂ် ကလပ်အသင်းဖြစ်သည့် ရန်ကုန်ယူနိုက်တက်အသင်း အကယ်ဒမီ တည်ထောင်ရာ၌ အဓိကကျသည့်အခန်းကဏ္ဍမှပါဝင်ခဲ့ပြီး နေလင်းထွန်း၊ စည်သူအောင်၊ ဇွန်မိုးအောင်၊ ကောင်းဆက်နိုင်၊ ဇော်ဝင်း အစရှိသည့် လက်ရွေးစင်ကစားသမားများကို မွေးထုတ်ပေးနိုင်ခဲ့သည်။

"ယူ-၁၆ အသင်းအတွက် အဲရစ်ဝီလျံကို အဖွဲ့ချုပ်အနေနဲ့ တရားဝင် ကမ်းလှမ်းထားပါတယ်။ သူနဲ့ညှိနှိုင်းမှုလေးတွေ နည်းနည်းရှိနေသေးလို့ ရောက်မလာသေးတာပါ။ သူ့ကို အမြန်ဆုံးဖြတ်ချက်ချပေးဖို့ အကြောင်းကြားထားပါတယ်။ ပြိုင်ပွဲကလည်း နီးလာတာကြောင့်ပါ။ စာချုပ်သက်တမ်းကတော့ တစ်နှစ်လောက်ချုပ်ဖို့မှန်းထားပါတယ်။ သူ့ဆီက အကြောင်းပြန်ကြားစာ အခုထိ ရောက်မလာသေးပါဘူး"ဟု မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မြန်မာယူ-၁၆အသင်းကို ယခုအခါတွင်မန္တလေးဘောလုံးအကယ်ဒမီမှ ကစားသမားများဖြင့်ဖွဲ့စည်းထားပြီး နည်းပြချုပ်အဖြစ် ဦးသန်းထိုက်အား ပြီးခဲ့သည့်နှစ်ဩဂုတ်လမှစတင်ကာ တစ်နှစ်စာချုပ်ချုပ်ဆို၍ခန့်အပ်ခဲ့ကြောင်း သိရသည်။

# ဖီနာဘာ့ချ်သို့ရောက်လာသည့် ရော်ဘင်ဗန်ပါစီအား အသင်းပရိသတ်များက ဝမ်းပန်းတသာ ကြိုဆိုခဲ့ကြ

# အသင်းအတွက် အောင်မြင်မှုများရရှိအောင် စွမ်းဆောင်ပေးမည်ဟုဆို




တူရကီနိုင်ငံကလပ်အသင်း တစ်သင်းဖြစ်သည့် ဖီနာဘာ့ချ်အသင်းသို့ တစ်ပတ်လျှင် လုပ်ခလစာ ပေါင် ၂၄၀၀၀၀ ဖြင့် ပြောင်းရွှေ့သွားသည့် ရော်ဘင်ဗန်ပါစီအား ဖီနာဘာ့ချ်အသင်း ပရိသတ်များက ဝမ်းပန်းတသာကြိုဆိုခဲ့ကြသည်။

ဟော်လန်လက်ရွေးစင်တစ်ဦးဖြစ်သူ ရော်ဘင်ဗန်ပါစီသည် အင်္ဂလန်ကလပ် မန်ချက်စတာယူနိုက်တက်မှ တူရကီကလပ် ဖီနာဘာ့ချ်သို့ပြောင်းရွှေ့ကြေးပေါင် ၃ ဒသမ၈၄သန်းဖြင့်ပြောင်းရွှေ့ခွင့် ရရှိခဲ့ခြင်းဖြစ်သည်။

ဖီနာဘာ့ချ်ဘောလုံးအသင်းသည် ဗန်ပါစီအား သုံးနှစ်စာချုပ်ချုပ်ဆိုကာ ခေါ်ယူခဲ့ခြင်းဖြစ်သည်။ ဗန်ပါစီသည် မန်ချက်စတာယူနိုက်တက်အသင်းသို့ ၂၀၁၂-၁၃ ဘောလုံးရာသီအစတွင် အာဆင်နယ်အသင်းမှ ပြောင်းရွှေ့လာသူဖြစ်သည်။

ဟော်လန်တိုက်စစ်မှူး ဗန်ပါစီသည် ဖေယနွန်းအသင်းမှ အာဆင်နယ်အသင်းသို့ ပေါင် ၂ ဒသမ ၇၅သန်းဖြင့် ၂၀၀၄ခုနှစ်ဘောလုံးရာသီတွင် ပြောင်းရွှေ့လာခဲ့သည်။ သူသည် အာဆင်နယ်အသင်းနှင့်အတူ ၂၀၀၄ခုနှစ်ကွန်မြူနတီဒိုင်း၊ ၂၀၀၄-၀၅ခုနှစ်တွင် အက်ဖ်အေဖလားတို့ကို ရယူပေးနိုင်ခဲ့သည်။

ထိုနောက် ၂၀၁၂ခုနှစ်ဇူလိုင်လတွင် ဗန်ပါစီသည် အာဆင်နယ်အသင်း၏ပြိုင်ဘက်အသင်းတစ်သင်းဖြစ်သည့် မန်ယူအသင်းသို့ ပြောင်းရွှေ့ခဲ့သည်။

သူသည် အာဆင်နယ်အသင်းနှင့်အတူ ဂိုးပေါင်း ၉၆ ဂိုးသွင်းယူခဲ့ပြီး မန်ယူအသင်းတွင် ၈၆ ပွဲကစားခဲ့ရာဂိုးပေါင်း ၄၈ ဂိုး သွင်းယူပေးနိုင်ခဲ့သည်။

ဗန်ပါစီသည် မန်ယူအသင်း၏ မန်နေဂျာ လူးဝစ်ဗန်ဟားလ်လက်ထက်တွင် ဒဏ်ရာပြဿနာများကြောင့် ပွဲထွက်ခွင့်များ ပျောက်ဆုံးခဲ့ရသည်။ ထို့ပြင် ပြီးခဲ့သည့်နှစ် ဘောလုံးရာသီက ဖလားလက်မဲ့ ဖြစ်ခဲ့ရသည့်အတွက် မန်ယူအသင်း၏ မန်နေဂျာ ဗန်ဟားလ်က အသင်းရှိလူများအား အပြောင်းအလဲများ ပြုလုပ်ခဲ့သည်။ဗန်ဟားလ်သည် မက်ထီယိုဒါမိန်း၊ ရှဝိန်းစတိုင်ဂါ၊ ရှနိုက်ဒါလင်းတို့ကို မကြာသေးခင်ကာလကခေါ်ယူခဲ့ရာ ဗန်ပါစီသည် ၎င်း၏ ရှေ့ရေးအတွက် မန်ယူမှ ထွက်ခွာရန် ဆုံးဖြတ်ခဲ့သည်။

ထို့နောက် ဖီနာဘာ့ချ်သို့ပြီးခဲ့သည့် ရက်သတ္တပတ်ကတည်းက ပြောင်းရွှေ့သွားခဲ့သည့် မန်ယူ၏ နောက်ခံကစားသမား လူးဝစ်နာနီနှင့် ဆက်သွယ်ကာ ဖီနာဘာ့ချ်သို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။

ဗန်ပါစီနှင့် ဖီနာဘာ့ချ်အသင်းတို့၏ စာချုပ်လက်မှတ်ရေးထိုးပွဲကို ဖီနာဘာ့ချ်အသင်း၏ဘောလုံးကွင်းဖြစ်သည့် Sukru Saracoglu ဘောလုံးကွင်း၌ ကျင်းပခဲ့ရာ ပရိသတ်ထောင်ပေါင်းများစွာ တက်ရောက်ခဲ့ကြကာ ဗန်ပါစီအား ကြိုဆိုခဲ့ကြသည်။

"ကျွန်တော့်ကို ခုလိုကြိုဆိုခဲ့ကြတဲ့အတွက် တကယ်ကိုစိတ်လှုပ်ရှားမိပါတယ်။ အသင်းအတွက် အောင်မြင်မှုတွေရရှိအောင်ကြိုးစားပါ့မယ်"ဟု ဗန်ပါစီက ပြောကြားခဲ့သည်။



## ဒေးဗစ်ဖလားတင်းနစ်ပြိုင်ပွဲအတွက် အဆင်သင့်ဖြစ်နေပြီး ဂရိတ်ဗြိတိန်အသင်းအတွက် ဖလားယူပေးမည်ဟု မိုရေးဆို

ယူနိုက်တက်ကင်းဒမ်းနိုင်ငံ၊ဂလက် စကိုနယ်သား တင်းနစ်ချန်ပီယံ အန်ဒီမိုရေးသည် ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက ကျင်းပခဲ့သည့် ဝင်ဘယ်ဒန်ချန်ပီယံရှစ်ပြိုင်ပွဲတွင် ကွာတားဖိုင်နယ်အဆင့်မှာပင် ထွက်ခဲ့ရသော်လည်း ဇူလိုင်လ ၁၇ ရက်နေ့မှစတင်ကျင်းပလျက်ရှိသည့် ဒေးဗစ်ဖလားတင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် ဂရိတ်ဗြိတိန်အသင်းအတွက် ချန်ပီယံဆုဖလားကို ရယူပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။


အန်ဒီမိုရေးသည် ပြီးခဲ့သည့် ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ၏ ဆီမီးဖိုင်နယ်အဆင့်တွင် ပြိုင်ဘက်ရော်ဂျာဖက်ဒရာကို ရှုံးနိမ့်ခဲ့သဖြင့် ပြိုင်ပွဲမှထွက်ခဲ့ရသည်။ယခုအခါတွင် ပြည်တွင်း၌ကျင်းပသည့် ဒေးဗစ်ဖလားပြိုင်ပွဲတွင် ဂရိတ်ဗြိတိန်အသင်းအတွက် အကောင်းဆုံးပါဝင်ယှဉ်ပြိုင်ကာ အသင်းအတွက် ဆုဖလားကိုရယူပေးမည်ဟု ပြောကြားခဲ့ခြင်းဖြစ်သည်။

"ဝင်ဘယ်ဒန်ပြိုင်ပွဲမှာ ရော်ဂျာဖက်ဒရာကို ရှုံးနိမ့်ခဲ့တဲ့အချိန်တုန်းက ကိုယ့်ကိုယ်ကို ယူကြုံးမရဖြစ်မိတယ်။ တင်းနစ်ပြိုင်ပွဲတွေကိုတောင် မကြည့်မိအောင်နေခဲ့တာ။ ဒါပေမယ့် ကျွန်တော့်နိုင်ငံအသင်းအတွက် ကျွန်တော် ဆက်လက်ရှင်သန်နေဦးမှာပါ"ဟု မိုရေးက ဘီဘီစီသို့ ပြောကြားခဲ့သည်။

ဂရိတ်ဗြိတိန်အသင်းသည် ကမ္ဘာ့အဆင့် တင်းနစ်ပြိုင်ပွဲအရပ်ရပ်တွင် ၁၉၈၁ ခုနှစ်က ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့သော်လည်း နောက်ပိုင်းတွင် ရှုံး ထွက်ပြိုင်ပွဲအဆင့်များမှသာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရသည်။ ယခုနှစ်တွင်မူ ဂရိတ်ဗြိတိန်အသင်းသည် ကွာတားဖိုင်နယ်အဆင့်တွင် ပြင်သစ်အသင်းနှင့်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

## ဗြိတိန်လက်ဝှေ့ကျော် အေမာခန်းနှင့် ၎င်း၏အစ်ကိုဝမ်းကွဲတို့ကို ဘော်လ်တန်တက္ကသိုလ်မှ ဂုဏ်ထူးဆောင်ဘွဲ့ပေးအပ်

## ရှုံးပွဲမရှိချန်ပီယံ မေဝဲသားနှင့် ထိုးသတ်ခွင့်ရရန် တောင်းဆို



ဗြိတိန်နိုင်ငံ၏ လက်ဝှေ့ကျော် အေမာခန်းကို ဗြိတိန်နိုင်ငံရှိ ထင်ရှားကျော်ကြားသည့် တက္ကသိုလ်များအနက်တစ်ခုအပါအဝင်ဖြစ်သည့် ဘော်လ်တန်တက္ကသိုလ်မှ ဂုဏ်ထူးဆောင်ဘွဲ့ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

၎င်းနှင့်အတူ ၎င်း၏ အစ်ကိုဝမ်းကွဲဖြစ်သူ ခရစ်ကက်ချန်ပီယံ ဆာဂျစ်မာမွတ်ကိုလည်း ဂုဏ်ထူးဆောင်ဘွဲ့ပေးအပ်ချီးမြှင့်ခဲ့သည်။ အေမာခန်းနှင့်မာမွတ်တို့နှစ်ဦးသည် ဘော်လ်တန်ဒေသတွင် မွေးဖွားကြသူများဖြစ်ပြီး အားကစားတွင် အောင်မြင်မှုများရရှိပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်ရုံသာမက လူမှုရေးလုပ်ငန်းများတွင်လည်း တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြသဖြင့် ယခုကဲ့သို့ ချီးမြှင့်ခံရခြင်းဖြစ်သည်။

အဆိုပါအခမ်းအနားတွင် အေမာခန်းက မေဝဲသားနှင့် ယှဉ်ပြိုင်ထိုးသတ်ခွင့်ရရန် တောင်းဆိုခဲ့သည်။ ထို့ပြင် မေဝဲသားအားလည်း လက်ဝှေ့ပြိုင်ပွဲများအား အကျည်းတန်စေသူဟု ဝေဖန်ပြောကြားခဲ့သည်။

"ကျွန်တော်ထင်ပါတယ်။ သူဟာ လက်ဝှေ့ပြိုင်ပွဲတွေကို အကျည်းတန်စေတဲ့သူတစ်ယောက် ဖြစ်လာခဲ့တယ်လို့ပေါ့။ ကျွန်တော်သူ့ကို အမြဲတမ်းပြောတယ်။ ဘာကြောင့် မင်းရဲ့အလုပ်ကို ဒီလိုပုံစံမျိုးနဲ့အဆုံးသတ်ရသလဲ။ လူတွေက မင်းရဲ့လက်ဝှေ့ထိုးသတ်တာကို အမြင့်ဆုံးအထိ ရောက်နေတာကိုပဲမြင်ချင်ကြတာ။ မင်းရဲ့ပရိသတ်တွေက မင်းကို ကြိုးဝိုင်းစင်ပေါ်မှာ အကောင်းဆုံးယှဉ်ပြိုင်နေတာကိုပဲမြင်ချင်တာ" ဟု ပြောကြားခဲ့သည်။

မေဝဲသားသည် ပြီးခဲ့သည့်မေလအတွင်းက လာ့စ်ဗီးဂတ်စ်၌ ဖိလစ်ပိုင်လက်ဝှေ့ကျော် မန်နီပက်ကွီအိုနှင့်ယှဉ်ပြိုင်ထိုးသတ်ခဲ့စဉ်က ပွဲကောင်းကို ကြည့်ရှုလိုသည့် လက်ဝှေ့ဝါသနာအိုးများ၏ ပြင်းပြင်းထန်ထန် ဝေဖန်မှုနှင့် ရင်ဆိုင်ခဲ့ရသည်။ ထိုစဉ်က မေဝဲသားနှင့် ပက်ကွီအိုတို့၏ပွဲသည် ပရိသတ်များ မျှော်လင့်ထားသကဲ့သို့ ဖြစ်မလာခဲ့ဘဲခြေမထွက်သွေးမထွက်ခင်မှာပင် ပွဲပြီးဆုံးသွားသဖြင့် ဝေဖန်မှုများနှင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။

ထို့ပြင် မေဝဲသားသည် ပက်ကွီအိုနှင့် ထိုးသတ်အပြီးတွင် ရှုံးပွဲမရှိစံချိန်တင်ပြီး ဒဗလျူတီအို ဟဲဗီးဝိတ်ချန်ပီယံဆုကို ဆက်လက်ထိန်းသိမ်းထားနိုင်ခဲ့သည်။ အဆိုပါပွဲအပြီးတွင် မေဝဲသားသည် နောက်တစ်ကြိမ်လက်ဝှေ့ထိုးသတ်ပြီးပါက လက်ဝှေ့လောကမှ အနားယူတော့မည်ဟု ကြေညာခဲ့သဖြင့် အေမာခန်းက ၎င်းနှင့်ထိုးသတ်ခွင့်ရရှိရန် တောင်းဆိုနေခြင်းဖြစ်သည်။ အသက် ၂၈နှစ်အရွယ်ရှိ အေမာခန်းသည်၎င်း၏ကြေးစားလက်ဝှေ့သမား သက်တမ်းတစ်လျှောက် ၃၄ပွဲထိုးသတ်ခဲ့ရာ ၃၁ပွဲအနိုင်ရရှိခဲ့ပြီး သုံးပွဲရှုံးနိမ့်ထားခဲ့သည်။ နိုင်ပွဲ ၃၁ ပွဲတွင် ၁၉ပွဲ အလဲထိုးနိုင်ခဲ့သည်။

## လီဗာပူးအသင်း၏ အဝေးကွင်းဝတ်စုံမိတ်ဆက်ပွဲတွင် လေထီးခုန်၍ ရော်ဘီဖောင်လာ ပြသခဲ့




လီဗာပူးအသင်းသည် အသင်း၏ အဝေးကွင်းဝတ်စုံ မိတ်ဆက်ပွဲအား ဩစတြေးလျနိုင်ငံတွင် ဇူလိုင် ၁၆ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါမိတ်ဆက်ပွဲတွင် လီဗာပူးအသင်း၏ ကစားသမားဟောင်းတစ်ဦးဖြစ်သူ ရော်ဘီဖောင်လာက အသင်း၏ အဝေးကွင်းဝတ်စုံကို ဝတ်ဆင်ကာ လေထီးခုန်၍ပြသခဲ့ကြောင်း ဒေးလီးမေးသတင်းတွင်ဖော်ပြထားသည်။

အဆိုပါဝတ်စုံကို လီဗာပူးအသင်းသည် ၂၀၁၅-၁၆ဘောလုံးရာသီတွင် စတင်အသုံးပြုမည်ဖြစ်သည်။ ဖောင်လာသည်လေယာဉ်ပျံအတွင်းမှလေထီးဖြင့် ခုန်ဆင်းကာ လေထဲတွင် ချိန်သားကိုက်အောင် ပြုလုပ်နိုင်ခဲ့ပြီး မြေပြင်ပေါ်သို့ ညင်သာစွာကျလာခဲ့သည်။

လီဗာပူးအသင်းသည် အဆိုပါ အဝေးကွင်းဝတ်စုံကိုကြော်ငြာနိုင်ရန်အတွက် ရော်ဘီဖောင်လာကို လေထီးဖြင့်ခုန်ဆင်းစေကာ ၎င်း၏ပရိသတ်များအား ဆွဲဆောင်နိုင်ခဲ့သည်။ ထို့ပြင် အသင်း၏အဓိကကစားသမားများဖြစ်ကြသည့် စတားရစ်၊ အဒမ်လာနာ၊ အယ်လ်ဘတ်တိုမိုရီနို၊ အီမာကန်၊ ဂျော်ဒန်ဟန်ဒါဆင်တို့ကိုအဆိုပါ အဝေးကွင်းဝတ်စုံများ ဝတ်ဆင်စေပြီး ကြော်ငြာခဲ့သည်။ ၎င်းတို့ လေးဦးအဝေးကွင်းဝတ်စုံများဝတ်ဆင်ကာ ရိုက်ကူးထားသည့်ပုံများ၏ အပေါ်တွင် Hold Nothing Back ဟု ရေးသားကာ ၎င်း၏ပရိသတ်များအား ပြသခဲ့သည်။

# ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနနှင့် အာဆီယံကိုရီးယားစင်တာတို့ ပူးပေါင်းပြီး တောင်ကြီးမြို့တွင် Product Development Workshop for Tourism Souvenirs အလုပ်ရုံဆွေးနွေးပွဲကျင်းပ



မြန်မာ-ကိုရီးယား သံတမန်ဆက်သွယ်မှုနှစ်(၄၀)ပြည့် အထိမ်းအမှတ်အဖြစ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနနှင့် အာဆီယံ- ကိုရီးယား စင်တာတို့ပူးပေါင်းပြီး Product Development Workshop for Tourism Souvenirs ကို ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၃ ရက်က ရှမ်းပြည်နယ် တောင်ကြီးမြို့ တောင်ကြီးဟိုတယ်မှာ ကျင်းပပြုလုပ်ခဲ့ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးအောင်ကျော်ညွန့်၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (၁) ဦးအောင်စိုး၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ရှမ်းပြည်နယ်တောင်ပိုင်း ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ၊ ပိုးထည်၊ ချည်ထည်၊ ငွေထည်နှင့် ဝါးလက်မှု ထည်လုပ်ငန်းရှင်များ၊ စုစုပေါင်း ၁၀၂ ဦးတက်ရောက်ခဲ့ကြပြီး ရှမ်းပြည်နယ်အစိုးရ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးအောင်ကျော်ညွန့်နဲ့ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် (၁) ဦးအောင်စိုးတို့က ကြိုဆိုနှုတ်ခွန်းဆက် အမှာစကားများ အသီးသီးပြောကြားခဲ့ကြပါတယ်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲမှာ မြန်မာနိုင်ငံမှ လက်မှုထည်လုပ်ငန်းရှင်များ၏ ဒေသထွက်ကုန်ကြမ်းများကို အခြေခံပြီး ရိုးရာလက်မှုနည်းပညာဖြင့် ပေါင်းစပ်ထားသည့် ထုတ်ကုန်ပစ္စည်းများကို နိုင်ငံတကာမှ ကြိုက်နှစ်သက်သည့် ဒီဇိုင်းများထုတ်လုပ်ပြီး ဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်စေရန်နှင့် မြန်မာ-ကိုရီးယားနှစ်နိုင်ငံအကြား စီးပွားရေးအခွင့်အလမ်းများ ပိုမိုတိုးချဲ့နိုင်စေရန် ရည်ရွယ်ပြီး မြန်မာ့လက်မှုထည်များ ခရီးသွားလုပ်ငန်း အမှတ်တရ လက်ဆောင်ပစ္စည်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းကျင်းပခြင်းဖြစ်ကြောင်း သိရပါတယ်။

ဆက်လက်ပြီး အာဆီယံကိုရီးယားစင်တာမှ အထည်အလိပ်နှင့် ငွေထည်လက်မှုပညာရှင်များက နိုင်ငံတကာနှင့် ကိုရီးယားဈေးကွက် အကြိုက်ဒီဇိုင်းများ ထုတ်လုပ်မှုပုံစံ၊ နည်းစနစ်များ၊ ကုန်ကြမ်းရင်းမြစ်များကို Power Point ၊ Video များဖြင့် ပြသရှင်းလင်းဆွေးနွေးတင်ပြခဲ့ကြပြီး ဒီဇိုင်းအခြေခံပြုလုပ်ပုံ ပြုလုပ်နည်းကို လက်တွေ့ပြသ ဆွေးနွေးခဲ့ကြကြောင်းနဲ့ ရှမ်းပြည်နယ်တောင်ကြီးမြို့တွင် ကျင်းပပြုလုပ်သော အလုပ်ရုံဆွေးနွေးပွဲမှာ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနနှင့် အာဆီယံ- ကိုရီးယားစင်တာတို့ရဲ့ ဆဋ္ဌမအကြိမ်မြောက် ပူးပေါင်းဆောင်ရွက်မှုဖြစ်ပြီး ပဥ္စမအကြိမ်မြောက် အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၄ ခုနှစ် ဩဂုတ်လ ၈ ရက်က ရန်ကုန်မြို့တွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရပါတယ်။

**မင်းအောင်- တောင်ကြီး**

# စစ်ကိုင်းမြို့တည် နန်းတည် အနှစ် ၇၀၀ ပြည့်ပွဲတော်ကြီးတွင် ဌာနဆိုင်ရာပညာပေးပြခန်းများနဲ့ စစ်ကိုင်းမြို့ဒေသထွက်ကုန်ပြခန်းများ ပြသမည်

စစ်ကိုင်းမြို့တည်၊ နန်းတည် အနှစ် ၇၀၀ ပြည့် ပွဲတော်ကြီးကို ၂၀၁၅ ခုနှစ် ဇူလိုင်လ ၂၆၊ ၂၇၊ ၂၈ ရက်နေ့တို့မှာ ခမ်းနားစွာ ကျင်းပမှာဖြစ်ကြောင်း သိရပါတယ်။ စစ်ကိုင်းမြို့ရှိ ဆရာတော်ကြီးများရဲ့ ဩဝါဒကို ခံယူပြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စစ်ကိုင်းမြို့ မိမြို့ဖများ၊ ဌာနဆိုင်ရာများ၊ အသိပညာရှင် အတတ်ပညာရှင်များ၊ လုပ်ငန်းရှင်များ၊ မြို့သူမြို့သားများက စုပေါင်းညီညာစွာဖြင့် စစ်ကိုင်းမြို့တည် နန်းတည် အနှစ် ၇၀၀ ပြည့် အထိမ်းအမှတ်အဖြစ် ခမ်းနားစွာကျင်းပခြင်း ဖြစ်ပါတယ်။ သက္ကရာဇ် ၆၇၇ ခုနှစ်မှာ အသင်္ခယာစောယွန်းက ရှမ်းတို့ကို နှိမ်နင်း၍ မင်းအဖြစ်ရောက်ရှိတော်မူပြီး၊ စစ်ကိုင်းမြို့ကို တည်တော်မူ၍ သက္ကရာဇ် ၆၈၄ ခုနှစ်တိုင် စိုးစံတော်မူခဲ့ကြောင်း လေ့လာသိရှိရပါတယ်။

စစ်ကိုင်းမြို့တည်၊ နန်းတည် အနှစ် ၇၀၀ ပြည့်ပွဲတော်ကြီးတွင် စစ်ကိုင်းမြို့ရဲ့ သမိုင်းကြောင်းများ၊ ကောင်းမွန်တဲ့အစဉ်အလာ၊ စစ်ကိုင်းမြို့ရဲ့ ဒေသထွက်ကုန်များ၊ တက္ကသိုလ်ကောလိပ်ဌာနဆိုင်ရာများအလိုက် ဆောင်ရွက်ချက် များကို စနစ်တကျပြသနိုင်ရန်၊ အဆင့်အတန်းရှိသော၊ ဆွဲဆောင်မှုရှိသော၊ အသိပညာ ဗဟုသုတ ရှိသော၊ ပညာပေး ပြခန်းများဖြစ်စေရန် ရည်ရွယ်၍ ပြသသွားမည်ဖြစ်ကြောင်း သိရပါတယ်။ ဤပွဲတော်သည် တစ်သက်မှာ တစ်ကြိမ်သာကြုံတွေ့ရသောပွဲဖြစ်ပြီး၊ စစ်ကိုင်းမြို့ရဲ့ ဂုဏ်ယူဖွယ်ရာများကို ဖော်ထုတ်ပြသမှာဖြစ်ပါတယ်။

အထိမ်းအမှတ်ပြခန်းများကို အဆင့်အတန်းရှိရှိဖြင့် ပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဗဟုသုတ ဖြစ်စေရန် ပညာပေးရန်နှင့် ဌာနဆိုင်ရာအလိုက် နိုင်ငံတော်မှချမှတ်ပေးထားသော လုပ်ငန်းများကို လူထုအား အသိပေးရန်၊ ယနေ့နိုင်ငံတော်အနေဖြင့် သွားနေသည့်လမ်းကြောင်းသည် ပြည်သူကိုအခြေပြု၊ အုပ်ချုပ်စီမံခန့်ခွဲမှု စနစ်ဖြစ်၍ ဌာနဆိုင်ရာများအနေဖြင့် မိမိတို့ ဌာနများရဲ့ ဆောင်ရွက်ချက်များကို မိဘပြည်သူများသိရှိစေရန်နှင့် အားလုံးအတွက် နိုင်ငံတော်အတွက် ဌာနဆိုင်ရာအလိုက် လုပ်ဆောင်ချက်များကို ပြည်သူများ သိရှိစေရန် ပြသ ပေးမှာဖြစ်တယ်လို့ သိရပါတယ်။

စစ်ကိုင်းမြို့တည် နန်းတည် အနှစ် ၇၀၀ ပြည့်ပွဲတော်ကြီးကို မြို့တွင်းအနှံ့ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ် ပေးမည်ဖြစ်ပြီး မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ၊ ဘောလုံးပြိုင်ပွဲ၊ ဂေါက်သီးရိုက်ပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ကာယဗလ၊ ကာယအလှ၊ လှယဉ်ကျေးမယ် ပြိုင်ပွဲနှင့် မီနီမာရသွန်ပြိုင်ပွဲများလည်း ပါဝင်ကြောင်း သိရပါတယ်။ ဖျော်ဖြေရေး အစီအစဉ်အနေဖြင့် တိုင်းရင်းသားဖွံ့ဖြိုးရေးတက္ကသိုလ် ပဒေသာကပွဲ၊ အသင်္ခယာ စောယွန်းနှင့် ခေင်ညိုဇာတ် ဖြစ်သည့် "တစ်လုပ်စားဖူးသူ့ကျေးဇူး" အပါအဝင် စိတ်ဝင်စားဖွယ်ရာ ရာဇဝင်ဇာတ်လမ်းများနှင့် အလင်္ကာဝတ် ရည်တေးဂီတအဖွဲ့တို့မှ ကပြ ဖျော်ဖြေကြမှာဖြစ်ပါတယ်။

နိုင်ငံတော်အနေဖြင့် အသေးစားနှင့်အလတ်စားလုပ်ငန်းများကို ဦးစားပေးနေသည့် အချိန်ဖြစ်၍ စစ်ကိုင်းတိုင်းဒေသကြီး ဒေသထွက်ကုန်ပစ္စည်းများအား ပြသခြင်းဖြင့် စစ်ကိုင်းသူ၊ စစ်ကိုင်းသားများအနေဖြင့် အခွင့်အလမ်းကောင်းများကို ရရှိနိုင်မှာဖြစ်ပါတယ်။ အဲဒီလို အခွင့်အလမ်းကောင်းများ ရရှိနိုင်စေရန်အတွက် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ စစ်ကိုင်းမြို့ရှိ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အစုအဖွဲ့များ၊ အသင်းအဖွဲ့များကို ဖွဲ့စည်းပေးထားပြီးဖြစ်ပါတယ်။

အဆိုပါအဖွဲ့အစည်းများမှ ကြိမ်ထည်လုပ်ငန်းများပြုလုပ်ရာတွင် နီးဖြာသည့်အဆင့်မှစ၍ ကုန်ချောပစ္စည်းရောက်ရှိသည်အထိ ထုတ်လုပ်ပုံ အဆင့်ဆင့်ကိုလည်းကောင်း၊ မြေထည်လုပ်ငန်းများတွင် ရှေးခေတ်အိုးနဲ့ ယခုခေတ်အိုး ကွာခြားပုံ အိုးပြုလုပ်ပုံအဆင့်ဆင့်ကိုလည်းကောင်း၊ ငွေထည်၊ ကြေးထည်လုပ် ငန်းမှ ငွေထည်ပြုလုပ်ပုံအဆင့်ဆင့်ကိုလည်းကောင်း၊ ချည်ထည်၊ ပိုးထည်လုပ်ငန်းအဖွဲ့မှ ပိုးဆိုး၊ ပိုးချလုပ်ငန်း၊ ရက်ကန်းခတ်ပုံ၊ လွန်းရာကျော်ချိတ် ရက်လုပ်ပုံအဆင့်ဆင့်ကိုလည်းကောင်း၊ လက်မှုပန်းချီပညာရှင်များမှ ပန်းချီအခြေပြု အဝတ်အထည်ဒီဇိုင်းများနှင့် လက်တွေ့ပန်းချီရေးဆွဲပြခြင်း၊ ဂစ်တာလုပ်ငန်းအဖွဲ့မှလည်း ဂစ်တာ အရွယ်အစားအမျိုးမျိုး၊ ဂစ်တာတစ်လုံး ပြုလုပ်ပုံအဆင့်ဆင့်ကိုလည်းကောင်း လက်တွေ့ပြုလုပ်ပြသကြမှာဖြစ်တယ် လို့သိရပါတယ်။

စစ်ကိုင်းမြို့တည် နန်းတည် နှစ် ၇၀၀ ပြည့် ပွဲတော်တွင် စစ်ကိုင်းမြို့တော်၏ သမိုင်းတန်ဖိုးများစံပြုထိုက်သာ ယဉ်ကျေးမှုအမွေအနှစ်များ လေးစားဂုဏ်ပြုအပ်သော သာသနာဝင်၊ လူပုဂ္ဂိုလ်တို့ရဲ့ အကြောင်းခြင်းရာများ၊ တက္ကသိုလ်၊ ကောလိပ် အသီးသီးရဲ့ ပညာရေးမြှင့်တင်ရေး ဆောင်ရွက်လှုပ်ရှားမှုများ၊ ဌာနဆိုင်ရာအလိုက် ဆောင်ရွက်မှုအခြေအနေများ၊ လက်ရှိစစ်ကိုင်းမြို့၏ အသေးစားကုန်ထုတ်လုပ်ငန်းများမှ အမှတ်တရ ဒေသထွက်ကုန်များကို ထုတ်လုပ်ပုံအဆင့်ဆင့်ကို လက်တွေ့ပြသခြင်းဖြင့် ကဏ္ဍအလိုက် စုံလင်စွာဖြင့် ခင်းကျင်းပြသပြီး ဗဟုသုတရရှိစေရန် ဇာတိသွေး၊ ဇာတိမာန်ထက်သန်စေရန်နှင့် အတုယူ လေးစားဂုဏ်ယူနိုင်စေရန်အတွက် ပြသကြမည်ဖြစ်၍ စစ်ကိုင်းမြို့ နန်းတည် နှစ် ၇၀၀ ပြည့် ပွဲတော်ကြီးကို လာရောက်ကြပါရန် ဖိတ်ခေါ်ရင်း သတင်းကောင်းပါးလိုက်ပါတယ်။

**စိုးအောင်-စစ်ကိုင်း**

# ရပ်စောက်မြို့နယ်မှာ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးအစီအစဉ်အဖြစ် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် ချေးငွေများ လွှဲပြောင်းပေး




ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးခရိုင်၊ ရပ်စောက်မြို့နယ်မှာ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးသမဝါယမအသင်းများအား ချေးငွေပေးအပ်ခြင်း အခမ်းအနားကို ဇူလိုင်လ ၁၆ ရက်နေ့ ၀၉း၃၀ နာရီက ရပ်စောက်မြို့ ရတနာသီရိခန်းမမှာ ကျင်းပပြုလုပ်ခဲ့ရာ ရှမ်းပြည်နယ်အစိုးရ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးအောင်ကျော်ညွန့်က စိုက်ပျိုးရေးနဲ့ အထွေထွေသမဝါယမအသင်းပေါင်း ၅၉ သင်းအတွက် ချေးငွေ ၁၄၀၆ ဒသမ ၂၃၅ သန်း၊မွေးမြူရေးအထွေထွေ သမဝါယမအသင်း ၁၃ သင်းအတွက် ချေးငွေ ၁၃၆ ဒသမ ၈၃၅ သန်း၊ လယ်ယာသုံး/လုပ်ငန်းသုံးလိုအပ်တဲ့ သမဝါယမအသင်း ၂၂ သင်းအတွက် အရစ်ကျပစ္စည်းပံ့ပိုးချေးငွေ ၁၃၅ ဒသမ ၂၂ သန်း၊ စုစုပေါင်း ၁၆၇၇ ဒသမ ၂၉ သန်းကို သက်ဆိုင်ရာ သမဝါယမအသင်းစု ကိုယ်စားလှယ်များသို့ ပေးအပ်ခဲ့ကြောင်း သိရပါတယ်။

အဆိုပါချေးငွေများကို ထုတ်ချေးရာမှာ ၁ ကျပ် ၁၅ ပြားနှုန်းအတိုးဖြင့် ၆ လအကြာတွင် ပြန်လည် ပေးဆပ်ရမည့်ကာလတို ချေးငွေဖြစ်ပြီး ယခင်ထုတ်ချေးပေးခဲ့သော ချေးငွေများထက် အတိုးနှုန်း ၃၅ ပြား သက်သာကြောင်း သိရပါတယ်။ ဇူလိုင်လ ၈ ရက်ကလည်း ရပ်စောက်မြို့နယ်ရှိ စိုက်/မွေး သမဝါယမ အသင်း ၆၆ သင်းအတွက် ချေးငွေ ၆၄၇ ဒသမ ၀၈ သန်းထုတ်ချေးပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ရပ်စောက်မြို့နယ်အတွက် စုစုပေါင်း ထုတ်ချေးငွေ ၂၃၂၅ ဒသမ ၃၇ သန်းဖြစ်ရာ ရှမ်းပြည်နယ်အတွင်း သမဝါယမချေးငွေ ထုတ်ချေးပေးမှု ပထမအများဆုံး မြို့နယ်ဖြစ်ကြောင်း သိရပြီး၊ အဆိုပါအခမ်းအနားသို့ ရှမ်းပြည်နယ်အစိုးရ၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးအောင်ကျော်ညွန့်နဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ရှမ်းတောင်သမဝါယမ အသင်းစုချုပ် ဥက္ကဋ္ဌနှင့် ရပ်စောက်မြို့နယ်ရှိ သမဝါယမ အသင်းစုများမှ အသင်းသူ၊ အသင်းသားများ၊ မြို့နယ်အဆင့် တာဝန်ရှိသူများ၊ စုစုပေါင်းအင်အား ၂၆၀ ဦး တက်ရောက်ခဲ့ကြကြောင်းနဲ့ ပြည်နယ် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးအောင်ကျော်ညွန့်က သက်ဆိုင်ရာအသင်းစုကိုယ်စားလှယ်များသို့ ချေးငွေများကို စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရပါ တယ်။

**မင်းအောင်-တောင်ကြီး**

# ကသာမြို့တွင် ဒေသတွင်းဧည့်လမ်းညွှန် သင်တန်းဖွင့်လှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ကသာမြို့မှာ ဇူလိုင်လ ၆ ရက်က ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနမှ ကြီးကြပ်ပြီး ကသာခရိုင် စီမံခန့်ခွဲမှုကော်မတီရဲ့ စီစဉ်မှု၊ ကသာခရိုင်ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနရဲ့ စည်းရုံးဆောင်ရွက်မှုနဲ့ ဒေသဆိုင်ရာ ဧည့်လမ်းညွှန် (အခြေခံ) သင်တန်း (ကသာ) အမှတ်စဉ် ၁၃/၂၀၁၅ ကို အောင်မြင်စွာ ဖွင့်လှစ်ခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဘဏ္ဍာရေးဝန်ကြီး ဦးတင်ဝင်းနဲ့ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကောင်းထွဋ်တို့က အဖွင့်အမှာစကား ပြောကြားခဲ့ကြပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးအောင်မောင်း၊ တိုင်းခရိုင်မြို့နယ်များမှ ဌာနဆိုင်ရာများနဲ့ သင်တန်းသား ၁၁၅ ဦးတက်ရောက်ခဲ့ပါတယ်။

သင်တန်းကာလမှာ ဇူလိုင်လ ၆ရက်မှ ဇူလိုင်လ ၃၀ ရက်နေ့ထိဖြစ်၍ ရန်ကုန်၊ နေပြည်တော်နဲ့ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ နည်းပြများလာရောက်ပို့ချလျက်ရှိပြီး Road to Mandalay ခရီးသွားသင်္ဘောမှ တာဝန်ရှိသူများ၊ အာဆီယံဂရင်းကုမ္ပဏီ၊ ကိန္နရီကုမ္ပဏီစတဲ့ ခရီးသွားလုပ်ငန်းကုမ္ပဏီတွေဟာ Burmese days စာအုပ်တွင်ထည့်သွင်းဖော်ပြထားသည့် ကသာမြို့တွင်းရှိ ကိုလိုနီခေတ်ဦးအဆောက်အဦများ၊ အင်းတော်မြို့နယ် အင်းတော်လေးအင်းရဲ့အလှအပများ၊ မန်လည်ဆရာတော်ကြီးရဲ့မပုပ်မသိုးရုပ်ကလပ်နဲ့ ဗိုလ်ချုပ်ကြီးဝီလျံစလင်းရဲ့ တန်ပြန်ထိုးစစ်နေရာများ၊ ဗန်းမောက်မြို့နယ်က ထူးခြားအံ့ဘွယ်ဇလုံတောင်စေတီနဲ့ သဘာဝသစ်တောများစတဲ့ နေရာတွေကို သွားရောက်လေ့လာရေးနဲ့ နေထိုင်စားသောက်မှုကိစ္စတွေ လာရောက်ညှိနှိုင်းနေပြီဖြစ်ပါတယ်။

ဒါကြောင့် ဩဂုတ်လ ၂၉ ရက်မှာ Road to Mandalay သင်္ဘောနဲ့နိုင်ငံခြားခရီးသွားများ ရောက်ရှိလာမှာဖြစ်ပြီး အခြားခရီးသွားကုမ္ပဏီတွေက ဩဂုတ်လမှစတင်ကာ လာရောက်ကြမှာဖြစ်တဲ့အတွက် ကသာဒေသအတွင်းမှ နိုင်ငံခြားသားခရီးသွားများရဲ့ ခရီးစဉ်မှာ ဧည့်လမ်းညွှန်တွေ၊ ဒေသခံတွေ အလုပ်အကိုင်တိုးလို့ ဝင်ငွေ ရရှိမှာဖြစ်ကြပြီး ခရီးသွားလုပ်ငန်းနဲ့ပတ်သက်၍ စိတ်ဝင်စားသူများအနေနဲ့ ကသာမြို့ခရိုင်ကုန်သွယ်မှုမြှင့်တင်ရေးဦးစီး ဌာနမှတစ်ဆင့် စုံစမ်းမေးမြန်းနိုင်ပါကြောင်း သတင်းကောင်းပါးလိုက်ပါတယ်။

**ကျော်အုန်း - ကသာ**

# ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ မြို့တော်ခန်းမတွင် စီးပွားရေးဆိုင်ရာဆွေးနွေးဟောပြောပွဲပြုလုပ်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ ကမ်းနားလမ်း၊ မြို့တော်ခန်းမတွင် တိုင်းဒေသကြီးအတွင်း စီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးနဲ့ ပြည်ပဈေးကွက်ယှဉ်ပြိုင်နိုင်ရေး၊ လာမည့်အနာဂတ်တွင်ပြင်ဆင်သင့်သည်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ရန် စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲကို ဇူလိုင်လ ၇ ရက်က ကျင်းပ ပြုလုပ်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးသိန်းအောင်နဲ့ တိုင်းဒေသကြီး ဝန်ကြီးများ၊ အစိုးရအဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးအောင်နှင့် အရာထမ်း၊ အမှုထမ်းများ ဧရာပုသိမ်အများပိုင်ကုမ္ပဏီနှင့် စီးပွားရေးလုပ်ငန်းရှင်များ ဖိတ်ကြားထားသော ဧည့်သည်တော်များ စုစုပေါင်း ၃၀၀ ဦးခန့် တက်ရောက်ခဲ့ပါတယ်။

ဆွေးနွေးပွဲတွင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးအောင်က စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ဝန်ကြီး၏အကြံပေးပုဂ္ဂိုလ်ဖြစ်သည့် ဒေါက်တာမောင်အောင်၊ ထိုင်းနိုင်ငံ၊ Assumption University မှ တွဲဖက်ပါမောက္ခ ဒေါက်တာလှသိင်္ဂီ၊ Community Research & Development Institute (CRD)မှဒါရိုက်တာ ဒေါက်တာစိုးထွန်းတို့ကို မိတ်ဆက်ပေးပြီး ဆွေးနွေးပွဲတွင် ရရှိလာမည့် အကျိုးကျေးဇူးများကို လက်တွေ့နယ်ပယ်တွင် ပြန်လည်အသုံးချခြင်းဖြင့် မိမိတို့တိုင်းဒေသကြီးအတွင်းရှိ စီးပွားရေးလုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်ရာမှာ များစွာအထောက်အကူပြုမှာဖြစ်ကြောင်း ဆွေးနွေးပြောကြားပါတယ်။

ဆက်လက်၍ ဒေါက်တာမောင်အောင်က ကုန်သွယ်မှုလုပ်ငန်းများတွင် အရေးပါသော အသေးစား၊ အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာနိုင်မှု အလားအလာများနဲ့ ရှေ့ဆက်ဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ ဒေါက်တာလှသိင်္ဂီက အများပိုင်ကုမ္ပဏီများရဲ့ အကျိုးအမြတ်ခွဲဝေမှု မူဝါဒများ၊ ဒေါက်တာစိုးထွန်းက အာဆီယံစီးပွားရေးအသိုက်အဝန်းနဲ့ မြန်မာ့စီးပွားရေး၏ ရှေ့အလားအလာများကို အသေးစိတ် ဆွေးနွေးဟောပြောခဲ့ပြီးနောက် ဆွေးနွေးပွဲအပြီးတွင် တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းခဲ့ကြရာ ဟောပြောဆွေးနွေးသူများက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရ ပါတယ်။

**မင်းမင်းဦး-ပုသိမ်**

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Trade Promotion and Information Service(TPIS) များ၏ Contact Points များ

(၁) ရန်ကုန်တိုင်းဒေသကြီး — ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။
Fax:01-254023,
Ph:01-250270,254019
email: ygnmapt@gmail.com

(၂) ပဲခူးတိုင်းဒေသကြီး(အနောက်) — ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။
Fax : 053-28220,
Ph : 053-28032,28020

(၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) — အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။
Ph : 052-2221844, 2221108, 2221036

(၄) ဧရာဝတီတိုင်းဒေသကြီး — ပုသိမ်မြို့။
Fax : 042-21811,
Ph: 042-24520,24522
email: yiyinaingwin@gmail.com

(၅) မန္တလေးတိုင်းဒေသကြီး — မန္တလေးမြို့။
Fax : 02-36340,
Ph: 02-36342,36339
email: mdymapt@gmail.com

(၆) ရခိုင်ပြည်နယ် — စစ်တွေမြို့။
Fax:043-23426,Ph:043-23426

(၇) မကွေးတိုင်းဒေသကြီး — အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။
Fax : 063-23199,
Ph : 063-23196,23197

(၈) ရှမ်းပြည်နယ်(တောင်ပိုင်း) — အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။
Fax:081-2121093,Ph:081-2121627
email:m.myintmaungmaung@gmail.com

(၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) — ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။
Fax:084-21034,Ph:084-21034

(၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) — အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။
Fax:082-23493,Ph:082-23039

(၁၁) ကရင်ပြည်နယ် — ဘားအံမြို့။
Fax:058-21666,Ph:058-21041

(၁၂) တနင်္သာရီတိုင်းဒေသကြီး — ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။
Fax:059-41012,Ph:059-41012

(၁၃) ကချင်ပြည်နယ် — အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။
Fax:074-22459,Ph:074-22459

(၁၄) ကယားပြည်နယ် — (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။
Fax:083-21005,Ph:083-21005

(၁၅) မွန်ပြည်နယ် — အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့ မော်လမြိုင်မြို့။
Fax:057-24728, Ph:057-24318

(၁၆) စစ်ကိုင်းတိုင်းဒေသကြီး — သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။
Fax : 071-23630,
Ph:071-23630,22924

Organizations News
Vol: 15, No.27 Monday July 20 2015

# ဗီယက်နမ်ပို့ကုန်လုပ်ငန်းရှင်များ အကောက်ခွန်နဲ့ပတ်သက်တဲ့ ဗဟုသုတနည်းပါး

နိုင်ငံခြားကုန်သွယ်မှု သဘောတူစာချုပ် (Foreign Trade Agreement-FTA) များမှရရှိနိုင်မယ့် ဦးစားပေးအခွန်များကို တောင်းဆိုရမယ့်နည်းလမ်းတွေကို ဗီယက်နမ်ပို့ကုန်လုပ်ငန်းရှင်အများစုက မသိကြတဲ့အတွက် FTA ရရှိမယ့် အခွင့်အရေးများကို ဗီယက်နမ် ပို့ကုန်လုပ်ငန်းရှင်များကအသုံးချခြင်းမရှိကြောင်း VNS သတင်းမှာ ဖော်ပြပါတယ်။

အစီအစဉ်ဇယားမှာ အကောက်ခွန်နှုန်းကို သုည ရာခိုင်နှုန်းအထိလျှော့ချထားတဲ့ သို့မဟုတ် ဖျက်သိမ်းထားတဲ့ကုန်စည်ကုန်သွယ်မှုသဘောတူညီချက် (Trade in Goods Agreement) က FTA မှာ အရေးအပါဆုံးအစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း စက်မှုနဲ့ကုန်သွယ်ရေးဝန်ကြီးဌာန နိုင်ငံခြားကုန်သွယ်ရေးအေဂျင်စီရဲ့ လက်ထောက်ဦးစီးမှူး ဘူအိကင်သိုင်းက ဗီယက်နမ်ပလတ်စတစ်အသင်းနဲ့ Enterprising Fairs India Pvt Ltd. တို့ ယခင်ရက်သတ္တပတ်ကပူးတွဲ ကျင်းပခဲ့တဲ့ဖိုရမ်တစ်ခုမှာ ပြောကြားခဲ့ပါတယ်။

Rule of Origin (ROO) ရဲ့ အရေးပါတဲ့အချက်က သွင်းလာတဲ့ ကုန်စည်တွေအပေါ် အခွန်သက်သာခွင့် ပါဝင်မှုရှိ၊ မရှိ ဆုံးဖြတ်ဖို့ဖြစ်ကြောင်း သူကပြောပါတယ်။

FTA အရသတ်မှတ်ထားတဲ့အခွန်နှုန်းထားကို ရနိုင်ဖို့အတွက် ပို့ကုန်ပစ္စည်းတွေမှာ သက်ဆိုင်ရာ FTA အရသတ်မှတ်ထားတဲ့ ROO စည်းမျဉ်းတွေနဲ့ကိုက်ညီဖို့လိုကြောင်း သိုင်းကပြောပါတယ်။ အခွင့်အရေးပေးတဲ့ ROO သတ်မှတ်ချက်တွေနဲ့ကိုက်ညီဖို့အတွက် ပို့ကုန်လုပ်ငန်းရှင်တွေက ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ် (Country of Origin-CO) ကို ထုတ်ပေးရမှာ ဖြစ်ပါတယ်။ ဒါမှသာ ပေးထားတဲ့ အခွင့်အရေးများအပေါ် ခံစားခွင့်တွေကို ရနိုင်မှာဖြစ်ပါတယ်။ ဒီလို ခံစားခွင့်တွေရတဲ့အတွက် ကုန်ထုတ်လုပ်မှုကို မြှင့်တင်ပေးနိုင်မှာဖြစ်ပါတယ်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို) ဝင်မဟုတ်တဲ့နိုင်ငံတွေအတွက် ပလတ်စတစ်ကုန်ပစ္စည်းအခွန်နှုန်းထားက ၁၅ ရာခိုင်နှုန်း၊ ဒဗလျူတီအိုအဖွဲ့ဝင်နိုင်ငံတွေအတွက်က ၁၃ ဒသမ ၅ ရာခိုင်နှုန်း ဖြစ်ပါတယ်။

ဒါပေမယ့် FTA အဖွဲ့ဝင်နိုင်ငံတွေအတွက် ပလတ်စတစ်အကောက်ခွန်နှုန်းက ပျမ်းမျှ သုည ရာခိုင်နှုန်းမှ ၅ ရာခိုင်နှုန်းကြားရှိပါတယ်။

# အီရန်နိုင်ငံမှ ရေနံဖြန့်ဖြူးရေးနဲ့ပတ်သက်ပြီး အိုပက်အဖွဲ့ဝင်နိုင်ငံတို့ သဘောထားကွဲလွဲ



အီရန်နိုင်ငံနဲ့အင်အားကြီး ခြောက်နိုင်ငံတို့ နျူကလီးယားသဘောတူစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့ကြပြီး ဒီသဘောတူစာချုပ်အရ ရေနံပို့ကုန်ဈေးကွက်ကို အသစ်ရောက်ရှိလာမယ့် ရေနံတွေကို မည်သို့ မည်ပုံဖြေရှင်းရမည်ဟူသော ကိစ္စနှင့်ပတ်သက်၍ ရေနံတင်ပို့သော နိုင်ငံများအချင်းချင်း သဘောထားကွဲလွဲမှုတွေ ရှိခဲ့ပါတယ်။

နျူကလီးယား သဘောတူစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့တယ်ဆိုတဲ့ ကြေညာချက်ထွက်ပေါ်ပြီး နောက်ပိုင်း ဇူလိုင်လ ၁၄ ရက်နေ့မှာ ရေနံဈေးနှုန်းတွေ ကျဆင်းခဲ့ရာ အဲဒီအခြေအနေကို ထိန်းသိမ်းဖို့အတွက် အိုပက်အဖွဲ့အရေးပေါ် အစည်းအဝေးကိုခေါ် ယူမှာဖြစ်ကြောင်း အယ်လ်ဂျီးရီးယားရေနံဝန်ကြီးဆာလာခါကရီက ပြောပါတယ်။ အီရန်နိုင်ငံမှာ ဖြစ်ပေါ်နေတဲ့ အခြေအနေများအပြင် ဂရိနိုင်ငံရဲ့ ကြွေးမြီ အကျပ်အတည်းနဲ့ တရုတ်နိုင်ငံရဲ့ စတော့ဈေးကွက်ကျဆင်းမှုတို့ကလည်း ရေနံဈေးကွက်ကို ဂယက်ရိုက်ခတ်မှုတွေ ရှိခဲ့ပါတယ်။

" ရေနံဈေးကွက်ထဲမှာ လက်ရှိဖြစ်ပေါ်နေတဲ့ အခြေအနေတွေ အထူးသဖြင့် ရေနံဈေးနှုန်းကျဆင်းနေတဲ့အတွက် လိုအပ်ရင် အိုပက်အရေးပေါ် အစည်းအဝေးကို ခေါ်ဆိုရပါလိမ့်မယ် " လို့ မစ္စတာခါဘရီက ပြောကြောင်း နိုင်ငံတော်ပိုင်သတင်းဌာန APS မှာဖော်ပြပါတယ်။

သဘောတူညီချက်ရရှိပြီးနောက် အီရန်နိုင်ငံကြောင့် ရေနံဈေးတွေ ကျလာတော့မှာကို တုံ့ပြန်တဲ့အနေဖြင့် နိုင်ငံရဲ့ ရေနံတင်ပို့မှုကို မြှင့်တင်ရတော့မှာဖြစ် ကြောင်း အီရတ်ရေနံဝန်ကြီးဌာနကလည်း ဇူလိုင်လ ၁၅ ရက်နေ့က ပြောပါတယ်။ အီရတ်နိုင်ငံဟာ ဇွန်လအတွင်းက တစ်ရက်ကို တန် ၄ သန်းကျော် စံချိန်တင်ထုတ်လုပ်ပြီး IS တွေကိုနှိမ်နင်းရာမှာ ငွေကြေးသုံးစွဲဖို့ ကြိုးစားခဲ့ရပါတယ်။

အီရန်ရေနံတွေ ဈေးကွက်ထဲဝင်လာရင် ဘယ်လိုအကျိုးဆက်တွေရှိမယ်ဆိုတာကိုပြော ဖို့ စောလွန်းသေးကြောင်း ပါရှန်ပင်လယ်ကွေ့အတွင်းရှိ စော်ဘွားနိုင်ငံများမှ အရာရှိတွေက ပြောပါတယ်။ ရေနံတွေအလျှံအပယ်ရှိနေပြီဖြစ်တဲ့ ရေနံဈေးကွက်အတွင်းသို့ အီရန်နိုင်ငံက နေ့စဉ်ရေနံစည်တစ်သန်းတင်ပို့နိုင်တဲ့ အခြေအနေရှိကြောင်း အီရန်နိုင်ငံကပြောပါတယ်။

ဒါပေမယ့် ဒဏ်ခတ်ပိတ်ဆို့မှုတွေကို ယခုနှစ်အကုန်ရောက်မှ ရုပ်သိမ်းမှာဖြစ်သလို အီရန်နိုင်ငံနိုင်ငံအနေနဲ့ ရေနံထုတ်ကုန်တိုးမြှင့်ဖို့ လပေါင်းများစွာ ကြာဦးမှာဖြစ်ပါတယ်။

# ယခုနှစ်ပထမနှစ်ဝက်အတွင်း စင်ကာပူနိုင်ငံက ဗီယက်နမ်အတွက် အကြီးဆုံးအာဆီယံ FDI အရင်းအမြစ်ဖြစ်

ဗီယက်နမ်နိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံကြတဲ့ ရင်းနှီးမြှုပ်နှံသူတွေအနက် တခြားအရှေ့တောင်အာရှနိုင်ငံတွေရဲ့ ရင်းနှီးမြှုပ်နှံမှုဟာ ၂၀၁၅ ခုနှစ် ပထမနှစ်ဝက်မှာ စင်ကာပူနိုင်ငံက အများဆုံးနိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း ဗီယက်နမ်စီမံကိန်းနဲ့ ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအေဂျင်စီ (Foreign Investment Agency-FIA) ရဲ့အစီရင်ခံစာကို ကိုးကားပြီး VNS သတင်းမှာ ဖော်ပြပါတယ်။

လောလောဆယ်မှာ အာဆီယံရင်းနှီးမြှုပ်နှံသူတွေအနေနဲ့ ဗီယက်နမ်နိုင်ငံမှာ စီမံကိန်း ၂၆၃၂ ခုကို လည်ပတ်လျက်ရှိပြီး စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၅၄ ဒသမ ၆ ဘီလီယံ ရှိပါတယ်။

၂၀၁၅ ခုနှစ် ပထမနှစ်ဝက်အတွင်း ဗီယက်နမ်မှာ အဓိကနိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု စီးဝင်ရာဒေသက ဟိုချီမင်းစီးတီး (ဆိုင်ဂုံ) ဖြစ်ပါတယ်။ စီမံကိန်းပေါင်း ၁၁၄၄ ခုရှိပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၀၇ ဘီလီယံရှိပါတယ်။ ဒီပမာဏက ဗီယက်နမ်နိုင်ငံအတွင်းဝင်လာတဲ့ FDI စီးဝင်မှုပမာဏရဲ့ ၂၇ ဒသမ ၆ ရာခိုင်နှုန်းရှိပါတယ်။ အာဆီယံဒေသတွင်းနိုင်ငံတွေရဲ့ ရင်းနှီးမြှုပ်နှံမှုမှာ ဟန်ခွိုင်း(စီမံကိန်း ၄၁၇ ခုတန်ဖိုး အမေရိကန်ဒေါ်လာ ၈ ဒသမ ၅၈ ဘီလီယံနဲ့ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုရဲ့ ၁၅ ဒသမ ၇ ရာခိုင်နှုန်း) ကဒုတိယနေရာမှာရှိပြီး ဆာရီဟာ- ဗန်းတောပြည်နယ် ( စီမံကိန်း ၆၇ ခု၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၆ ဒသမ ၁၉ ဘီလီယံနဲ့ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုရဲ့ ၁၁ ဒသမ ၃ ရာခိုင်နှုန်း) က တတိယနေရာမှာရှိပါတယ်။

FIA ရဲ့စာရင်းအရ ၂၀၁၅ ခုနှစ်ပထမနှစ်ဝက်မှာ စီမံကိန်း ၁၄၂၈ ခုရှိပြီး စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၃၂ ဒသမ ၂ ဘီလီယံရှိပါတယ်။ စင်ကာပူရဲ့ရင်းနှီးမြှုပ်နှံမှု စီမံကိန်းက စုစုပေါင်းအရေအတွက်ရဲ့ ၅၄ ဒသမ ၂၄ ရာခိုင်နှုန်းရှိပြီး မှတ်ပုံတင်ထားပြီး မတည်ရင်းနှီးငွေရဲ့ ၆၀ ဒသမ ၈ ရာခိုင်နှုန်းရှိပါတယ်။

မလေးရှားနိုင်ငံက ဒုတိယနေရာမှာရှိပြီး စီမံကိန်း၄၉၉ ခု တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၀၆ ဘီလီယံရှိပါတယ်။ အချိုးအစားအားဖြင့် စုစုပေါင်းစီမံကိန်းရဲ့ ၁၉ ရာခိုင်နှုန်းနဲ့ ရင်းနှီးမြှုပ်နှံပြီး မတည်ငွေရင်းရဲ့ ၂၂ ဒသမ ၁ ရာခိုင်နှုန်းရှိပါတယ်။

ထိုင်းနိုင်ငံက တတိယနေရာမှာရှိပြီး စီမံကိန်း ၃၉၂ ခု တန်ဖိုး အမေရိကန်ဒေါ်လာ ၆ ဒသမ ၈ ဘီလီယံရှိပါတယ်။ အချိုးအစားအားဖြင့် စီမံကိန်းအားလုံးရဲ့ ၁၅ ရာခိုင်နှုန်း မတည်ရင်းနှီးငွေရဲ့ ၁၂ ဒသမ ၅ ရာခိုင်နှုန်း ရှိပါတယ်။

## ထိုင်းကုန်အမှတ်တံဆိပ်တွေအတွက် CLMV ဈေးကွက်မှ အခွင့်အလမ်းများထွက်ပေါ်

ဒေသတွင်းမှာကြော်ငြာအသုံးစရိတ် ဆက်လက်မြင့်တက်နေပြီး ကုန်အမှတ်တံဆိပ်အတွက် ဆက်သွယ်မှုများကို ပြုလုပ်ရာမှာ အရေးပါမှုမြင့်မားနေကြောင်း၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနဲ့ ဗီယက်နမ် (CLMV) တို့မှာဈေးကွက်ရှာ ဖွေရေးနဲ့ ဆက်သွယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်နေတဲ့ River Orchid Group ရဲ့ ပြောကြားချက်ကို ကိုးကားပြီး နေးရှင်းသတင်းမှာဖော်ပြပါတယ်။

CLMV တစ်ခုလုံးရဲ့ ဈေးကွက်တန်ဖိုးက ထိုင်းနိုင်ငံ စုစုပေါင်းပြည်တွင်းထုတ် လုပ်မှုရဲ့ ၇၅ ရာခိုင်နှုန်းနဲ့ ညီမျှပါတယ်။ CLMV နိုင်ငံတွေရဲ့ နှစ်စဉ်စီးပွားရေးဖွံ့ဖြိုးမှုက အနည်းဆုံး ၇ ရာခိုင်နှုန်းရှိပြီး နှိုင်းယှဉ်ကြည့်မယ်ဆိုရင် ထိုင်းနိုင်ငံရဲ့ ဖွံ့ဖြိုးမှုနှုန်းက သုည ဒသမ ၇ ရာခိုင်နှုန်းပဲ ရှိပါတယ်။

လူဦးရေအရကြည့်ရင် CLMV နိုင်ငံတွေရဲ့ လူဦးရေစုစုပေါင်းက ၁၆၅ သန်းရှိပြီး လူဦးရေ ၆၅ သန်းရှိတဲ့ ထိုင်းနိုင်ငံလူဦးရေရဲ့ ၂ ဒသမ ၅ ဆနီးပါးရှိပါတယ်။ CLMV နိုင်ငံတွေမှာရှိတဲ့ လူလတ်တန်းစား စားသုံးသူတွေကအနာဂတ်ကာလမှာ စီးပွားရေးဖွံ့ဖြိုးမှုရဲ့ အဓိကမောင်းနှင်အား ဖြစ်နိုင်တယ်လို့ သူကပြောပါတယ်။ လာမယ့် ဆယ်စုနှစ်တစ်စုအတွင်းမှာ CLMV နိုင်ငံတွေရဲ့ လူဦးရေဟာ သန်း ၂၀၀ ကျော်သွားမယ်လို့ သူက ပြောပါတယ်။ ဒီဒေသတွင်းမှာရှိတဲ့ တစ်နိုင်ငံချင်းစီက ပရိသတ်ဆီကို အရောက်ပို့ပေးမယ့်လမ်းကြောင်းက ရုပ်သံမီဒီယာများမှတစ်ဆင့် ကြော်ငြာခြင်းပင်ဖြစ်တယ်လို့ ဒီဒေသအတွင်းမှာ ဈေးကွက်ရှာဖွေရေး အတွေ့အကြုံ ၁၅ နှစ်ရှိခဲ့တဲ့ ဒီ Group က ပြောပါတယ်။

Riverorchid Group ကတော့ လာမယ့် သုံးနှစ်အတွင်း ကမ္ဘောဒီးယားနဲ့ လာအိုမှာ ကြော်ငြာရင်းနှီးမြှုပ်နှံမှုက ၅ ရာခိုင်နှုန်းကနေ ၇ ရာခိုင်နှုန်းအထိတိုးမြှင့်မှာ ဖြစ်ပါတယ်။ ဗီယက်နမ်မှာ ၁၀ ရာခိုင်နှုန်းတိုးမြှင့်ပြီး မြန်မာနိုင်ငံမှာတော့ နှစ်ဆ တိုးပြီးဆောင်ရွက်ဖို့ စီစဉ်ထားတယ်လို့ ဆိုပါတယ်။ ကမ္ဘောဒီးယားကြော်ငြာ လုပ်ငန်းမှာ တစ်နှစ် ဘတ်သုံးသန်းနဲ့ လာအိုနိုင်ငံ မှာ ဘတ် ၁ သန်းသုံးစွဲဖို့ ရည်ရွယ်ထားပါတယ်။ မြန်မာနိုင်ငံရဲ့ ကြော်ငြာကဏ္ဍမှာ ဘတ် ၁၀ ဘီလီယံနဲ့ ဗီယက်နမ်မှာ ဘတ်ဘီလီယံ ၃၀ ရင်းနှီး ဖို့စီစဉ်ထားပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

# အင်ဒိုနီးရှား အစိုးရစီမံကိန်းများတွင် ပြည်တွင်းမှကျွမ်းကျင်သူ ပညာရှင်များကိုသာ ခန့်ထားမည်

ပြည်တွင်း လူသားအရင်းအမြစ်အလားအလာများကို အကောင်းဆုံး အသုံးချနိုင်ရန်အတွက်အခြေခံအဆောက်အအုံစီမံကိန်းများတွင် ပြည်တွင်းတက္ကသိုလ်များနဲ့ အကြံပေးအဖွဲ့များ (Thenk Tanks)မှာ အင်ဒိုနီးရှားလူမျိုးများကိုသာ အစိုးရက ပိုမိုခန့်ထားမည်ဖြစ်ကြောင်း စီးပွားရေးနဲ့ သက်ဆိုင်တဲ့ဝန်ကြီးဌာနများမှ ပြောကြား ချက်ကို ကိုးကားပြီး ဂျကာတာပို့စ်သတင်းမှာ ဖော်ပြပါတယ်။

အစိုးရအခြေခံအဆောက်အအုံစီမံကိန်းများအတွက် ဖြစ်မြောက်နိုင်စွမ်းလေ့လာမှုနဲ့ ဒီဇိုင်းများရေးဆွဲဆောင်ရွက်ရာတွင်ပြည်တွင်းတက္ကသိုလ်များနဲ့ သုတေသန အေဂျင်စီများမှ ပညာရှင်များနဲ့ သုတေသနပညာများ၏ အခန်းကဏ္ဍ တိုးတက်မြင့်မားလာလိမ့်မည်ဟု အစိုးရက ခန့်မှန်းထားကြောင်း အမျိုးသားဖွံ့ဖြိုးရေးစီမံကိန်း (Bappenas)၏ ဦးစီးမှူး အန်ဒရီနော့ချနီယာဂိုက ဂျကာတာမြို့မှာ ဇူလိုင်လ ၁၅ ရက်နေ့က ပြောပါတယ်။

ယခုကနဦးအစီအစဉ်မှာ ဒုတိယသမ္မတယူဆွတ်ကာလာရဲ့ အစီအစဉ်ဖြစ်ပြီး ဒုတိယသမ္မတက အင်ဒိုနီးရှား၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် နည်းပညာ အကဲဖြတ်သုံးသပ်ရေးနဲ့ အသုံးပြုရေးအေဂျင်စီ (BPPT) နဲ့ အင်ဒိုနီးရှားသိပ္ပံအဖွဲ့ (LIPI) တို့အပါအဝင် အဖွဲ့အစည်းအသီးသီးမှ တက်ကြွစွာပူးပေါင်းပါဝင်စေလိုသော ဆန္ဒရှိသူတစ်ဦးဖြစ်ပါတယ်။

ကာလာအနေနဲ့ ဒုတိယသမ္မတရာထူးအတွက် မဲဆွယ်စဉ်ကာလက သိပ္ပံပညာသုတေသနရဲ့ နည်းပညာဖွံ့ဖြိုးမှုကို အလေးပေးဆောင်ရွက်မည်ဖြစ်ကြောင်း ရွေးကောက်ပွဲကတိပေးခဲ့ပြီး BPPT; LIPI နဲ့ အမျိုးသားနျူကလီးယားစွမ်းအင် အေဂျင်စီ (Batan) တို့အပါအဝင် ပြည်တွင်းသိပ္ပံပညာဆိုင်ရာ အေဂျင်စီများ ဘတ်ဂျက်လျာထားငွေ တိုးချဲ့ပေးရန် အလေးပေးဆောင်ရွက်ခဲ့သူ ဖြစ်သည်။

အမျိုးသားစီးပွားရေး ဖွံ့ဖြိုးမှုအတွက် စီမံကိန်းရေးဆွဲစဉ်အဆင့်မှာ အစိုးရကို ထောက်ပံ့မှုပေးဖို့ BPPT, LIPI နဲ့စတဲ့ အဖွဲ့အစည်းတွေကို တိုက်တွန်းသွားမှာဖြစ်ကြောင်း ဒုတိယသမ္မတရုံးတွင် ကျင်းပသော အစည်းအဝေးအပြီးမှာ အန်ဒရီနော့က ပြောပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

# ထိုင်းနိုင်ငံတွင် ပထမနှစ်ဝက်၌ ကုမ္ပဏီမှတ်ပုံတင် အရေအတွက်မြင့်တက်

ထိုင်းနိုင်ငံမှာ ယခုနှစ်ပထမနှစ်ဝက်အတွင်း ကုမ္ပဏီမှတ်ပုံတင်အသစ်လျှောက်ထားတဲ့ အရေအတွက်မှာ အထိုက်အလျောက် တိုးတက်လာတဲ့အတွက် နိုင်ငံရဲ့ စီးပွားရေး တိုးတက်လာလိမ့်မယ်ဆိုတဲ့ ယုံကြည်မှု တည်ရှိနေတာ ကိုပြသလျက်ရှိကြောင်း စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးရေးဌာနရဲ့ အစီရင်ခံစာကို ကိုးကားပြီးနေရှင်းသတင်းမှာ ဖော်ပြပါတယ်။

ပထမနှစ်ဝက်အတွင်း ကုမ္ပဏီအသစ်အရေအတွက်က နှစ်အလိုက်နှိုင်းယှဉ်ရင် ၇ ရာခိုင်နှုန်းမြင့်တက်ပြီး အရေအတွက်အားဖြင့် ၃၁၅၅၇ ခုအထိရှိခဲ့ပါ တယ်။ ဇွန်လအခြေအနေကိုကြည့်မယ်ဆိုရင် နှစ်အလိုက်အခြေခံဖြင့်နှိုင်းယှဉ် ပါက သုည ဒသမ ၇ ရာခိုင်နှုန်းကျဆင်းပြီး မေလနဲ့နှိုင်းယှဉ်ပါက ၁၄ ရာခိုင်နှုန်း တိုးတက်လာတာကို တွေ့ရပါတယ်။

ဒါပေမယ့် ကြွေးမြီပေးဆပ်ဖို့ပျက်ကွက်မှု မဖြစ်အောင်ကာကွယ်နိုင်ဖို့အတွက် မတည်ရင်းနှီးငွေ အတိအကျကိုသာ တင်သွင်းဖို့ ကုမ္ပဏီတွေကိုညွှန်ကြားထားတဲ့အတွက် ကနဦးရင်းနှီးမြှုပ်နှံမှုတန်ဖိုးက ၃၂ ရာခိုင်နှုန်းကျဆင်းခဲ့ပါတယ်။ ယခုနှစ်ပထမနှစ်ဝက်မှာ ကနဦးရင်းနှီးမြှုပ်နှံမှုတန်ဖိုးက နှစ်အလိုက်အခြေခံဖြင့် နှိုင်းယှဉ်ပါက ၂၁ ရာခိုင်နှုန်းကျဆင်းပြီး ဘတ်ငွေ ၉၃ ဒသမ ၇၈ သန်းရှိခဲ့ပါတယ်။

"ထိုင်းနိုင်ငံမှာခိုင်မာတဲ့ စီးပွားရေးအခြေခံတွေရှိနေဆဲဖြစ်ပါတယ်။ လာမယ့်လတွေမှာလည်း စီးပွားရေးလုပ်ငန်းအသစ်တွေတိုးလာလိမ့်ဦးမယ်။ ဒါကြောင့် ဒီနှစ်ထဲမှာ စုစုပေါင်းစီးပွားရေးလုပ်ငန်းသစ် အရေအတွက် ၆၀၀၀၀ ကနေ ၆၅၀၀၀ အထိရှိလာနိုင်ပါတယ်"လို့ ဌာနရဲ့ညွှန်ကြားရေးမှူးချုပ် ပုန်ပန်ဂီဟာရာ ဝိရိယာပွန်က ပြောပါတယ်။

အပြုသဘောအလားအလာရှိတဲ့ အကြောင်းတရားတွေက ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှုနဲ့ အစိုးရရဲ့အသုံးစရိတ်ဖွံ့ဖြိုးလာခြင်းတို့ ဖြစ်ပါတယ်။ ဒါပေမယ့်ရင်း နှီးမြှုပ်နှံသူတို့ရဲ့ယုံကြည်မှုကျဆင်းခြင်း၊ ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးမှုနှေးကွေးခြင်း၊ ပို့ကုန်နဲ့ ငွေကြေးဖောင်းပွမှုနှုန်းကျဆင်းခြင်းစတဲ့ အချက်တွေပါဝင်ပါတယ်။

ယခုနှစ် ပထမနှစ်ဝက်မှာ လုပ်ငန်းသစ်အများစုကထွက်ပေါ်တဲ့ကဏ္ဍတွေက ဆောက်လုပ်ရေး၊ အိုးအိမ်ဖွံ့ဖြိုးရေးနဲ့ စက်ယန္တရား လက်ကားရောင်းချမှုလုပ်ငန်းတွေပါဝင်ပါတယ်။ ပထမနှစ်ဝက်အတွင်း လုပ်ငန်းပိတ်သိမ်းတဲ့ဦးရေ ၁၈ ရာခိုင်နှုန်းမြင့်တက်ပြီး ၆၈၉၈ ခုထိ ရောက်ရှိခဲ့ရာ အများအားဖြင့် ထိုလုပ်ငန်းဆောင်ရွက်တဲ့ ကုမ္ပဏီတွေဖြစ်ပါတယ်။

# စူပါမားကက်ကုန်အမှတ်တံဆိပ်ဖြင့် ရောင်းချမှုများ ဗီယက်နမ်တွင်အခြေခိုင်လာ




ဗီယက်နမ်နိုင်ငံမှ ထုတ်ကုန်တွေကိုရောင်းချတဲ့နေရာမှာ စူပါမားကက်တွေရဲ့ ကုန်အမှတ်တံဆိပ်တွေကိုကပ်ပြီး ရောင်းချတာကို လူသုံးပိုမိုများပြားလာတာကိုတွေ့ရပြီး ဒီလိုရောင်းချခြင်းအားဖြင့် မြို့ကြီးတွေမှာရှိတဲ့ စူပါမားကက်တွေမှာ ဈေးနှုန်းသက်သက်သာသာနဲ့ ရောင်းချနိုင်တာကို တွေ့ရကြောင်း ဗီယက်နမ်သတင်းအေဂျင်စီရဲ့ ဝက်ဘ်ဆိုက်မှာ ဖော်ပြထားပါတယ်။

လက်လီဆိုင်ကြီးတွေရဲ့ ကုန်အမှတ်တံဆိပ်နဲ့ ရောင်းချတာက ကမ္ဘာတစ်ဝန်းမှာ လူကြိုက်များလာပြီး ဗီယက်နမ်နိုင်ငံမှာလည်း မကြာသေးမီနှစ်များအတွင်း ဒီစနစ်ကို စတင်သုံးစွဲလာခဲ့ရာမှာ Big, Metro, Co-opmart နဲ့ Fivimart တို့လို လုပ်ငန်းကြီးတွေကလည်း ပါဝင်လာကြောင်း ဟနွိုင်းစူပါမားကက်အသင်းဥက္ကဋ္ဌ ဗူဗင်ဖူးက ပြောပါတယ်။

စူပါမားကတ်တွေမှာ ဒီလိုကုန်အမှတ်တံဆိပ်တွေနဲ့ တင်ရောင်းတဲ့ထုတ်ကုန်တွေအနက် အဖျော်ယမကာနဲ့ အစားအစာတွေပါဝင်သလို တစ်သျှူး၊ သွားတိုက်ဆေး၊ ရေချိုးခရင်မ်နဲ့ဆပ်ပြာမှုန့်အစရှိ တဲ့ နေ့စဉ်အခြေခံလူသုံးကုန်ပစ္စည်းတွေလည်း ပါဝင်ပါတယ်။

လောလောဆယ်မှာ ဒီလိုအမှတ်တံဆိပ်ကပ်ရောင်းချတဲ့ထုတ်ကုန်တွေက ရာခိုင်နှုန်းတစ်ခုအထိပါဝင်လာပြီး ထုတ်ကုန်အမျိုးအစားတစ်ရာကျော်ရှိလာကာ အဲဒီထုတ်ကုန်တွေဟာ ရာကျော်နေပြီးလျင်မြန်စွာဖွံ့ဖြိုးတိုးတက်တဲ့ စားသုံးမှုထုတ်ကုန်တွေဖြစ်လာခဲ့ပါတယ်။ ဒါပေမယ့် ဒီလုပ်ငန်းတွေ ဗီယက်နမ်မှာ အဲဒီလုပ်ငန်းတွေ ဖွံ့ဖြိုးလာမယ့် အလားအလာတွေမြင့်မားလာတာကိုတွေ့မြင်ရပြီး စားသုံးသူကလည်း ဒီလို ထုတ်ကုန်မျိုးတွေအပေါ်မှာ သဘောထားတွေ တိုးတက်ကောင်းမွန်လာတာကို တွေ့ရပါတယ်။

ဗီယက်နမ်စားသုံးသူတွေက ယခုလို ကုန်အမှတ်တံဆိပ်မျိုးတွေကပ်ပြီးရောင်းချတာကို သဘောကျနှစ်ခြိုက်မှုက ၈၅ ရာခိုင်နှုန်းအထိ ရှိလာကြောင်းနဲ့ ဒီလို လက်ခံမှုနှုန်းကဒေသတွင်းမှာ အမြင့်ဆုံးဖြစ်ကြောင်း ကမ္ဘာ့သတင်းအချက်အလက်နဲ့ တိုင်းတာတွက်ချက်ရေး ကုမ္ပဏီတစ်ခုဖြစ်တဲ့ နီးလ်ဆန်းက ယခင်နှစ်ကုန်မှာ ထုတ်ပြန်တဲ့ အစီရင်ခံစာမှာဖော်ပြထားပါတယ်။

ဒီလိုကုန်အမှတ်တံဆိပ်နဲ့ ရောင်းချတဲ့ ကုန်ပစ္စည်းတွေကို စူပါမားကက်တွေကအခကြေး ငွေနည်းနည်းနဲ့ ဝန်ဆောင်မှုပေးတဲ့အတွက် ဖြန့်ဖြူးစရိတ် သက်သာတာကို တွေ့ရပါတယ်။ အလားတူ တခြားကုန်အမှတ်တံဆိပ်နဲ့ ဖြန့်ဖြူးတာထက် ၅ ရာခိုင်နှုန်းကနေ ၃၀ ရာခိုင်နှုန်းထိသက်သာပါတယ်။

# စင်ကာပူနိုင်ငံရှိ လုပ်ငန်းများ၌ လူသစ်ခန့်ထားမှုများကိုဒုတိယနှစ်ဝက်တွင် လျှော့ချမည်

စင်ကာပူနိုင်ငံမှာရှိတဲ့ အလုပ်ရှင်တွေက ၂၀၁၅ ခုနှစ် ဒုတိယနှစ်ဝက်မှာ အလုပ်အကိုင်သစ်ခန့်ထားမှုကို ချင့်ချင့်ချိန်ချိန် ဆောင်ရွက်မှာဖြစ်ကြောင်း စီအင်အေသတင်းမှာ ဖော်ပြပါတယ်။ ဒုတိယနှစ်ဝက်ရောက်မှသာ အလုပ်အကိုင် နေရာသစ်တွေမှာ လူသစ်တွေတိုးပြီးခန့်ထားဖို့ အလားလာရှိကြောင်း ပြောကြားသူ အလုပ်ရှင်က ၃၂ ဒသမ ၁ ရာခိုင်နှုန်းသာရှိကြောင်း Hudson Singapore ရဲ့ ဒေသဆိုင်ရာဒါရိုက်တာ မစ္စတာအီမန်နျူရယ်ဝိုက်က ပြောပါတယ်။ ယခုနှုန်းထားအတိုင်းဆိုရင် ယခင်ပထမခြောက်လကတည်ရှိခဲ့တဲ့ အခြေအနေအောက်ကို ၄ ဒသမ ၉ ရာခိုင်နှုန်းကျဆင်းမယ်လို့ သူကဆိုပါတယ်။

"ဒုတိယနှစ်ဝက်မှာ လူသစ်ခန့်ထားတာကို ကုမ္ပဏီတွေက လျှော့ချမယ်လို့ ပြောနေကြပါတယ်။ စီးပွားရေးအကျပ်အတည်း ဖြစ်ပေါ်လောက်တဲ့ အဆင့်ဒါမှမဟုတ် ဝယ်လိုအားမြင့်တက်စေဖို့ အတွက် အထောက်အပံ့ပေးမယ့် ရောင်းအားတွေ ဖြစ်မလာနိုင်ဘူးဆိုရင် သို့မဟုတ် ဝယ်လိုအား မြင့်မားလာလို့ ရောင်းချရေးအတွက် အထောက်အကူပြုမယ့် အခြေအနေမျိုးမရှိဘူးဆိုရင် လူသစ်ခန့် ဖို့ သေသေချာချာစဉ်းစားရလိမ့်မယ်လို့" သူက ပြောပါတယ်။

ဒါပေမယ့် စင်ကာပူမှာဒေသဆိုင်ရာရုံးချုပ် တွေ တည်ထောင်ဖို့ ထိပ်တန်းဦးစားပေးကုမ္ပဏီတွေ အများကြီးရွေးချယ်ထားဆဲဖြစ်တဲ့အတွက် ပညာရှင်ဝန်ထမ်းတွေကတော့ အခြေအနေကောင်းနေ ဦးမှာဖြစ်ကြောင်း ဟတ်ဆန်ကပြောပါတယ်။ ကဏ္ဍအလိုက်ကြည့်မယ်ဆိုရင်သတင်း၊ ဆက်သွယ်ရေးနဲ့ နည်းပညာကဏ္ဍမှာ ငှားရမ်းမှုအများဆုံးဖြစ်ပြီး အလုပ်အကိုင်တိုးမြှင့်ခန့်ထားမယ့် ကုမ္ပဏီက ၅၅ ဒသမ ၃ ရာခိုင်နှုန်းရှိပါတယ်။

ကျွမ်းကျင်မှုဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း တွေဖြစ်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုနဲ့ လူ၊ သစ်ပင်၊ တိရစ္ဆာန်တွေကို လေ့လာတဲ့ သက်ရှိသိပ္ပံ စတဲ့ကဏ္ဍတွေ မှာလည်း အလုပ်အကိုင်သစ်တွေခေါ်ယူမယ့် အခြေအနေရှိပါတယ်။ ဘဏ်လုပ်ငန်းနဲ့ ငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းတွေမှာ လူသစ်ခန့်ထားမယ့် အခြေအနေက အများကြီးကျဆင်းနေပါတယ်။ ယခုနှစ်ဒုတိယ နှစ်ဝက်အတွင်းမှာ အလုပ်သစ်ခန့်ထားဖို့အစီအစဉ်ရှိတဲ့ ကုမ္ပဏီက ၂၁ ဒသမ ၉ ရာခိုင်နှုန်း သာရှိပါ တယ်။

# ရက်သတ္တပတ်အတွင်း စီးပွားရေး သတင်းတိုများ

**စင်ကာပူ**

စင်ကာပူပြည်တွင်း အိမ်ခြံမြေ ဈေးကွက် တိုးတက်မှုနှုန်းအနည်း ငယ်ကျဆင်းပြီး ပြည်တွင်းနှင့်ပြည်ပ တွင် စင်ကာပူရဲ့ချေးငွေ ဖွံ့ဖြိုးမှုနှုန်း အနည်းငယ်သာ ရှိတဲ့အတွက် စင်ကာပူ ဘဏ်လုပ်ငန်းစနစ်ရဲ့ အလားအလာ သတ်မှတ်ချက်ကို တည်ငြိမ်မှုအရှိဆုံး အဆင့်ဖြစ်တဲ့ "Aaa Stable" အဆင့်မှ ပုံမှန်တည် ငြိမ်တဲ့အဆင့် stable အဆင့်သို့ Moody's Investor Service က လျှော့ချသတ်မှတ်ခဲ့ကြောင်း စီအင် အေသတင်းမှာ ဖော်ပြပါတယ်။

**ဗီယက်နမ်**

ဗီယက်နမ် ရေနံနဲ့ သဘာဝ ဓာတ်ငွေ့အုပ်စု (Vietnam Oil and Gas Group-Petrovietnam) က ၂၀၁၅ ခုနှစ် ဒုတိယနှစ်ဝက်တွင် ဝင်ငွေ ဗီယက်နမ်ဒေါင် ၃၈၃ ထရီလီယံ (အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၅၆ ဘီလီယံ)ရရှိအောင် ဆောင်ရွက်ရန် ရည်မှန်းထား ကြောင်းနဲ့ နိုင်ငံတော်ဘတ်ဂျတ်သို့ ဗီယက်နမ်ဒေါင် ၈၇ ထရီလီယံ (အမေရိကန်ဒေါ်လာ ၃ ဒသမ ၉၈ ဘီလီယံ) ပေးအပ်ဖို့ရည်မှန်းထား ကြောင်း VNS သတင်းတွင်ဖော်ပြ ပါတယ်။

**ဗန်ကောက်**

ထိုင်းနိုင်ငံအတွင်းသို့ နိုင်ငံခြား ပညာရှင်များ ပိုမိုဝင်ရောက်လာစေ ရန် လူဝင်မှုကြီးကြပ်ရေးမူဝါဒကို ပြောင်းလဲပေးဖို့ ကုန်သွယ်ရေး ဘုတ်အဖွဲ့က အစိုးရကိုအဆိုပြု သွားမှာဖြစ်ကြောင်း "အမျိုးသား ယှဉ် ပြိုင်နိုင်မှုစွမ်းရည် တိုးတက် ရေး"ခေါင်းစဉ်ဖြင့် ဇူလိုင်လ ၁၆ ရက်ကကျင်းပတဲ့ နှီးနှောဖလှယ် ပွဲတွင် ကုန်သွယ်ရေးဘုတ်အဖွဲ့ ဥက္ကဋ္ဌ အစ္စရာဗွန်ကူဆွမ်ကစ်ရဲ့ ပြောကြားချက်ကို ကိုးကားပြီး နေး ရှင်းသတင်းမှာ ဖော်ပြပါတယ်။

**ပေကျင်း**

တရုတ်နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုနှုန်းကို ယခုနှစ်မှာ ၆ ဒသမ ၅ ရာခိုင်နှုန်းမှ၇ ဒသမ ၅ ရာခိုင်နှုန်းနဲ့ ၂၀၁၆ ခုနှစ်မှာ ၆ ရာခိုင်နှုန်းမှ ၇ ရာခိုင်နှုန်းအထိ တိုးတက်လာမယ်လို့ Moody's Investor Service ကခန့်မှန်းထား ခဲ့ရာ မကြာသေးမီက ဖြစ်ပွားခဲ့ သော တရုတ်ရှယ်ယာဈေးကွက် ကသောင်းကနင်းဖြစ်မှုကြောင့် ထို ခန့်မှန်းချက်ကို ထိခိုက်မှုရှိမည် မဟုတ်ကြောင်း ဇူလိုင် ၁၆ ရက်က ထုတ်ပြန်တဲ့ Moody's ရဲ့ အစီရင် ခံစာကို ကိုးကားပြီး Xinhua သတင်းမှာ ဖော်ပြပါတယ်။

## EU


### ဂရိ၊ အီးယူတို့နဲ့ ပူးပေါင်းဆောင်ရွက်ဖို့ အသင့်ရှိနေကြောင်း အိုင်အမ်အက်ဖ်ပြောကြား

မတ်လ ၁၃ ရက်နေ့က သဘောတူထားခဲ့တဲ့အတိုင်း ဂရိနိုင်ငံအတွက် တတိယအကြိမ်ကယ်တင်မှုအကူအညီ ကိုတိုးတက် မှုရရှိအောင်ဆောင်ရွက်ရာမှာ ဂရိနိုင်ငံနဲ့ ဥရောပသမဂ္ဂ (အီးယူ) မိတ်ဖက်နိုင်ငံတွေနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ အသင့်ရှိနေတယ်လို့ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်) ကပြောကြားခဲ့တာကို အေအက်ဖ်ပီသတင်းမှာ ဖော်ပြထားပါ တယ်။ ဇွန်လအကုန်ကစပြီး ဂရိနိုင်ငံက အိုင်အမ်အက်ဖ်ကြွေးမြီ ယူရို ၁ ဒသမ ၅ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံ) ပေးချေဖို့ပျက်ကွက် ခဲ့တဲ့အချိန်ကစပြီး အိုင်အမ်အက်ဖ်အနေနဲ့ လက်ရှိဆောင်ရွက်နေတဲ့ချေး ငွေအစီအစဉ်ကိုရပ် ဆိုင်းခဲ့ရပါတယ်။ ဒီလိုရပ်ဆိုင်းခဲ့ပေမယ့် ဂရိနိုင်ငံရဲ့ စီးပွားရေးကို အထောက်အပံ့ပေးဖို့နဲ့ စောင့်ကြည့်ထိန်းချုပ်ဖို့အတွက် အိုင်အမ်အက်ဖ် ကဆက်လက်ပါဝင်ပေးဖို့ ဘရပ်ဆဲလ်မြို့မှာပြုလုပ်တဲ့ ဥရောပခေါင်းဆောင်တွေ ရဲ့အစည်းအဝေးမှာ ဆုံး ဖြတ်ခဲ့ပါတယ်။

ယခုကြိုးပမ်းဆောင်ရွက်မှုတွေ ဆက်လက်လုပ်ဆောင်နိုင်ဖို့အတွက် ဂရိအာဏာပိုင်တွေနဲ့ ဥရောပမိတ်ဖက်နိုင်ငံတွေ အတူတကွ ပူးပေါင်းကြဖို့ အိုင်အမ်အက်ဖ်က ယာယီသဘောတူညီချက်ကို ကြေညာခဲ့တယ်လို့ ရန်ပုံငွေအဖွဲ့ရဲ့ ပြောရေးဆိုခွင့် ရှိသူ ဂယ်ရီရိုက်စ်က ပြောပါတယ်။ ဂရိနိုင်ငံက ဇူလိုင် ၁၄ ရက်နေ့မှာ ယူရိုသန်း ၅၀၀ (အမေရိကန်ဒေါ်လာ သန်း ၅၅၀) ပေးရ မှာဖြစ်ပေမယ့် ကယ်တင်မှုချေးငွေအသစ်ရမှ ပေးနိုင်မှာဖြစ်တာပါတယ်။ ဒါကြောင့် ဂရိအစိုးရအနေနဲ့ ယူရိုသန်း ၅၀၀ကို သတ်မှတ်ထားတဲ့နေ့မှာ ပေးချေနိုင်ခြင်းမရှိခဲ့ပါဘူး။

## USA

### ခြောက်နှစ်အတွင်း အမေရိကန်ကုမ္ပဏီများရဲ့ ရောင်းချမှု အနိမ့်ဆုံးသို့ကျဆင်း



ယခုနှစ် ဒုတိယ သုံးလပတ် အတွင်းဖြစ်ပေါ်ခဲ့တဲ့ အစီရင်ခံစာအရ အမေရိကန်ကုမ္ပဏီများရဲ့ ရောင်းချမှု ကခြောက်နှစ်နီးပါး ကာလအတွင်း အနိမ့်ဆုံးအခြေအနေသို့ရောက်ရှိနိုင် မှာဖြစ်တဲ့အတွက် ရင်းနှီးမြှုပ်နှံသူတွေ အနေနဲ့ စိုးရိမ်စရာဖြစ်လာနိုင်ကြောင်း ရိုက်တာသတင်းမှာ ဖော်ပြထားပါ တယ်။

ဘဏ္ဍာရေး အကျပ်အတည်း ကာလအတွင်းက အသုံးပြုခဲ့တဲ့နည်း လမ်းတစ်ခုဖြစ်တဲ့ ကုန်ကျစရိတ်ကို လျှော့ချတဲ့နည်းလမ်းကို အသုံးပြုပြီး ကုမ္ပဏီများက ၂၀၁၅ ခုနှစ်ရဲ့ဝင်ငွေတိုး မြင့်လာအောင် မောင်းနှင်ပေးခဲ့ကြ ပါတယ်။ ကုမ္ပဏီ ရှယ်ယာတစ်ခုချင်းစီရဲ့ တန်ဖိုးမြင့်တက်လာအောင်ရှယ်ယာ တွေ ပြန်လည် ဝယ်ယူတဲ့နည်းကိုလည်း အသုံးပြုခဲ့ကြပါ တယ်။

ဒါပေမဲ့ S & P 500 မှာ စာရင်း ကောက်ယူထားတဲ့ ကုမ္ပဏီတွေရဲ့ ဝင်ငွေတွေဟာ ဒုတိယသုံးလအဖြစ် ဆက်တိုက် ကျဆင်းနေတဲ့အတွက် ဝင်ငွေကို ဆက်လက်ထိန်းသိမ်းထား နိုင်ဖို့ အခက်အခဲရှိနိုင်ပါတယ်။ ဒုတိယ သုံးလပတ်မှာ ဝင်ငွေတွေကျဆင်းနေ ကြောင်း လေ့လာဆန်းစစ်ရေးမှူးတွေ က ခန့်မှန်းထားကြပေမယ့် ပထမသုံးလ ပတ်တုန်းက ဆောင်ရွက်ခဲ့သလို ဒီခန့် မှန်းချက်တွေ ကိုကြံ့ကြံ့ခံတွန်းလှန်ပြီး ပြန်လည်ခေါင်းထောင်လာနိုင်အောင် ကြိုးပမ်းကြလိမ့်မယ်လို့ သွန်မဆင်ရိုက် တာမှာ ဖော်ပြထားပါတယ်။

စွမ်းအင်ကုမ္ပဏီတွေ ဝင်ငွေ ကျဆင်းမှုနဲ့ အမေရိကန်ဒေါ်လာတန် ဖိုးခိုင်မာလာလို့ ရောင်းအားကျဆင်း လာတာကို S & P 500 စာရင်းဝင် ကုမ္ပဏီတွေ ဘယ်လောက်ကြာကြာ တောင့်ခံနိုင်မလဲဆိုတဲ့ အချက်ပဲဖြစ် ပါတယ်။

"အရောင်းတွေ ဆက်လက် ကျဆင်းနေမယ်ဆိုရင်တော့ ဝင်ငွေ တိုးတက်လာမယ့် အခြေအနေကိုကြာ ကြာ ထိန်းထားနိုင်မှာ မဟုတ်ဘူးလို့ ကျွန်တော်တို့ သဘောပေါက်ထားပါ တယ်။ ဒုတိယသုံးလပတ်မှာ ဝင်ငွေရဖို့ ထက်ရောင်းအားတက်ဖို့က ပိုမိုအရေး ကြီးနေပါတယ်"လို့ The Earning Scout ဆိုတဲ့ လွတ်လပ်တဲ့သုတေသနအဖွဲ့ကို တည်ထောင်သူ နစ်ရိတ်က ပြောပါ တယ်။

## East Asia

### AIIB စီမံကိန်းများအတွက် တောင်ကိုရီးယား စီးပွားရေးလုပ်ငန်းများ ပြင်ဆင်ဖို့လိုအပ်

အာရှအခြေခံ အဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုဘဏ် (Asian Infrastructure Investment Bank-AIIB)က ထောက်ပံ့မှုပေးထားတဲ့ စီမံကိန်းတွေကို ဆောင်ရွက်ဖို့အတွက်တောင်ကိုရီးယား ကုမ္ပဏီတို့က ကောင်းမွန်စွာ ပြင်ဆင် ထားဖို့လိုကြောင်း အစိုးရအရာရှိတစ်ဦး ရဲ့ ဇူလိုင်လ ၁၇ ရက်နေ့က ပြောစကား ကို ကိုးကားပြီး ယွန်ဟပ်သတင်းမှာ ဖော်ပြထားပါတယ်။

တရုတ်နိုင်ငံက ဦးဆောင်ဖွင့် လှစ်တဲ့ AIIB ဘဏ်က ပြည်တွင်း ဆောက်လုပ်ရေးလုပ်ငန်းတွေနဲ့ ကမ္ဘာ ကို ရင်ဘောင်တန်းဖို့ ကြိုးစားနေတဲ့ တခြားကုမ္ပဏီတွေအတွက် အခွင့် အလမ်းတွေဖွင့်ပေးကြောင်း ဆိုးလ်မြို့ မှာ ကျင်းပတဲ့ အစိုးရအရာရှိများနဲ့ ကော်ပိုရိတ်အမှုဆောင်များ တွေ့ဆုံပွဲ မှာ ဒုတိယဘဏ္ဍာရေးဝန်ကြီး ဂျူးဟွန် ကွမ်က ပြောပါတယ်။

တောင်ကိုရီးယားနိုင်ငံက ဖွံ့ဖြိုး ရေးဘဏ် စတင်တည်ထောင်ရာမှာ ပါဝင်ခဲ့ပြီး တရုတ်၊ အိန္ဒိယ၊ ရုရှားနဲ့ ဂျာမနီတို့ပြီးလျှင် ပဉ္စမမြောက် ရှယ် ယာအများဆုံးပါဝင်တဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။

"ပြည်တွင်းကုမ္ပဏီတွေက ရင်း နှီးမြှုပ်နှံဖို့ နေရာသစ်တွေ ရှာဖွေနေ ပြီး AIIB က ဒီလိုအပ်ချက်ကို ဖြည့် ဆည်းပေးနိုင်ပါလိမ့်မယ်"လို့ သူက ပြောပါတယ်။ ဒါပေမယ့် အခွင့်အလမ်း တွေ ကောင်းမွန်တယ်ဆိုရင် ကုမ္ပဏီ တွေကလည်း အမှာစာတွေကို အကောင်းဆုံး ဖြည့်ဆည်းပေးနိုင်တဲ့ အနေအထားရှိဖို့လိုကြောင်း ဒုတိယ ဝန်ကြီးက ပြောပါတယ်။

ဖွံ့ဖြိုးရေးစီမံကိန်းတွေကို အမြန် ဆုံးဖြည့်ဆည်းပေးဖို့ AIIB ကကြိုးပမ်း နေတဲ့အတွက် တောင်ကိုရီးယား ကုမ္ပဏီတွေက ယခုနှစ် ဒုတိယနှစ်ဝက် မှာ အသင့်ဖြစ်ဖို့ ကြိုးစားလှုပ်ရှားဖို့လို ကြောင်း သူကပြောပါတယ်။

အနာဂတ် AIIB စီမံကိန်းတွေမှာ ပြည်တွင်းကုမ္ပဏီတွေ ပါဝင်နိုင်ရေး အတွက် အစိုးရကလည်း အကောင်းဆုံး ကြိုးပမ်း ဆောင်ရွက်သွားမှာဖြစ် ကြောင်း သူကပြောပါတယ်။စက်တင် ဘာမှာဆောင်ရွက်မယ့် Korea Package ကိုရီးယားအစီအစဉ်မှာ ပါဝင်နိုင်ဖို့ အတွက် စီးပွားရေးအသိုက်အဝန်း၊ ဘဏ္ဍာရေးကဏ္ဍတို့နဲ့ ပူးပေါင်းဆောင် ရွက်သွားမယ်လို့လည်း သူကပြောပါ တယ်။

ကိုရီးယား Package အစီအစဉ် ထဲမှာဆောက်လုပ်ရေး၊ အင်ဂျင်နီယာ၊ သတင်းအချက်အလက်နဲ့ ဆက်သွယ် ရေးနည်းပညာနဲ့ ဘဏ္ဍာရေးလုပ်ငန်း တွေနဲ့ ပတ်သက်တဲ့ ဘက်စုံစီမံကိန်း တွေပါဝင်မယ်လို့ ခန့်မှန်းထားပါတယ်။

## South Asia



### အိန္ဒိယရှိကျေးလက်ဒေသနေ ပြည်သူထက်ဝက်ခန့်မှာ လယ်ယာပိုင်ဆိုင်မှု မရှိ

အိန္ဒိယကျေးလက်ဒေသများတွင် မြေမဲ့ယာမဲ့ဖြစ်မှုက ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှု၏ အဓိကအကြောင်း ရင်းဖြစ်ကြောင်းနဲ့ ကျေးလက်ဒေသနေ မိသားစုများမှာ ဝင်ငွေအတွက် လက်လုပ် လက်စားဘဝကိုသာ မှီခိုနေရကြောင်း အိန္ဒိယနိုင်ငံမှာ ၁၉၃၄ ခုနှစ်ကစတင် ကောက်ယူပြုစုခဲ့တဲ့ သန်းခေါင်စာရင်း အမျိုးအစားတစ်ခုဖြစ်တဲ့ The Socio-Economic and Caste Census 2011 ရဲ့ ဖော်ပြချက်ကို ကိုးကားပြီး Economics times သတင်းမှာ ဖော်ပြပါတယ်။ အများ အားဖြင့်ကျေးလက်နေမိသားစုရဲ့ ၅၆ ရာခိုင်နှုန်းကလယ်ယာစိုက်ပျိုးမြေပိုင် ဆိုင်မှုမရှိတာကိုတွေ့ရပြီး တမီနာဒူး၊ အန်ဒရာပရာဒက်ရှ်၊ ကေရာလနဲ့ အနောက်ဘင်ဂေါတို့မှာ မြေယာပိုင်ဆိုင် မှု မရှိသူ ၇၂ ရာခိုင်နှုန်း အထိရှိပါတယ်။

ကျေးလက်ဒေသနေ အိန္ဒိယ မိသားစု ၅၁ ရာခိုင်နှုန်းက လက်လုပ် လက်စားဘဝ (Manual Labour) ကိုမှီခို နေရပါတယ်။ သူတို့ထဲက သုံးပုံတစ်ပုံ ကမြေမဲ့ယာမဲ့ လုပ်သားတွေသာဖြစ်ပါ တယ်။ ဘီဟားနယ်က အဆိုးဆုံးဖြစ်ပြီး ၇၁ ရာခိုင်နှုန်းသာရှိပါတယ်။ တမီနာဒူး ပြည်နယ်က ၆၆ ရာခိုင်နှုန်းရှိပါတယ်။ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်စား သောက်နေကြပေမယ့် ဒီလုပ်ငန်းကို အဓိက ဝင်ငွေရလုပ်ငန်းအဖြစ် ဆောင် ရွက်နေသူက ၃၀ ရာခိုင်နှုန်းမျှသာ ရှိပါ တယ်။ စိုက်ပျိုးမြေရဲ့ ၃၇ ရာခိုင်နှုန်း ကိုသာ နှစ်သီးစားအတွက် ရေသွင်းစိုက် ပျိုးနိုင်ပြီး ရေစုပ်စက် သို့မဟုတ်ရေဖျန်း စက်စတဲ့ရေသွင်းစိုက်ပျိုး ရေးကိရိယာကို ပိုင်ဆိုင်သူဦးရေက ၁၀ ရာခိုင်နှုန်းသာ ရှိပါတယ်။ လယ်ထွန်စက်လိုစက်မှု လယ်ယာသုံး စိုက်ပျိုးရေးကိရိယာကို သုံးစွဲနိုင်သူက ၄ ရာခိုင်နှုန်းသာရှိပါတယ်။

ပန်ဂျပ်ဒေသမှာ စက်မှုလယ်ယာ လုပ်ငန်းကိုမြင့်မားစွာဆောင်ရွက်လျက် ရှိနေပေမယ့် လယ်ယာစိုက်ပျိုးရေးကို အဓိကဝင်ငွေရရှိရာ အရင်းအမြစ်အဖြစ် အားထားနေတဲ့မိသားစုက ၃၀ ရာခိုင် နှုန်းလောက်သာ ရှိပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်




ယခုနှစ်ကုန်ပိုင်းမှာ အခြေခံအတိုးနှုန်းကို အမေရိကန် ဗဟိုဘဏ်က ရေတို တိုးမြှင့်ပေးမယ့်အစီအစဉ်တွေကို ဗဟိုဘဏ်ဥက္ကဋ္ဌ ဂျက်နက်ယယ်လင်းက အတည်ပြုပြောကြားခဲ့ပြီးနောက်ပိုင်း အမေရိကန်ဒေါ်လာတန်ဖိုးကို မြင့်တက်စေတဲ့အတွက် အာရှငွေကြေးအများစု၏ တန်ဖိုးများကျဆင်းခဲ့တာကို တွေ့ရပါတယ်။ တစ်ချိန်တည်းမှာ ဂရိကြွေးမြီ အကျပ်အတည်း ပြင်းထန်လာတဲ့အတွက် ယူရိုဇုန်အတွင်းမှာ ငွေကြေး မူဝါဒတွေလျှော့ချပေးဖို့ လိုအပ်လာတာကို တွေ့ရပါတယ်။ ဂရိနိုင်ငံလွှတ်တော်က ခြိုးခြံချွေတာရေး အစီအမံတွေကို အတည်ပြုခဲ့တဲ့အတွက် ဂရိနိုင်ငံရဲ့ စေ့စပ်ညှိနှိုင်းမှုတွေအတွက် လမ်းပွင့်သွားစေခဲ့ပါတယ်။

ဥရောပဗဟိုဘဏ်က ဂရိနိုင်ငံဘဏ်တွေ အသက်ဆက်ပေးနိုင်ဖို့ ချေးငွေကို တိုးမြှင့်ပေးတော့မှာဖြစ်ပါတယ်။ ဒါကြောင့် ဇူလိုင်လ ၂၀ ရက်နေ့မှာ ရက်သတ္တ သုံးပတ်အတွင်း ပထမအကြိမ်အဖြစ် ဂရိဘဏ်တွေပြန်လည်ဖွင့်လှစ်နိုင်တော့မှာ ဖြစ်ပါတယ်။ ဂရိနိုင်ငံအတွက် ချေးငွေသက်သာခွင့်ပေးရေးကိစ္စကို ဥရောပဗဟိုဘဏ်ဥက္ကဋ္ဌ မာရီယိုဒရက်ဂီက အိုင်အမ်အက်ဖ်နဲ့အတူ ထောက်ခံမဲပေးခဲ့ပါတယ်။ ဥရောပ စီမံခန့်ခွဲမှုကို ဆောင်ရွက်နေတဲ့ဥရောပကော်မရှင်ကလည်း ဂရိနိုင်ငံအတွက် ပေါင်းကူးချေးငွေ ယူရို ၇ ဘီလီယံ ထုတ်ချေးပေးမယ့်ကိစ္စကို အတည်ပြုပေးခဲ့ပါတယ်။

တောင်ကိုရီးယား စီးပွားရေးကလည်း မားစ်ရောဂါရဲ့ နှိပ်စက်မှုကိုခံစားခဲ့ရတဲ့အတွက် ပြည်တွင်းစားသုံးမှုကို ထိခိုက်စေခဲ့ပါတယ်။ တောင်ကိုရီးယားဗဟိုဘဏ်က နိုင်ငံရဲ့ စီးပွားရေးတိုးတက်မှုနှုန်းကို ၂ ဒသမ ၈ ရာခိုင်နှုန်းထိ လျှော့ချခန့်မှန်းပြီး ဗဟိုဘဏ်ရဲ့ အတိုးနှုန်းကိုလည်း ၁ ဒသမ ၅ ရာခိုင်နှုန်းထိ စံချိန်တင်လျှော့ချထားပါတယ်။

**တရုတ်ယွမ်**

တရုတ်ဗဟိုဘဏ်က ရည်ညွှန်းဖလှယ်နှုန်းကို နေ့အလိုက်နဲ့ရက်သတ္တပတ်အလိုက် အပြောင်းအလဲ မရှိသလောက် သတ်မှတ်ထားတဲ့အတွက် ဇူလိုင်လ ၁၇ ရက်နေ့က တရုတ်ယွမ်နဲ့ အမေရိကန်ဒေါ်လာတို့ရဲ့ ဖလှယ်နှုန်းက အပြောင်းအလဲမရှိသလောက်ဖြစ်ခဲ့ပါတယ်။ ဒေါ်လာနဲ့ယွမ်ငွေ ဖလှယ်နှုန်းမှာ ယခင်နေ့က တစ်ဒေါ်လာကို ၆ ဒသမ ၁၁၇၃ ယွမ်ရှိခဲ့ရာမှ သုည ဒသမ ၀၃ ရာခိုင်နှုန်းလျှော့ချပြီး ဇူလိုင်လ ၁၇ ရက်နေ့မှာ တစ်ဒေါ်လာကို ၆ ဒသမ ၁၁၉၂ ယွမ်နှုန်းသတ်မှတ်ခဲ့ပါတယ်။

**အိန္ဒိယရူပီး**

အိန္ဒိယနိုင်ငံအတွင်းသို့ နိုင်ငံခြားမတည်ရင်းနှီးငွေ စီးဝင်မှုတွေမြင့်မားနေချိန်မှာ ပို့ကုန်လုပ်ငန်းရှင်တွေက ဒေါ်လာကိုထပ်မံထုတ်ရောင်းလာတဲ့အတွက် အိန္ဒိယနိုင်ငံဘဏ်အချင်းချင်း နိုင်ငံခြားငွေဖလှယ်ရေး ဈေးကွက်မှာ ဇူလိုင်လ ၁၇ ရက်နေ့ နံနက်ပိုင်းက ရူပီးငွေတန်ဖိုးက သုည ဒသမ ၀၅ ရူပီးနှုန်းပြန်လည်မြင့်တက်ပြီး တစ်ဒေါ်လာ ၆၃ ဒသမ ၄၆ ရူပီးနှုန်းရှိခဲ့ပါတယ်။ ပြည်တွင်းရှယ်ယာဈေးကွက်မှာ အိန္ဒိယရှယ်ယာတန်ဖိုးတွေ မြင့်တက်လာတာလည်း ရူပီးတန်ဖိုး မြင့်တက်ဖို့အထောက်အကူ ပြုခဲ့ပါတယ်။ ဒါပေမယ့် ပြည်ပမှာတခြား အဓိကငွေကြေးတွေနဲ့ ဖလှယ်ရာမှာ ဒေါ်လာတန်ဖိုးမြင့်တက်မှုက ရူပီးတန်ဖိုးမြင့်တက်မှုကို အဟန့်အတားဖြစ်စေခဲ့တယ်လို့ ဝယ်ရောင်းသမားတွေက ပြောပါတယ်။

**ဂျပန်ယန်း**

ဂရိကြွေးမြီ အကျပ်အတည်း၊ တရုတ်နိုင်ငံရဲ့ စတော့ဈေးကွက် ကျဆင်းမှုနဲ့ အမေရိကန်ဗဟိုဘဏ်က မကြာမီကာလအတွင်း အတိုးနှုန်းတွေမြှင့်တင်တော့မယ်ဆိုတဲ့သတင်းတွေ အပေါ် စိုးရိမ်မှုများကြောင့် ဇူလိုင်လ ၁၇ ရက်နေ့က ယန်းငွေနဲ့ဖလှယ်ရာမှာ ဒေါ်လာတန်ဖိုး မြင့်တက်လာတာကို တွေ့ရပါတယ်။

ဒေါ်လာနဲ့ ယန်းဖလှယ်နှုန်းက ဇူလိုင်လ ၁၆ ရက်နေ့မှာ တစ်ဒေါ်လာကို ၁၂၃ ဒသမ ၉၀ ယန်းနှုန်း ရှိခဲ့ရာမှ နောက်တစ်နေ့ညနေဘက်က တိုကျိုမှာ တစ်ဒေါ်လာကို ၁၂၄ ဒသမ ၀၅ ယန်းထိရှိခဲ့ပါတယ်။

ယူရိုငွေကြေးဖလှယ်နှုန်းက နယူးယောက်မှာ တစ်ယူရိုကို ၁ ဒသမ ၀၈၇၅ ဒေါ်လာနှုန်းမှ တိုကျိုမှာ ၁ ဒသမ ၀၈၉၃ဒေါ်လာနှုန်းထိမြင့်တက်ခဲ့ပါတယ်။ ယန်းငွေနဲ့ဖလှယ်ရာမှာမူ ၁၃၅ ဒသမ ၁၄ ယန်းထိမြင့်တက်ခဲ့ပါတယ်။

**မလေးရှားရင်းဂစ်**

အမေရိကန်ဗဟိုဘဏ်က အတိုးနှုန်း မြှင့်တင်ပေးတော့မယ်ဆိုတဲ့ သတင်းကြောင့် အမေရိကန်ဒေါ်လာကို ဝယ်ယူဖို့ဆွဲဆောင်မှုတွေ ပိုမိုမြင့်တက်လာတဲ့အတွက် ဒေါ်လာနဲ့ဖလှယ်ရာမှာ ရင်းဂစ်တန်ဖိုးက ဇူလိုင်လ ၁၇ ရက် မှာ အနည်းငယ်ကျဆင်းကြောင်း ဝယ်ရောင်းသမားတွေက ပြောပါတယ်။

ငွေကြေးဖလှယ်နှုန်းက ဇူလိုင်လ ၁၅ ရက်နေ့မှာ တစ်ဒေါ်လာကို ၃ ဒသမ ၈၀၅၀ ရင်းဂစ်နှုန်းရှိခဲ့ရာမှ နောက်တစ်နေ့ညနေ ငါးနာရီမှာ တစ်ဒေါ်လာကို ၃ ဒသမ ၈၀၆၀ ရင်းဂစ်နှုန်းထိရောက်ခဲ့ပါတယ်။ ဗြိတိသျှပေါင်မှအပ အခြားအဓိက ငွေကြေးတွေနဲ့ ဖလှယ်ရာမှာ ရင်းဂစ်တန်ဖိုးကအများအားဖြင့် မြင့်တက်ခဲ့ပါတယ်။

**တောင်ကိုရီးယားဝမ်**

လွန်ခဲ့တဲ့ ရက်သတ္တ လေးပတ်အတွင်းမှာ ဝမ်ငွေတန်ဖိုးက ၃ ဒသမ ၅ ရာခိုင်နှုန်းကျဆင်းခဲ့ပါတယ်။ ယခုလအတွင်းမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေဟာ တောင်ကိုရီးယားရှယ်ယာတွေကို အဝယ်ထက်အရောင်းက အမေရိကန်ဒေါ်လာ ၈၅၁ သန်း ပိုမိုခဲ့တာကို စတော့အိပ်ချိန်းဇယားတွေအရ သိရပါတယ်။

ယခုနှစ် ပထမနှစ်ဝက်မှာ တောင်ကိုရီးယားပို့ကုန်တွေ လစဉ်ကျဆင်းခဲ့တဲ့အတွက် ဝမ်ငွေတန်ဖိုးက ယခုနှစ်အတွင်း ၄ ဒသမ ၉ ရာခိုင်နှုန်းကျဆင်းခဲ့ပါတယ်။ ဒါပေမယ့် ဘလွမ်းဘတ်က ပြုစုထားတဲ့ စာရင်းအရ ဇူလိုင်လ ၁၇ ရက်နေ့မှာ သုည ဒသမ ၂ ရာခိုင်နှုန်းမြင့်တက်ပြီး တစ်ဒေါ်လာကို ၁၁၄၇ ဒသမ ၄၉ ဝမ်နှုန်းရှိ ခဲ့ပါတယ်။

**ထိုင်းဘတ်**

ထိုင်းအစိုးရက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းကို လျှော့ချခန့်မှန်းခြင်း၊ အမေရိကန်ဗဟိုဘဏ်က ယခုနှစ်အတွင်း အတိုးနှုန်းမြှင့်တင်ပေးမည်လို့ ပြောကြားခြင်းနဲ့အတူ အယ်လ်နီညိုကြောင့်ဖြစ်ပေါ်လာတဲ့ မိုးခေါင်ခြောက်သွေ့မှုတွေက ထိုင်းဘတ်ငွေတန်ဖိုးကို ကျဆင်းစေလျက်ရှိရာ မေလနောက်ပိုင်း အဆိုးဆုံးဖြစ်ခဲ့ပါတယ်။

ဗန်ကောက်မှာ ဇူလိုင် ၁၆ ရက်ညနေလေးနာရီမှာရှိတဲ့ ဘတ်ငွေတန်ဖိုးက တစ်ဒေါ်လာကို ၃၄ ဒသမ ၁၄၉ ဘတ်နှုန်းရှိခဲ့တဲ့အတွက် ဇူလိုင်လ ၁၀ ရက်နောက်ပိုင်း သုည ဒသမ ၆ ရာခိုင်နှုန်းကျဆင်းခဲ့တာကို တွေ့ရပါတယ်။

ဘဏ်တင်-စုစည်းတင်ပြသည်

## ငွေသားမသုံးတဲ့ပေးချေမှုများကို ကုန်ကျစရိတ်သက်သာအောင် အိန္ဒိယအစိုးရကြိုးစား

အိန္ဒိယနိုင်ငံကငွေသားဖြင့် ကိုင်တွယ်သုံးစွဲမှုကို အသုံးအများဆုံးနိုင်ငံတွေထဲမှာ တစ်နိုင်ငံအဖြစ်ပါဝင်ပါတယ်။ တောင်အာဖရိက၊ ဘရာဇီးနဲ့ မက္ကဆီကိုတို့ထက်ပင် ငွေသားကိုင်တွယ်သုံးစွဲမှုပိုမိုကြောင်း Master Card ရဲ့ပြောကြားချက်ကို ကိုးကားပြီး စီအင်အေသတင်းမှာ ဖော်ပြပါတယ်။ ဒီလိုပေးချေမှုကပြဿနာတစ်ခုသဖွယ်ဖြစ်လာပါတယ်။ ငွေသားဖြင့်ပေးချေမှုလို့ဆိုတဲ့အတွက် စာရွက်စာတမ်းအမှတ်အသားမရှိဘူးဆိုတဲ့သဘောဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အတွက် အခွန်လိမ်လည်မှုတွေဖြစ်ပေါ်စေနိုင်တဲ့သဘောကို တွေ့ရပါတယ်။

"ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းတွေကို ငွေပေးချေရာမှာ ငွေသားနဲ့ပေးချေပါတယ်။ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာငွေပေးချေမှုတွေမှာ ဒီလိုပေးချေရင်ငွေစာရင်းနဲ့မှတ်မှတ်သားသား မရှိခဲ့ပါဘူး။ အားလုံးခြုံပြီးကြည့်ရင် ဒီငွေတွေက အခွန်စည်းကြပ်မှုကနေ လွတ်ထွက်နေပါတယ်"လို့ Firstcall India Equity Advisors အေဂျင်စီရဲ့ ညွှန်ကြားရေးမှူး Dr.VVLN Sastry က ပြောပါတယ်။ ငွေကြေးကိုအသုံးပြုတဲ့အခါမှာ "အမှန်ကန်ဆုံးနည်းလမ်းက အခွန်ကောက်ခံမှုကို အထောက်အကူဖြစ်စေမယ့်ငွေပေးချေမှုမျိုးဖြစ်ဖို့လိုပါတယ်။ စီးပွားရေးလုပ်ငန်းတွေကိုဆောင်ရွက်ရာမှာ ပိုမိုပြီးပွင့်လင်းမြင်သာမှုရှိဖို့လိုပါတယ်"ဟု သူကပြောပါတယ်။

ဒါကြောင့် အစိုးရကပြင်ဆင်မှုတွေပြုလုပ်ခဲ့ရပါတယ်။ ယခုအချိန်မှာ ဘဏ်ချေးငွေကတ်တွေကို သုံးစွဲမှုတွင်ကျယ်လာအောင် ဆောင်ရွက်နေတဲ့လုပ်ငန်းတွေကို အစိုးရကအခွန်ပြန်အမ်းငွေတွေပေးပါတယ်။ e-Payment နဲ့ငွေပေးချေမယ်ဆိုရင် ကုန်ကျစရိတ်တွေ က ၃ ရာခိုင်နှုန်းအထိ ပိုလာတဲ့အတွက် အိန္ဒိယလူမျိုးတွေကဒီပေးချေမှုတွေကိုမလုပ်ဘဲရှောင်နေတတ်ပါတယ်။ အိန္ဒိယနိုင်ငံမှာ အကြွေးကတ်သုံးစွဲမှုအရေအတွက်က သန်း ၅၀၀ အထိ တိုးတက်နေပါပြီ။ ဒါကြောင့် ဝင်ငွေခွန်ရှောင်တဲ့ အိန္ဒိယလူမျိုးက ယခုအခါ ၃ ရာခိုင်နှုန်းအောက်ရောက်ရှိနေပါတယ်။

## တရုတ်ဘဏ္ဍာရေးစနစ်ခိုင်မာကြောင်း တရုတ်ဗဟိုဘဏ်ကထုတ်ဖော်ပြောဆို

တရုတ်နိုင်ငံရဲ့ ဘဏ္ဍာရေးစနစ်က အခြေခံအားဖြင့်တည်ငြိမ်မှုရှိကြောင်းနဲ့ ဗဟိုဘဏ်အနေဖြင့်ခိုင်မာတဲ့ ငွေကြေးမူဝါဒကို ဆက်လက်ထိန်းသိမ်းသွားမှာဖြစ်ကြောင်းနဲ့ချေးငွေစရိတ်တွေလျှော့ချပေးပြီး လူမှုငွေကြေးထောက်ပံ့မှု လုပ်ငန်းတွေမှ တိုက်ရိုက်ငွေကြေးထောက်ပံ့တဲ့ အချိုးအစားကို တိုးမြှင့်ပေးသွားမှာဖြစ်ကြောင်း ဇူလိုင်လ ၁၄ ရက်ကတရုတ်ဘဏ်ရဲ့ပြောကြားချက်ကို ကိုးကားပြီး ရိုက်တာသတင်းမှာဖော်ပြပါတယ်။

စီးပွားရေး အခြေအနေတွေက ရှုပ်ထွေးခက်ခဲမှုရှိပြီးလျှော့တွက်ထားလို့မရကြောင်း တရုတ်ဗဟိုဘဏ်ရဲ့ ဝက်ဘ်ဆိုက်မှာ ဖော်ပြထားပါတယ်။ အတိုးနှုန်းဖြေလျှော့မှုတွေကိုဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ကြောင်းနဲ့ ယွမ်ငွေကြေးရဲ့ ဖလှယ်နှုန်းကိုလည်း "သင့်လျော်တဲ့နှုန်းထားအဆင့်" အတိုင်း ထားရှိသွားမှာဖြစ်ကြောင်း ဗဟိုဘဏ်ကပြောပါတယ်။ အသေးစိတ်ကိုမူ ပြောကြားခြင်းမရှိပါ။ ဗဟိုဘဏ်ကဇွန်လအတွင်းမှာ ဘဏ်များအတွက် လမ်းညွှန်ချက်များကို ထုတ်ပြန်ပေးခဲ့ရာ ထိုထုတ်ပြန်ချက်များအရ တစ်သီးပုဂ္ဂလများနဲ့ အဖွဲ့အစည်းဆိုင် ရာရင်းနှီးမြှုပ်နှံ သူတို့အား အပ်ငွေလက်မှတ်များထုတ်ခွင့်ရှိမှာဖြစ်ပြီး အတိုးနှုန်းသတ်မှတ်ရာတွင် ဖြေလျှော့မှုများအပြည့်အဝရရှိမှာ ဖြစ်ပါတယ်။

ဗဟိုဘဏ်က ခိုင်မာညီညွတ်တဲ့ငွေကြေးမူဝါဒကိုရေးဆွဲပြီး ငွေဖြစ်လွယ်မှုအခြေအနေကိုလည်း သင့်တင့်လျောက်ပတ်အောင် ဆောင်ရွက်မှာဖြစ်ကြောင်းပြောပါတယ်။ တရုတ်နိုင်ငံရဲ့ စတော့ဈေးကွက်ရုတ် တရက်လျင်မြန်စွာကျဆင်းမှုက စီးပွားရေးနှေးကွေးကျဆင်းမှုကို ပြန်လည်အဖတ်ဆယ်ရန် ကြိုးစားနေတဲ့ နိုင်ငံ့ထိပ်တန်းခေါင်းဆောင်များအတွက် ခေါင်းခဲစရာဖြစ်စေခဲ့ပါတယ်။ စတော့ဈေးကွက်အခြေအနေက အမြင့်ဆုံးဖြစ်တဲ့ဇွန်လနဲ့နှိုင်းယှဉ်ရင် ၃၀ ရာခိုင်နှုန်းထိကျဆင်းခဲ့ပါတယ်။ ဒါကြောင့် အာဏာပိုင်တွေက ရင်းနှီးမြှုပ်နှံသူတွေ တည်ငြိမ်မှုရစေဖို့အတွက် နေ့စဉ်လိုလို ကယ်တင်မှုအစီအမံတွေ ချမှတ်လျက်ရှိနေပါတယ်။

Vol: 15, No.27 Monday July 20 2015




## ရှစ်ညနဲ့ မြို့ပေါင်း ၂၀ ကို သွားခဲ့ရလို့ ဆေးရုံတက်ရောက်ကုသခဲ့ရတဲ့ နစ်ကီရီးဒ်

ကမ္ဘာတစ်လွှား လူကြိုက်များခဲ့တဲ့ Twilight ဇာတ်ကားမှာ မင်းသားချော ရောဘတ်ပက်တာဆန်နဲ့အတူ ပါဝင်သရုပ်ဆောင်ခဲ့တဲ့ အမေရိကန်အဆိုတော် မင်းသမီးချော နစ်ကီရီးဒ်ဟာ လည်ချောင်းရောဂါနဲ့ဆေးရုံတက်ရောက်နေရတယ်လို့ contactmusic မှာ ဖော်ပြပါတယ်။

ရီးဒ်ဟာ ပြီးခဲ့တဲ့လအတွင်းက အမေရိကန်နိုင်ငံတစ်ဝန်းမှာရှိတဲ့ မြို့ကြီးမြို့ငယ်ပေါင်း ၂၀ကို ရှစ်ညတည်းနဲ့ သွားရောက်ဖျော်ဖြေမှုတွေ ပြုလုပ်ခဲ့ရတဲ့ အတွက် ခုလို လည်ချောင်းနာတဲ့ဝေဒနာကို ခံစားခဲ့ရတာဖြစ်တယ်လို့ အဲဒီသတင်းမှာ ဖော်ပြခဲ့ပါတယ်။

သူဟာကယ်လီဖိုးနီးယားပြည်နယ်၊ဆန်ဒီယေဂိုမြို့မှာကျင်းပတဲ့ Comic-Con ပွဲမှာဖြစ်ခဲ့တာပါ။ သူဟာ အဲဒီပွဲမှာ ဖျော်ဖြေမှုပြုလုပ်နေရင်း လဲကျသွားတာကြောင့် သူ့ကိုအနီးဆုံးမှာရှိတဲ့ဆေးခန်းကို ပို့ဆောင်ပေးခဲ့ရတယ်လို့ ဆိုပါတယ်။ ဆေးခန်းရဲ့ဆရာဝန်က ရီးဒ်ရဲ့ ပရိသတ်တစ်ဦးဖြစ်နေတာကြောင့် ရီးဒ်ဟာ လည်ချောင်းနာတဲ့ဝေဒနာအပြင် ရေဓာတ်ခန်းခြောက်ခြင်းနဲ့မောပန်းခြင်းတို့ကိုပါ တစ်ပြိုင်တည်းခံစားနေရတာဖြစ်တယ်လို့ ပြောကြားခဲ့ပါတယ်။

ဆရာဝန်က ရီးဒ်ကို ဆေးခန်းမှာ တစ်ညတာနေပြီး ဆေးရုံမှာ အနားယူဖို့ ပြောကြားခဲ့ပါတယ်။ ရီးဒ်ကတော့ သူ့ရဲ့ပရိသတ်တွေကို စိုးရိမ်ပူပန်မှုမရှိဖို့ ပြောကြားခဲ့သလို ဆေးရုံတက်ရောက်ခဲ့ခြင်းလည်း မရှိဘူးလို့ဆိုပါတယ်။

## ရီးရဲလ်မက်ဒရစ်ရဲ့ စူပါစတား ဘင်ဇီးမားနဲ့ ချစ်ကြိုးသွယ်နေတဲ့ ရီဟားနား

ဘာဘေးဒီးယန်းအဆိုတော်မလေး ရီဟားနားဟာ ရီးရဲလ်မက်ဒရစ်ရဲ့ စူပါစတားဘောလုံးသမားတစ်ဦးဖြစ်တဲ့ ဘင်ဇီးမားနဲ့ ချစ်ကြိုးသွယ်နေတယ်လို့ ဒေးလီးမေးလ်သတင်းမှာဖော်ပြထားပါတယ်။

ဘင်ဇီးမားပါဝင်တဲ့ ဘောလုံးပွဲတိုင်းမှာ ရီဟားနားကို မြင်တွေ့နေရတာဟာ ထူးဆန်းနေတာကြောင့် ပါပါရက်ဇီတွေဟာ ရီဟားနားရဲ့နောက်ကို လိုက်ပါနေခဲ့ကြရာက ရီဟားနားနဲ့ဘင်ဇီးမားတို့ စားသောက်ဆိုင်မှာညစာစားဖို့ ချိန်းတွေ့ခဲ့တာကို တွေ့မြင်သွားခဲ့ကြတာဖြစ်ပါတယ်။






ဘင်ဇီးမားနဲ့ ရီဟားနားတို့ဟာ လွန်ခဲ့နှစ်ကတည်းက တွစ်တာမှာတွေ့ဆုံခဲ့ကြပေမယ့် အခုလောက်အထိ ရင်းနှီးမှုမရှိကြသေးပါဘူး။ အဲဒီအချိန်တုန်းက ရီဟားနားဟာ ရက်ပါအဆိုတော် ခရစ္စဘရောင်းနဲ့ ရင်းနှီးကျွမ်းဝင်နေတာကြောင့် ဘင်ဇီးမားကို သိပ်ပြီးအရေးတယူမလုပ်ခဲ့တာဖြစ်ပါတယ်။

ရီဟားနားဟာ ခရစ္စဘရောင်းနဲ့ လမ်းခွဲခဲ့ပြီးနောက် ကနေဒါ ရက်ပါအဆိုတော် ဒါကီနဲ့တွဲခုတ်ခဲ့ပါသေးတယ်။ ဒါပေမယ့်လည်း ခရစ္စဘရောင်းက ပြန်လည်ဆက်သွယ်လာတဲ့အတွက် ခရစ္စဘရောင်းဆီကို ပြန်ပြီး ဦးတည်သွားခဲ့ပြန်ပါတယ်။

ဒါပေမယ့်လည်း ခရစ္စဘရောင်းရဲ့ သူ့အပေါ်ဆက်ဆံမှုတွေကို သည်းမခံနိုင်တော့တာကြောင့်ထပ်မံလမ်းခွဲခဲ့ပြန်ပါတယ်။အဖော်မဲ့နေတဲ့ ရီဟားနားဟာ သူ့ကိုတွစ်တာကနေ ဆုံးမစကားပြောခဲ့တဲ့ ဂျိုစ်မေယာရဲ့ စကားကြောင့် ဘုရားသခင်ကို ယုံကြည်သူတစ်ဦးဖြစ်လာခဲ့ပါတယ်။ ရီဟားနားဟာ ဂီတပွဲတွေထက် ဘောလုံးပွဲတွေရှိရာကိုပဲ အာရုံစိုက်လာခဲ့ပါတယ်။ ဘင်ဇီးမားရဲ့ ပွဲတိုင်းလိုလိုမှာ ရီဟားနားကို မြင်တွေ့ရတဲ့အတွက် သူ့ကိုသည်မိုင်ရာသတင်းဌာနကမေးမြန်းခဲ့ရာမှာ သူနဲ့ဘင်ဇီးမားတို့ချစ်ကြိုက်နေပြီလို့ ပြောကြားခဲ့ပါတယ်။



## ဂျနီဖာလိုပက်ဇ်ကို စိတ်ဆိုးနေတဲ့ ဂျနီဖာဂျင်နာ

အမေရိကန်ရုပ်သံလွှင့်ဌာနကနေ ထုတ်လွှင့်ပြသခဲ့တဲ့လူကြိုက်များလှတဲ့ အက်ရှင်ဇာတ်ကားတွေမှာ အမေရိကန်နိုင်ငံရဲ့ထောက်လှမ်းရေး အဖွဲ့အစည်းတစ်ခုဖြစ်တဲ့ စီအိုင်အေရဲ့ အထူးအရာရှိအဖြစ် ပါဝင်သရုပ်ဆောင်ရတဲ့ စပိုင်မင်းသမီးလေး ဂျနီဖာဂျင်နာဟာ မကြာသေးခင်ကမှ ခင်ပွန်းဖြစ်သူ ဘင်အာဖလစ်နဲ့ လမ်းခွဲမယ့်စကားတွေပြောခဲ့ပြီး တရားဝင်ကွာရှင်းခွင့်တောင်းခံထားတဲ့ သူဖြစ်ပါတယ်။

ဂျနီဖာဂျင်နာဟာ ခင်ပွန်းဖြစ်သူ ဘင်အာဖက်နဲ့ ၂၀၀၅ခုနှစ်ကတည်းက လက်ထပ်ထားခဲ့ပြီး သားနှစ်ယောက် သမီးတစ်ယောက်ထွန်းကားနေပြီဖြစ်ပါတယ်။

ဒါပေမယ့်လည်း ဂျနီဖာဂျင်နာဟာ ခင်ပွန်းဖြစ်သူရဲ့ သစ္စာမရှိမှုတွေကြောင့် လမ်းခွဲတော့မယ်လို့ သူ့ရဲ့ကိုယ်ပိုင်ဝက်ဘ်ဆိုက်မှာဖော်ပြခဲ့သလို သူ့ရဲ့တွစ်တာအကောင့်မှာလည်း ရေးသားဖော်ပြခဲ့ပါတယ်။

အဲဒီကိစ္စကြောင့် ဂျင်နာနဲ့အာဖလစ်တို့ရဲ့ အကွဲအပြဲဇာတ်လမ်းဟာ ဟိုးလေးတစ်ကျော်ကျော်ဖြစ်သွားခဲ့ရတာပါ။ အာဖလစ်ကတော့ ဒီစကားတွေဟာ တကယ်တော့မဟုတ်ပါဘူးလို့ လိုက်ပြီးဖြေရှင်းခဲ့ပေမယ့် ဂျင်နာက ကျွန်မပြောတာအမှန်ပါလို့ မီဒီယာတွေကို ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

"ကျွန်မတို့ ခုလိုဖြစ်ရတာဟာ ဂျေလိုကြောင့်ပဲ၊ ကျွန်မ ဂျေလိုကို တော်တော်လေး စိတ်ဆိုးမိတယ်။ သူဟာ ကျွန်မတို့နှစ်ယောက်ကို လမ်းမခွဲခွဲဖြစ်အောင် ကြားထဲကနေ သွေးထိုးပေးနေတာ။ သူ့ကြောင့်ကျွန်မတို့မိသားစု ပြိုကွဲသွားရပြီ"လို့ ရေဒါအွန်လိုင်းမှာ ရင်ဖွင့်ခဲ့တာပါ။ တစ်ယောက်ယောက်က ဂျေလိုနဲ့ ဘင်တို့ရဲ့ အကြောင်းကို ဂျင်နာကို သွားပြောတာဖြစ်မယ်။ ဂျေလိုနဲ့ဘင်ကို ဟောလိဝုဒ်မှာ ရစ်ချတ်ဘာတန်နဲ့ လစ်ဇ်တေလာလို့ခေါ်နေကြတယ်။ ဒါကို ဂျင်နာက မကြိုက်ဘူးလေ။ အဲဒီကိစ္စကြောင့် ဖြစ်မယ်လို့ ရေဒါက သုံးသပ်ထားပါတယ်။



## ဗြိတိသျှမဂ္ဂဇင်းရဲ့ ဖက်ရှင်ကဏ္ဍမှာ ထည့်သွင်းဖော်ပြခံခဲ့ရတဲ့ ဂျီ-ဒရက်ဂွန်

ကေပေါ့ပ်တေးဂီတလောကမှာ လျှမ်းလျှမ်းတောက်အောင်မြင်လာခဲ့ပြီး ကမ္ဘာ့ဂီတလောကထက်ဆီကိုပါ တက်လှမ်းနိုင်ခဲ့တဲ့ တောင်ကိုရီးယားအဆိုတော် ဂျီဒရက်ဂွန်ဟာ ဗြိတိသျှမဂ္ဂဇင်းရဲ့ဖက်ရှင်ကဏ္ဍမှာ ထည့်သွင်းဖော်ပြခြင်းခံခဲ့ရပါတယ်။

အဲဒီမဂ္ဂဇင်းဟာ ပဲရစ်မြို့မှာထုတ်ဝေတဲ့ ဗြိတိသျှစတိုင်မဂ္ဂဇင်းတစ်စောင်ဖြစ်တယ်လို့ ဆိုပါတယ်။ အဲဒီမဂ္ဂဇင်းကို Dazed and Confused လို့ အမည်ပေးထားတဲ့ ဖက်ရှင်မဂ္ဂဇင်းတစ်စောင်ဖြစ်ပါတယ်။

အဲဒီမဂ္ဂဇင်းဟာ ဖက်ရှင်ကဏ္ဍကို အသားပေးထားတဲ့ မဂ္ဂဇင်းတစ်စောင်ဖြစ်တဲ့အပြင် ဒစ်ဂျစ်တယ်စနစ်နဲ့လည်း အွန်လိုင်းပေါ်မှာ ဝယ်ယူရရှိနိုင်တဲ့ မဂ္ဂဇင်းတစ်စောင်လည်းဖြစ်ပါတယ်။

ဂျီဒရက်ဂွန်ဟာ အဲဒီမဂ္ဂဇင်းရဲ့ ဖက်ရှင်ကဏ္ဍမှာ ပါဝင်ခွင့်ရခဲ့ပြီး သူ့ရဲ့ဖက်ရှင်တွေနဲ့ပတ်သက်ပြီး ပြသခွင့်ရခဲ့ပါတယ်။

ဂျီဒရက်ဂွန်ရဲ့ ဖက်ရှင်အကြောင်းနဲ့ပတ်သက်ပြီး ရေးသားခဲ့တဲ့ မဂ္ဂဇင်းရဲ့ အယ်ဒီတာတစ်ဦးဖြစ်တဲ့ တေလာဂစ်ဘီကChanel casino-themed couture show လို့ ခေါင်းစဉ်တပ်ပြီး ရေးသားဖော်ပြခဲ့တာဖြစ်ပါတယ်။

ဂျီဒရက်ဂွန်ဟာ ပဲရစ်မြို့မှာ ကျင်းပခဲ့တဲ့ ပဲရစ်ဖက်ရှင်ရက်သတ္တပတ် ၂၀၁၅ (Paris Fashion Week 2015) ပွဲကို ရီတာအိုရာ၊ ဂျူလီယံမိုး၊ ခရစ္စတင်းစတီးဝပ်၊ လာရာစတုန်း၊ ဗာနက်ဆာပါရာဒိုက်တို့နဲ့ အတူတူတက်ရောက်ခဲ့ပါတယ်။ အဲဒီဖက်ရှင်ရက်သတ္တပတ်မှာ ဂျီဒရက်ဂွန်ဟာ သူကိုယ်တိုင်ဖန်တီးထားတဲ့ဖက်ရှင်တွေကို ဖော်ထုတ်ပြသခဲ့တဲ့အတွက် မဂ္ဂဇင်းက သူ့ရဲ့ဖက်ရှင်တွေကို ထုတ်ဖော်ရေးသားခဲ့တာဖြစ်ပါတယ်။

အဲဒီဆောင်းပါးမှာ စာရေးသူက ဂျီဒရက်ဂွန်ကို သဘာဝပုံစံနဲ့ပုတ်သင်ညိုတစ်ကောင်လို့ တင်စားခေါ်ဝေါ်ခဲ့ပါတယ်။ ပုတ်သင်ညိုဟာ သဘာဝကိုလိုက်ပြီး အရောင်ပြောင်းလဲတတ်တဲ့သဘာဝကို ဂျီဒရက်ဂွန်ရဲ့ ဖက်ရှင်တွေနဲ့ တင်စားပြောဆိုခဲ့တာဖြစ်ပါတယ်။

# TROPICAL WOODS CO., LTD.




No.107-108, Makhayar Min Thar Gyi Street, Dagon Seik Kan Industrial Zone (2),
Dagon Seik Kan Township, Yangon, Myanmar.
Tel : +95(0)1593779, +95(0) 1592191 Fax : +95(0) 1593778
E-mail : alkemal@mptmail.net.mm, jeetsinghkapoor12@gmail.com

COMMERCE INTERNATIONAL

# ဗီယက်နမ်နိုင်ငံက ဈေးကွက်သစ်များကို ဝင်ရောက်နိုင်တော့မည်

ဗီယက်နမ်နိုင်ငံက ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုစာချုပ် (Regional Comprehensive Economic Partnership -RCEP) အရ ပူးပေါင်းပါဝင်ဆောင်ရွက်တဲ့အခါ လူဦးရေ ၃ ဒသမ ၄ ဘီလီယံရှိတဲ့ RCEP မှာ ပါဝင်တဲ့နိုင်ငံတွေ ဖော်ဆောင်နေတဲ့ဈေးကွက်ကြီးနဲ့ ချိတ်ဆက်နိုင်တော့မှာဖြစ်ကြောင်း၊ RCEP မှာ ပါဝင်တဲ့နိုင်ငံတွေ ပူးပေါင်းထားတဲ့ စုစုပေါင်းပြည်တွင်းကုန်ထုတ်လုပ်မှုတန်ဖိုးက အမေရိကန်ဒေါ်လာ ၂၁ ထရီလီယံရှိပြီး ကမ္ဘာ့ဂျီဒီပီ ရဲ့ ၂၉ ရာခိုင်နှုန်းရှိကြောင်း စီးပွားရေး စီမံခန့်ခွဲမှုဗဟိုသိပ္ပံ (CIEM) ရဲ့ ဒုတိယညွှန်ကြားရေးမှူး ငုယင်အန်းဒေါင်ရဲ့ ပြောကြားချက်ကို VNS သတင်းမှာ ကိုးကားဖော်ပြပါတယ်။

ဗီယက်နမ်စီးပွားရေးအပေါ် RCEPက ရိုက်ခတ်လာမယ့် ဂယက်နဲ့ RCEP က ပေးလာမယ့် အခွင့်အလမ်းတွေနဲ့ စိန်ခေါ်မှုတွေနဲ့ ပတ်သက်တဲ့ အလုပ်ရုံဆွေးနွေးပွဲကို ဟန္နိုင်းမြို့မှာ ဇူလိုင် ၁၇ ရက်ကကျင်းပခဲ့ပါတယ်။ ဒီဆွေးနွေးပွဲမှာ RCEP နဲ့ပတ်သက်တဲ့ စည်းမျဉ်းဥပဒေတွေက တခြားစီးပွားရေးစာချုပ်တွေမှာ ဖော်ပြထားတာတွေနဲ့ နှိုင်းယှဉ်ရင် ပိုမိုရိုးရှင်းပြီး လွယ်ကူမှုရှိကြောင်း ဒေါင်က ပြောကြားပါတယ်။ စာချုပ်မှာပါဝင်သူတွေက ကုန်စည်နဲ့ ဝန်ဆောင်မှု၊ ကုန်သွယ် ရေးနဲ့ ရင်းနှီးမြှုပ်နှံမှုတွေမှာ ပိုမိုလွတ်လပ်စွာ ဆောင်ရွက်ကြဖို့ ကတိကဝတ်ပြုခဲ့ကြောင်း သူကပြောပါတယ်။ ၂၀၁၂ ခုနှစ်ကစပြီး ဩစတြေးလျ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ တောင်ကိုရီးယားနဲ့နယူးဇီလန်တို့ ပါဝင်တဲ့ နိုင်ငံခြောက်နိုင်ငံနဲ့ RCEP ကိုစတင်ဆောင်ရွက်ခဲ့ပြီး စေ့စပ်ညှိနှိုင်းမှုတွေကို ပြုလုပ်ခဲ့ပါတယ်။ အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)ရဲ့ အဖွဲ့ဝင်နိုင်ငံတွေမှာရှိတဲ့ ရင်းနှီးမြှုပ်နှံမှုနဲ့ ပို့ကုန်ဈေးကွက်သို့ ဗီယက်နမ်ဝင်ရောက်ရာမှာ အခြေအနေတိုးတက် ကောင်းမွန်ဖို့အတွက် RCEP က ဗီယက်နမ်နိုင်ငံကို အခွင့်အလမ်းကောင်းတွေ ပေးသွားမှာဖြစ်ကြောင်းလည်း ဒေါင်က ပြောပါတယ်။ ထို့အပြင် ဆွေးနွေးဖက်နိုင်ငံတွေရဲ့ ဈေးကွက်ထဲကိုပါ ဝင်ရောက်နိုင်မှာဖြစ်လို့ ထုတ်ကုန်အမျိုးအစား များစွာ တင်ပို့နိုင်အောင် အထောက်အကူပေးသွားမှာဖြစ်ပါတယ်။



တစ်ချိန်တည်းမှာ နည်းပညာတွေနဲ့ စက်ယန္တရားတွေကိုလည်း ဗီယက်နမ်နိုင်ငံက ဈေးနှုန်းသက်သက်သာသာနဲ့ တင်သွင်းနိုင်မှာ ဖြစ်ပါတယ်။ ဒီလိုတင်သွင်းနိုင်တာနဲ့အမျှ ဒေသတွင်းမှာတန်ဖိုးမြင့် ထုတ်ကုန်တွေကို ထုတ်လုပ်နိုင်ဖို့ ပူးပေါင်းပါဝင်နိုင်တဲ့ အခွင့်အလမ်းတွေရလာမှာဖြစ်ကြောင်း သူကပြောပါတယ်။

ဒီသဘောတူစာချုပ်အရ ဗီယက်နမ်နိုင်ငံက လုပ်ငန်းဆောင်ရွက်မှု ကုန်ကျစရိတ်တွေ သက်သာလာမယ့်အပြင် ချစ်ကြည်ရင်းနှီးမှုရှိတဲ့ စီးပွားရေးပတ်ဝန်းကျင်ကောင်းတစ်ခုကို ဖန်တီးပြီး ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှု တွေမှာဖြစ်ပေါ်လာမယ့် အငြင်းပွားမှုတွေကို ဖြေရှင်းရာမှာ အဓိကကျတဲ့ အခန်းကဏ္ဍက ပါဝင်လာမှာဖြစ်ပါတယ်။ စာချုပ်ကို အကောင်အထည်ဖော်နိုင်တဲ့အခါ ပင်လယ်စာ၊ လယ်ယာစိုက်ပျိုးရေး၊ အထည်ချုပ်လုပ်ငန်းနဲ့ သားရေဖိနပ် ထုတ်လုပ်ရေးလုပ်ငန်းတွေလိုမျိုးကဏ္ဍတွေမှာ ဖွံ့ဖြိုးဖို့ အတွက်လည်း အခွင့်အလမ်းသစ်တွေရလာမယ့်လို့ သူကပြောပါတယ်။

ဒါပေမယ့်RCEP နိုင်ငံတွေဖြစ်တဲ့ စင်ကာပူ၊ ဂျပန်၊ တောင်ကိုရီးယားနဲ့ ဩစတြေးလျတို့မှာ ကျင့်သုံးနေတဲ့ ဘဏ်စနစ်က မြင့်မားနေတဲ့အတွက် ဗီယက်နမ်နိုင်ငံအနေနဲ့ ဘဏ်လုပ်ငန်းဝန်ဆောင်မှုမှာ စိန်ခေါ်မှုတွေနဲ့ တွေ့နိုင်ကြောင်း သူက ပြောပါတယ်။

**UNT**


Japan, Korea,Singapore,Thailand နိုင်ငံများမှ မော်တော်ယာဉ်တင်သွင်းသူများအတွက် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်
SINOR LINES RO/RO Services ကားသင်္ဘောရောက်ရှိမှု အချိန်ဇယားများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။

SINOR LINES **RO/RO Service for Myanmar**

DATE : 20th July 2015

<< May And June Sailing Schedule >>

* SUBJECT TO CHANGE WITH OR WITHOUT NOTICE

JAPAN / MYANMAR

| VESSEL | Height (m) | | | | | | JAPAN | | | | | | | MYANMAR | THAILAND |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | A | B | C | D | E | SHANGHI | YOKOSUKA | KOBE | NAGOYA | YOKOHAMA | SAKAI SENBOKU | MASAN | SINGAPORE | YANGON | LAEM CHABANG |
| MV.CITY OF MUMBAI V.19 | 1.55 | 1.90 | 2.20 | 3.50 | | | 8.5.2015 | 11.5.2015 | 10.5.2015 | 9.5.2015 | | | 19.5.2015 | 22.5.2015 | 30.5.2015 |
| | S/O CUT | | | | | | 4.5.2015 | 7.5.2015 | 6.5.2015 | 7.5.2015 | | | | | |
| MV.HOEGH CHENNAI V.13 | 1.55 | 1.90 | 2.20 | 3.50 | | | | | 23.5.2015 | 25.5.2015 | 22.5.2015 | 28.5.2015 | 5.6.2015 | 9.6.2015 | |
| | S/O CUT | | | | | | | | 19.5.2015 | 24.5.2015 | 18.5.2015 | | | | |
| MV.CITY OF MUMBAI V.20 | 1.55 | 1.90 | 2.20 | 3.50 | | | 8.6.2015 | 11.6.2015 | 10.6.2015 | 9.6.2015 | | | | 22.6.2015 | 30.6.2015 |
| | S/O CUT | | | | | | 4.6.2015 | 4.6.2015 | 6.6.2015 | 5.6.2015 | | | | | |
| MV.HOEGH CHENNAI V.14 | 1.55 | 1.90 | 2.20 | 3.50 | | | | | 25.6.2015 | 26.6.2015 | 24.6.2015 | | | 9.7.2015 | |
| | S/O CUT | | | | | | | | 21.6.2015 | 22.6.2015 | 20.6.2015 | | | | |
| MV.CITY OF MUMBAI V.21 | 1.55 | 1.90 | 2.20 | 3.50 | | | | 8.7.2015 | 9.7.2015 | 10.7.2015 | | | 18.7.2015 | 22.7.2015 | 30.7.2015 |
| | S/O CUT | | | | | | | 4.7.2015 | 5.7.2015 | 6.7.2015 | | | | | |
| MV.HOEGH CHENNAI V.15 | 1.55 | 1.90 | 2.20 | 3.50 | | | | | 25.7.2015 | 27.7.2015 | 24.7.2015 | | 5.8.2015 | 9.8.2015 | |
| | S/O CUT | | | | | | | | 21.7.2015 | 23.7.2015 | 20.7.2015 | | | | |

Yangon (Myanmar)
GOLDEN LAND EXPRESS LIMITED
Dagon Center II, Pyay Road, No. 268, Room 14 (C), 14 th Floor.Sanchaung Township,Yangon, Myanmar.
Tel : +95 1 2305542,2306027,2306028
Mobile : + 95 9 250289802
Fax : + 95 1 2305543
Hot Line : + 95 9 254010441
Email : gleltd.office@gmail.com ( Management ), gleltd.mktg@gmail.com ( Operation ), docs.gle@gmail.com ( Document )
gleltd.marketing@gmail.com ( Marketing ), goldenland.gle@gmail.co m ( Marketing )

Loading address (YOKOHAMA DAIKOKU)
Daikoku T-3/4/5/6/7/8, Public Berth, Yokohama
Loading address (SAKAI SENBOKU)
Shiomi Wharf 5-A/B/C
Business Development Manager : Mr.Aung Myintta (95 9 250724445)
Management Secretary : Ms. Nway Ei Phyu ( 95 9 253036301)
Operation : Mr. Aung Swe Myint (95 9 86 22887)
Documention : Ms. Mar Mar Cho (95 9 421018250)
Marketing:Ms. Aye Kyar Phyu ( 95 9 250724446)
Marketing : Mr. Thiha Thiek ( 95 9 5145801 )
Marketing:Ms. Ja Seng Eain ( 95 9 402794677 )

ဥရောပနိုင်ငံများမှ တင်သွင်းလိုပါက စင်္ကာပူနိုင်ငံမှတဆင့် ချိတ်ဆက်ဆောင်ရွက်ပေးနေပါသည်။

GLE

## Andaman Lines Sailing Schedule

Date : 20.7.2015

SAILING SCHEDULE FOR IMPORT

| VOYAGE | ETD/ETA | |
|---|---|---|
| | RANONG | YANGON( AIPT ) |
| RY-1507-018N | 9-Jul-15 | 11-Jul-15 |
| RY-1507-019N | 16-Jul-15 | 18-Jul-15 |
| RY-1507-1VN | 20-Jul-15 | 23-Jul-15 |
| RY-1507-020N | 23-Jul-15 | 25-Jul-15 |
| RY-1507-2VN | 28-Jul-15 | 30-Jul-15 |

SAILING SCHEDULE FOR EXPORT

| VESSEL | VOYAGE | ETD/ETA | |
|---|---|---|---|
| | | YANGON( AIPT ) | RANONG |
| MV. JRS CARINA | RY-1507-018S | 12-Jul-15 | 15-Jul-15 |
| MV. MOONLIGHT | RY-1507-1VS | 17-Jul-15 | 19-Jul-15 |
| MV. JRS CARINA | RY-1507-019S | 19-Jul-15 | 22-Jul-15 |
| MV. MOONLIGHT | RY-1507-2VS | 24-Jul-15 | 27-Jul-15 |
| MV. JRS CARINA | RY-1507-020S | 26-Jul-15 | 29-Jul-15 |

*Please note that above mention schedules will change with or without prior notice. You are kindly request to us for details ( arrival/departure ) time.
*Please note that cargos arrived into CY after closing time, loading of cargos and any cost incurred will not be our responsibilities.
*Cargo closing time is two days before departure.

Golden Land Express Ltd.
Dagon Center II,Pyay Road,No.268,Room 14 C,14th Floor.Sanchoung Township,Yangon,Myanmar.
Tel : +95 1 2305542,2306027,2306028
Fax : +95 1 2305543
Hot Line : +95 9 260996074 ,+95 9 5035797
Email : nephyu@goldenlandexpress.com ( Export / Import )
marketing-imp@goldenlandexpress.com ( Import Marketing )
marketing-exp@goldenlandexpress.com ( Export Marketing )
cs-import@goldenlandexpress.com ( Import Document )
cs-export@goldenlandexpress.com ( Export Document )
operation@goldenlandexpress.com ( Operation Department )

Business Development Manager : Ms.Nway Ei Phyu ( +95 9 253036301 )
Export/Import Dep : Mr.Thiha Thiek ( +95 9 261594515 )
Export/Import Dep : Mr.Soe Min Thu ( +95 9 260996073 )
Documentation and Customer Service Department :
Ms.Khin Swe Lwin ( +95 9 260996074 )
Operation Dep : Mr.Kaung Zaw ( +95 9 5202871 )

Agility Project Logistics
TransOffshore Logistics Pte Ltd
NCL INTERNATIONAL LOGISTICS PUBLIC COMPANY LIMITED
Dee Delight Maritime & Consultants Co Ltd